ရွှေကျင်ဆရာတော်ဘုရားကြီး စံကင်းဆရာတော်ဘုရားကြီး

မိုးရိမ်ဆရာတော်ဘုရားကြီး မဟာစည် ဆရာတော်ဘုရားကြီး

တို့၏

# ဩဝါဒကထာ

ပေါင်းချုပ်

အရှင်ကောလာသ စီစဉ်သည်



ပထမရွှေကျင်ဆရာတော်ဘုရားကြီး
စံကင်းဆရာတော်ဘုရားကြီး
မစိုးရိမ်ဆရာတော်ဘုရားကြီး
မဟာစည်ဆရာတော်ဘုရားကြီး
တို့၏

# သုံးဂိုဏ်းဓမ္မဘာသာ

ပေါင်းချုပ်

**အရှင်ကေလာသ** စီစဉ်သည်

သာသနာ ၂၅၂၁

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ် (၁၀၇၇၃)

— ဗုဒ္ဓစာပေဥယျာဉ်စာပေ

— ပထမအကြိမ်

— အုပ်ရေ-၂၀၀၀

— ၁၉၇၈-ခု မေလ

— ဘလောက်-လွင်

— အဖုံး-ချင်းတွင်း

— ပန်းချီ-တင်လှဝင်း

— စာအုပ်ချုပ်

— အေးမိသားစု

— တန်ဘိုး ၁၅-ကျပ်

ဦးသိန်းဟန်၊ ဗုဒ္ဓစာပေဥယျာဉ်( ၀၁၉၄၈ )အမှတ်-၁၉၀၊ ဦးချင်မောင်လမ်း၊ဂွတ္တာလစ်-ရန်ကုန်ကထုတ်ဝေ၍၊ဦးတင်မောင်(၀၂၅၆-မြ) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ်၉၀-အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့-ရန်ကုန်က ပုံနှိပ်သည်။

# မာတိကာ

အကြောင်းအရာ — စာမျက်နှာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| နိဒါန်း | .... | င |
| ကျေးဇူးရှင် ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | .... | ၁ |
| ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အနုမောဒနာ ဩဝါဒကထာ | .... | ၉ |
| စံကင်း ဆရာတော် ဘုရားကြီး၏စာ | .... | ၁၉ |
| မင်းတလောကလုံးနဲ့ ရန်ဖြစ်ပေတော့ | .... | ၂၁ |
| ဒေါသကြီးရှာ ၁၄-ဖြာ | .... | ၂၃ |
| အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် စံကင်းဆရာတော် ဩဝါဒ | .... | ၂၅ |
| သံဝေဂကဗျာ | .... | ၃၉ |
| ဗိုလ်ပြင်-လူသတ်ဩဝါဒ မေတ္တာစာ | .... | ၄၁ |
| လဘက်ရည်ကြမ်းတခွက်နှင့် ရောဂါပျောက် | .... | ၅၁ |
| မဟာစည် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသောယောဂီများအတွက်ဩဝါဒကထာ | .... | ၅၅ |
| စံကင်း ဆရာတော်ဘုရားကြီး၏ လင်းယင်မိုးသောက်စာပြန်ပွဲအတွက် သံပြိုင်ဆို သံပေါက် | .... | ၆၅ |
| ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒတေးထပ် | .... | ၈၃ |

**အကြောင်းအရာ** **စာမျက်နှာ**


ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ဩဝါဒကထာ.... ၈၅
ဇံကင်း ဆရာတော်ဘုရားကြီး၏ ထန်းပလပ်
မြင်းစီးရသလို .... ၉၅
ပုညကာရီ အသင်းနှင့် ဇံကင်းဆရာတော် .... ၉၇
မစိုးရိမ် ဆရာတော်ဘုရားကြီး၏ (ဆားငန်လျှင်
မယားကိုရန်မတွေ့နဲ့) .... ၁၀၁
ဘမူးမြို့ မဟာစည် သာသနာ့ရိပ်သာဖွင့်ပွဲ၌
မဟာစည် ဆရာတော် ဘုရားကြီး မိန့်ကြား
လိုက်သော ဩဝါဒကထာ .... ၁၀၃
ဘပည့်မောင်ဩဇာကိုဆုံးမသော သံဝေဂတေးထပ်.... ၁၁၅
ဇံကင်း ဆရာတော်ဘုရားကြီးထံ ကြိမ်လုံးလှူသော
ဦးရွှေခိုင် .... ၁၁၇
မော်လမြိုင်မြို့ သတိပဋ္ဌာန် ဝိပဿနာ ပြန့်ပွားရေး
အတွက် ကျေးဇူးရှင်မဟာစည် ဆရာတော်
ဘုရားကြီး၏ ဩဝါဒကထာ .... ၁၂၁
ဇံကင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒ .... ၁၃၉
အမတာပဏ နိဗ္ဗာန်ဈေး .... ၁၄၁
ဝါးခယ်မမြို့ မဟာစည် သာသနာ့ရိပ်သာ ၂၅-နှစ်
မြောက် ငွေရတုသဘင်ပွဲတွင်မိန့်ကြားသော
ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရား
ကြီး၏ ဩဝါဒကထာ .... ၁၄၅

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | .... | ၁၇၅ |
| သေးဟာ ရုပ်လား နာမ်လား | .... | ၁၇၇ |
| အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ အနုမောဒနာ ဩဝါဒကထာ | .... | ၁၇၉ |
| ကျောင်းဒကာ ဦးကျော်အား ရေးပေးတော်မူသော သံဝေဂ လေးချိုးကြီး | .... | ၁၈၃ |
| ရွှေကျင်နိကာယ ဒုတိယမအကြိမ် အစည်းအဝေးကြီး၌ သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၁) | .... | ၁၈၅ |
| ,, ,, ,, (၂) | .... | ၁၉၅ |
| ,, ,, ,, (၃) | .... | ၂၀၅ |
| သံဃာ (၇၀၀)ကျော်နှင့် လူပရိသတ် အပေါင်းတို့က စံကင်းဆရာတော် ဘုရားကြီးအား ပူဇော်ကန်တော့ကြရာ၌ ဆုပေး | .... | ၂၀၉ |
| စံကင်း ဆရာတော် ဘုရားကြီး အစည်းအဝေးကြီး အပြီးသတ် နိဂုံးချုပ် နှုတ်တော်မြွက် ဩဝါဒမိန့်ခွန်း | .... | ၂၁၁ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် ၂၄-ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးကြီး၌ မဟာစည် ဆရာတော် ဘုရားကြီး မိန့်ကြားတော်မူသည့် ဩဝါဒကထာ | .... | ၂၁၉ |
| အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော် ဩဝါဒ (လုပ်နည်းမှန်မှန်နှင့် ကြိုးစားကြ) | .... | |
| တံတားကြီး ဘယ်လောက်ရှည်သလဲ | .... | ၂၃၃ |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ (၂၆)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီး၌မဟာစည် ဆရာတော် ဘုရားကြီး မိန့်ကြားသည့် ဩဝါဒကထာ | .... | ၂၃၅ |
| ရွှေကျင် သာသနာပိုင် စံကင်း ဆရာတော်၏ ဩဝါဒကထာ | .... | ၂၄၉ |
| ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ | .... | ၂၅၇ |
| အဘိဓဇ မဟာရဋ္ဌဂုရု စံကင်း ဆရာတော် ဘုရားကြီး၏ (နွားသနားပါ) | .... | ၂၆၅ |
| (သက်ရှယ်ကြီးသူ သတိမူ) | .... | ၂၇၁ |
| ကိုယ့်အဆိုးသာ | .... | ၂၇၃ |
| အမျှဝေလက်ာ | .... | ၂၇၇ |

# နိဒါန်း

ဤဩဝါဒကထာ စာအုပ်ကို ဖတ်မိသူတိုင်းသည် အလွန်ကံကောင်းသူများအဖြစ် မိမိကိုယ်မိမိ ဆုံးဖြတ်နိုင်ပေလိမ့်မည်။ အကြောင်းသော်ကား—

ဤစာအုပ်သည် ရိုးရိုးကျင့် မြင့်မြင့်ကြံ စိတ်ထားရှိသည့် ဆရာတော်များ၏ဩဝါဒများ၊ လုပ်ဆောင်ချက်၊ အောင်မြင်မှုရှိသည့် ဆရာတော်များ၏ ဩဝါဒများ၊ အတွေ့အကြုံ ရင့်ကျက်သည့် ဆရာတော်များ၏ ဩဝါဒများ၊ သည်းခံမှု အရင်းတည်၍ ကိုယ်ကျိုးမဖက်ဘဲ သာသနာကျိုး သက်သက်ကိုသာ ဆောင်ရွက်ခဲ့သည့် သာသနာ့အာဇာနည် ဆရာတော်များ၏ မှုရင်းဩဝါဒများကိုသာ စုဆောင်း တင်ပြထားသော စာအုပ်ဖြစ်သည်။ ထို့ကြောင့် ဤစာအုပ်ကို ဖတ်ရှုရသဖြင့် သင့်အနီးတွင် ဆရာကြီးသမားကြီးများက အမြဲမသွေ ဩဝါဒ ပေးနေသကဲ့သို့ ဖြစ်ပေလိမ့်မည်။

မည်မျှ ကောင်းမွန်သော ပတ္တမြားကျောက်ပင် ဖြစ်စေကာမူ ကျောက်သွေး သမားက အကာကုန်အောင် သွေးပြီးမှသာ တန်ဘိုး ကြီးမြင့်လာပေသည်၊ ထို့အတူပင် ပကတိ မျိုးရိုးဇာတိ ဘယ်လိုပင် စင်ကြယ်၍ လောကီပညာတွေ ဘယ်လိုပင် တတ်

မြောက်သော်လည်း လောဘ ဒေါသ မာနစသည့် အကာအမျက်များကို မပယ်ထုတ်ရသေးလျှင် တန်ဘိုးမများနိုင်သေးပေ။

ရှေးပဝေသဏီမှစ၍ ယခုခေတ် တိုင်အောင် လူအများသည် မိမိတဦးတည်း မစွမ်းဆောင်နိုင်သည့် ရပ်ရေးရွာရေး နိုင်ငံရေး သာသနာရေးတို့၌ အသင်းစု ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြရသည်၊ ထိုသို့ အသင်းစုဖွဲ့ယှက်၍ ဆောင်ရွက်ကြရာ၌ တိုးတက်စေလိုသော စေတနာချင်း တူကြပါသော်လည်း လုပ်ဆောင်မှု ပုံသဏ္ဍာန်အားဖြင့် တဦးနှင့်တဦး သဘောကွဲလွဲသည်လည်း ရှိတတ်သေး၏။ အများကောင်းစားစေလိုသော စေတနာ မဖက်ဘဲ ကိုယ့်ဘက်ယက်သည့် ပုဂ္ဂိုလ်စားမျိုးလည်း တခါတရံ ပါလာတတ်သေး၏။

ယင်းသို့သော အခက်အခဲတို့၌ အမြော်အမြင်ရှိသည့်ပညာရှင်တဦးဦးက မှန်ရာဘက်သို့ ဆွဲယူပို့ဆောင် ပြောဆိုပုံ၊ ဥက္ကဋ္ဌအတွင်းရေးမှူးတဦးဦးကမူလကရည်ရွယ်ချက်သို့ဦးတည်တည့်မတ်ပေးပုံတို့ကို ဤဩဝါဒကထာက ဖော်ပြထားသည်ကို တွေ့ရပါလိမ့်မည်။ ထို့ပြင် အသင်းအဖွဲ့ တခုနှင့်တခု ဆက်ဆံပြောဆိုပုံ ဆရာနှင့်တပည့် သားနှင့်အမိ တဦးချင်း ပြောဆိုဆုံးမပုံတို့ကိုလည်း ဖော်ပြထား၏။

ဤဩဝါဒကထာတို့ကို ဖတ်ရှုလိုက်နာခြင်းဖြင့် ပဋ္ဌမဆုံးသင်ကိုယ်တိုင် နောင်တ ပူပန်မှု စသည်တို့မှ ကင်းဝေး၍ ရပ်ရွာအကျိုး, ဆွေမျိုးအကျိုး, သာသနာအကျိုးတို့ကို ဆောင်ရွက်

ရာဉ်လည်း လွယ်ကူသန့်ရှင်းစွာဖြင့် အောင်မြင်ပြီးဆုံးသည်တို့ကို သာ တွေ့ရလိမ့်မည်။ ထို့ကြောင့်—

ဤဩဝါဒကထာ ပေါင်းချုပ်ကို ဖတ်ရှုခြင်းဖြင့် ဉာတတ္ထ စရိယ လောကတ္ထစရိယ ဗုဒ္ဓတ္ထစရိယ ဟူသော စရိယသုံးပါးတို့ကို ထိုက်သည်အားလျော်စွာ ကျင့်ဆောင်နိုင်ကြပါစေ။

**အရှင်သူရိယ (ဓမ္မာစရိယ)**

သာသနာ့ရိပ်သာ

ရန်ကုန်

ကျေးဇူးရှင်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သုံးပါးရတနာ၊ စောမြတ်စွာ၊ သုံးခါဦးနှိမ်ဘေးရန်ရှဲ။
ဩဝါဒကထာ၊ မိုးကြိုးရွာ၊ နောင်လာသူတို့ ရေချမ်းပွဲ။
သူ့ထက်ငါသာ၊ ချိုးသုံးပါ၊ သံသာပစ္စုပ် ဘေးရန်ရှဲလိမ့်လော့။

မာလောနွယ်ရုံ၊ အိမ်ကိုခြုံ၊ လေဟုန်တိုက်၍ ဘုန်းဘုန်းလဲ။
ပစ္စည်းပစ္စယံ၊ ဘုန်းတောက်ပြန်၊ လော-ဒေါ-ရန်ကြောင့် ကိုယ်ကျိုးနဲ။
ခြပုန်းပိုးရှု၊ တောင်ပုံထ၊ ပလူဖြင်က သေလွယ်သည်။
သော့သွမ်းတတ်လှ၊ လူ့ဗာလ၊ ရာထူးရက ကြွေလွယ်သည်။
ပြာပုံခဲကျ၊ ဖြစ်တုံက၊ ဆောင်းထောင်းထ၍ ဖျက်ဖျက်ကြဲ။
ပေါ့သွမ်းတတ်လှ၊ လူ့ဗာလ၊ လာဘ်ကြီးရက သွက်သွက်လဲ။
နတ်ရူးဘုံပြု၊ ဖြစ်တုံက၊ ကုစားမရ-ကိုယ်ကျိုးနဲ။
ကြော့ကြွမ်းတတ်လှ၊ လူ့ဗာလ၊ မင်းမြှောက်ချီချ-ပျက်စီးမြဲ။

ဘုံဖျားစင့်စင့်၊ တုရင်မြင့်၊ လေဟုန်လွင့်၍-တိုက်ချမြဲ။
ဟောဒ့ရမ်းတဘ်လှ၊ လူ့ဗာလ၊ စည်းစိမ်ကြီးက ပါယ်ငရဲ။
နံနက်မှန်ကင်း၊ ညချမ်းထင်း၊ ကျွန်းသားစိတ်နေ-မမြင့်သာ။
မင်းမြောက်စားလင့်၊ ရာထူးမြင့်၊ ကြော့ကြော့ကြော့ကြော့ မဝင့်ရာ။
ရွှေနားဒှောင်းရောင်၊ ပါးကိုပြောင်၊ ပါးရောင်မှတ်လို ဝင့်တတ်သည်။
မိဘ-ကုံလုံ၊ သူပြည့်စုံ၊ သားတမြုံက-ဖင့်တတ်သည်။
ပုန်းရည်ချဉ်လို့၊ သူချဉ်ရ၊ ကန်ဇွန်းရွက်က-မယောင်နှင့်။
ဆရာသခင်၊ ကျေးဇူးရှင်ကြောင့်၊ ဥမတောင့်၊ တပည့်ရှင်တို့ မထောင်နှင့်။
ငါးသိုင်းချိုလို့၊ ဟင်းရည်ချို၊ မှိုနတိုက-မယောင်နှင့်။
ဘုရားဂုဏ်တော်၊ ကျေးဇူးပေါ်၊ ကိုယ့်ဂုဏ်ကျော်သည် မထောင်နှင့်။
ဆွမ်းသင်ပုတ်တွင်၊စားပေလျှင်၊ ဆွမ်းတော်တင်ကို မဟောင်နှင့်။
ဘုရားဒါယကာ၊ သူများစွာ၊ မေတ္တာပြယ်လို့ မပြောင်နှင့်။
ဘုရားလိုဏ်ခေါင်း၊ အောင်း၍ မာန်သွေး၊ ဟောင်သည့် ခွေး၊ ခေါင်းသွေးဖြဖြ ထွက်တတ်သည်။
သာသနာညစ်ကြေး၊ ရန်အလေး၊ ခင်ကြီးအရေး ပျက်တတ်သည်။
နွတ်သီးထိုရော်၊ မလိုးသော်၊ ထိုငှက်ကြမ်းချော် တစ်တယ် တူး၊ မခံနိုင်အောင် နှားကိုစူး၊

နှုတ်သီးတဖန်၊ လိုးတုံပြန်၊ ကြွက်ကြွက်ညံအောင်၊ စွပ်စွယ်စူး။

ခေါင်းမတုံးခင်၊ တို့မောင်ရှင်၊ သင့်လျော်ရုံမျှ-မာနမူး။

ခေါင်းတုံးပြီးနောက်၊ မာန်မိုမောက်၊ ဆေးမလောက်အောင် တက်ဘက်ရူး။

သို့မဖြစ်အောင်၊ သတိဆောင်၊ အားလုံးခေါင်က ကျူးစေသော်။

စာမတတ်မူ၊ အခေါက်ထူ၊ လူထဲ ရှင်ထဲ သုံးမကျ။

စာတတ်ပြန်လျှင်၊ စိတ်ကြီးဝင်၊ လူမြင်တိုင်းက သြော့ခြင်ကြ။

သို့မဖြစ်အောင်၊ သတိဆောင်၊ အမောင်ခဲပါမှ။

တံခွန်ဖွဲ့စပါး၊ အဆန်ရှား၊ အားလုံးထိပ်က တစွင့်စွင့်။

သဒ္ဒါသိလ၊ သုတရှားပါး၊ လူ့ငနွား၊ အများခေါင်က တဝင့်ဝင့်၊ လူမြင်တိုင်းက နှလုံးနင့်။

အဆန်ပြည့်စွာ၊ ပြောင်းဖူးမှာ၊ အဆစ်အောက်မှာ ပုန်း၍ဖူး၊ လူမြင်တိုင်းက လာ၍ခူး။

မပြည့်အဆန်၊ ထိုပြောင်းနှံ၊ ပုံတော့မလို-ထိပ်ကဖူး၊ ဘယ်သူတယောက်-မဆွတ်ခူး။

ယင်းသည့်ပုံကို၊ နှလုံးသို၊ မိမိဂုဏ်ကို ဝှက်သေလော။

အဆန်ပြည့်လေ၊ မှည့်လေလေ၊ ညွတ်ခွေငိုက်၍လဲ၊ သလေးစပါးသို့ဖြစ်နဲ့။

ထက်ရောက်လေလေ၊ ကျမ်းတတ်လေ၊ နှိပ်ချ-သေခွေ-သူအောက်လှဲ၊ ပညာရှိတို့—ကျင့်စမြဲ။

ယင်းသို့ဖြစ်အောင်၊ သတိဆောင်၊ မိမိဉာဏ်ရောင်-ကဲလိမ့်သော်။

လေလာထဲတွင်၊ မီးထွန်းလျှင်၊ လေဝင်တိုက်ဖျက်-သေချမြဲ။
မှန်အိမ်ထဲတွင်၊ တောက်ရလျှင်၊ ဘယ်လေမဝင်-တရဲရဲ။
ယင်းသည့်ပုံနှဲ၊ နှလုံးစွဲ၊ သူတော်ကောင်းနှင့် ပေါင်းအမြဲ။
ဝက်သား-ကြက်သား၊ ငါးကြင်းသား၊ ရေနံများနှင့်ကြော်မည်လော။
သီတင်းဖြူဆွ၊ သု-သီလ၊ ဒုဇ္ဇနနှင့် တော်မည်လော။
ကျမ်းဂန်တတ်သူ၊ ဖြစ်စေမူ၊ သီလမဖြူ-ကြောက်လေလော။
လည်ရွှဲတန်ဆာ၊ ဝင်းဝင်းဝါ၊ နဂါးကြီးလာမပေါက်လော။
ဓုတင်ကျင့်သူ၊ ဖြစ်စေမူ၊ သီလဖြူမှ-တင့်တယ်မည်။
ဘယက်တန်ဆာ၊ ဆင်စေကာ၊ ခါးဝတ်မပါ ဘယ့်နှယ်နည်း။
သီလဖြူစွာ၊ ဖြစ်စေကာ၊ ဓုတင်ကွာဝေး-မပွင့်လန်း။
အဆင်းလှစွာ၊ နံ့မပါ၊ ပမာ ပေါက်ပွင့်ပန်း၊
သီလပညာ၊ ရှိစေကာ၊ ခန္တီပါမှ-လူခိုမည်။
တုပ်တတ်ခါချဉ်၊ အင်ကြင်းပင်၊ ဘယ်သူဝင်၍ ခိုသနည်း။
ကျမ်းဂန်ကိုသာ၊ တစာစာ၊ အံရှာလေသည့် မောင်ပဉ္စင်း။
စာ၏ဆိုပုံ၊ ကိုယ်ကျင့်ပုံ၊ နှစ်စုံပွဲတွင် ကျင်း။
ကျမ်းဂန်စာပေ၊ များတတွေ၊ ချ၍နေသည့် မောင်ကျမ်းတတ်။

ကိုယ်မကျင့်ပြန်၊ ဖြစ်တုံပြန်၊ မီးရှူးတန်းဟန်-သူကန်းမှတ်။
နေ့ရော-ညဥ့်ပါ၊ တစာစာ၊ သူများကိုသာ အတွင်ဟော။
ကိုယ်မကျင့်လို၊ ပဉ္စင်းပျို၊ ပုံဆိုပါလော ကိုယ့်ဖြစ်ချက်။

စောင်းသမား နားထိုင်း၊ ပုံနှင့်နှိုင်း၊ ရိုင်းလိုက်လေခြင်း မဆိုသင့်။

အစာမခင်၊ဖြစ်တုံလျှင်၊ ကောင်းကင်ဝေဟာ တဝဲဝဲ၊ ထိုငှက် လင်းတ ဘေးကင်းမြဲ။

ခွေးကောင်ပုပ်တွင်၊ မက်မောလျှင်၊ မြေသို့သက်ဝင် ကျော့ကွင်းထဲ၊ ထိုငှက်လင်းတ-ဘေးထိမြဲ။

ဤသို့ပုံကို၊ နှလုံးသို၊ ကာမဂုဏ်ကို- လွဲအောင်ဖဲလေလော၊ သာသနာနှိုက်မြဲစေသော်။

သာသနာတွင်၊ မွေ့ပျော်လျှင်၊ တရားတော်ကို မင်ပါမှ။

တရားမမင်၊ ဖြစ်ပြန်လျှင်၊ ဘုရားရှင်နှင့် ကဏ္ဍက။

တင်လဲအိုးထဲ၊ တင်လဲခဲ၊ မရှိတက်သည့် ပိုးပရွက်။

အစားမတတ်၊ ဖြစ်တုံလတ်၊ အစာသတ်၍ သေမည့်ချက်။

ယင်းသည့်ပုံသွင်၊ နှလုံးဝင်၊ မောင်ရှင်သီလ တက်လိမ့်လော့။

ရွှေတောင်ကြီးမှာ၊ ရွှေကိုသာ လူကိုရှာယူ ဘယ်မစဲ။

တောသားသမင်၊ ဖြစ်တုံလျှင်၊ မြက်ပင်ကိုသာ အတွင်ခဲ။

တောသမင်ထံ၊ နည်းမခံ၊ ပညာလျှံ၍ကဲစေသော်။ ပစ္စည်းသိမ်း နဲ့စေသော်။

ဝေဘူသာခေါင်၊ ပတ္တမြားတောင်၊ အရောင်လျှပ်လျှပ်ကျဲ။

ပတ္တမြားကောက်သူ၊ ထိုသည့်လူ၊ ဘီလူးဖမ်းမူ၊ ရှူးစမြဲ။

ဘီလူးဖမ်းစား၊ ရှူးတုံငြား၊ ပတ္တမြားကျောက်နှင့် တက်တက်လွဲ။ မစင်ခြောက်ကိုသာ အတွင်မဲ၊

ဘီလူးနိုင်တတ်၊ ဆရာမြတ်၊ ကြပ်ကြပ်မောင်မှီဝဲ။

ဘီလူးမသိ၊ အင်းဆေးနီ၊ ကိုယ်လုံးချီ၍စွဲ။

ယင်းသည့်ပုံထဲ၊ နှလုံးစွဲ၊ သီလလျှံကဲဖြစ်လိမ့်သော်။
သာသနာတွင်၊ ပုန်းခိုဝင်၊ ဘုရားရှင်ကို နောက်ဖယ်ထား။
အတွင်းတော်မှာ ပြင်ကမြဲ၊ ပန်းဘဲမင်းကြီး လူအလား။
ယင်းသို့ပုလျှင် တို့မောင်ရှင်၊ ယမမင်းကြီးထံ ဝင်လေလော။
ဘုရားသခင်၊ ဆရာရှင်နှင့်၊ မိခင်ထံပါး၊ ရောက်တုံငြား၊ ကြောက်လန့်တကြား တုင်ကော်ရော်။
မီးနှင့်မသေ၊ မြေနှင့်မခြား၊ လွန်ခံ့ညား၊ မပြတ်သတိထား လေလော။
ဆရာကောင်းထံ၊ နည်းမခံ၊ ဂုဏ်မာန်တတင်းတင်း။
နည်းယူတဖန်၊ ခံတုံပြန်၊ အတန်ငယ်မျှ- နည်းရလျှင်း။
ဒေဝဒတ်သွင်၊ ဆရာရှင်၊ဘက်ပြိုင်အင်တု-လွတ်အောင်ကွင်း။
ဝိဒေဟသခင်၊ တိုင်းကြီးရှင်၊ ပုတ်သင်ပြိုင်တု- ပြောင်တင်း တင်း။
မိဘ သခင်၊ ဆရာရှင်၊ ဂုဏ်ပြိုင်ခြင်း၍ တငင်းငင်း။
ယင်းသို့ပုမှား၊ လူငနွား၊ အားလုံးဝိုင်း၍ နင်းလိမ့်သော်။
ဆရာထုံထို၊ ဆည်းကပ်လို၊ ထိုထိုဆရာဝတ်ကို သိရမည်။
ကမ်းတဘက်ကို၊ ကူးမြောက်လို၊ ဆိပ်ကောင်းရာကို သိသော နည်း။
ပညာလည်းချွန်၊ သီလဝန်၊ ဆရာမွန်ကို ကပ်ရမည်။
သားရဲ မိကျောင်း၊ မကိန်းအောင်းရာ ဆိပ်ကောင်းမှာ၊ ဆင်းသက်ရာသည့်နည်း။
ဘုန်းကံကြီးသူ၊ ဖြစ်စေမူ၊ သီလဖြူမှ ကပ်လေလော။
ဥစ္စာရှိသူ၊ ဖြစ်စေမူ၊ ရှူးသောသူနှင့် ပေါင်းမည်လော။

ဆရာကောင်းတွင်၊ ဆည်းကပ်လျှင်၊ ဆရာချစ်ခင် ရှိစေသော်။

ချစ်ခင်စေလို၊ ဆရာကို၊ ထိုထိုဝတ်နှင့် ဖြားယောင်းလော။
ဆရာ့စကား၊ မိုးကြိုးသွား၊ မဝံ့မစား ကြောက်လေလော။
ခွန်းတုံ့မပြန်၊ မလှန်ဆန်၊ တသန်တည်းသာ လိုက်လေလော။
ဆရာလိုရာ၊ သူ့ထက်ငါ၊ ညီညာဖြဖြ-ပြုကြလော။
အရေးကြီးလျှင်၊ ရှေ့ကတင်၊ ဆရာ့အလျင် ခဲလေလော။
ဘေးရန်ရောက်ခါ၊ မရှောင်သာ၊ ဆရာ့တွက်တာ ရဲလေလော။

နာဖျားမကျန်း၊ ကိုယ်ချိန္နမ်း၊ ခြေစမ်းလက်စမ်း မြဲစေသော်။

ဆရာပြစ်တင်၊ ပြုပြန်လျှင်၊ မျက်နှာရွှင်လန်း သဲစေသော်။
နောက်ကိုတဘန်၊ ပြစ်တင်ရန်၊ မရှိရအောင် ကြံလေလော။
ကြိမ်လုံးတပြာ၊ မရွယ်လာခင်၊ ပြေးစိုင်းနှင်၊ သိန္ဓောမြင်း သွင်- ကျင့်လေလော။
နှင်ထုတ်တဘန်၊ ပြုတုံပြန်၊ ကျိုးကျိုးနွံနွံ တောင်းပန်လော။
သည်းညည်းတဘန်၊ မခံပြန်၊ တန်တန်ဒဏ်ထမ်း တောင်းပန်လော။

တောင်းပန်မရ၊ မရှိရဘဲ၊ ကျိတ်အံခဲ၊ အနန့်နဲ့သာ တောင်း ပန်လော။

ယင်းသို့ပြုတတ်၊ တပည့်မြတ်၊ ကြပ်ကြပ်ဆရာ ခင်လိမ့် သော်။

ဆရာကခင်၊ ကိုယ်ကမင်၊ နေ့ရှုပျော်ရွှင် ရှိလိမ့်သော်။

ပျော်ရွှင်နေရ၊ ရှိတုံမှ၊ ဓမ္မလုလု ကျင့်နိုင်သော်။
ဓမ္မလုလု၊ ကျင့်နိုင်မှ၊ နိဗ္ဗူပါရ- ရောက်နိုင်သော်။
နိဗ္ဗူပါရ၊ ရောက်နိုင်မှ၊ သဗ္ဗ-ဘယ၊ ကင်းငြိမ်းသော်။
ဩဝါဒကထာ၊ မိုးကြီးရွာ၊ ဤခါမိုးရေ သိမ်းလပ်ပြီ။
သောတုဇနာ၊ မျိုးသိဿာ၊ ငါးဖြာပီတိ ဖိမ့်လပ်ပြီ။
သာဓုကာရုံ၊ ကောင်းကြီးညံ၊ ဘဝင်ဘုံရှိ ဟိန်းလပ်ပြီ။

လူကြီးလူငယ်၊ ဥဘတော်ငယ်ဥဘတော်လတ်၊ လူနှစ်ရပ်တို့၊ အလွယ်တကူ၊ နည်းယူမှတ်သား၊ နှလုံးထားကြရန်- စီမံအပ်သော- ဩဝါဒကထာ။

၁၂၅၀ ပြည့်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်နေ့။

ရွှေကျင်ဆရာတော်

၁၃၃၃-ခုနှစ် ပြာသိုလဆန်း ၁၀-ရက်နေ့တွင်
ဟိတေသီအဖွဲ့အား ဟောကြားသည့်
ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ
ဆင္ဃသင်္ဂီတိ ပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတ

# ကျေးဇူးရှင်
# မဟာစည်ဆရာတော်ဘုရားကြီး၏
# အနမတဂ္ဂ သြဝါဒကထာ

## တခုတည်းသော ခဏ

ခဏော ဝေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မ စရိယ ဝါသာယ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဗြဟ္မစရိယဝါသာယ၊ အရိယမဂ် ဟူသော မြတ်သော အကျင့်ကိုကျင့်သုံးရန် အလို့ငှါ။ ခဏော စ၊ အခိုက်အတန့် ကာလခဏသည်ငင်း။ သမယော စ၊ အချိန်အခါ သမယသည်ငင်း။ ခဏော ဝေါ၊ ဗုဒ္ဓမြတ်စွာ သာသနာတော် ထွန်းပေါ်နေခိုက်ဟု ဆိုအပ်သော တခဏတည်းတချိန်တည်းသာ ရှိပေသည်ဟု အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ် ဂဟပတိဝဂ် အက္ခဏ သုတ်မှာ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသည်။ ထို ဒေသနာတော်နှင့်အညီ အရိယမဂ်ဖိုလ်သို့ ရောက်အောင် ကျင့်

သုံးနိုင်သော ခဏကောင်း အချိန်အခါကောင်း အခွင့်ကောင်း ကြီးသည် တခုတည်း တခဏတည်း တချိန်တည်းသာရှိသည်။

## အဘယ်သို့သော ခဏနည်း

အဘယ်သို့သော ခဏနည်းဟူမူ.... (၁) ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်ဟု ဆိုအပ်သော မဂ်ရောက် ဖိုလ်ဝင် တရားတော်ကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဟောကြား ညွှန်ပြနေခိုက်လည်း ဖြစ်ရမည်။ (၂) ထိုသို့ ဟောကြားနေရာ အရပ်ဒေသ၌ လူဖြစ်နေခိုက်လည်း ဖြစ်ရမည်။ (၃) ဘုရားဟော တရားတော်ကို ယုံကြည်နိုင်သည့်သူလည်းဖြစ်ရမည်။ (၄) တရား စကားကို သဘောပေါက် နားလည်နိုင်သည့် ဉာဏ်ပညာနှင့် ပြည့်စုံသူလည်း ဖြစ်ရမည်။ ဤသို့သော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံ သော ခဏပင်ဖြစ်သည်။ အတိုချုပ် ပြောရလျှင်တော့ ဗုဒ္ဓ သာသနာတော် ထွန်းကားရာအရပ်၌ တရားတော်ကို နားလည် နိုင်သော ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်ဖြစ်နေခိုက် ခဏပင်ဖြစ်သည်။ ထိုခဏကို "ဗုဒ္ဓုပ္ပါဒ-နဝမခဏ" ဟု ခေါ်သည်။ ဘုရားပွင့်တော် မူဆဲ ၉-ခုမြောက် ခဏဟု ဆိုလိုပေသည်။

## အဘယ်ကိုထောက်၍ ၉-ခုမြောက် ခေါ်သနည်း

၉-ခု မြောက်ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကတော့ မဂ်ဖိုလ်ရအောင် ကျင့်သုံးနိုင်ခွင့် မရှိသော ခဏဆိုးတို့သည် ရှစ်ခု ရှိကြလေသည်။ ထိုခဏဆိုးများမှာ- (၁) ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူဆဲ တရားတော်ကို ဟောတော်မူဆဲ၌ ငရဲမှာကျရောက် နေခိုက်က ခဏဆိုးတခု၊ (၂) တိရစ္ဆာန် ဖြစ်နေခိုက်က ခဏဆိုး

ဘခု၊ (၃) ပြိတ္တာ အသူရကာယ် ဖြစ်နေခိုက်က ခဏဆိုးတခု၊ (၄) ရုပ်သက်သက်သာရှိသည့် အသညသတ်ဘုံ၊ နာမ်သက်သက်ရှိသည့် အရူပဘုံတို့၌ ဖြစ်နေခိုက်က ခဏဆိုးတခု၊ (၅) ဗုဒ္ဓသာသနာ မထွန်းကားရာ အရပ်ဒေသ၌ လူဖြစ်နေခိုက်က ခဏဆိုးတခု၊ (၆) ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်ဒေသ၌ ဖြစ်ရသော်လည်း မိစ္ဆာအယူအစွဲရှိသူ ဖြစ်ခိုက်က ခဏဆိုးတခု၊ (၇) တရားတော်ကို သိနားလည်နိုင်သည့် ဉာဏ်ပညာမရှိသူဖြစ်ခိုက်က ခဏဆိုးတခု၊ (၈) ဗုဒ္ဓသာသနာတော်ကွယ်ပနေခိုက်က ခဏဆိုးတခု-ဤရှစ်ခုတို့ပင်ဖြစ်သည်။ ဤခဏဆိုးရှစ်ခုကိုပင် ရပ်ပြစ်ရှစ်ပါးဟူ၍လည်း ခေါ်သည်။ ဗုဒ္ဓမြတ်စွာဘုရားပွင့်တော်မူ၍ ဗုဒ္ဓသာသနာတော်ထွန်းကားရာ အရပ်ဒေသ၌ တရားတော်ကို သိနားလည်နိုင်သည့် ဉာဏ်ပညာနှင့်ပြည့်စုံသော ဗုဒ္ဓသာသနာဝင် ပုဂ္ဂိုလ်ဖြစ်နေခိုက် ခဏသည်ကား အဆိုပါ အဆိုးရှစ်ခုမှ လွတ်မြောက်သော ခဏကောင်း ဖြစ်ပေသည်။ ထို့ကြောင့် ထိုခန္ဓာဆိုးရှစ်ပါးကို ထောက်၍ ဘုရားပွင့်တော်မူဆဲဟု ခေါ်ဆိုရသော သာသနာတော် ထွန်းကားဆဲခဏကို ဗုဒ္ဓုပ္ပါဒ-နဝမခဏ-ဘုရားပွင့်ဆဲ ၉-ခု မြောက်ခဏဟု ခေါ်ဆိုရပေသည်။ ဤခဏသည် အလွန်ရခဲသည့် ခဏကောင်း အခါကောင်းကြီးဖြစ်ပေသည်။

## ဘာကြောင့် အလွန်ရခဲသနည်း

အလွန်ရခဲပုံကတော့ ဘုရားမပွင့်မီ ရှေးကာလနှင့် ဘုရားသာသနာကွယ်လွန်သွားသည့် နောက်ကာလဟူသော သာသ

နာပ-ကာလတွေကလည်း အတိုင်းမသိ အလွန်ပင် ရှည်လျားကျယ်ပြန့်သည်။ ဘုရားသာသနာတော် ထွန်းကားနေသည့် ယခုလိုကာလမှာလည်း အပါယ်လေးဘုံဟု ဆိုအပ်သော ရပ်ပြစ်ဌာနတို့၌ ရောက်နေကြသည့် သတ္တဝါတို့ကလည်း အတိုင်းမသိ အလွန့်အလွန် များပြားနေသည်။ ရခဲသည့် လူ့ဘဝကို ရနေကြသော လူများထဲမှာလည်း ကမ္ဘာအရပ်ရပ်မှာ ဗုဒ္ဓတရားတော်ကို မကြားဘူးသောလူများနှင့် ကြားဘူးသော်လည်း မိရိုးဖလာအယူဝါဒ ဘာသာအစွဲအကြောင့် ဗုဒ္ဓတရားတော်ကို မယုံကြည် မသက်ဝင်နိုင်သောသူများ- ဤသို့သော လူတို့ကသာ များနေချေသည်။ ဤပုံဤနည်းဖြင့် ရပ်ပြစ်ရှစ်ပါးအဝင် ခဏဆိုးများနှင့် တွေ့ကြုံနေကြရသည့် ပုဂ္ဂိုလ်တို့ကသာ အတိုင်းမသိ အလွန့်အလွန် များပြားနေသောကြောင့် အဆိုပါ ဗုဒ္ဓုပ္ပါဒ-နဝမ ခဏကောင်းကြီးကို အလွန်ရခဲသည်ဟု ဆိုရပေသည်။

## အချိန်လွန်သွားလျှင် အကြီးအကျယ်ဆုံးရှုံးလိမ့်မည်

ယခု မြန်မာပြည်မှာ ဗုဒ္ဓတရားတော်ကို ကြားနာ၍ နားလည်နိုင်သည့် ဉာဏ်ပညာရှိနေကြသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် "မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုပါ၏" စသည်ဖြင့် ဆုတောင်း၍ပြုခဲ့သော ပါရမီကုသိုလ်ကြောင့် အလွန်ရခဲသည့် အဆိုပါဗုဒ္ဓုပ္ပါဒ နဝမ ခဏကောင်းကြီးကို ရနေကြပေသည်။ ဤခဏကောင်း အခွင့်ကောင်းကြီးကို ရနေဆဲမှာ ဗြဟ္မစရိယ-မြတ်သော၊ အရိယမဂ်အကျင့်ဟု ခေါ်ဆိုအပ်သော ဝိပဿနာဘာဝနာကို ကျင့်သုံးပွားများလိုက်လျှင် မိမိတို့ အလိုရှိအပ်သော အရိယမဂ်ဖိုလ်ကို

ရသွားနိုင်ကြပေသည်။ အကယ်၍ အကြောင်းမညီညွတ်သော ကြောင့် ဝိပဿနာဘာဝနာကို မကျင့်သုံးမပွားများနိုင်ဘဲအချိန် အခွင့်ခဏ ကုန်လွန်သွားလျှင်မူကား အကြီးအကျယ်ဆုံးရှုံးသွား ကြလိမ့်မည်။ သံသရာတခွင်မှာ ကျင်လည်မြဲ ကျင်လည်နေရစဉ် တွင် အကုသိုလ်ကံက အကျိုးပေးခွင့်ရသည့် အချိန်ကာလများ မှာ အပါယ်လေးပါး၌ ကျရောက်ပြီး အလွန်ကြီးကျယ်သည့် ဆင်းရဲဒုက္ခများကို အတိုင်းမသိ ခံစားသွားကြရလိမ့်မည်။

## ကြိုးစားအားထုတ်သင့်လှပေသည်

ထို့ကြောင့် ဗုဒ္ဓတရားတော်ကို ကြားနာပြီး နားလည်နိုင် သည့် လူတိုင်းလူတိုင်းပင် မိမိတို့ရထားသည့် ဗုဒ္ဓုပ္ပါဒ-နဝမခဏ ကြီး၏ အလွန်အဘိုးထိုက်တန်ပုံ အလွန်ရခဲပုံများကို စဉ်းစား ဆင်ခြင်ပြီးလျှင် ထိုခဏကောင်းကြီး ကုန်လွန်မသွားမီအတွင်း၌ ရသင့်ရထိုက်သော အရိယမဂ်ဖိုလ်တရားကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်ကြီးရအောင် ဖြတ်မှစရိယ- မြတ်သောအကျင့်ဟု ဆိုအပ် သော ဝိပဿနာဘာဝနာအကျင့်ကို ကြိုးစား၍ ကျင့်သုံး အား ထုတ်သင့်လှပေသည်။

## ယောဂီ ၆-သိန်းကျော်

ထိုသို့ကြိုးစား၍ ကျင့်သုံးအားထုတ်သင့်သည့်အတိုင်း သမ္မာဉ် ဉာဏ်ဖြင့် ဆင်ခြင်ပြီး အားထုတ်လိုကြသော ပုဂ္ဂိုလ်တို့သည် မြန်မာပြည်နှင့်တကွ ကမ္ဘာ့အရပ်ရပ်၌ များစွာပင် ရှိနေကြပေ သည်။ ထိုသို့သောပုဂ္ဂိုလ်များအား အလွယ်တကူအားထုတ်နိုင်ကြ

စေရန်အတွက် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီးက ဤသာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းဌာနကြီးကို တည်ထောင်ဖွင့်လှစ်ထားပေသည်။ ယခု (၁၃၃၃-ခုနှစ်အထိ) ဆိုလျှင် ၂၃-နှစ်ရှိနေပေပြီ။ ဤ ၂၃-နှစ်အတွင်းမှာ ဤသာသနာ့ရိပ်သာ၌ လာရောက်၍ အားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ၂၄၀၀၁ (နှစ်သောင်းလေးထောင်) ကျော် ရှိနေပေပြီ။ ဤရန်ကုန်ရိပ်သာမှ ခွဲထားသော မဟာစည် သာသနာ့ရိပ်သာ ခွဲများသည်လည်း ရောက်လာသော စာရင်းအရအားဖြင့် မြန်မာပြည်၌ ၁၇၀—ကျော်ရှိနေပေပြီ။ ထိုရိပ်သာခွဲများ၌ အားထုတ်ကြသော ယောဂီတို့သည်လည်း ယင်းဌာနတို့မှ တင်ပြသော စာရင်းအရအားဖြင့် ၆-သိန်းကျော် ရှိနေပေသည်။

## ဟိတေသီအဖွဲ့၏ အထောက်အပံ့ ယောဂီများ

သို့သော် အချို့ပုဂ္ဂိုလ်တွေမှာ အလွန်ရခဲသည့် ဗုဒ္ဓုပ္ပါဒ-နဝမခဏ ကောင်းကြီးကို ရနေကြသည်အားလျော်စွာ တရားအားထုတ်လိုသော ဆန္ဒ ပြင်းပြထက်သန်စွာ ရှိနေကြပါသော်လည်း တရားအားထုတ်ဆဲ၌ စားသောက်ရန်စရိတ် မပြည့်စုံသည့်အတွက် အားမထုတ်နိုင်ကြသည်လည်း ရှိနေပေသေးသည်။ ထိုသို့သော ပုဂ္ဂိုလ်တို့အား တရားအားထုတ်နိုင်ရေးအတွက် စွမ်းနိုင်သမျှ ထောက်ပံ့ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဦးဘညိန်သားဒါယကာ အေးမောင်အမှူးရှိသော မဟာစည် ယောဂီဟောင်းပုဂ္ဂိုလ်တို့သည် ဘုန်းကြီးထံမှ ဩဝါဒကိုခံယူ၍ ဟိတေသီဟူသော အမည်ဖြင့် အဖွဲ့တခုကိုဖွဲ့စည်း တည်ထောင်ခဲ့ကြပေသည်။ ထိုအဖွဲ့

က တည်ထောင်ပြီးခါစမှာ လစဉ် ယောဂီတဦးအတွက် နှစ်ဦးအတွက် စသည်ဖြင့် ဉာဏ်သာသနာ့ရိပ်သာ၌ တရားအားထုတ်ရန် ဖိတ်ခေါ်ပြီးလျှင် စားစရိတ် ထောက်ပံ့လျက် တရားအားထုတ်စေခဲ့ပေသည်။ နောက်ကာလမှာ ဟိတေသီအဖွဲ့ဝင်များ တိုးပွားလာသည့်အလျောက် ယောဂီဦးရေကိုလည်း တိုးမြှင့်၍ ဖိတ်ခေါ်လျက် ထောက်ပံ့ခဲ့ပေသည်။ ယခုအခါဆိုလျှင် လစဉ် ယောဂီဦးရေ ၂၅-ဦးအထိ ထောက်ပံ့နိုင်သည့်အတွက် လစဉ်ပင် ၂၅-ဦးသော ယောဂီတို့သည် ဟိတေသီအဖွဲ့၏ အထောက်အပံ့ဖြင့် ပြဟ္မစရိယဟု ဆိုအပ်သော မြတ်သောအရိယ မဂ်အကျင့်ဆိုက်ရာ ဝိပဿနာအကျင့်ကို ချမ်းသာစွာ ကျင့်သုံးနေကြရပေသည်။ ထိုလစဉ် ယောဂီဦးရေ ၂၅-ဦးအနက်မှ ပျမ်းမျှအားဖြင့် ၁၃-ဦးတို့လောက်သည် ဉာဏ်စဉ်တရားကို နာရသည်အထိ အားထုတ်နိုင်ကြပေသည်။ ကျန် ၁၂-ဦးလောက်တို့သည်လည်း ဥဒယဗ္ဗယဉာဏ် အစရှိသော ဝိပဿနာ ဉာဏ်ထူးများကိုရပြီး ဝိပဿနာအခြေခံကို ကောင်းကောင်း ရသွားကြသည့်အတွက် နောင်တချိန်၌ အရိယမဂ်ဖိုလ်တရားထူးကိုရဘို့ရာ သေချာလျက် ရှိနေကြပေသည်။

## ဝမ်းမြောက်ဖွယ်

သို့ဖြစ်၍ ယခုအခါ၌ တလလျှင် ၂၅-ဦး၊ တနှစ်လျှင် နှစ်ရာ ငါးဆယ်ကျော် သုံးရာမျှသော ပုဂ္ဂိုလ်တို့သည် ဟိတေသီအဖွဲ့၏ အထောက်အပံ့ကိုခံယူကာကျင့်သုံးအားထုတ်ကြလျက် ဝိပဿနာ ဉာဏ်ထူး တရားထူးများကို ထိုက်သည်အားလျော်စွာ ရသွားကြ

ကြောင်းကို မျက်မြင်ထင်ရှား တွေ့နေကြရပါပေသည်။အကယ်၍သာ ဟိတေသီအဖွဲ့ မရှိခဲ့ပါမူ တနှစ်လျှင် နှစ်ရာ့ငါးဆယ်ကျော် သုံးရာမျှသော အဆိုပါ ပုဂ္ဂိုလ်တို့မှာ တရားအားထုတ်နိုင်ရန် ခဲယဉ်းကြပေလိမ့်မည်။ ထိုပုဂ္ဂိုလ်များထဲမှ အချို့မှာမူ လုံးဝပင် အားမထုတ်နိုင်ဘဲ ရှိကြပေလိမ့်မည်။ သို့ဖြစ်လျှင် ထိုပုဂ္ဂိုလ်တို့မှာ ရသင့်ရထိုက်သော ဝိပဿနာဉာဏ်ထူး တရားထူးတို့မှ ဆုံးရှုံးသွားကြရရှာပေလိမ့်မည်။ ယခုမူကား ဟိတေသီ အဖွဲ့ကြီးက မားမားမတ်မတ် တည်ရှိပြီးလျှင် အဖွဲ့ဝင် ကောင်းမှုရှင်တို့၏ အလှူငွေဖြင့် လစဉ်မှန်မှန် ထောက်ပံ့နေသောကြောင့် တနှစ်လျှင် နှစ်ရာ့ငါးဆယ်ကျော် သုံးရာသော ဟိတေသီ အထောက်အပံ့ ခံသော ယောဂီတို့သည် ဝိပဿနာ ဘာဝနာတရားကို ပွားများကျင့်သုံးကြလျက် ရသင့်ရထိုက်သော ဉာဏ်ထူးတရားထူးများကို ရသွားကြပေသည်။ ဤ အကြောင်းအရာများကို စဉ်းစားကြည့်လျှင် ကောင်းမှုရှင် ဖြစ်ကြသော ဟိတေသီအဖွဲ့ဝင် ပုဂ္ဂိုလ်များမှာ အလွန်ပင် ဝမ်းမြောက်ဝမ်းသာစရာ ကောင်းလှပါပေသည်။ ပဋိပတ္တိ သာသနာတော်ကို လိုလားကြ မြတ်နိုးကြသော အခြားပုဂ္ဂိုလ်များမှာလည်း သာဓု-အနုမောဒနာပြုဘွယ် ကောင်းလှပါပေသည်။ လာမည့်နှစ်များ၌ယောဂီဦးရေ ထိုထက် တိုး၍တိုး၍ ထောက်ပံ့သွားနိုင်လိမ့်မည် ဟူ၍လည်း မြော်လင့်ရပေသည်။ (ယခု ၁၃၃၉-ခုနှစ်တွင်မူ နေ့စဉ် ယောဂီ ၇၀-ကျော်ကို ကျွေးမွေးထောက်ပံ့လျက်ရှိပါသည်)။

ထို့ပြင် ဟိတေသီ အဖွဲ့ဝင် ပုဂ္ဂိုလ်တို့သည် ဤသာသနာ့ရိပ်သာ၌ နှစ်သစ်ကူးပွဲ၊ ဝါဆိုသင်္ကန်းကပ်ပွဲ၊ ကထိန်သင်္ကန်း

ကပ်ပဲ့စသည်တို့အတွက်လည်း မိမိတို့ စွမ်းနိုင်သမျှ ပါဝင်ပြီး လှူဒါန်းထောက်ပံ့ကြ ကူညီဆောင်ရွက်ကြပေသည်။ ရိပ်သာအတွင်း၌ သန့်ရှင်းရေးကိစ္စနှင့် လပြည့်နေ့တို့၌ အထူးတလည် ဥပုသ်စောင့်ခြင်း ကိစ္စများကိုလည်း ဆောင်ရွက်နေကြပေသည်။ ထိုကောင်းမှုများသည်လည်း ဝမ်းမြောက်ဖွယ် ဖြစ်ကြပါပေသည်။

## နိဂုံးချုပ် ဩဝါဒစကား

သို့ဖြစ်၍ ဟိတေသီအဖွဲ့ဝင် ပုဂ္ဂိုလ်တို့သည် ယခုထုတ်ဖော်ပြခဲ့သည့်အတိုင်း မိမိတို့၏ ကုသိုလ်ကောင်းမှု လုပ်ငန်းစဉ်များကို ဆင်ခြင်အောက်မေ့လျက် ဝမ်းမြောက်နိုင်ကြပါစေ။

ဝမ်းမြောက်ကြပြီးလျှင် မပျက်မကွက် ဆက်လက်၍ တိုးတက်၍ ဆောင်ရွက်နိုင်ကြပါစေ။

ထိုသို့ ဆောင်ရွက်ရာ၌ အဆင်မပြေသည်ကို တွေ့ရသောကြောင့်လည်း စိတ်ပျက်ခြင်း စိတ်ဓာတ်ကျဆင်းခြင်း မရှိစေဘဲ၊ အောင်မြင်သည့် အတွက်ကြောင့်လည်း မာန်တက်ကြွခြင်းမရှိစေဘဲ တည်ငြိမ်ခိုင်ခန့်သော စိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ကြပါစေ။

ချွတ်ယွင်းချက် တစုံတခုကို တွေ့ရလျှင်လည်း မည်သူ့ကိုမျှ အပြစ်မတင်ဘဲ မိမိနှင့်တကွ အားလုံး၏ ချွတ်ယွင်းချက်ဟု နှလုံးသွင်းပြီးလျှင် ထိုသို့သော ချွတ်ယွင်းချက်မျိုး တဖန်မဖြစ်ရန်အတွက်သာလျှင် အထူးသတိပြု၍ ဆောင်ရွက်နိုင်ကြပါစေ။

အဖွဲ့ဝင်အချင်းချင်း သူတပါးက မိမိအား သည်းခံရသည် ဟူသော အကြောင်းအရာမျိုးမရှိဘဲ မိမိကသာ သူတပါးအား သည်းခံရသည့်ဘက်က နေနိုင်ရန်လည်း အထူးသတိပြုနိုင်ကြ ပါစေ။

ဤပုံဤနည်းဖြင့် တက်ညီလက်ညီ ဆောင်ရွက်ကြ၍ ဟိတေသီ အဖွဲ့ကြီးအား တိုးတက်သည်ထက် တိုးတက်အောင် မြှင့်တင်နိုင် ကြပါစေ။

ပဋိပတ္တိ သာသနာတော်ကိုလည်း ဆထက်ထမ်းပိုး တိုး၍ ချီးမြှောက်နိုင်ကြပါစေ။

အရှင်သောဘန

အဂ္ဂမဟာပဏ္ဍိတ

မဟာစည် ဆရာတော်

သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

၁၃၃၃-ခုနှစ်

ပြာသိုလဆန်း ၁၀-ရက်

ရွှေကျင်သာသနာပိုင်
စံကင်းဆရာတော်ဘုရားကြီးထံမှ
လင်းယဉ်ရှမ်းကုန်း မဟာဝိဟာရကျောင်းကြီး

# ဝါဆိုလပြည့် ဓမ္မစကြာပွဲ၌ ဖတ်ပြရန်စာ

---

ဆရာတော် သိစေအပ်ပါသည်၊ ဇာတိရပ်ရွာနေ ရဟန်းရှင်လူ ရပ်သူ ရွာသား သီတင်းသုံးဘော် သူတော်ကောင်းအများတို့....

လူနတ်အများ၊ သုံးဘုံသား၊ ခရီးသွားအတူ။
ရောက်ရာ ရောက်ရာ၊ ကြုံတွေ့ပါ၊ သွားခါလမ်း မတူ။
နိဗ္ဗာန်ကျမှ၊ သွားကိစ္စ၊ ပြီးကြအေးချမ်းတူ။

ဟူသကဲ့သို့ လောက၌ လူအပေါင်းတို့၏ များပြားသော ကိစ္စအတွက် အလိုရှိရာအရပ်သို့ သွားလာနေကြသကဲ့သို့ ဆရာတော်၏ ဆွေမျိုးဉာတိ တပည့်ဖြစ်ကြသော သဗြဟ္မစာရီတို့ သီတင်းသုံးဘော် အားလုံးတို့သည် သံသရာမှလွတ်၍ နိဗ္ဗာန်သို့ ရောက်အောင် သွားလာနေထိုင်ကြခြင်း ဖြစ်သည်။ နိဗ္ဗာန်သို့ သွားရာ၌ အလိုရှိအပ်သော နိဗ္ဗာန်သို့ အမြန်ရောက်ရန် နိဗ္ဗာန်သို့

သွားလာရင်း သံသရာခရီး၌ မဆင်းရဲ မပင်ပန်းရန်၊ ဒါန သီလ ဘာဝနာ သူတော်ကောင်း တရားတို့ကို အားထုတ်သင့်ကြသည်၊ အားထုတ်ပြုလုပ်ပြီးဖြစ်သော သူတော်ကောင်း တရားတို့အတွက် ထပ်မံသတိရ၍ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား တိုးပွားစေရာသည်။

# မင်း တလောကလုံးနဲ့ ရန်ဖြစ်ပေရော့

တခါက ပါဠိပညာရေးအဖွဲ့ အစည်းအဝေးပွဲတခုတွင် ကွယ်လွန်သူ တရားဝန်ကြီးချုပ် ဦးသိန်းမောင်နှင့် ဦးစိုးမြင့်တို့သည် ကိစ္စတခုနှင့်ပတ်သက်၍ အပြင်းအထန် အကြိတ်အနယ် ငြင်းခုံကြ၏၊ အစည်းအဝေး အပြီးတွင် ဆရာတော်သည် ဦးစိုးမြင့်ကို ကျောင်းသို့ခေါ်၍ သည်းခံရန် ဆုံးမသြဝါဒပေးလေသည်။

"တပည့်တော်က မဟုတ်ရင် မခံချင်ဘူး ဆရာတော်၊ ဟုတ်ရင်တော့ ဘယ်လိုလုပ်လုပ် ခံမှာပဲ"ဟု ဦးစိုးမြင့်က လျှောက်ထားရာတွင် ဆရာတော်က–

"အော် မင်းက မဟုတ်ရင် မခံချင်တတ်ပဲကိုး၊ အဲသလိုဆိုရင် မင်းတသက်လုံး တလောကလုံးနဲ့ ငြင်းခုံခိုက်ရန် ဖြစ်နေပေရော့၊ ဒီလောကကြီးက ဟုတ်တဲ့ လောကကြီးမှ မဟုတ်ပဲ၊ မဟုတ်တဲ့ လောကကြီးပဲကွဲ့၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ခံမှပေါ့" ဟု မိန့်တော်မူခဲ့လေသည်။

၁၁၈၈၂

# ဒေါသကြီးရှာ ၁၄ ဖြာ

အမျက်ကြီးရာ၊ ဆဲ့လေးဖြာကား....

၁။ ချမ်းသာရိပ်ငြိမ်၊ နန်းစည်းစိမ်နှင့်၊ ရန်နှိမ်ကိုးပါး၊ မိုးကြိုးသွားကြောင့်၊ သိကြားအမျက်၊ ဟူးဟူးထွက်၏။

၂။ အောက်ထက်ဆန်စုန်၊ တောင်သံဟုန်ကြောင့်၊ ဂဠုန်အမျက် ဟူးဟူးထွက်၏။

၃။ စက်ယန္တရား၊ ခိုးလှုံ့များကြောင့်၊ နဂါးအမျက် ဟူးဟူးထွက်၏။

၄။ ရန်ဘက် ဖျောက်လေ့၊ ဟောက်တတ်လေ့ကြောင့်၊ ခြင်္သေ့အမျက်၊ ဟူးဟူးထွက်၏။

၅။ လက်နက် ဆင်မြင်း၊ ဗိုလ်သင်း မင်းကြောင့်၊ မင်းတို့အမျက်၊ ဟူးဟူးထွက်၏။

၆။ အောက်ထက်ကျွန်ကျေး၊ ရွှေငွေကြေးကြောင့်၊ သူဌေးအမျက်၊ ဟူးဟူးထွက်၏။

၇။ မောင်းလက်ခပ်တီး၊ အားအင်ကြီး၍၊ ထီးကပ္ပနား၊ ဆင်းရဲသားတို့၊ မာန်အားအမျက်၊ ဟူးဟူးထွက်၏။

၈။ မခက်ခဲတွန်၊ အမှုပွန်၍၊ ကျေးကျွန်အမျက်၊ ဟူးဟူးထွက်၏။

၉။ ဉာဏ်စက်နှံ့ဝန်း၊ ကျမ်းဂန်ပွန်း၍၊ ရဟန်းအမျက်၊ ဟူးဟူးထွက်၏။

၁၀။ ရမ္မက်ကြီးမား၊ လောဘအားကြောင့်၊ မင်းသားအမျက် ဟူးဟူးထွက်၏။

၁၁။ မ-ခက်ဒေါသ၊ ဆင်းရူပကြောင့်၊ မိန်းမအမျက် ဟူးဟူးထွက်၏။

၁၂။ ဘုန်းလက်ရုံးအား၊ ကောင်းမြောက်မြား၍၊ ယောကျ်ားအမျက်၊ ဟူးဟူးထွက်၏။

၁၃။ လိုက်ဖက်ဆေးဝါး၊ မန္တရားကြောင့်၊ သမားအမျက်၊ ဟူးဟူးထွက်၏။

၁၄။ လေ့ကျက်နှံ့ပြား၊ ဗေဒင်အားကြောင့်၊ ပုဏ္ဏားအမျက်၊ ဟူးဟူးထွက်၏။

စဉ်ဆက်မှတ်ထား၊ ဆဲ့လေးပါးသည်၊ တရားမရ၊ မျက်ဒေါသ။

(သြဝါဒထူးပျို့)

၁၃၂၃-ခု၊ ပြာသိုလပြည့်ကျော် ၁၅-ရက်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်းသည် သစ်တောဌာန ဝန်ကြီးဟောင်း သခင် တင်မောင်၊ တိုင်းမင်းကြီးဟောင်း ဦးကြည် စသော အဖွဲ့ဝင်ပေါင်း ၂၁-ခန့်နှင့်အတူ စံကင်းဆရာတော်ဘုရားထံ ရောက်ရှိလာသည်။

# ကံသစ်ကို ပြုပြင်ရ

"ဆရာတော်ဘုရားကြီး နေကောင်းပါရဲ့လားဘုရား"

"အင်း ကောင်းပါရဲ့၊ အခု ၉၂-နှစ်ထဲရောက်လာပြီ၊ ဆရာ ဝန်မခေါ်ရဘူး၊ နတ်တော်လက ၉၂-နှစ်ထဲ ရောက်လာတာ စားနေကျဆေးများဘဲ စားနေတယ်"

"ဗီတာမင်ဆေးများဟာ အဖျားရောဂါတို့ ဘာတို့မဖြစ် အောင် ကာကွယ်နိုင်ပါတယ်ဘုရား၊ အဲဒါဘုဥ်းပေးယင် သင့် တော်ပါတယ်ဘုရား"

"အဲဒီဗီတာမင်ဆေးလဲ တနေ့ ၂-လုံးစားပါရဲ့၊ ကံစိတ်ဥတု အာဟာရလေးမျိုးအနက် ကံဟောင်းကို မပြုပြင်နိုင်ပေမယ့် ကံသစ်ကိုတော့ ပြုပြင်ကြရတယ်၊ စိတ်လဲထို့အတူဘဲ ငယ်ငယ် တုန်းက စိတ်တွေ အသက်ကြီးလာတော့ ကောင်းအောင် ပြုပြင် နိုင်တယ်၊ ဥတု အာဟာရတို့က ပိုထင်ရှားတယ်၊ ဝန်ကြီးချုပ်တို့ ကိစ္စအမျိုးမျိုး ဆောင်ရွက်နေနိုင်တာ ကျန်းမာလို့ဖြစ်မှာပေါ့"

"နိုင်ငံခြားသွားရတာ အပင်ပန်းဆုံးပါဘဲဘုရား၊ သူတို့က ပြချင်တာတွေများလွန်းတော့ ကြည့်ရသွားရတာ သိတ်ပင်ပန်း ပါတယ်"

ကံအကြောင်းနှင့် ပတ်သက်၍ ဆရာတော်က ဤသို့ဆက် လက်အမိန့်ရှိတော်မူသည်။

"တခါတခါ စဉ်းစားကြည့်မိယင် ကံတရားဟာ တကမ္ဘာလုံးမှာ ရှိနေတဲ့လူတွေ တယောက်နဲ့တယောက် မတူအောင် စီမံထားတယ်၊ တူတဲ့နေရာ တူပေမဲ့ မတူတဲ့ အရာတွေကလဲ အများကြီးရှိတယ်၊ ဒါကြောင့် ဘုရား ရှင်က "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" လို့ ဟောတော်မူတာဘဲ၊ မိမိကိုယ်ကို မကောင်းအောင်လုပ်တာ ဘယ်သူလဲ မိမိ အလုပ်ကိစ္စ မိမိကံဘဲ၊ ဘေးရန်အန္တရာယ်တွေဖြင်အောင် ဘယ်သူလုပ်သလဲ၊ မိမိကံက လုပ်တာဘဲ၊ ဥပမာ- ဧရာ ဝတီမြစ်ကြီးရှိတယ်၊ ဒီမြစ်ကြီးက ကုန်းပေါ်နေတဲ့သူကို ရေနစ်အောင် မလုပ်နိုင်ပါဘူး၊ မြစ်ထဲဆင်းတဲ့လူကိုသာ ရေနစ်စေနိုင်တယ်၊ ဒီအတိုင်းဘဲ၊ ဘေးအန္တရာယ်တွေ ရှိပေမယ့်လဲ အလုပ်ကောင်းလုပ်သူ ကံကောင်းရှိသူ ဟာ ဘေးရန် အန္တရာယ်မဖြစ်နိုင်ပါဘူး၊ ကံကောင်းမရှိသူသာ ဘေးရန်ဖြစ်နိုင်တယ်၊ ဒါကြောင့် မကောင်းကျိုးကို ဖြစ်စေတတ်တဲ့ မိမိရဲ့ ကံညံ့ကံယုတ်များကိုသာ ကြောက် စရာလိုတယ်၊ ဘေးရန် အန္တရာယ်တွေ ကြောက်စရာမလို ပါဘူး။

“ကုသလာ အနဝဇ္ဇ သုခဝိပါက လက္ခဏာ—ကုသိုလ် ဆိုတာ အပြစ်မရှိ၊ ချမ်းသာတဲ့ကောင်းကျိုးကို ပေးနိုင်တယ်တဲ့၊ ထို့အတူဘဲ “အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ=အကုသိုလ်ကအပြစ်နှင့်တကွ ဆင်းရဲတဲ့ မကောင်းကျိုးပေးနိုင်တယ်”၊ အဲဒီဆင်းရဲတဲ့မကောင်းကျိုးဖြစ်တဲ့ ဘေးရန်အန္တရာယ်တွေ မရောက်နိုင်အောင် ကောင်းကျိုးပေးနိုင်တဲ့ ကုသိုလ်ကံတွေ ကြိုးစားရမယ်၊ ခုခေတ်ဘေးရန်အန္တရာယ်တွေက များလွန်းလို့ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ကြတယ်၊ ဒီတိုက်ကလဲ ပရိယတ်ပဋိပတ် မြင့်မြတ်တဲ့ သာသနာ့အလုပ်တွေ အားထုတ်နေလို့ မိမိတို့အတွက် ဘေးရန်အန္တရာယ် မဖြစ်နိုင်ဘူးဆိုတာ ယုံကြည်တယ်၊ ဒါပေမယ့် ကမ္ဘာသူ ကမ္ဘာသားတွေ ချမ်းသာအောင် မေတ္တာထားပြီး ယနေ့ သံဃာတော်တွေ ပရိတ်ကြီး ၁၁-သုတ်နှင့် ဥပ္ပါတသန္တိကျမ်းများကို ရွတ်ဖတ်ကြတယ်”၊ (ဝန်ကြီးချုပ်နှင့် အဖွဲ့သားများအား ဥပ္ပါတသန္တိကျမ်း စာအုပ် ဝေငှတော်မူသည်)။

## ဂြိုဟ်တွေ ပူးတာနဲ့ ဘေးဥပဒ်ဖြစ်ပါသလား

“ဂြိုဟ်တွေ ပူးပူး မပူးပူး ဇာတိဇရာ မရဏစတဲ့ သံသရာ ဘေးရန်တွေ သတ္တဝါတိုင်း တွေ့နေကြရတယ်၊ သံသရာ ကျင်လည်ခိုက်မှာ မကောင်းမှုကံ ပါလာလို့ ကပ်ကြီးသုံးပါးတွေ့ကြရ၊ သံသရာဒုက္ခခံကြရတယ်။

အနန္တာဒီနဝေါကာယော၊ ဝိသရုက္ခသမူပမော။
အာဝါသော သဗ္ဗရောဂါနံ၊ ပုဗ္ဗော ဒုက္ခဿ
ကေဝလော။ *

ဒီခန္ဓာကိုယ်ကြီးဟာ မရေမတွက်နိုင်တဲ့ ဘေးရန် အန္တရာယ်တွေရှိတယ်၊ အဆိပ်ပင်ကြီးနဲ့ ဥပမာတူတယ်၊ အလုံးစုံသော ဘေးရန်တွေရဲ့ စုဝေးတည်နေရာဖြစ်တယ်၊ အမှန်စင်စစ်ကတော့ ဆရာတော်ကြီးရယ် ဝန်ကြီးချုပ် ရယ်စသည် ခေါ်ရပေမဲ့ ဒုက္ခအစုအပုံကြီးဘဲ၊ ဒီခန္ဓာ ကိုယ်ကြီး ရှိနေသမျှ ဘယ်သူမှ သံသရာဆင်းရဲတွေက မလွတ်ကင်းနိုင်ကြဘူး”

“ဂြိုဟ်ကြီး ရှစ်လုံးပူးတာနဲ့ သတ္တဝါတွေ ဘေး ဥပဒ်ဖြစ်နိုင်တယ်ဆိုတာ မှန်ပါသလားဘုရား”

“ခုနက ပြောခဲ့တာ ဒီအဓိပ္ပါယ်ပါဘဲ၊ ဘေးရန် တွေက မိမိမှာ လာဖြစ်တာ မဟုတ်ပါဘူး၊ ကိုယ့်ရဲ့ မကောင်းတဲ့ စိတ်ကြောင့် မကောင်းတဲ့အကျိုး တွေ ဖြစ်ကြရတာ၊ အမှန်ကတော့ ကိုယ့်နဲ့စိတ်ပါဘဲ၊ အတိတ်နိမိတ် ဆိုတာကတော့ တရံတခါရှိတတ်ပါရဲ့၊ ငရဲကြီးရှစ်ထပ်ရှိနေပေမယ့် ငရဲကြီးရှစ်ထပ်က ဘယ် သူ့ကိုမှ လာမခေါ်ပါဘူး၊ ကိုယ့်ရဲ့ မကောင်းတဲ့ စိတ် ကသာ ငရဲကြီးရှစ်ထပ်ရှိရာကို ခေါ်သွားနိုင်တယ်”

---

* အပဒါနပါဠိ (ဒု)၊ နှာ-၁၁၇။

အသက်ရှည်ခြင်း အကြောင်းနှင့်စပ်၍ အောက်ပါအတိုင်း ဆက်လက်မိန့်ကြားတော်မူသည်။

"ဝန်ကြီးချုပ်ပြောတဲ့ တရားထဲမှာလဲ အသက်ရှည်ခြင်း အကြောင်းတွေ ပါထင်ပါရဲ့၊ လာဖတ်ပြကြလို့ ကြားရတယ်"

ဝန်ကြီးချုပ်သည် သူဟောခဲ့သောတရားကို ရည်ရွယ်ပြီး....

"အဲဒီတရားကြီး အင်မတန်ရှေ့ပါတယ်ဘုရား၊ ပရိသတ်တွေက များတော့ ကြားအောင် ကျယ်ကျယ်ဟောရတာ မောအောင်ပါးညောင်းအောင် ဟောရပါတယ်ဘုရား"

"ဝန်ကြီးချုပ် အိန္ဒိယမှာဟောတုန်းက ယိုးဒယားက ဝိနည်းအရာမှာ အသာဆုံးဆိုတာ တချို့က မကြိုက်ကြဘူး"

"မြန်မာက အဘိဓမ္မာ၊ သီဟိုဠ်က သုတ္တန်၊ ယိုးဒယားက ဝိနည်းသာတယ်လို့ ဟောခဲ့ဘူးပါတယ်ဘုရား၊ အဲဒါတပည့်တော်သဘောအရ မဟုတ်ပါ၊ ကြားဖူးတဲ့ ဗဟုသုတအနေနဲ့ ဟောခြင်းဖြစ်ပါတယ်ဘုရား"

## ဆန်သုံးထုပ်ပြုတ်ရာ

"နဂိုက ပြောဘူးတဲ့ ဆန်သုံးထုပ်ပြုတ်တဲ့ ဥပမာမေ့သွားပီလား"

"ထပ်ပီး အမိန့်ရှိပါဦးဘုရား"

"ဈေးက မင်းရယ် (အစိုးရရယ်)၊ ဘုန်းကြီးရယ် လူထုရယ် ဘယ်သူတရားရှိ မရှိသိရအောင် တရားရှိတဲ့ သူရဲ့ဆံထုပ်ကပြုတ်ယင်နှပ်မှာဘဲဆိုပီး ဆန်သုံးထုပ်ပြုတ် ကြသတဲ့၊ ပြုတ်ပီးအားလုံးဆယ်ကြည့်ကြတော့ တထုပ်မှ မနပ်ဘူးဆိုဘဲ"

"ဒီလိုဆို အစိုးရခံသာသေးတယ်ဘုရား၊ ဘာဖြစ်ဖြစ် အစိုးရချည်း လွှဲချ အပြစ်တင်ခံနေကြရပါတယ်"

## အစိုးရကလဲ ဘုန်းကံမရှိ

"ခုကာလတော့ ဦးရာလူက ပြောစမြဲပေါ့"ဟု မိန့်တော်မူပြီး ဤသို့ ဆက်လက်အမိန့်ရှိတော်မူသည်။

"ခုခေတ်သာသနာဖက်မှာ မပြေပြစ်တဲ့ အရာများရှိ တယ်၊သာသနာ ပြုပြင်တယ်ဆိုတာ ဘုန်းကံကြီးသူမှသာ ပြုပြင်နိုင်တယ်၊ ခုတော့ အစိုးရကလဲ ဘုန်းကံမရှိတော့ ဘယ်ကိစ္စမဆို မပီးနိုင်ဘဲရှိနေတယ်။

"ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရှိစဉ်က မဆုံးဖြတ် နိုင်တဲ့ အမှုတမှု ရောက်လာတယ်၊ ဒီတော့ ဆရာတော် ကြီးက ဒို့ဆုံးဖြတ်တာ ခံယူနိုင်ကြပါ့မလားလို့မေးတော့ ဦးပဥ္စင်းတပါးက ပါဠိကျမ်းဂန်နဲ့အညီ ဆုံးဖြတ်ယင် နားထောင်နိုင်ပါတယ် ဘုရားလို့ လျှောက်တော့ ဆရာ

တော်ကြီးက ဒါဖြင့်ယင် ပါဠိကျမ်းဂန်နဲ့အညီဆုံးဖြတ်တဲ့ အတိုင်း လိုက်နာနိုင်တဲ့သူများက ဒီဖက်လာကြ၊ ဒို့ ဆုံးဖြတ်တဲ့အတိုင်း လိုက်နာနိုင်မယ့် သူများက အဲဒီ မှာဘဲ နေကြလို့ မိန့်တော်မူရာ အားလုံး ငြိမ်သက်စွာ ထိုင်နေကြတယ်၊ ဒီတော့မှဆရာတော်ကြီးက ဦးပဥ္စင်းတို့ ဒို့ဟာ ဘယ်နေရာမှာ အဂတိ လိုက်ဖူးတယ်ဆိုတာရှိယင် ပြောပါ၊ ဒို့ရေးတဲ့ စာထဲမှာလဲ ဘယ်နေရာ ကျမ်းဂန်နဲ့ မညီဘူးဆိုတာရှိယင် ပြောပါဟုမိန့်ရာ အားလုံးငြိမ်နေ ကြတယ်။

"ဒီပဲရင်း ဆရာတော်လဲ စာတလုံးရေးယင် 'ဒီစာ ဖတ်ယင် ကုသိုလ် ဖြစ်နိုင်သလား အကုသိုလ်ဖြစ်နိုင် သလား' ဆိုတာ အထပ်ထပ် စဉ်းစားပြီးမှ ရေးလေ့ ရှိတယ်၊ အဲဒီ ဆရာတော်ဘုရားကြီးများလို ဘုန်းကံရှိယင် သာသနာ့ကိစ္စတွေ ပြီးနိုင်တယ်၊ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်ရှိတဲ့ ဆရာတော်ကြီးတွေက ဘယ်တော့မှ အဂတိမလိုက်ကြဘူး၊ တခါတရံ စေတနာကောင်းရက်နဲ့ ချွယွင်းချက်ပမာဒလေခ သဘောမျိုးတော့ ရှိယင်ရှိမှာ ပေါ့လေ။

"ပမာဒလေခဆိုလို့ ရှေးက ဆရာတော်ကြီးတပါးက ပမာဒလေခကြောင့် မှားတာလို့ ပြောမိရာ စိတ်ထန် လှတဲ့ ဗန်းမော် ဆရာတော်ကြီးက ပမာဒလေခဆိုတာ မောဟဘဲဘုရား၊ မောဟဆိုတာ အကုသိုလ်ဘဲလို့ ပြော

တယ်လို့ ကြားဘူးတယ်”ဟု ဆရာတော်က ပြုံးရယ်ကာ မိန့်တော်မူသည်။

## ရဟန္တာများ အမှားရှိ-မရှိ

“ရဟန္တာ ဖြစ်ပြီးတဲ့နောက် အမှားမရှိတော့ဘူးလား ဘုရား”

“နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် မရယင် သမုဒေါလို့ဆိုရမှာကို သမုဒ္ဒေါ သမုဒ္ဒောလို့ မှားရွတ်ခဲ့မိတဲ့ သဒ္ဒါနည်း အမှားမျိုးတော့ ရှိနိုင်တယ်”

“တပည့်တော် တရားဟောတဲ့ အခါမှာ ဘုရားမှ တပါး ရဟန္တာများတောင် မှားတတ်တယ်လို့ ပါတဲ့အတွက် တချို့က မနှစ်သက်ကြပါဘုရား၊ တပည့်တော်လဲ စာတပုဒ်ထဲမှာ ဘုရားရှင်က ရဟန်းတွေ ဆူညံမှုအတွက် ‘အာနန္ဒာ ဒါ ဘယ်သူတွေ ဆူညံနေတာလဲ’လို့ မေးရာ အာနန္ဒာက ‘ရှင်သာရိပုတြာနဲ့ ရှင်မောဂ္ဂလာန်တို့ရဲ့တပည့်တွေပါ ဘုရား’လို့ ဆိုတော့ ရှင်သာရိပုတြာနှင့် ရှင်မောဂ္ဂလာန်ရော တပည့်တွေပါ’ နှင်ထုတ်ပြီးနောက် ပြန်လာတော့ ‘သာရိပုတြာ-ငါဘုရားက နှင်ထုတ်လိုက်တော့ သင့်ရဲ့စိတ်ထဲ ဘယ်လိုဖြစ်သလဲ’ မေးတော့ ‘အရှင်ဘုရား- တပည့်မှေးမိတဲ့အတွက် ဒီလိုနှင်ထုတ်ခံရတယ်၊ အေးအေး တပါးတဲ နေတော့မယ်လို့ စိတ်ကူးမိပါတယ် ဘုရား’လို့ လျှောက်ရာ ‘သာရိပုတြာ ဆိုင်းပါအုံး’လို့ မိန့်

စောဘ်မူတယ်၊ မောဂ္ဂလ္လာန် ကတော့ ဘယ်လို စိတ်ဖြစ်သလဲ’လို့ မေးရာ ‘အရှင်ဘုရား တပည့်တော့မွေးပီး ယဉ်ကျေးအောင် မဆုံးမမိတဲ့အတွက် နှင်ထုတ်ခံရတာ၊ တပည့်တွေ ယဉ်ကျေးအောင် ဆုံးမမယ်လို့ စိတ်ဖြစ်တဲ့အကြောင်း’ လျှောက်ရာ ဘုရားရှင်က သာဓု ခေါ်တဲ့အကြောင်း ဖတ်ဖူးပါတယ်ဘုရား၊ ဒီနေရာမှာ ရဟန္တာဖြစ်တော်မူတဲ့ အရှင်သာရိပုတ္တရာ မှားတယ်လို့ မဆိုနိုင်ဘူးသား ဘုရား”

“ဝန်ကြီးချုပ် ကိုယ်သိထားတာတွေ အကုန်လုံး တပြိုင်နက် နှလုံးသွင်းနိုင်ပါမလား”

“မသွင်းနိုင်ပါ ဘုရား”

“ကိုယ်အာရုံပြုရာသာ သိနိုင်တယ်၊ အာရုံမပြု နှလုံးမသွင်းယင် မသိနိုင်ဘူး၊ ရှင်သာရိပုတ္တရာက သူ့အေးအေးနေဖို့ စိတ်ကူးမိလို့သာ ဒီလိုလျှောက်တာ၊ ရှင်သာရိပုတ္တရာ ဒီလိုလျှောက်တာကို အမှားလို့ မဆိုနိုင်ဘူး၊ ဘုရားရှင်ဆန္ဒနဲ့ မကိုက်ညီမှုမျှသာ ဖြစ်တယ်လို့ ဆိုရမယ်”

“သောတာပန်၊ သကဒါဂါမ်များရော အမှားရှိနိုင်ပါသလား”

“သူတို့မှာ ပုဂ္ဂိုလ်အလိုက် ကိလေသာ ရှိနေသေးတော့ မှားမယ်ဆို မှားနိုင်သေးတယ်၊ ဒါဖြင့်ယင် မောဟ ဘယ်ကျမှကုန်မလဲ”

ဝန်ကြီးချုပ်ကို ပြန်ပြီး မေးခွန်းထုတ်လိုက်သည်၊ ထိုအခါ ဝန်ကြီးချုပ်က ဤသို့ဖြေသည်။

"ရဟန္တာကျမှ ကုန်ပါတယ်ဘုရား"

"မောဟကုန်တဲ့ ရဟန္တာကျမှ မောဟအတွက် မမှားနိုင်တော့ဘူး၊ သောတာပန် စသည်တို့မှာတော့ မောဟ မကုန်သေးလို့ မောဟအတွက် မှားနိုင်သေးတယ်၊ မှား တယ် ဆိုပေမယ့် အပါယ် ရောက်လောက်အောင်တော့ မမှားနိုင်ဘူးပေါ့"

"မှန်ပါဘုရား"

**ပိဋကတ် မတတ်ယင် ဝန်ကြီးချုပ် မလုပ်ရ**

ဆရာတော်က ဆက်လက်၍ ဝန်ကြီးချုပ်အား ဤသို့ ဩဝါဒစကား ပြောကြားတော်မူခဲ့သည်။

"စိတ်က အောက်မေ့မိတယ်၊ ဒကာမျိုးဖက်က ပိဋကတ်စာပေ မသင်ဖူးတာ များတယ်၊ ကိုယ်တိုင် မသင်ကြားဖူး မလိုက်စားဖူးဘဲ ပိဋကတ်အကြောင်း ပြောယင် အားလုံး မမှန်နိုင်ဘူး၊ ပိဋကတ်တတ်တယ်လို့ နာမည်ကြီးခဲ့တဲ့ ရှေးပြည်ဝန်ကြီးများ ရေးသားထားတာ တွေထဲမှာလဲ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး မကြိုက် မနှစ်သက်တာ ရှိသေးတယ်"

သတင်းစာဆရာတွေ ဝန်ကြီးဝန်ချုပ်တွေ ပိဋကတ်ကျမ်းဂန်လေ့လာဖို့ကောင်းတယ်၊ ဒီ့ပြင်မိုလို့ တခါတခါပြောမိကြသေးတယ်၊ ပိဋကတ်မတတ်ယင် ဝန်ကြီးချုပ်မလုပ်ရလို့ ဥပဒေလုပ်ဖို့တောင် ကောင်းတယ်၊ ဘာကြောင့်လဲဆိုတော့ ပိဋကတ်မတတ်ယင် ဓမ္မပြစ်တွေမှာ မှားမိတတ်တယ်၊ လောကပြစ်မှားမိတာက ဘာမှကိစ္စမရှိဘူး၊ သံသရာမှာ ဓမ္မပြစ်မှားမိတယ်ဆိုယင် ဘဝတိုင်းဒီအပြစ်ဒဏ်ခံကြရမယ်။

"ပါဏော န ဟန္တဗ္ဗော- သူ့အသက်မသတ်ရ"လို့ ဘုရားရှင်က ဟောပေမယ့် လူတွေဟာ တသတ်ထဲသတ်နေကြတယ်၊ ဘာသာခြားတွေ သတ်တာကတော့ သူတို့ရဲ့ အယူဝါဒအရ အပြစ်မရှိဘူးလို့ ယူဆပြီးသတ်ကြတာ၊ ဗုဒ္ဓဘာသာဖြစ်ရက်နဲ့ သူ့အသက် သတ်တာကတော့ ဘုရားရှင်ရဲ့ ဥပဒေကို ချိုးဖေါက်မှု အာဏာတော်ဖီဆန်မှုဆိုတဲ့ ဒုစရိုက်မကင်းဘူး၊ သတ်တာချင်းတူပေမဲ့ ဘုရားစကားကို နားမထောင်မှု ပိုတယ်။

ဝိနည်းတော်နဲ့စပ်လို့ ဘာသာရေးနဲ့စပ်လို့ ကိုယ်တိုင်မမှားယွင်းမိအောင် သတိထားရတယ်၊ ကိုယ်တိုင်ဉာဏ်မမှီနိုင်လို့ မသိနိုင်တဲ့အရာရှိယင် တတ်တဲ့ပညာရှိများနဲ့ တိုင်ပင်ရမယ်၊ စာချုပ်ဂိုဏ်းများပင်ဖြစ်စေကာမူ ကိုယ့်ထက်တတ်သူကို တိုင်ပင်ရတယ်။ ဇာတရူပရဇတသိက္ခာ

ပုဒ်မှာ တချို့ဘုန်းကြီးများက ငွေစက္ကူကို ရွှေငွေ အစစ်မဟုတ်လို့ ကိုင်ကောင်းတယ်လို့ ယူဆကြတယ်၊ “ဒါ-ရွှေငွေအစစ်မှမဟုတ်တာ၊ စက္ကူကို ဂဏန်းထိုးပုံနှိပ်ထားတာဘဲ၊ ဘာမကိုင် ကောင်းစရာရှိသလဲလို့ တချို့ဘုန်းကြီးများ ငြင်းဆိုကြကြောင်း မြောင်းမြဆရာတော် ပြောဖူးတယ်၊ အမှန်ကတော့ ငွေစက္ကူမဆိုထားနဲ့၊ သားရေပြား သစ်သားပြားဖြစ်စေကာမူ သုံးစွဲခွင့် အမိန့်တံဆိပ်ခပ်နှိပ်ထားယင် ရဟန်းတော်များ မကိုင်ကောင်းဘူး၊ ဝိသုဒ္ဓါရုံဆရာတော်ကြီးသာ အခုရှိနေမယ်ဆိုယင် “ဇာတရူပရဇတပဋိဂ္ဂဟဏော-ရွှေငွေ ဒင်္ဂါး ပိုက်ဆံ ငွေစက္ကူကို ကိုင်ခံလေ့ရှိသည်၊ ဟော-တိ ဖြစ်၏” ဒီလို အနက်ပေးတော်မူမှာဘဲ။

ဝန်ကြီးချုပ်တို့ သာသနာရေးဝန်ကြီးတို့စတဲ့ အစိုးရ အဖွဲ့ဝင်တွေတိုင်းပြည်ခေါင်းဆောင်တွေဟာ သာသနာ ဒကာတွေဖြစ်နေလို့ အရာရာမှာ သာသနာကောင်းစားဖို့ အမြဲစိတ်ဓာတ်ရှိကြသည် အားလျော်စွာ သာသနာရေး ကိစ္စများ ဆောင်ရွက်ကြလိမ့်မယ်လို့ ဒီယုံကြည်မိတဲ့ အတိုင်း ဆောင်ရွက်နိုင်ကြပါစေ ကုန်သတည်း ”။ (အားလုံး သာဓုခေါ်ကြသည်။)

ဆရာတော်သည် ဩဝါဒပေးပြီးနောက် ညောင်ရွှေကန်ကြီး ပရိယတ္တိစာစောင်ကို ဝန်ကြီးချုပ် ဖတ်ရှုကြည်ညိုရန် ပေးတော်

မှုသည်။ ဝန်ကြီးချုပ်က စာအုပ်ကို ဟိုဟိုဒီဒီလှန်ကြည့်ပြီး "ရှမ်းပြည်မှာ စော်ဘွားများရှိတဲ့အတွက် ပြည်မမှာလို သာသနာရောင်တောက်ပြောင်နေပါတယ်ဘုရား" ဟု လျှောက်ကြားပြီးနောက် ဆရာတော်များကို ခွင့်ပန်၍ ညနေ ၅-နာရီ ၁၀-မိနစ်အချိန်တွင် ပြန်လည် ထွက်ခွာသွားကြလေသည်။

# သံဝေဂကဗျာ

ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဟု ကြုံရခေတ်မှာ လူဖြစ်လာသည် ရတနာ အစစ် သုံးရစ်စေလို စီကုံးဆိုပိမ့် ကိုယ်၏အတွေ့ ချမ်းမြေ့စွာဘိ ချက်စိအမြင် နားတွင်အကြား အနံ့များနှင့် တွေ့ပြားရသာ ငါးဖြာအာရုံ ကာမဂုဏ်ကို စုံစုံမက်မက် နှစ်သက်ကြိမ်ဖန် ခံစား ပြန်လည်း သဏ္ဍာန်ရေပွက် အိပ်မက်ပမာ ပြီးပျောက်သာတည်း တွေ့ရာပေါင်းစု ခံစားမှုကား သုခဒုက္ခာ ဝေဒနာအစစ် ဧကန် ဖြစ်၍ အနှစ်မဲ့စွာ အကာတိတိ မှတ်ယူဘိလော။

တည်ရှိခန္ဓာ မှန်စွာစုဝေး နှပ် တံတွေးနှင့် ပြည် သွေး မစဲ ချွဲ အတန့်တန် သံကောင် တုပ်ကောင် ပိုးကောင် ထွေထွေ ကိန်း အောင်းနေသည့် ညစ်ပေနံ့သို ကိုးလီဒွါရ ပြွန်အဝမှ ယိုကျ ခိုးခိုး မပြတ်စီးသည့် ကျင်ကြီးကျင်ငယ် ရွံဘွယ်လိလိ ပုတိကာယ ပုဠုဝက အသုဘကို သုဘမှတ်ထင် အလှမြင်လျက် ချစ်ခင်စုံမက် နှစ်သက်လှစွာ ကိုယ်ခန္ဓာကို မနာမအို မသေလို၍ ထိုထိုဆေးဝါး ပြုပြင်ငြားလည်း ထင်ရှားကိုယ်မှာ ဇရာဗျာဓိ အစဉ်ဘိလျက် သိသိသာသာ လိုရာမကျ အနိစ္စနှင့် ဒုက္ခအနတ္တတရား မလွန် ငြားတည့် ဖြစ်ပွားတည်ပျက် အဆက်မပြတ် ဥပါဒ်ဌီဘင် ခေါ် တွင်ခဏိက မရဏသေမင်း အစဉ်ခွင်းသည် တပ်ခြင်းလောဘ တောင့်တလိုချင် ခင်မင်တွယ်တာ ငါ့မျိုး ငါ့ဆွေ ငါ့မြေ ငါ့ဟာ ငါ့ဥစ္စာဟု စိတ်မှာယူဆ သမုဒယသစ္စာ ဤခြင်းရာကြောင့်ပူဆာ

သောက ကြောင့်ကြစိုးရိမ် ကြိမ်ကြိမ်ဒုက္ခ တွေ့ကြုံရသည် ဒုက္ခ သမုဒယာ ယင်းနှစ်ဖြာမှ လွတ်ရာ လွတ်ကြောင်း လမ်းကောင်း မှန်လှ သီလသမာဓိ အသိပညာ ရှစ်ဖြာမဂ္ဂင် ကျင့်စဉ်တရား ပွားများကုန်ကြ ဆိုဆုံးမသည် လောကထွက်လမ်း အမှန်တည်း။

ကျေးဇူးရှင်

ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

## ဗိုလ်ပြင်

ဗိုလ်ပြင်-၏ ငယ်နာမည်မှာ မောင်တုတ်ကြီးဖြစ်သည်၊ သူ၏ ဖွားရာ ဇာတိမှာ ရွှေဘိုမြို့အနီး လှတောရွာဖြစ်သည်၊ ၁၅-နှစ်သား အရွယ်တွင် ပထမ ရွှေကျင်ဆရာတော် ဘုရားကြီးထံ၌ ကိုရင်ဝတ်၍ ၃-ဝါမျှ ဆရာတော်၏ ဩဝါဒကို ခံယူခဲ့ရသည်၊ သူသည် ငယ်စဉ်မှစ၍ နှုတ်စအာစ ကောင်းသဖြင့် ရွှေကျင်ဆရာတော်နှင့်တကွ မင်းညီမင်းသား နန်းတွင်းသူများ၏ ခင်မင်ယုံကြည်မှုကို ခံယူရ၏။ ရဟန်းခံမည်ဟုဆို၍ ရွှေကျင်ဆရာတော်ဘုရားကြီးက စောင့်ရှောက် အားပေးခဲ့၏။ သို့သော် အထုံပါရမီ ကုန်သဖြင့်လူဝတ်လဲ၍မင်းမှုထမ်းသည်။မင်းတုန်းမင်း လက်ထက်တွင် ယင်းသို့ အမှုတော်ထမ်းစဉ် ဗိုလ်ပြင်ဟု နာမည်တွင်၍ရွှေဘိုမြို့စား ဖြစ်လာသောအခါ သူ့ဆရာ ရွှေကျင် ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း ဩဝါဒ ပေးတော်မူသည်။

(ဤဩဝါဒ မေတ္တာစာသည် ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး ၁၉၂၀-ခုနှစ် ပထမရိုက်၌ရင်း၊ ၁၉၆၆-ခုနှစ် ဒုတိယရိုက်၌ရင်း ပါဝင်ပြီးဖြစ်သည်။)

## သူသတ်ဩဝါဒ မေတ္တာစာ

ဩဝါဒေယျာနုသာသေယျ၊ အသဗ္ဘာ ယာ နိဝါရယေ။
သတဉှိသော ပိယောဟောတိ၊ အသတံ ဟောတိ
အပ္ပိယော”။

ပါဠိတော်နှင့်အညီ၊ မကောင်းမြစ်တား၊ ကောင်းရာ တိုက်တွန်း၊ ညွှန်းပြသင့်သော ဆရာဖြစ်သည်နှင့်လျော်စွာ၊ ဩဝါဒကထာ၊ကရုဏာရေအေး၊မေတ္တာစာပေးလိုက်သည်၊ မကြိုက်လျှင်ဆုတ်ဖျက်၊ ကြိုက်လျှင်လည်း ဦးထိပ်ရွက်၊ တရားလမ်းသက်ရာကို၊ တပည့်မှုဆိုလိုက်မည်၊ အရာရှိသော .အရိရှာသော၊ မြင်းတပ်ဗိုလ်သော ဆင်တပ်ဗိုလ်သော၊ ထိုသော ဤသောငါနားမလည်၊ ဟယ်-ဘာ့ညည့်ငယ် တေ့ပ်ကြီး၊ ဆဲ့ငါးနှစ်အရွယ်၊ သာမဏေငယ်ကာလက၊ နှုတ်စနှင့်တလျှားလျှား၊ အာစနှင့် တမားမား၊ ကိုယ်ကျင့်တရားမှာလည်း ခြောက်ပြစ်ကင်း၊ ပဥ္စင်းခံမည်ဟူ၍ အတန်တန်၊ ပဋိညာဉ် ခံဝန်ချက်ကြောင့်၊ သာသနာတော်တွင်၊ ကျမ်းဂန်သိမြင်၊ သီလဝင်သူတယောက်၊ကိုးကွယ်ရာဖြစ်လောက်သည်ငါထင်စား၍၊စက္ကဝတ္တိ ရာဇာလောင်းကို၊ သိကြားမင်းကြီးစောင့်ရှောက်ဘိသည့်အလား၊ နုဂ္ဂဟ နှစ်ပါးနှင့်၊ တပြောစားစား ချီးမြှောက်၍ ထားပါသည်ကို။ ဘဝအဆက်ဆက်၊ ဆက်သတ်၍မဖြစ်၊ မြင်းကြမ်းညစ်ခြင်းရာလို၊ မုန်ယိုသည့် ဆင်ရူးသွင်၊ တဏှာသခင် သဘက်ပူး၊ ရူးခြင်းကြီးရူး၍လာ၊ ဟောပါသော်လည်း နားမတင်၊ ပြောပါသော်လည်း နားမဝင်၊ နွားသိုးကို ထမ်းပိုးတင်ရဘိသည့်အလား၊ မဟားဒရား၊ တား

မရ ဆီးမနိုင်၊ ဆရာ့ကျေးဇူးကိုလည်း မတင်နိုင်၊ သံသရာဘေးကိုလည်း မမြင်နိုင်၊ စိတ်လိုရာကိုင်ပြီးလျှင်၊ နိဗ္ဗုတာရပ်ခွင်ကို၊ ယခုပင်တင်တော့မည်၊ ကျေးဇူးရှင်ဆရာကို၊ မနေသာစွန့်သွား၊ ငရဲဘောင်ကို သွေးဆောင် များတတ်သည့်၊ ဗိုလ်ငုံလယ်လူတွေကြားတွင်၊ မင်းခစားဖြစ်ရသည် တခုနှင့်ပင်၊ ဆုံးပါးချက်နာလှပြီ၊ သို့ကိုပါ၊ အထဝါတပုံကူး၍၊ ရှူးရမြူးရသည့်ခြင်းရာကို၊ ဥပမာပုံဆိုသော်၊ ယုန်ဆယ်ကောင်ကို သေအောင်လိုက်ရမှ၊ ယုန်ရိုးကို တခါကိုက်ရသည့်၊ မိဂမူဆိုး ခွေးအလား၊ မစားရငရဲခံ၊ အများသူတို့ ဘေးရန်ကာ၊ မပြောလောက် တဆိတ်စာ၊ ဗိုလ်ပိန်တာ အရာကလေးနှင့်၊ စူးစူးတိုက်၍ မြောက်ပေးလျှင်၊ နတ်ရှူးကို ပုံနှင့်မြောက်၊ သွေးလုံးလုံးမြောက်ပြီးကာ၊ မြောက်မြင်းနယ် ရပ်တကျေးတွင်၊ ငါးတကာတို့ မစင်၊ ပုဇွန်ဆိတ်ခေါင်းပေါ်တွင်၊ စုဝင်သည် ဆိုသည့်အလား၊ သူတပါးတို့တွက်တာများနှင့်၊ ကိုယ်ဘိုတရားကို ဝိကပ္ပနာထား၊ သူခိုးဘမ်းလား၊ ခားပြဘမ်းလား၊ အမှေ့တရား လယ်တရားနှင့်၊ လင်မယားတရားကိုမျှ မချန်လှပ်၊ မင်းမူရပ်အခါခါ၊ မပြောလိုလည်း မနေသာ၊ မဆိုလိုလည်း မနေအား၊ များတကာ သူတော်တို့မှာ၊ ဩဘ်-ငါကား များမကြာသေရချေ့၊ အနိစ္စ အနိစ္စ၊ ငါ့တကာ ဗိုလ်မင်းမှာ၊ ငါသို့သော မင်းယောကျ်ား၊ ပြဒါးသေမှ သေမည်ပ၊ နိစ္စ နိစ္စ။ များတကာ သူတော်တို့မှာ၊ ဩဘ်-ငါကားဆင်းရဲချေ့၊ ဒုက္ခ ဒုက္ခ။ ငါ့တကာဗိုလ်မင်းမှာ၊ ကာမဂုဏ်ပွဲစုံ ကျင်းပ၍၊ အဟောသုခ သုခ။ များတကာ သူတော်တို့မှာ၊ ဩဘ်-ငါကား အစိုးမရ၊ အနတ္တ အနတ္တ၊ ငါ့တကာ

ဗိုလ်မင်းမှာ၊ ကြိမ်မာမာတလုံးနှင့်၊ ဟဲ့ ငါ့ကား အစိုးရ အစိုးရ၊ နင်မကြောက်လား သင့်မေ့တာ၊ ထိတ်ခတ်ပါလား၊ ဝါးညှပ်လား၊ ဘာဝနာပြန်ပြောင်းနှင့်၊ ကာလသြောင်း၍ သန်းခေါင်တိုင်၊ အချိန်ကုန်လို့မှ မအိပ်နိုင်၊ နက်ဖြန်ခါ မှိုင်မည့်ပုံ၊ ဗျာပါဒဝိတက်နှင့် တညဉ့်ကုန်၊ နေအရုဏ် မိုးသောက်ပြန်လျှင်လည်း၊ များတကာသူတော်တို့မှာ ဗုဒ္ဓေါ ဗုဒ္ဓေါဘုရား ဘုရားနှင့်၊ ဘုရားရှိခိုးကြ၍ တစာစာ၊ ငါ့တကာဗိုလ်မင်းမှာ၊ ဟဲ့ညဦးက ထောင်မှာထားသည့်လူ၊ ဟဲ့-ယူခဲ့ဦး၊ ငါစစ်မေးမည်၊ ဟဲ့-ငမိုက်ခွေး.... မှန်အောင်လျှောက်၊ ငါသို့သော မင်းယောကျ်ား၊ လှည့်စားပြန်ပြီ နင်နော်၊ ကလအော်နှင့် နှက်ချီးလို့ သွားအားလုံးကျိုးတော့မည်။ မော့လဟဲ့ နင့်လည်ပင်း၊ နှင်းလိုက်ကြလဟဲ့သေအောင်၊ ယောင်တောင်တောင် ဟိုငမိုက်သားက၊ သနားသလိုညာတာတာ။ ထောင်းကြပါလဟဲ့ သင့်ကိုလဲ၊ ဆွဲခဲ့ပါလဟဲ့ သင့်သျှောင်၊ လားလားဟယ် ငါတတောင်စာ ကျွေးရဲ့တော့မည်၊ ခွေးမသားဟိုတတွေကလည်း၊ ကြည့်လို့သာ နေနိုင်လေ၊ အထွေထွေအလာလာ၊ ဘုရားတကာကိုဆဲ၊ ကျောင်းတကာကိုမဲ၊ ဆင်းရဲသားတရာ၊ ငိုမျက်နှာမြင်ရမှ၊ မင်းမျက်နှာတကိုယ်ရသည့်၊ ရာဇကိစ္စနှင့် တနံနက်မျှော၊ ရောတခါနေ့လယ်ချမ်းတိုင်ရောက်လျှင်၊ များတကာ သူတော်တို့မှာ၊ ဘာဝနာကြွက်ကြွက်ညံ၊ စာအံသံနှင့် တအုံးအုံး၊ ငါ့တကာဗိုလ်မင်းမှာ၊ ကြိမ်တံဖျား ရိုက်သံများနှင့် တဘုံးဘုံး၊ ဟေးလား ဝါးလား ပျော်ပွဲစား၍ တပြုန်းပြုန်း၊ အရပ်နီးသူတော်တို့ မှန်းစရာ။ သမ္ဗပ္ပလာနှင့် တနေ့ကျွန်၊ အချိန်လွန်ညနေချမ်း ရောက်ပြန်ခါ၊

များတကာ သူတော်တို့မှာ၊ ပန်းကလပ် ထွေထွေလာ ပန်းညောင်ရေ အဖြာဖြာနှင့်၊ သူ့ထက်ငါ ဘုရားသွား ငါတကာ ဗိုလ်မင်းမှာ၊ ကျေးစည်သံ မြိုင်မြိုင်ကြား၍သော်မှလည်း မေးတင်းမျှ မပြုအား၊ ဆင်ပြင်လား မြင်းပြင်လား။ သူခိုးဖမ်းလား ဓားပြဖမ်းလား၊ သူသတ်ကောင်ကိုသာ ခါခါသွား၊ ဥပုသ်သီလများကို ဆိုပြန်လျှင်လည်း လပြည့်နေ့သော လကွယ်နေ့သော၊ သူပြောလာမှ ဟုတ်ဟန်ရှိ၊ မသိတခါ သိတခါ၊ ရှင်နှစ်ဝါ သုံးဝါပတ်လုံး၊ ဆုံးမခဲ့သည့် ငါ့ဘုရား၊ မင်းမြောက်စား၍ တက်တက်ဖြူ၊ ကျောင်းစာရေးသူငယ်၊ ဖြစ်လာစဉ်အခါဝယ်လည်း—

(၁) မဟော့ရမ်းနှင့် မဟော့ရမ်းနှင့်၊ ဟော့ရမ်း ပရမ်းပတာဖြစ်တတ်သည်။

(၂) မပေါ့လွှမ်းနှင့် မပေါ့လွှမ်းနှင့်၊ ပေါ့လွှမ်း ဥစ္စာ ကုန်ခန်းတတ်လှသည်။

(၃) မကြော့ကြမ်းနှင့် မကြော့ကြမ်းနှင့်၊ ကြော့ကြမ်း သူများ ရယ်သွမ်းသွေးတတ်သည်။

(၄) မရုန့်ကြမ်းနှင့် မရုန့်ကြမ်းနှင့်၊ ရုန့်ကြမ်းသူများ မုန်း၍ပန်းတတ်သည်။

(၅) မသော့သွမ်းနှင့် မသော့သွမ်းနှင့်၊ သော့သွမ်း အဝီစိမှာ ခါးပန်းသတ်လိမ့်မည်။

အတည်တည်ဆုံးမခဲ့သည့် ငါ့စကား၊ နောက်ဖယ်နားတွင်မှ နှင်မထား၊ သားမယားဟောပုံဟာ၊ တဘဝတွက်တာနှင့်၊ သံသရာမှာ ဂျွမ်းစောက်ထိုး၊ အဝီစိမှာ အောက်ဆုံးမျိုး၊ ကိုယ်ကျိုးကြီးနဲ့စရာ၊ အဒန္တေန အသတ္တေန၊ ဓားမကျိုး လှံမရှ၊ နန္ဒိသေနတို့ ထုံးပုံ၊ တရားမပျက် မှုကုန်အောင်၊ နှလုံးရည်နှင့်မကြံဆောင်၊ အစွယ်နှင့် လက်သဲကို အားဆဲသည့် တောကျားရဲအကောင်လို၊သံတတောင်အနုကွင်း၊ကားတိုင်မှာ လူကိုကျင်းရမ့်မင်းမှုခင်းကိစ္စပြေ၊ ဆရာတော် တပည့်အနေ၊ ပုညာရည်နှင့်မှုမထမ်း၊ လူဟောရမ်းလူကြောက်ကြမ်း၊ လူသော့သွမ်း ပါးကွက်လို၊ လူတယောက်သက်ဇီဝိန်ကို၊ မံသဖုတ်ဆီစိုစိုနှင့်၊ ထန်းရေကိုနှိမ်သလို၊ မြိန်ပေလို့ပြုသလား၊ ငါလားလား မေးလိုက်ချင်၊ ဘိထောင့်ချောက်တွင်၊ ဝင်မိသည့်ကြွက်၏ပုံ၊ ယခုပင်ကံကုန်၍၊ အဝီစိဘုံအကျော်၊ ယမမင်းကြီးနန်းပေါ်မှာ၊ တစာစာ တအော်အော်နှင့်၊ အမှုတော်ထမ်းရခါနီးကို နှင်မသိ၊ အငိဇ္ဇာမာန်ဘိစီး၍၊ ထီးမိုးနှင့် နောက်လိုက်တွေ၊ ဘိနပ်ကိုင်ခြွေရွေကို၊ နိဗ္ဗူပြည်ထင်စနိုး၊ ပိုးအိမ်တို့ ဗလရှုတ်၊ ဖြုတ်ခနဲပျက်မည်ကို မဆင်ခြင်၊ မင်ကြောင်ကို တသသ၊ တတောင်ကိုတပြပြ၊ သိဥ္စုဝ်းနှင့် ကာလသုတ်အကြား၊ ငရဲထိန်းကြီးအလားလို၊ ဓားကြီးနှင့်တဝင့်ဝင့်၊ ရွှေထီးနှင့် တစွင့်စွင့်၊ လူမြင်တိုင်းကနှလုံးနင့်၊ တပည့်ကောင်းခြင်းရာကို၊ ဥပမာပုံဆိုသော်၊ တကျော့ချည်၊ အဖျည်ခဲလှချည့် သံသရာဝဲ၊တကျော့ချည်၊ အဖျည်ခဲလှချည့် သံသရာဝဲ၊ သို့မို့ပလေ၊ တို့များမှာခွေတိုး၊ ကြည့်လိုက်ကြ ဟိုးဟိုး၊ အဘိုးကြီးကာလသား၊ ခါးတောင်းမြိတ်နှင့် တမြားမြား၊

တုံးရွေ့ကသွားသည့်သွင်၊ တွင်တွင်ကြီး ကြွေ့ကြွမ်း၊ ထင်ထင်
ကြီးဟော့ရမ်း၊ ကာမတဏှာသဘက်ဘမ်း၍၊ လောကန္တရက်တွင်
နန်းသိမ်းရမည့် အရေးကို၊ မတွေးနိုင် မဆင်နိုင်၊ ထီးမိုးနှင့်
ဘိနပ်ကိုင်၊ နောက်လိုက်တွေ တဖွိုင်ဖွိုင်၊ မိန်းမငယ်တွေတလှိုင်
လှိုင်နှင့်၊ မြိုင်မြိုင်ကြီးပျော်မြူး၊ သည်လောက်တောင် ရှူးမည်ဟု၊
တခါဘူးမျှ ငါမထင်၊ ငါဆရာပင်အထင်လွဲ၊ လူကဲခတ် မှား
လိုက်လေ၊ ဖြစ်ပလေသည့် မင့်ခြင်းရာ၊ တပည့်ကောင်း မောင်
ရှင်မှာ၊ မထောင်းတာ၊ ကြားရသည့် ဆရာမှာ နားမချမ်း၊
လှံဖျားမှာ ပစဉ်းနား၊ ကျိုးကန်းက မစင်ပါ၊ ယိုသူမရှက် မြင်သူ
ရှက်၊ ဂွက်ရွာတို့ပုံပမာ၊ မမြင်ဝံ့ဆေးသမား၊ မကြားဝံ့ တရား
သူကြီး ဆိုသည့်သွင်၊ တပည့်ကောင်းဖြစ်အင်ကို၊ မဆိုချင် မနေ
အား၊ ကားတိုင်မှာ လူကိုတင်၊ အဆုံးတိုင် စီရင်ကြောင်းများ
နှင့်၊ ငါဆရာကြားရသည်၊ မဟုတ်လေသိ ဟုတ်လေသိ၊ မဟုတ်
ဘိလျှင် ဆရာအဆိုလွဲ၊ ဟုတ်ပြန်ဘိလျှင်လည်း၊ တပည့်မဲ၍မှောင်၊
မဟုတ်ဘဲ ဆရာမဟောဘောင်၊ ဆိတ်တကောင်သတ်မှား၍၊
သေလျှင်လည်း ငရဲလား၊ ဘဝငါးရာ လည်ဆက်ဖြတ်ခံ၊ ဝတ္ထု
လာထုံးစံ၊ ကျမ်းဂန်နှင့် ဝေဘန်လျှင်၊ ဆိတ်ငရဲထက် နွား၊
နွားငရဲထက် ကျွဲ၊ ကျွဲငရဲထက် ဆင်၊ ဆင်ငရဲထက် လူ၊
မကောင်းမှုကြီးဟူ၍၊ ငါတို့မြန်မာ သူတော်တို့မှာ မဆိုထား၊
မိစ္ဆာဒိဋ္ဌိ လူမျိုးများ တို့သော်မှလည်း၊ ဤသို့သောအရေး၊
သူသတ်မှုပဂေးတွင်၊ ဝန်လေးသည် လွန်ထင်ကြသောကြောင့်၊
ထောင်တန်းတွင်သော်လည်း တသက်နေ၊ တိုင်းတပြေကိုသော်
လည်း ပို့၍ထား။ စီရင်ပုံထုံးများနှင့်၊ ကိုယ်လွတ်အောင် ရှောင်

ရှား၍ နေကြပါသည်၊ ငါ့တကာဗိုလ်မင်းမှာ၊ နောက်နောင်လာ ပါယ်ရွာဆင်းတော့ခါ၊ ယမမင်း ထံဇတော်မှာ၊ မေတ္တာစာ အကျော်နှင့်၊ ဆရာတော် ကယ်လာလိမ့်မည်၊ စိတ်ရည်လို့ဟော့ ရမ်း၊ ပဥ္စင်းလောင်း လူထွက်မို့ရှုန့်ကြမ်း၊ လူရယ်သွမ်းပေးစရာ ဤဘဝမှာအရာရှိ၊ နောင်ဘဝဘို့ အရိရှာ၊ တပည့်ကောင်း လူလိမ်မာ၊ မှားလိုက်လေပလချာ၊ ရှုးရှာလေ သွက်ချာတော၊ ငါကောလို့ ကောလိုက်လေ၊ သူအသေသေ၊ ငါအကြေကြေ၊ ဖြစ်ပလေသည့် မင့်ခြင်းရာ၊ သားမယားပုံဟာကြောင့်၊ ရေတိမ်မှာ နစ်ရဘိသည့်အလား၊ မမှားတန် မှားရသည့်တွက်တာ၊ ရွှေကျင်ဆရာတော်၏ တပည့်ကောင်း၊ ပဥ္စင်းလောင်းလူထွက်ဘို့၊ ချက်စရာငရဲအိုးတလုံး၊ တစောင်က တယ်ရအုံးမည်ကြောင့်၊ ငရဲမင်းကြီး မုန်းစရာ၊ မီးကိုယုံသို့ ခွေးမတိုး၊ မီးအိုးကြီးကွဲလိုက်ထာ၊ သူ့ဥစ္စာကိုလည်း မညှာ၊ သူ့သက်လျှာ သားရွှေဥတို့ကိုလည်း မရှောင်ရှား၊ မုသားမှာမဆိုသာ သေသုရာကို ခါခါမှား၊ အဝိစိ သွားတွေ့နှင့် ခါခါပေါင်း၊ သူတော်ကောင်းတွေ့ကို ဝေးဝေးရှောင်၊ ပြိတ္တာဘောင်ဝယ် ကျောင်းဆောက်၊ အဝိစိအောက်တွင် သင်္ကန်းချုပ်၊ ငါဆရာကို ဝိကပ္ပနာလုပ်၍ထား၊ သားမယားကို မိဋ္ဌာန်တင်၊ ယမမင်းကြီး သိမ်ပေါ်တွင်၊ သံဃာတော်တရာနှင့် အဗ္ဘာန်သွင်း၊ ပဥ္စင်းလောင်း လူလိမ်မာ၊ မောင်မင်းပြုသည့်သာသနာ၊ ငါဆရာ အသဲတုန်လှ၍၊ ဤသည့်ပုံ လူဟော့ရမ်း၊ လူသတ်မှု အခန်းတွင်၊ နောင်တသက် ကျောချမ်းလောက်စရာ၊ ငယ်ဆရာမာန်ဂုဏ်နှင့်၊ ငယ်တပည့် ဗိုလ်ယုံကို၊ အားမနာ ပါးမနာ၊ သည်တခါ အကုန်ဟောလိုက်သည်။ ငါ

သို့သော မင်းယောကျ်ား၊ မထောက်ထား ဆိုလိုက်လေ၊ စိတ်ထဲက မနာစေနှင့်၊ ရေနစ်သည့်လူ၊ ထိုးဝါးကူပုံအလား၊ ကြောင်ပါးလက်ဝယ်၊ ကြွက်သူငယ်ကို၊ ကယ်ယူရသလို၊ ဗိုလ်မာနမာန်ဟုန်၊ ဒုစရိုက်ရန်သူပုန်၊ သည်တခါကုန်လောက်အောင် ပဂ္ဂဟ နိဂ္ဂဟဖုံဖုံ၊ ဆေးမျိုးစုံတိုက်ကျွေး၊ မေတ္တာရေပေးလိုက်သည်၊ သူငယ်ကိုပိဿာလေးနှင့်၊ နံဘေးကိုပစ်သလို၊ အောင့်အစ်အစ်မရှိလင့်၊ တပည့်ကောင်း မောင်ရှင်ကြောင့်၊ နောင်ပူပင်ငါမရှိရအောင်၊ သောဝစဿတာ မင်္ဂလာ အောင်ပန်းနှင့်၊ ပဋိညာဉ် ညောင်ရေဖျန်း၍၊ အာမ ဘန္တေ လျှောက်လွှာကမ်းလိုက်မှ၊ ငါ့တပည့်ကောင်းတွက်တာ၊ ငါဆရာ နားချမ်းမည်၊ ငါ့တပည့်ဗိုလ်ကြမ်း....။

သူသတ်ဩဝါဒ မေတ္တာစာပြီး၏။

မစိုးရိမ်ဆရာတော်၏ ဩဝါဒကထာ

# လဘက်ရည်ကြမ်းတခွက်နှင့် ရောဂါပျောက်

စစ်အတွင်း၌ ရွားပင်ချောင်တွင် ပဌမကျော် ဦးပညိန္ဒ လူထွက် ဆရာကြီး ဦးလွန်းလည်းရှိ၏၊ ရွားပင်ချောင်မှ သီလရှင်များသည် ဆရာကြီးဦးလွန်းထံ၌ ပဌာန်းစာဝါလိုက်၍ သင်ယူပြီးဖြစ်ကြ၏၊ ဆရာတော်က မူတီထွင်ပြီး ပဌာန်းနည်းသစ်ဖြင့် သီလရှင်များကို ပဌာန်းသင်ပေးလိုက်သည်။ သီလရှင်များသည် တဖက်သား နားဝင်ချိုမြအောင် ပြောဆိုရာ၌ "နိုးတူး" ဟုဆိုလောက်၏၊ ဟုတ်ဟုတ် မဟုတ်ဟုတ် စာချပေးသူအားရှိအောင် အလွန် ပြောတတ်ကြလေသည်၊ တနေ့တွင် ဆရာတော်ကို သီလရှင်များက လျှောက်ထားကြ၏။

သီလရှင်များ။ ။"တပည့်များ ဆရာလွန်းကြီးဆီ ပဌာန်းတက်တုန်းက သည်လောက် နားမလည်ဘူးဘုရား၊ အခု ဆရာတော်ဆီ တက်ရမှ ပိုပြီး နားရှင်းတယ်"

ဆရာတော်။ ။"လဘက်ရည်ကြမ်းတခွက်နဲ့ ရောဂါပျောက် ဆိုဒါမျိုးပေါ့"

ရွာတရွာမှာ နာတာရှည်ရောဂါ စွဲကပ်နေတဲ့ လူနာတယောက် ရှိသတဲ့၊ နယ်စုံက ဆေးသမား အကျော်တွေပင့်ပြီး ဆေးကုသော်လည်း ဘယ်ဆေးဆရာရဲ့ ဆေးနဲ့မှ သူ့ရောဂါက မပျောက်ဘူးတဲ့၊ ဆေးဆရာတွေက တကယ့် အစွမ်းထက်ပေ့ဆိုတဲ့ ဆေးတွေချည်း တိုက်ကြတာပဲ၊ ဒါပေမဲ့ မသက်သာဘူးလို့ ထင်နေတယ်တဲ့၊ တနေ့တော့ မြို့က နာမည်ကြီးနေတဲ့ ဆရာတယောက်နဲ့ ဆေးကုပြန်ရောတဲ့၊ အဲဒီ ဆရာက ကံစပ်လို့သာ နံမည်ကြီးနေတာ ဘာဆေးမှ မဖော်တတ်ဘူး၊ လျက်ဆားတဖုံတောင် သူ့နည်းနဲ့သူဖြစ်အောင် ဖော်တတ်တာ မဟုတ်ဘူးတဲ့။ အဲဒီဆရာက နာတာရှည် ရောဂါသယ်ကို ဖြစ်ပုံအကြောင်း မေးမြန်းပြီး လဘက်ရည်ကြမ်းတခွက် ဆားနန်နဲ့ ထဲ့တိုက်လိုက်သတဲ့၊ ဘာဆေးမှ ဖော်တတ်တာမဟုတ်ဘဲ လဘက်ရည်ကြမ်းဘဲ တိုက်ရမှာပေါ့၊ နောက်ရက်ကျတော့ ရောဂါသယ်ဟာ ရောဂါအတော်သက်သာသွားသတဲ့၊ ဒီလိုနဲ့လဘက်ရည်ကြမ်းချည်း ဆက်တိုက်တာ သုံးရက်တိုက်မိတော့ ရောဂါ ပျောက်ရောတဲ့၊ တကယ် ရောဂါပျောက်တာကတော့ ရှေးက ဆေးသမား

တွေရဲ့ အစွမ်းထက်တဲ့ ဆေးတွေကြောင့်
ပျောက်တာဘဲ၊ ဒါပေမဲ့ မြို့ကဆရာက
နာမည်ရချင်တော့ လဘက်ရည်ကြမ်း တိုက်
တာနဲ့ နာမယ်ရသွားတယ်၊ အခုလဲ နင်တို့
ဆရာကြီးဦးလွန်းဆီ တက်ပြီးကထဲက ပဋ္ဌာန်း
ကို နားလယ်ပြီးသားပါ၊ ငါက လဘက်
ရည်ကြမ်း တခွက်နဲ့ အချောင် နာမယ်ရ
တာဟ။

## ရုပ်နာမ်မရှိတာကောင်း

ဂျပန်ခေတ် စစ်ကိုင်းတောင်ရိုးတွင် ဝါဆိုစဉ်က ဆရာတော်ချောင် အနီးတွင် စစ်ပုန်းနေထိုင်ကြသည့် ကိုဟော-မနိုင်တို့သည် ပေါ်ဦးပေါ်ဖျား သရက်သီးများ လာရောက်လှူဒါန်းကြ၏၊ ဆရာတော်က သရက်သီး လှူဒါန်းရသည့်အတွက် နိဗ္ဗာန်ရပါလို၏ လို့ ဆုတောင်းရန် တရားဟောလိုက်သည်၊ မနိုင်သည် အသက်ငယ်ရွယ်စဉ်ဖြစ်၍ နိဗ္ဗာန်မလိုချင်၊ ထို့ကြောင့် မနိုင်က လျှောက်ထားလိုက်၏။

"တပည့်တော်မ နိဗ္ဗာန်ကို မလိုချင်ဘူး ဘုရား"

"ဟဲ့ ဘာဖြစ်လို့ နိဗ္ဗာန်ကို မလိုချင်ရတာတုံး"

"နိဗ္ဗာန်မှာ ရုပ်မရှိ နာမ်မရှိဆိုတော့ ဘာမှ မရှိဘဲ တပည့်တော်မ မလိုချင်ပါဘူး"

"ဘာမှ မရှိတာ ကောင်းတာပေါ့တဲ့"

"ဘာမှ မရှိတာ ဘယ်လိုလုပ် ကောင်းမှာတုံး ဆရာတော်"

ယင်းသို့ လျှောက်ထားစဉ် ဗုံးကြဲလေယာဉ်ပျံများလာရောက် ဗုံးကြဲသဖြင့် ဗုံးခိုကျင်း အသီးအသီးသို့ ဝင်ရောက်ပုန်းအောင်း ကြရ၏၊ ဗုံးကြဲလေယာဉ်ပျံများ ပြန်သွားလျှင် ကျောင်းပေါ်၌ လူစုမိကြပြန်သည်။

"မိန္နင် နှင့် ခုနက ဘယ်သွားပုန်းနေတုံး"

"တောင်ဘက်က ဗုံးခိုကျင်းထဲမှာဘုရား"

"ဘာဖြစ်လို့ ပုန်းနေတုံး"

"ဗုံးကြဲလေယာဉ်ပျံတွေလာတော့ ဗုံးကြဲမှာကြောက်လို့ပေါ့ ဘုရား"

"ဗုံးကြဲလေယာဉ်ပျံ ရှိတာနဲ့ မရှိတာ ဘယ်ဟာက ကောင်းသတုံး"

"မရှိတာက ကောင်းတာပေါ့ဘုရား"

"အဲသလိုပေါ့ ဗုံးကြဲလေယာဉ်ပျံရှိတော့ ဗုံးကြဲမှာကြောက် ရတယ်၊ မရှိရင်တော့ ကြောက်စရာမလိုဘူး၊ ရုပ်နာမ်ရှိနေတော့ ဒုက္ခခံရမှာ ကြောက်ရတယ်၊ နိဗ္ဗာန်မှာ ရုပ်နာမ်မရှိတော့ ဘာ ဒုက္ခကိုမှ ကြောက်စရာမလိုဘူး၊ ဒုက္ခအားလုံး အကုန်ငြိမ်းတယ်၊ ကဲ— နင် နိဗ္ဗာန်မလိုချင်သေးဘူးလား"

"ဒီလိုဆိုတော့လဲ လိုချင်ဖို့ ကောင်းသားဘဲဘုရား"

"အေး ဆုတောင်း"

၁၃၃၇-ခုနှစ် သီတင်းကျွတ်လဆုတ် (၁) ရက်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ယောဂီများက ကန်တော့ကြရာ၌ မဟာစည် ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော

# ဩဝါဒကထာ

## ဒီလိုကန်တော့ကြရမယ်

နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့မှာ ဆရာသမားများကို ပူဇော်ကြ ကန်တော့ကြတယ်၊ ဩဝါဒခံယူကြတယ်၊ နတ်တော်လပြည့် ပတ်ဝန်းကျင်ကျတော့ အရပ်ရပ် အနယ်နယ်မှ ကမ္မဋ္ဌာနာ စရိယတွေ ယောဂီတွေ လာရောက်ပြီး ဩဝါဒခံယူ ပူဇော်ကြတယ်။ ဒီသာသနာ့ရိပ်သာမှာ ရှိနေကြတဲ့ ယောဂီအဟောင်း အသစ်တွေရော အရပ်ထဲမှလာကြတဲ့ ယောဂီ အဟောင်းတွေရော ယနေ့ ဒီဖလ်ယဉ် မဏ္ဍပ်ကြီးမှာ စုဝေးကြပြီးတော့ ဆရာသမားများရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီး မိမိတို့စွမ်းနိုင်သမျှ လှူဘွယ် ပစ္စည်းဝတ္ထုတို့ဖြင့်လဲ လှူဒါန်း ပူဇော်ကြတယ်၊ အဲဒါက ပစ္စည်းအာမိသဖြင့် ပူဇော်တဲ့ အာမိသပူဇာဘဲ။ ဒီအာမိသပူဇာကလဲ သာသနာတော် မြတ်ကြီး၏ အထောက်အပံ့ ဖြစ်ပါတယ်။ ရဟန်းတော်များမှာ သုံးစွဲစရာ အာမိသပစ္စည်း မရှိဘဲနဲ့ သာသနာမပြုနိုင်ကြဘူး၊ စားစရာ ဆွမ်းလဲရှိရမယ်၊ ဝတ်စရာ သင်္ကန်းလဲရှိရမယ်၊ နေစရာကျောင်း

အိပ်ရာ နေရာလဲရှိရမယ်၊ နေထိုင်မကောင်းတဲ့ အခါမှာ သုံးစွဲဖို့ ဆေးဆိုတာလဲ ရှိရမယ်။ ဒါက ရှေးခေတ်က ရဟန်းသုံး လိုရင်း ပစ္စည်းများဘဲ။ ယခုခေတ်မှာတော့ စာရေးစရာ တရားဟော စရာ စသည်ဖြင့် အခြားအသုံးအဆောင် ပစ္စည်းများလဲရှိထားမှ ဖြစ်တယ်။ အဲဒီ လိုအပ်တဲ့ပစ္စည်းတွေဟာ တပည့် ယောဂီ ဒကာ ဒကာမတွေက လှူဒါန်းကြတဲ့အတွက် ဘုန်းကြီးတို့မှာ လိုလေ သေးမရှိ ပြည့်စုံပြီးတော့ သာသနာပြုလုပ်ငန်းကို ပြည့်ပြည့် စုံစုံဘဲ ဆောင်ရွက်နေကြရပါတယ်၊ ဘုန်းကြီးတို့က ဟောပြော ပြီးတော့ ဖြစ်စေ စာအုပ်စာတန်း ရေးသားပြီးတော့ ဖြစ်စေ သာသနာပြုတိုင်း တပည့် ဒကာ·ဒကာမတွေ၏ ကုသိုလ်လဲ ပါဝင် နေပါတယ်။

ဘုန်းကြီးကတော့ အုပ်ချုပ်ရေး ညွှန်ကြားရေးမှာ အကြီး အကဲ အနေနဲ့ ဟောသင့်သလောက် ဟောပြောညွှန်ကြားပေးရုံ လောက်ပါဘဲ၊ နေ့စဉ် အများဆုံး ဆောင်ရွက်နေကြရတာ ကတော့ ကမ္မဋ္ဌာန်း ဆရာတွေပါဘဲ၊ နေ့စဉ်နေ့တိုင်း ကမ္မဋ္ဌာန်း ဆရာတွေမှာ အချိန်ကုန် ဟောပြောလျက် တရားစစ်မေး ပြုပြင် လျက် ဆောင်ရွက်နေကြရတယ်။ သူတို့အလုပ်က အင်မတန် တာဝန်ကြီးလေးပါတယ်၊ ဘုန်းကြီးကတော့ အရှိန်အဝါပေးရုံ လောက်ပါဘဲ။ ကမ္မဋ္ဌာန်း ဆရာတွေက အများဆုံး ဆောင်ရွက် နေပါတယ်၊ ဒါကြောင့် အဲဒီကမ္မဋ္ဌာန်း ဆရာတွေရဲ့ ဂုဏ်ကျေးဇူး ကိုလဲ·အထူးအာရုံပြုပြီး ပူဇော်ကန်တော့ကြရတယ်။

နောက်ပြီးတော့ ယောဂီတွေက တရားဖြင့်လဲ ပူဇော်ကြပါ တယ်၊ အဲဒါက ဓမ္မပူဇာဘဲ၊ ဆရာသမားထံမှ ငါးပါးသီလ၊

ရှစ်ပါးသီလ ခံယူထားယင် အဲဒီ သီလကို မကျိုးမပျက်အောင် ရိုရိုသေသေ စောင့်ရှောက် နေကြရတယ်၊ ဒါလဲ သီလအကျင့် ဆိုတဲ့ ဓမ္မဖြင့် ပူဇော်တာဘဲ၊ ဆရာသမားထံမှ ဝိပဿနာလုပ်ငန်း တရားကို ယူလာပြီးတော့ ညွှန်ကြားလိုက်တဲ့အတိုင်း ရိုရိုသေသေ ရှုမှတ်ကျင့်သုံးနေယင် ဒါလဲ ဝိပဿနာအကျင့်တရားဖြင့် ဆရာ သမားတို့အား ပူဇော်တာဘဲ။ ကမ္မဋ္ဌာန်း ဆရာများက ညွှန်ကြား ပြုပြင်ပေးတဲ့အတိုင်း ရိုရိုသေသေ ရှုမှတ်နေယင် ဒါလဲ ကမ္မဋ္ဌာန်း ဆရာများကို တရားဖြင့် ပူဇော်တာဘဲ၊ ဒီလို တရားဖြင့် ပူဇော် တာကတော့ မြတ်စွာဘုရားကိုလဲ ပူဇော်သည် မည်ပါတယ်။

ပစ္စည်းဖြင့် ပူဇော်တဲ့ အာမိသပူဇာနဲ့ အကျင့်တရားဖြင့် ပူဇော်တဲ့ ဓမ္မပူဇာ ဒီနှစ်မျိုးထဲက ဓမ္မပူဇာကို မြတ်စွာဘုရားက ပိုပြီး နှစ်သက်သဘောကျတော်မူပါတယ်။ ဘာ့ကြောင့်လဲဆိုယင် မြတ်စွာဘုရား ဆုံးမတော်မူတဲ့အတိုင်း သီလ သမာဓိ ပညာ အကျင့်ကို ရိုသေစွာ ကျင့်နေတဲ့သူဟာ ယခု မျက်မှောက်ဘဝ တွင်လဲ ပါရမီအားလျော်စွာ ဉာဏ်ထူး တရားထူးတွေ့ကိုရပြီး အပါယ်ဆင်းရဲ သံသရာဆင်းရဲတွေမှ လွတ်မြောက်သွားနိုင်တယ်၊ ပဋိပတ္တိ သာသနာတော်ကိုလဲ တည်တံ့စေပါတယ်၊ ဒါကြောင့် ပါဘဲ။

## အိမ်ကိုယ်စိနှင့်

သံသရာဝဋ်ဆင်းရဲ အကုန်လုံးမှ မလွတ်မြောက်သေးတောင် သောတာပတ္တိ မဂ်ဖိုလ်ကိုရယင် အပါယ်ဆင်းရဲမှ လွတ်မြောက် စေနိုင်ပုံကို ဝိသုဒ္ဓိမဂ်က ဒီလိုပြထားတယ်။

သဗ္ဗ အပါယ ဒွါရာနိ ပိဒဟတိ။ ။သော၊ ဤ သောတာ ပတ္တိမဂ်သည်။ သဗ္ဗအပါယဒွါရာနိ၊ အလုံးစုံသော အပါယ်တံခါး တို့ကို။ ပိဒဟတိ၊ ပိတ်ပေးပါသည်တဲ့။ သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီး သောတာပန်ဖြစ်သွားယင် အပါယ်တံခါး ပိတ်တော့ တာဘဲ။ ရှေးရှေးကာလ ရှေးရှေးဘဝတွေက ပြုမှားခဲ့တဲ့ အကုသိုလ်ကံတွေ ဘယ်လိုဘဲရှိစေကာမူ အဲဒီအကုသိုလ်ကံတွေက အပါယ်ဘုံကို မပြစ်ချနိုင်တော့ဘူး၊ အပါယ်ကျရောက်စေတတ်တဲ့ အကုသိုလ်ကံအသစ်တွေလဲ မပြုနိုင်တော့ဘူး၊ အဲဒါဟာ သော တာပတ္တိမဂ်က အပါယ်တံခါးကို ပိတ်ပေးတာဘဲ။

နောက်ပြီးတော့ "အနမတဂ္ဂ သံသာရ ဝဋ္ဋ ဒုက္ခ သမုဒ္ဒ- သောသေတိ။ သော - ဤသောတာပတ္တိမဂ်သည်၊ အနမတဂ္ဂ သံသာရ ဝဋ္ဋ ဒုက္ခသမုဒ္ဒ- အစမထင်သော (ဝါ) အဆုံးမထင် သော သံသာရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာ ရေကို၊ သောသေတိ- ခြောက်ခန်းစေပါသည်-တဲ့။ ရှေ့ပိုင်း သံသာရာ အကြောင်းကို ပြောပြတဲ့ နေရာမှာတော့ အနမတဂ္ဂပုဒ်ကို အစမထင်လို့ ပြန် ရတယ်။ ယခု သောတာပတ္တိမဂ်က ကုန်ခန်းစေတဲ့ သံသရာ ဝဋ်ဆင်းရဲကတော့ ရှေ့ပိုင်းက ဆင်းရဲတွေ မဟုတ်ဘူး၊ ရှေ့ပိုင်း ဆင်းရဲတွေကတော့ သူ့ဟာသူ ဖြစ်ပျက်ပြီး ကုန်သွားပါပြီ။ အဲဒီ ရှေ့ပိုင်း ဆင်းရဲတွေကိုတော့ သောတာပတ္တိမဂ်က မကုန် စေနိုင်ပါဘူး၊ နောက်ပိုင်းမှာ ဖြစ်နိုင်ခွင့်ရှိတဲ့ ဆင်းရဲတွေကိုသာ ကုန်စေနိုင်ပါတယ်။ ဒါကြောင့် ဒီနေရာမှာတော့ အနမတဂ္ဂ ပုဒ်ကို အဆုံးမထင်လို့ ဘာသာပြန်မှ သင့်လျော်ပါတယ်။ အကယ်

ရှိသာ သောတာပတ္တိမဂ်ကို မရသေးယင် နောင်အခါကာလမှာ ဘဝပေါင်း မည်မျှဖြစ်ရလိမ့်မယ်လို့ ဒီလို အကန့်အသတ်မရှိဘူး၊ တဘဝမှ သေယင် နောက်တဘဝဖြစ် တဘဝမှသေယင် နောက်တဘဝဖြစ်နဲ့ အဆုံးမရှိ ဖြစ်ဖြစ်သွားမယ်။ အဲဒီလို အဆုံးအပိုင်းအခြား အကန့်အသတ်မရှိ ဖြစ်ဖြစ်သွားရမယ်၊ ဆင်းရဲတွေကို သမုဒ္ဒရာ ပင်လယ်ရေတွေနဲ့ ဥပမာပြုပြီး ပြထားပါတယ်။ အမှန်ကတော့ သမုဒ္ဒရာရေတွေက အပိုင်းအခြား အကန့်အသတ်ရှိပါသေးတယ်။ ဒါကြောင့် အနောက်နိုင်ငံမှာ သချာပါရဂူတွေက အဲဒီ သမုဒ္ဒရာရေတွေကို ခန့်မှန်းချေနဲ့ တွက်ပြထားကြပါတယ်။ အဲဒါဟာ အတိအကျ မမှန်ကန်စေကာမူ အလွန်ကြီးတော့ ကွာလှမှာ မဟုတ်ပါဘူး။ ကွာလှယင် သူတို့ပြထားတဲ့ ဂဏန်းရဲ့ နှစ်ဆလောက်ရှိမှာပေါ့။ အတိအကျ မမှန်နိုင်ပေမဲ့ အကန့်အသတ် အပိုင်းအခြားကတော့ ရှိနေတာ သေချာပါတယ်။ သောတာပတ္တိမဂ်ကို မရတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်၏ဘဝ အရေအတွက်ကတော့ အကန့်အသတ် အပိုင်းအခြား မရှိဘူး၊ ဘဝတခုကို သမုဒ္ဒရာ ရေတစက်ထားပြီး တွက်ဦးတော့ သမုဒ္ဒရာရေက ကုန်သွားပေမဲ့ ပုထုဇဉ်၏ဘဝတွေကတော့ မကုန်နိုင်ဘူး၊ အဲဒီလောက် များပြားတဲ့ ဘဝဆင်းရဲတွေကို သောတာပတ္တိမဂ်က ကုန်ခန်းသွားစေပါတယ်တဲ့။ ဘယ်လိုလဲဆိုတော့ သောတာပန်ဖြစ်သွားယင် ကာမသုဂတိမှာ အများဆုံး ခုနစ်ဘဝသာ ဖြစ်တော့မယ်။ အဲဒီ ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်နိုင်ခွင့်ရှိတဲ့ ဘဝဆင်းရဲ သမုဒ္ဒရာရေတွေကို သောတာပတ္တိမဂ်က ခန်းခြောက်စေပါတယ်တဲ့။

အကယ်၍ သောတာပတ္တိမဂ်ကို မရသေးယင် အပါယ်သံသရာမှာ ဖြစ်ရမည့် ဘဝတွေလဲ သမုဒ္ဒရာရေတွေလောက်မက များစွာပင် ရှိနေပါတယ်။ ဘာ့ကြောင့် အဲဒီလို သိရသလဲဆိုယင် "ပမတ္တဿ နာမ စတ္တာရော အပါယာ သကဂေဟာသ ဒိသာ" တဲ့။ ပမတ္တဿနာမ၊ မေ့လျော့သူအား မည်သည်မှာ။ စတ္တာရော အပါယာ၊ အပါယ်လေးဘုံတို့သည်။ သကဂေဟာသဒိယာ၊ မိမိ၏ ကိုယ်ပိုင်အိမ်နှင့် တူကြပါတယ်တဲ့။

လူတွေဟာ ဘယ်မှာ နေကြလဲဆိုယင် ကိုယ့်အိမ်မှာကိုယ်နေကြတာဘဲ မဟုတ်လား၊ သူများအိမ်မှာ နေကြတာတော့မဟုတ်ဘူး။ အကြောင်းကိစ္စရှိလို့ တခါတရံ လောက်တော့ သူများအိမ်မှာသွားပြီး နေတတ်တာလဲ ရှိပါသေးရဲ့၊ ဒါပေမဲ့ သူများအိမ်မှာ ဧည့်သည်အဖြစ်နဲ့ နေရတာက မကြာလှပါဘူး လေးငါး-ဆယ်ရက်လောက် ရှိမှာပေါ့၊ များလှယင်လဲ တလ နှစ်လ သုံးလလောက် ရှိမှာပေါ့၊ အများဆုံး နေတာကတော့ ကိုယ့်အိမ်မှာပါဘဲ။ တသက်လုံး ကိုယ့်အိမ်မှာဘဲ နေရပါတယ်။ အဲဒီလို မေ့မေ့လျော့လျော့ နေတဲ့သူမှာ အပါယ်လေးဘုံတွေက ကိုယ့်အိမ်နှင့်တူတယ်။ အပါယ်လေးဘုံမှာ ဖြစ်နေရတာဘဲများတယ်။ ကုသိုလ်ကံက အကျိုးပေးလို့ လူ့ဘဝ နတ်ဘဝသို့ ရောက်နေရတဲ့အခါကနဲတယ်။ ဘာ့ကြောင့်လဲဆိုတော့ ကုသိုလ်ကံက အဖြစ်နဲလို့ပါဘဲ။

ယခုလို ဗုဒ္ဓသာသနာဝင် ဖြစ်နေတဲ့ သူတွေမှာတော့ ဒါန သီလ ဘာဝနာ ကုသိုလ်ကံတွေများစွာ ဖြစ်ပွားနေကြပါတယ်။

ဒီလိုလူတွေကတော့ မေ့လျော့တဲ့ လူတွေမဟုတ်ဘူး၊ မမေ့မလျော့တဲ့လူတွေပါဘဲ၊ မမေ့မလျော့တဲ့အတွက် ဒါန သီလ ဘာဝနာ ကုသိုလ်ကံတွေ များစွာဖြစ်ပွားကြတယ်။ ဒီလို မမေ့မလျော့တဲ့ လူတွေမှာတော့ သုဂတိဘုံတွေက ကိုယ်ပိုင်အိမ်နှင့် တူကြပါတယ်၊ မေ့လျော့တဲ့ လူတွေမှာတော့ ကုသိုလ်ကံက ဖြစ်ခဲတယ်၊ တခါတရံ ကုသိုလ်ကံက အကျိုးပေးလို့ လူ့ဘဝ၊ နတ်ဘဝ ရောက်လာယင်လဲ မကြာလှဘူး၊ သူ့အကုသိုလ်ကံကြောင့် အပါယ်လေးဘုံဆိုတဲ့သူ့ကိုယ်ပိုင်အိမ်ကိုပြန်သွားရတာဘဲ။ အဲဒီတော့ သောတာပတ္တိ မဂ်ဖိုလ်ကို မရသေးယင် အဲဒီလို ဖြစ်သွားရမယ်၊ အပါယ်ဘဝ ဆင်းရဲတွေဟာလဲ သိန်းသန်းကုဋေ အသချေ်ဖြင့်လဲ မပိုင်းခြား မကန့်သတ်နိုင်ဘူး၊ လူ့ဘဝ နတ်ဘဝမှာ ဖြစ်ပြီးတော့ အိုရ နာရ သေရမည်၊ ဆင်းရဲတွေကလဲ အပိုင်းအခြားမရှိဘူး၊ အဲဒီလို မရေတွက်နိုင်တဲ့ ဆင်းရဲတွေကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်၊ ကာမသုဂတိမှာ အများဆုံး ခုနစ်ဘဝသာ ကျန်တော့တယ်တဲ့။

အဲဒီခုနစ်ဘဝကလဲ ဆင်းရဲနွမ်းပါးတဲ့ ဘဝမျိုးမဟုတ်ဘူး၊ အထက်တန်းစား ပြည့်စုံချမ်းသာတဲ့ ဘဝမျိုးသာဖြစ်တယ်။ အဲဒီ ခုနစ်ဘဝပြည့်တဲ့အခါမှာ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရောက်ပြီးတော့ ဆင်းရဲခပ်သိမ်း အကုန်ငြိမ်းရမယ်၊ အဲဒါဟာ အကျင့်ပဋိပတ် တရားဖြင့် ပူဇော်တဲ့အတွက် ရနိုင်တဲ့အကျိုးထူးတွေဘဲ၊ ဒါကြောင့် မြတ်စွာဘုရားက အာမိသပူဇာထက် ဓမ္မပူဇာကို ပိုပြီး နှစ်သက်သဘောကျတော် မူတာပါဘဲ။ အဲဒီလို

အကျိုးထူးတွေကို ရစေနိုင်တဲ့ ဓမ္မပူဇာဖြင့် ယနေ့ ဆရာသမား တွေကို ပူဇော်ကြတာဟာ အင်မတန် ဝမ်းမြောက်စရာ အားရ စရာ ကောင်းပါတယ်။ ဘုန်းကြီးက အထူးတလည် ဩဝါဒ ပေးစရာတော့ မရှိပါဘူး၊ မြတ်စွာဘုရားရှင်က ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးပေးတော်မူခဲ့တဲ့ "အပ္ပမာ ဒေန သမ္ပာ ဒေထ" ဆိုတဲ့ ဩဝါဒအတိုင်း မမေ့မလျော့ရှုမှတ်တဲ့ သတိတရားဖြင့် ဝိပဿနာ ဉာဏ်ထူး မဂ်ဖိုလ် ဉာဏ်ထူးများကို ပြီးစီးပြည့်စုံအောင် အား ထုတ်နေကြရုံပါဘဲ။

## ဒီလိုစိတ်မျိုး ရှိရမယ်

ဩဝါဒပေးစရာ မရှိဘူးဆိုပေမဲ့ ယောဂီဟောင်းတွေအတွက် သတိပေး ပြောကြားစရာ နဲနဲတော့ရှိပါသေးတယ်၊ ယောဂီ အသစ်တွေကတော့ ကိုယ့်တရားနဲ့ကိုယ် ကြိုးစားအားထုတ်နေ ယင် ပြီးတာပါဘဲ၊ ဒါပေမဲ့တရားကို ရိုရိုသေသေ အားမထုတ်ဘဲ ခပ်ပေါ့ပေါ့နေထိုင်တဲ့ ယောဂီသစ်ဆိုယင်လဲ နေရာမကျဘူး၊ အဲဒီလို နေရာမကျတဲ့ ယောဂီသစ်များကိုတော့ ဆရာသမား တွေက အဆုံးအမ ဩဝါဒပေးရတယ်၊ အဲဒီလို ဩဝါဒပေးလို့ တောင် အချိုးမကျတဲ့ ယောဂီကိုတော့ ပြန်လွှတ်ရတယ်၊ အမျိုးသမီးဘဲဖြစ်ဖြစ်၊ အမျိုးသားဘဲဖြစ်ဖြစ်၊ ရဟန်းဘဲဖြစ်ဖြစ် နေရာမကျယင်တော့ ပြန်လွှတ်ရတာဘဲ၊ ဘာကြောင့်လဲဆိုယင် အဲဒီလိုအချိုးအစားမကျတဲ့ပုဂ္ဂိုလ်အတွက်လဲအကျိုးမရှိတဲ့အပြင် အခြား ယောဂီများကိုလဲ အနှောင့်အယှက် ဖြစ်စေတတ်တဲ့ အတွက်ကြောင့်ပါဘဲ။

ကြာရှည်နေတဲ့ ယောဂီဟောင်း တွေကတော့ အချင်းချင်း အနှောက်အရှက် ဖြစ်အောင်လဲ နေထိုင်ပြုမူ ပြောဆိုမိတတ်ကြ တယ်၊ ယောဂီအသစ်တွေကိုလဲ အနှောက်အရှက် ပေးမိတတ် ကြတယ်၊ အဲဒီလို ချွတ်ယွင်းချက်တွေ မရှိရအောင် အထူးသတိ ပြုပြီး နေသွားကြဘို့ လိုပါတယ်၊ မိမိတို့က ဒီသာသနာ့ရိပ်သာ မှာ တရားအားထုတ်ကြပြီးတော့ ဒီရိပ်သာကိုဘဲ အမှီပြုပြီးတော့ နေကြတယ်၊ ဘာ့ကြောင့် ဒီမှာလာနေကြသလဲ ဆိုလို့ရှိယင် တရားအားထုတ် နေချင်လို့ပါလို့ ဒီလိုပြောရမှာဘဲ၊ တချို့က အရပ်ထဲကအိမ်မှာ နေလို့ရှိယင် တရားကို ကောင်းကောင်း အား ထုတ်ခွင့်မရဘူး၊ ဒီရိပ်သာမှာနေမှ အချိန်ပြည့် တရားအားထုတ် ခွင့်ရတယ်၊ ဒါကြောင့် တရားကို ကြိုးကြိုးစားစား အားထုတ် ချင်လို့ ဒီမှာနေပါတယ်လို့အဖြေပေးမှာဘဲ။ အဲဒီလို အဖြေပေး ကြတဲ့အတိုင်း ကြိုးကြိုးစားစား အားထုတ်ဘို့ရာ လိုပါတယ်၊ အဲဒီလိုဆိုယင် ကြိုးကြိုးစားစား အားထုတ်ခွင့် ရတဲ့အတွက် ဒီရိပ်သာဌာနကို ကျေးဇူးတင် ကြရလိမ့်မယ်။ "ဒီဌာနကို အမှီ ပြုပြီး နေရတဲ့အတွက် အချိန်မရွေး အချိန်ပြည့် အားထုတ်ခွင့် ရပါပေတယ်"လို့ ဆင်ခြင်ပြီးတော့ ဒီဌာနရဲ့ ကျေးဇူးကိုသိမြင် ရမယ်။ သိမြင်ပြီးတော့ ကျေးဇူးတို့ပြန်တဲ့အနေဖြင့် ဒီရိပ်သာ ဌာနနဲ့စပ်ပြီး ကိုယ်တတ်နိုင်တဲ့ဘက်က ဆောင်ရွက်ဘို့ရာ လိုပါ တယ်၊ ယောဂီအသစ်တွေ ကိုယ်ရောစိတ်ပါ ချမ်းသာစွာနဲ့ တရား အားထုတ်နိုင်အောင် တတ်နိုင်သမျှ အကူအညီပေးဘို့ လိုပါတယ်။

ကိုယ့်ကို အကြောင်းပြုပြီးတော့ အခြား ပုဂ္ဂိုလ်တွေမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ပါစေနဲ့လို့ အထူးသတိပြုပြီး နေထိုင်ကြဘို့ရာ လိုပါတယ်၊ အထူးအားဖြင့် ယောဂီအသစ်တွေမှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ပါစေနဲ့လို့ အထူးသတိပြုပြီး နေထိုင်ဘို့ ပြောဆိုဘို့လိုပါတယ်။

ဘုန်းကြီးတို့ကတော့ "ကိုယ့်ကို အကြောင်းပြုပြီး သူတပါး မဆင်းရဲရပါစေနဲ့လို့ အမြဲပင်သတိပြုပြီး နေပါတယ်၊ ယောဂီတွေရော ယောဂီမဟုတ်တဲ့အခြားသူတွေရော ကိုယ့်ကိုအကြောင်းပြုပြီး ကိုယ်စိတ်ဆင်းရဲ မဖြစ်ပါစေနဲ့"လို့ အမြဲ နှလုံးသွင်းနေပါတယ်၊ ရဟန်းရှင်လူတိုင်း ဒီလိုသာ စိတ်သဘောထားကြမယ်ဆိုယင် အင်မတန် ကောင်းမှာဘဲ။ "ကိုယ့်အတွက် သူများတွေ မဆင်းရဲကြပါစေနဲ့၊ သူများတွေ မဆင်းရဲအောင် ကိုယ်က စောင့်ထိန်းနေမယ်၊ ကိုယ်ကသာ ဆင်းရဲအနစ်နာခံမယ်" လို့ ဒီလို စိတ်မျိုးကို လူတိုင်းက မွေးမြူထားဘို့ ကောင်းပါတယ်။

သူတော်ကောင်းဆိုတာ အဲဒီလိုစိတ်မျိုး ရှိရမယ်၊ သည်းခံစရာရှိယင် ကိုယ်ကသာ သည်းခံရမယ်၊ သူတပါးက ကိုယ့်ကို သည်းခံရတဲ့အဖြစ်မျိုး မရှိစေရဘူး၊ "အကယ်၍ ကိုယ်က အနိုင်ကျင့်တယ်၊ သူတပါးက သည်းခံရတယ်" ဆိုယင်တော့ မိမိမှာ သူတော်ကောင်း လက္ခဏာ ပျက်သွားပြီလို့သာ မှတ်ပေတော့။ "ကိုယ်က သူတပါးဆင်းရဲအောင် ရည်ရွယ်ပြီး ပြောဆိုပြုလုပ်တဲ့အတွက် သူတပါးမှာ စိတ်ဆင်းရဲရတယ်" ဆိုယင်တော့ သူတော်ကောင်း အမည်မခံ သင့်တော့ဘူး။ "သူတပါးက ပြောဆို

ပြုလုပ်တာတွေကို ကိုယ်ကသည်းခံမယ်'' ဆိုတဲ့ စိတ်မျိုးရှိစေရမယ်။ အဲဒါဟာ အင်မတန်ကောင်းတဲ့ စိတ်သဘောထားဘဲ၊ အကျိုးလဲရှိပါတယ်။ သည်းခံလို့ရှိယင် အချင်းချင်း မေတ္တာမပျက်ဘူး၊ မူလက မုန်းတီးနေတဲ့ သူတောင်မှ သည်းခံနေတဲ့ သူကို နောင်တချိန်မှာ မမုန်းတော့ဘဲ ခင်ခင်မင်မင်ရှိတဲ့ စိတ်ကြည်ညိုတဲ့စိတ် ရှိလာတတ်တယ်။

ဒါကြောင့် မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံနဲ့ အမြဲတန်း ပြည့်စုံနေဘို့ အရေးကြီးပါတယ်၊ မေတ္တာမနောကံ ဆိုတာ သူတပါးအား ''ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ'' လို့ စိတ်ဖြင့် နှလုံးသွင်း မေတ္တာပွားနေတာကို ဆိုတာပါဘဲ။ ကိုယ့်ကို အကြောင်းပြုပြီး သူများတွေ မဆင်းရဲကြပါစေနဲ့၊ ချမ်းသာကြပါစေ''လို့ဒီလို နှလုံးသွင်းနေတာလဲမေတ္တာမနောကံ ပါဘဲ။ ချမ်းသာကြပါစေလို့ စိတ်ဖြင့် နှလုံးသွင်းနေတဲ့အတိုင်း ပြောစရာရှိတဲ့အခါလဲ သူတပါးအား စိတ်ဆင်းရဲစေမည့် စကားမျိုးကို မပြောရဘူး၊ နားဝင်ချိုတဲ့စကား အကျိုးရှိမည့်စကား ကိုသာ ပြောရတယ်၊ အဲဒါက မေတ္တာဝစီကံဘဲ၊ ကိုယ်ဖြင့် ပြုလုပ်တဲ့အခါမှာလဲ သူတပါးအား ဆင်းရဲစေမည့် အမှုမျိုးကို မပြုရဘူး။ ချမ်းသာစေမည့် အကျိုးရှိစေမည့် အမှုမျိုးကိုသာ ပြုရတယ်၊ အောက်ထစ်ဆုံးအားဖြင့် အဘူနေ ယောဂီများမှာ သမာဓိမပျက်ရအောင် ကြမ်းပြင်ပေါ် ခြေနင်းသွားလာတာ၊ တံခါးပိတ်တာ ဖွင့်တာကမှစပြီး ကြမ်းတမ်းစွာ မပြုရဘူး။ နူးညံ့သိမ်မွေ့စွာပြုရတယ်၊ အဲဒါဟာ မေတ္တာကာယကံဘဲ။ ယခု

ပြောခဲ့တဲ့အတိုင်း မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာ မနောကံများနှင့် အခါခပ်သိမ်း ပြည့်စုံအောင် အထူးသတိပြုပြီး နေထိုင်ဘို့ရန် လိုပါတယ်။

**အထူး ပြောချင်တာကလေး**

ယခုလို ယောဂီအများ စုမိတဲ့အခါမှာ အထူးသတိပေးချင်တာကလေး တခုတော့ ရှိပါသေးတယ်၊ အဲဒါက ဘာလဲဆိုယင် ယောဂီတဦးတယောက်ရဲ့ အပေါ်မှာဖြစ်စေ အများအပေါ်မှာ ဖြစ်စေ မိမိမကြေနပ်တာ ကလေးကို အကြောင်းပြုပြီးတော့ "ပစ်စာပေးပို့တတ်တဲ့ အလုပ်ပဲပါဘဲ" အဲဒီအလုပ်ကို ယောဂီယောင်းတွေထဲကတော့ မလုပ်ပေဘူးလို့ ယုံကြည်ပါတယ်၊ တလ နှစ်လ စသည် တရားအားထုတ်ခါစ ပုဂ္ဂိုလ်တွေထဲက ဖြစ်စရာရှိတယ်လို့ ထင်မြင်ပါတယ်၊ ယခု ဒီပရိသတ်ထဲမှာတော့ အဲဒီလို ပုဂ္ဂိုလ်ဟာ ပါမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ ယခုလိုအခါ သတိပေးထားယင် နောင်အခါ အဲဒီလိုပုဂ္ဂိုလ် ပေါ်လာယင် သိထားနှင့်သူက သတိပေးနိုင်အောင် သို့မဟုတ် ဒီဩဝါဒစကားကို တဆင့်ကြားသိရပြီးတော့ အဲဒီလို မသင့်တော်တဲ့အမှုမျိုးကို မပြုမိအောင် ယခု သတိပေးထားချင်ပါတယ်။

ပစ်စာဆိုတာ စာရေးသူကို မဖော်ပြဘဲ သူတပါးအပြစ်ကို ရေးပြီး စာတိုက်မှပို့တဲ့ စာပါဘဲ၊ အဲဒါဟာ တော်တော်နေရာ မကျတဲ့အလုပ်ဘဲ၊ သတ္တိရှိယင် တကယ်လဲ ဟုတ်မှန်လို့ရှိယင် ဘုန်းကြီးထံလာပြီး လျှောက်ပေါ့။ သို့မဟုတ် စာဖြင့်ရေးပြီး လျှောက်ယင်လဲ မိမိ၏ အမည်ကိုဖော်ပြပြီး အဲဒီစာကို ကိုယ်

တိုင်ယင်လဲလာပို့ သူတပါးကိုယင်လဲ အပိုခိုင်းပေါ့၊ မိမိအမည်ကို မဖော်ပြရဲဘဲ စာတိုက်မှ မျက်နှာလွှဲ ခဲပစ်အလုပ်မျိုးကတော့ ဒီလို ကမ္မဋ္ဌာန်းဌာနနဲ့ အလွန် မသင့်လျော်တဲ့ အလုပ်ပါဘဲ။ ပြုပြင်သင့်တဲ့ ကိစ္စဆိုယင် ဘုန်းကြီးတို့က ဩဝါဒပေးပြီး ပြုပြင် ပေးဘို့ အသင့်ရှိတာဘဲ၊ မဟုတ်ဘဲနဲ့ စွပ်စွဲတာမျိုး ဖြစ်နေ တောင်မှ ဘုန်းကြီးတို့ဆီက ဘာမှ အပြစ်ဒဏ် ပေးမှာလဲ မဟုတ် ဘူး၊ အပြစ်ဒဏ်လဲ မပေးနိုင်ပါဘူး၊ စေတနာကောင်းနဲ့ဆိုယင် ပွင့်ပွင့်လင်းလင်း လုပ်ရတယ်၊ တချို့ပစ်စာကစေတနာကောင်းနဲ့ မဟုတ်ကြောင်း သူ့စာကဘဲ ဝန်ခံဖော်ပြ နေပါတယ်။ ဘယ် လိုလဲဆိုတော့ သူ့စာက ဆရာဘုန်းကြီးတပါး ထံသို့လဲမဟုတ်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်ထံသို့သာလဲ မဟုတ်ဘဲ ဆယ်ဦးလောက်ထံ စာဆယ်စောင်လောက် ပို့တယ်။ အဲဒါက တဖက်သား ပုဂ္ဂိုလ် အား အပြစ်ရှိတယ်လို့ အများက ထင်မှတ် စေလိုတဲ့အတွက် သူတပါးအား ပြစ်မှားခဲ့တဲ့ စာဖြစ်ကြောင်း ဖော်ပြနေပါတယ်။ အဲဒီစာကို ဘုန်းကြီးတို့က အဖျက်သဘောနဲ့ ရေးတဲ့စာလို့ အသိ အမှတ်ပြုပါတယ်။

အဲဒီလိုစာမှာ စာရေးသူရဲ့ အမည်ကို ဖော်ပြမထားတဲ့အတွက် အစွပ်စွဲ ခံရတဲ့ပုဂ္ဂိုလ်က ဟိုပုဂ္ဂိုလ်လေလား ဒီပုဂ္ဂိုလ်လေလားနဲ့ စာရေးတဲ့သူကို စဉ်းစား တွေးထင်မိတတ်တယ်။ မဟုတ်တဲ့သူကို တွေးထင်မိလျှင် ပြောဆိုမိယင် အဲဒီစာရေးခံရတဲ့သူမှာ အကုသိုလ် လဲဖြစ်တယ်။ အချင်းချင်း မေတ္တာလဲပျက်တတ်တယ်။ သာသနာ့ ရိပ်သာကြီးရဲ့ ပျက်စီးကြောင်းလဲဖြစ်တယ်။ အဲဒီလို ပစ်စာရေးတဲ့

သူဟာ သူတော်ကောင်း လက္ခဏာမရှိဘူးလို့ ဘုန်းကြီးတို့က မှတ်ယူထားပါတယ်။ အင်မတန် ကြီးလေးတဲ့အမှုကို ကျူးလွန်တဲ့ လူလို့လဲ မှတ်ယူထားပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့၏ ယူဆပုံကို အများက သိထားကြပြီးတော့ တစုံတယောက်က အဲဒီလို စာမျိုးကိုရေးဘို့ ကြံစည်ယင် သတိပေး တားမြစ်ထားကြဘို့ ပါဘဲ။

## ဒါကိုလိုက်နာကြပါ

ဘုန်းကြီးတို့က သူတပါးကဲ့ရဲ့ဘွယ် အပြစ်ကင်းရေးအတွက် ယောဂီများ လိုက်နာဘို့ ၁၃၁၄-ခုနှစ်က စည်းကမ်း ဥပဒေ လုပ်ထားတာရှိပါတယ်။

ရဟန်းတော်များနှင့် အမျိုးသား ယောဂီများက အမျိုးသမီးတို့ရဲ့ နေရာသို့မသွားကြဘို့အမျိုးသမီးများကလဲ အမျိုးသားတို့နှင့် ရဟန်းတော်တို့၏ နေရာသို့မသွားကြဘို့ ညွှန်ကြားထားတဲ့ ဥပဒေပါဘဲ၊ အဲဒါကလဲ "ယထာ ရူပေ အနာသနေ နိသိန္နံ ယထာရူပေ အဂေါစရေ စရန္တံ ယထာရူပေ ပါပကေ မိတ္တေ ဘဇန္တံ ဝိညူ အပြဟ္မစာရီ ပါပကေသု ဌာနေသု သြကပ္ပေယျုံ၊ သောတဉ္စ အနာသနံ တဉ္စ အဂေါစရံ တေစ ပါပကေ မိတ္တေ ပဋိသင်္ခါယောနိသော ပရိဝဇ္ဇေတိ"

မသင့်တဲ့နေရာ၌ ထိုင်နေလျှင် မသင့်တဲ့ နေရာသို့သွားလျှင် ယုတ်ညံ့သူတွေနှင့် ပေါင်းသင်းရောနှောနေလျှင် ပညာရှိ သိတင်းသုံးဘော်တို့က ယုတ်ညံ့တဲ့ အရာအမှုတို့၌ တွေးထင်ယူဆကုန်

ရာ၏။ ထိုသို့သော နေရာများနှင့် ထိုယုတ်ညံ့သူများကို ဉာဏ်ဖြင့် ဆင်ခြင်ပြီး ယောဂီက ရှောင်ကြဉ်တယ်လို့ ညွှန်ကြားထားတဲ့ ဘုရား အဆုံးအမတော်နှင့်အညီ ပြုလုပ်ထားတဲ့ ဥပဒေပါဘဲ။ အဲဒီ ဥပဒေအရ အမျိုးသမီး ယောဂီဟောင်းများက အမျိုးသမီး ယောဂီ အသစ်ကလေးများအား အသွားအလာ ဆင်ခြင်ဘို့ သတိပေးတာဟာ ကောင်းသော သတိပေးခြင်းပါဘဲ။ သို့ပေမဲ့ အဲဒီလို သတိပေးတဲ့ အခါမှာလဲ ချိုချိုသာသာနဲ့ နားလည် အောင် ပြောဘို့တော့ လိုပါတယ်။ အဲဒီလို သတိပေးတာကို အမျိုးသမီး ယောဂီအသစ်ကလေးများကလဲ ရိုရိုသေသေ လိုက် နာသွားဘို့ လိုပါတယ်။ အဲဒါဟာ အပြင်ပပုဂ္ဂိုလ်တွေ၏ ကဲ့ရဲ့ ခြင်းဘေးမှ လွတ်ကင်းဘို့ပါဘဲ၊ မိမိတို့က ဘယ်လိုပင် စိတ် သဘောထား သန့်ရှင်းစင်ကြယ် နေပေမယ်လို့ ဘေးကလူတွေ ကတော့ အထင်မှားတတ်တယ်။ ကဲ့ရဲ့ပြစ်တင်တတ်တယ်။ ရဟန္တာ ကိုတောင် အထင်မှားပြီး နတ်ကတောင်မှ ကဲ့ရဲ့ဘူးတဲ့ ဿာဓက ဝတ္ထုရှိတယ်ဆိုတာကိုလဲ အထူးသတိပြုကြရမယ်။

မြတ်စွာဘုရား လက်ထက်တော်ကာလက ရဟန်းတော်တပါး ဟာ တောအုပ်တခုမှာ နေတယ်၊ ဆွမ်းခံရွာမှာ အိမ်ထောင်စု တစုက အမြဲတမ်း ဆွမ်းကပ်လှူနေတယ်။ အဲဒီ အိမ်ထောင်စု၏ ဆွမ်းကို အမှီပြုပြီး တရားအားထုတ်လျက် ရဟန္တာဖြစ်သွားတယ်။ ရဟန္တာဖြစ်ပြီးတော့လဲ အဲဒီ အိမ်ထောင်စုကို ချီးမြှောက်သော အားဖြင့် တခြားသို့မသွားတော့ဘဲ အမြဲနေပြီး အဲဒီအိမ်သို့ဘဲ သွားမြဲပင် သွားနေတယ်။ အဲဒီအိမ်မှာ ကြာမြင့်စွာလဲ နေပါ

သတဲ့။ အဲဒါကို အကြောင်းပြုပြီးတော့ အဲဒီ တောစောင့်နတ်က အဲဒီအိမ်က ဒကာမနှင့် မသက်ာဖြစ်တဲ့အတွက် အဲဒီ ဒကာမ အသွင် ဖန်ဆင်းပြီးတော့ အဲဒီ ရဟန်းတော်ထံ လာပြီးလျှောက် တယ်။ "မြစ်ဆိပ်မှာရော ရွာတံခါးဝမှာရော လူထု အစည်း အဝေးများမှာရော၊ လမ်းမများမှာရော လူတွေကစုရုံးပြီးတော့ တပည့်တော်မနှင့် အရှင်ဘုရား အကြောင်းကို ပြောဆိုနေကြ ပါတယ်။ ဘယ်လိုအကြောင်းပါလဲ" လို့ လျှောက်ထား စုံစမ်း တယ်။ အဲဒီတော့ ရဟန္တာမထေရ်က "ဆန့်ကျင်ဘက် ပြောကြတဲ့ စကားတွေဆိုတာ အများသားဘဲ၊ အဲဒါတွေကို သည်းခံရတယ်။ စိတ်မညစ် စိတ်မပျက်ရဘူး" စသည်ဖြင့် အေးဆေးတည်ငြိမ်စွာ ပြန်ကြား ပြောဆိုလိုက်ပါတယ်။

အဲဒီဝတ္ထုမှာ အပြစ်လုံးဝမရှိတဲ့ ရဟန္တာကိုတောင် သာမန် လူပုဂ္ဂိုလ်မဟုတ်တဲ့ နတ်ကတောင် အထင်လွဲပြီး အပြစ်တင်ချင် သေးတယ်ဆိုတာကို သိပြီးတော့ သူများကဲ့ရဲ့ဘွယ်မှ လွတ်ကင်း အောင် မသွားသင့်တဲ့ နေရာကို မသွားဘဲ ကြဉ်ရှောင်ကြဘို့ သူတပါးက သတိပေးယင်လဲ ကောင်းတဲ့ သတိပေးစကားဘဲလို့ နှလုံးသွင်းပြီး သတိပြုကြဘို့ပါဘဲ။

## ဒီလိုရှုမှတ်ကြပါ

လိုရင်း အတိုချုပ်ကတော့ မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာ မနောကံတို့ဖြင့် မိမိတို့ဘက်က တာဝန်ဝတ္တရား မပျက် ရအောင် အမြဲ စောင့်ရှောက်သွားကြဘို့ပါဘဲ။ နှစ်တိုင်းနှစ်တိုင်း လဲ ဒီနေ့ဒီရက်မှာ ဒီလိုဩဝါဒကို ပေးနေကျပါဘဲ။ ဒါထက်

ပိုပြီးတော့လဲ ပေးစရာမရှိပါဘူး။ သူတပါးတွေ ချွတ်ယွင်းကြတာကို မချွတ်ယွင်း ကြရအောင် နေထိုင်သွားဘို့ပါဘဲ။ ယနေ့လို သူတပါးတွေ ချွတ်ယွင်းကြတာကို ဂရုမစိုက်ဘဲ ကိုယ့်ဘက်က မချွတ်ယွင်းရအောင် နေထိုင် သွားဘို့ပါဘဲ။ ယခုလို ဘုန်းကြီးတို့က ဩဝါဒစကား ပြောကြားရတာလဲ မေတ္တာရှေ့ထားပြီး ပြောကြားရတာဘဲ။ အပြစ်ရှိတဲ့အမှုကို သိမြင် သဘောပေါက်ပြီးတော့ ရှောင်ကြဉ်ကြဘို့ သူတပါးအားလဲ တဆင့် သတိပေးကြဘို့ပါဘဲ။ ပြောစရာရှိတဲ့အခါ “သူတပါးမှာ စိတ်ဆင်းရဲမဖြစ်ရအောင်ပြောမယ်” လို့ နှလုံးသွင်းပြီး အသင့်တော်ဆုံး အကောင်းဆုံး စကားကို ပြောရတယ်။

ဒေါသကင်းတဲ့ အနာဂါမ် ရဟန္တာ မဟုတ်သေးတဲ့ သူတွေမှာ ဒေါသအလျောက် ပြောမှားဆိုမှား ရှိတတ်တာဘဲ၊ အများနဲ့ ဆက်ဆံနေရတဲ့ ပုဂ္ဂိုလ်မှာ ဒေါသဖြစ်စရာ အကွက်ကလေးတွေနဲ့ မကြာခဏ တွေ့ရတတ်တယ်။ အဲဒီလိုအခါ မပြောသင့်တဲ့ စကားကိုလဲ ဒေါသအလျောက် ဖြုတ်ခနဲ ပြောမိတတ်တယ်။ အဲဒီလို ပြောမိယင် အပြောခံရတဲ့သူမှာ အများကြီး စိတ်ဆင်းရဲသွားတတ်တယ်။ စိတ်ဆိုးပြီး ပြောတဲ့သူကိုလဲ အများက အပြစ်တင်တတ်ကြတယ်။ ဘယ်သူက သိပ်ပြီး စိတ်တိုတာဘဲ၊ ဒေါသကတယ်ပြင်းကြီးတာဘဲ။ သည်းခံမှုဘာမျှမရှိဘူး၊ သာသနာ့ရိပ်သာမှာ တရားအားထုတ်နေတယ် ဆိုပြီးတော့ ဘာ့ကြောင့် ဒါလောက်တောင် ဒေါသကြီးပါလိမ့်မလဲ စသည်ဖြင့် အပြစ်တင်တတ်ကြတယ်၊ ဒါကြောင့် ဒေါသဖြစ်တဲ့အခါ စိတ်ဆိုးတဲ့ ဒေါသ အမှု

အရာကလေးတွေကို ရှုမှတ်ပြီး ပယ်ကြရမယ်၊ စိတ်ဖြစ်ရုံမျှနဲ့ ငြိမ်းသွားအောင် ရှုမှတ်နိုင်ဘို့ အထူးသတိပြုကြရမယ်၊ နှုတ်က ရုတ်တရက် မပြောမိစေနဲ့၊ နှုတ်က တခွန်းတလေ ပြောမိယင်သဲ အဲဒီ တခွန်းတလေလောက်နဲ့ ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ကြရမယ်၊ အဲဒါဟာ မကြာခဏ ပေးနေကျဩဝါဒပါဘဲ၊ အလွန်လဲ အရေးကြီးပါတယ်။

"ဖြစ်ပေါ်လာငြား စိတ်ကြမ်းများ ပယ်ရှားနိုင်ပါစေ" တဲ့

လောဘစိတ် ဒေါသစိတ် အကြမ်းစားတွေ ဖြစ်ပေါ်လာယင် အဲဒါတွေကို ပယ်ဘို့ပါဘဲ၊ ပယ်ဘို့ရာ နည်းလမ်းကလဲ မခက်ပါဘူး၊ ရထားပြီးနေကြတာဘဲ၊ ရှုမှတ်ပြီး ပယ်လိုက်ရုံပါဘဲ၊ လောဘစိတ်ထက် ဒေါသစိတ်ပယ်ဘို့က ပိုပြီး အရေးကြီးပါတယ်၊ ဒါကြောင့် စိတ်ဆိုးတဲ့ ဒေါသစိတ် ဖြစ်လာယင် ရှုမှတ်ပြီးတော့ ပယ်လိုက်ပါ၊ လက်ခံမထားနဲ့၊ သူများချွတ်ယွင်းတာတွေကိုလိုက်ပြီး စဉ်းစားမနေပါနဲ့၊ မိမိကိုယ်တိုင် မချွတ်ယွင်းဘို့က ပိုပြီးဘော့အရေးကြီးပါတယ်။စိတ်ဆိုးတယ်ဆိုတာ မူလက ရှိနေနှင့်တာမျိုး မဟုတ်ပါဘူး၊ ယခုမှ အခွင့်အားလျော်စွာ အသစ် ဖြစ်ပေါ်လာတာဘဲ၊ ရှုမှတ်လိုက်ယင် ပျောက်သွားပါလိမ့်မယ်၊ အဲဒီလို ပျောက်သွားတတ်တယ်ဆိုတာ သိထားကြပြီဘဲမဟုတ်လား၊ မမှတ်ဘဲ လက်ခံထားယင်တော့ သူက ကြီးထွားလာတတ်ဘယ်၊ မျက်နှာ အမူအရာ ပျက်လာတတ်တယ်၊ မျက်နှာပျက်လာယင် အဲဒီလောက်တွင်ရပ်အောင် ရှုမှတ်ရမယ်၊

နှုတ်က မပြောမိစေနဲ့၊ ပြောမိယင်လဲ တခွန်းက နှစ်ခွန်းကို မရောက်စေနဲ့၊ ရှုမှတ်ပြီး ပယ်လိုက်ရမယ်။

အကောင်းဆုံးကတော့ မိမိ စိတ်ဆိုးတာကို သူတပါးမသိခင် ရှုမှတ်ပြီး ပယ်နိုင်တာဟာ အကောင်းဆုံးပါဘဲ၊ အဲဒါထက် ကောင်းတာကတော့ ဒေါသ မဖြစ်အောင် စောစောကထဲက မေတ္တာ ပွားနေဘို့ပါဘဲ၊ တစုံတယောက်ကို မမြင်တဲ့အခါ၊ အခြားသူပြောတဲ့ စကားကို ကြားရတဲ့အခါ "ချမ်းသာပါစေ၊ ချမ်းသာပါစေ" လို့ မေတ္တာကို မပြတ်ပွားနေရမယ်၊ အဲဒီလို မေတ္တာကို မပြတ် ပွားနေယင်တော့ စိတ်ဆိုးဘွယ်ကို မြင်ရ ကြားရပေမဲ့ စိတ်မဆိုးဘဲလဲ ကြည်ကြည်လင်လင်ရှိပြီး နေနိုင် ပါတယ်။

ဒါကြောင့် မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံ တို့ကို အခါအားလျော်စွာ ပွားများစေနိုင်ကြ၍ သူတပါးတို့၏ ကိုယ်စိတ်ချမ်းသာကြောင်းကို ဆောင်ရွက်နိုင်ကြသည့်ပြင် အခွင့် ရတိုင်း ပွားများသင့်သော ဝိပဿနာကိုလဲ ပြည့်စုံသည်ထက် ပြည့်စုံအောင် တိုးတက်ပွားများ နိုင်ကြမည်ဖြစ်၍ မိမိတို့ အလို ရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန် ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ။

သာဓု....သာဓု... သာဓု....။

ရွှေကျင် သာသနာပိုင် စံကင်း ဆရာတော်မှ
လင်းယဉ်မိုးသောက် စာပြန်ပွဲအတွက်

# သံပြိုင်ဆိုသံပေါက်

---

၁။ ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာ၊ ယူဇနာတသောင်းပေ။
၂။ သုံးရတနာ၊ ဖြစ်ပေါ်လာ၊ ကမ္ဘာကြက်သရေ။
၃။ သာသနာတည်၊ မြန်မာပြည်၊ ပြန်လည်သတင်းဝေ။
၄။ နယ်သီးသန့်ကာ၊ ခွဲဝေဖြာ၊ ဧယျာပူရမြေ။
၅။ ရွေးရာဇာဝင်၊ သမိုင်းတင်၊မျက်မြင်ထင်ရှားပေ။
၆။ စစ်ကိုင်းနယ်ပါ၊ အရွာရွာ၊ သင်္ချာများမြောင်လေ။
၇။ လင်းယဉ် မိုးသောက်၊ သတင်းပေါက်၊ မြင့်မောက်တင့် အခြေ။
၈။ စေတီဘုရား၊ ပုဇော်ထား၊ များပြားဆုရေရေ။
၉။ အရိယာနွယ်ဝင်၊ မြတ်သခင်၊ ကြည်ရွှင်ကိန်းအောင်း နေ။
၁၀။ ကျောင်းကြီး ကျောင်းငယ်၊ အသွယ်သွယ်၊ ဓိတ်ဝယ် ကြည်နူးဝေ။
၁၁။ ရွာသူရွာသား၊ ကျင့်တရား၊ ကြိုးစားမြဲမသွေ။
၁၂။ စင်ဖြူနှလုံး၊ သူတော်ထုံး၊ ယူသုံးအောင်ဆုခြွေ။

၁၃။ သင်းပင်းခြွေရံ၊ အမွေခံ၊ ရှေးကံအကျိုးပေ။
၁၄။ သားနှင့်သမီး၊ ချစ်မညီး၊ ထန့်သည်း မေတ္တာရေ။
၁၅။ ရင်သွေးဟူက၊ ချစ်မဝ၊ ဓမ္မသဘာဝေ။
၁၆။ ပန်းပင်ငယ်မျှ၊ လွန်ယုယ၊ နိစ္စပြုစုလေ။
၁၇။ စာပေသင်ကြား၊ ဝတ္တရား၊ နှစ်ပါး ဖေ-အမေ။
၁၈။ ပညာတန်ခိုး၊ နောင်မညှိုး၊ ချစ်ကြိုးနပ်ပါစေ။
၁၉။ စာပွဲသဘင်၊ ကျင်းပဆင်၊ စာသင်ကျောင်းသူတွေ။
၂၀။ မျိုးဆွေရွှာလုံး၊ တင့်မဆုံး၊ မှတ်ထုံးနောင်မကျေ။
၂၁။ ပညာဆုံးမြတ်၊ ချီအေးဓာတ်၊ မလပ်ပေးငှဝေ။
၂၂။ ရည်ရွယ်တောင့်တ၊ ကျိုးဖလ၊ သုခအထွေထွေ။
၂၃။ မဂ္ဂင်ဖောင်မှီး၊ ကိုယ်စီစီး၊ အောင်ကြီး အောင်ကြစေ။

## တရားပြသံပေါက်

၁။ သုံးလူ့မြတ်စွာ၊ စိန္တေယျာ၊ မိန့်မှာဟောတော်မူ။
၂။ သေခြင်းတရား၊ လေ့လာပွား၊ အများစွဲမှတ်ယူ။
၃။ မျက်မြင်ဒိဋ္ဌ၊ တွေ့ကြရ၊ ဘဝရွှေ့ပြောင်းသူ။
၄။ မသွားလိုဘဲ၊ အံကြိတ်ခဲ၊ ထန်သဲတဆူဆူ။
၅။ အကြံမရ၊ လက်မှိုင်ချ၊ သောကတပူပူ။
၆။ ဆွေရောမျိုးစုံ၊ အကြံကုန်၊ လိုက်ခုန်သည်း အအူ။
၇။ ဆရာမပိုင်၊ ဆေးမနိုင်၊ ဆုပ်ကိုင်နောင်မကူ။
၈။ ရွှေစင်ကိုယ်လေး၊ တံစိုးပေး၊ အရေးသူမယူ။
၉။ လက်နက်မျိုးမျိုး၊ စစ်ဆင်ထိုး၊ နိုင်ရိုးမရှိဟူ။
၁၀။ သေမင်းခေါ်ရာ၊ လိုက်ရရှာ၊ သုံးဖြာဘုံနေသူ။

## အို-နာ-သေရေး ဒုက္ခဘေး

၁။ မနာမိက၊ တရားကျ၊ နေ့ညမမေ့ရာ။
၂။ မအိုမိက၊ တရားကျ၊ နေ့ညမမေ့ရာ။
၃။ မသေမိက၊ တရားကျ၊ နေ့ညမမေ့ရာ။
၄။ အမှုကိစ္စ၊ ပေါများလှ၊ ဘဝလူတို့ရွာ။
၅။ နေ့မှာမအား၊ ညမအား၊ တရားလက်လွှတ်ကွာ။
၆။ ကိစ္စကြားတွင်၊ ရှုဆင်ခြင်၊ သိမြင်ဉာဏ်ပညာ။
၇။ သံဝေစိတ်ဓာတ်၊ စွဲယူမှတ်၊ ဖြောင့်မတ်စေကြပါ၊
၈။ မြူးရွှင်ပျော်ပါး၊ တဟားဟား၊ လမ်းမှားသတိကွာ။
၉။ နောင်တပူပန်၊ မရှိရန်၊ နည်းမှန်တရားသာ။
၁၀။ နိဗ္ဗာန်ရောက်မှ၊ အေးသည်ပ၊ မုချဓမ္မတာ။

## နိဗ္ဗာန်ချမ်းသာ

၁။ ကာမ ရူပါ၊ အရူပါ၊ သင်္ချာမှတ်ပိုင်းခြား။
၂။ ဝဋ္ဋသံသရာ၊ ကြဉ်လည်ပါ၊ ဒို့ရွာသူအများ။
၃။ ခရီးသွားသူ၊ ပမာတူ၊ အမူမကွဲပြား။
၄။ ရောက်ရာ ရောက်ရာ၊ တွေ့ကြုံပါ၊ သွားခါလမ်းတပါး။
၅။ တရားသဘော၊ နေ့စဉ်ပြော၊ စိတ်ဇောဖြောင့်မှန်ထား။
၆။ မြင်မြင်သမျှ၊ အနိစ္စ၊ စိတ်ကလေ့လာပွား။
၇။ ဆင်းရဲဒုက္ခ၊ စိုးမရ၊ ကြံဆသတိထား။
၈။ သုံးဆယ့်တဘုံ၊ ဖြစ်ရတုံ၊ တွေ့ကြုံဘေးရန်များ။
၉။ နိဗ္ဗာန်ပြည်မှ၊ ချမ်းအေးမြ၊ သောကမိုးမပွား။
၁၀။ ချမ်းသာပိုင်ပိုင်၊ ရစေနိုင်၊ လက်ကိုင်မြတ်တရား။

## ဓမ္မသံဝေဂ

(က) ထက်နတ်ပြည်နန်း၊ ကြွချည်မြန်း၊ ရဟန်းခမည်းတော်။
(ခ) ဘုရားတကာ၊ ကျောင်းတကာ၊ သဒ္ဒါကြီးသူနော်။
(ဂ) သံဃာတော်တွက်၊ ရှေးဦးထွက်၊ ဆောင်ရွက် ကိစ္စ ပေါ်။
(ဃ) ရပ်မှုရွာမှု၊ ရှေ့ဆောင်ပြု၊ ဂရုစိုက်နှိုးဆော်။
(င) ကြီးငယ်အများ၊ လွန်ကိုးစား၊ တရားသင့်လျော်။
(စ) အနုအကြမ်း၊ နှစ်ဘက်လမ်း၊ အစွမ်း သတ္တိကျော်။
(ဆ) မရဏဘေး၊ အရှုံးပေး၊ လွတ်ရေးကြံမပေါ်။
(ဇ) ငံကုန် ဉာဏ်ကုန်၊ အစွမ်းကုန်၊ လေဟုန်မီးသို့နော်။
(ဈ) ဘုံသုံးဆယ့်တစ်၊ ဤစံနစ်၊ အသစ်နည်းမခေါ်။
(ည) ဘုရားရှင်မှ၊ နိဗ္ဗာန်ကြွ၊ ဓမ္မသံဝေဖေါ်။

## အထူးသတိပေး

၁။ ရတနာသုံးရပ် မြဲဆည်းကပ်၊ မလပ်စေရဘူး။
၂။ ပရိတ်မေတ္တာ၊ ဘာဝနာ၊ လေ့လာကြံစိတ်ကူး။
၃။ ဝတ်တက်ဝတ်ကပ်၊ ကြေးစည်ခတ်၊ ရွာရပ်ဂုဏ်ပြန့်ပြူး၊
၄။ သာဓုခေါ်သံ၊ တညံညံ၊ နတ်ထံကျော်လွန်ကြူး။
၅။ သက်ရှယ်မရွေး၊ ပညာရေး၊ မြတ်လေးဆွတ်ယူခူး။
၆။ သီလမြဲစေ၊ အသုံးချေ၊ ရွာဖွေစုဆည်းပူး။
၇။ ပြဟ္မစိုရ်သုံး၊ ညီစည်းလုံး၊ လွတ်ရုံးရှောင်အထူး။

၈။ မာနကိုကြဉ်၊ မျိုးနွယ်စဉ်၊ ချစ်ခင်စောင့်ရှောက်ဦး။
၉။ ဒုစရိုက်မုန်း၊ သု (သုစရိုက်) ကိုသုံး၊ နှလုံးရွှင်ကြည်နူး။
၁၀။ နိဗ္ဗာန်လမ်းစ၊ ဖော်ညွှန်ပြ၊ နေ့ညမေ့သင့်ဘူး။

## ပွဲလမ်းသဘင် အပြစ်

(က) ပွဲလမ်းသဘင်၊ ကြည့်ပျော်ရွှင်၊ လေးခွင်အပါယ်လမ်း။

(ခ) ဥစ္စာကုန်ထွက်၊ အိပ်စားပျက်၊ နောက်ဆက် စိတ်ညစ်ငြိမ်း။

(ဂ) သဘင်ပွဲလမ်း၊ စခမ်းပျော်ရွှင်၊
ဥစ္စာကုန်ထွက် အိပ်ပျက်သည့်ပြင်၊
နေ့စဉ်ရက်ဆက် စိတ်သက်မရွှင်၊
ပါယ်လေးပါး ရောက်ငြား မှတ်ဘို့အင်။

## ဝိသာခါအား ဆုံးမသော ဩဝါဒဆယ်ချက်

၁။ အိမ်တွင်းကမီး ထိန်ညီးလျှံပြောင်၊
အိမ်ပြင်ထုတ်ရေး ကင်းဝေးစေနောင်၊
ယောက္ခမ (နှစ်) လင်ချစ်ဂုဏ်ရောင်၊
ကျေးဇူးမေ့ ကွဲရှုမပြောရှောင်။

၂။ အိမ်ပြင်ကမီး ထိန်ညီးလျှံဝါ၊
ကိုယ့်အိမ်အတွင်း မသွင်းသင့်ပါ၊
တပါးသူတို့ ပြစ်ဘို့တင်လာ၊
လင်မိဘ ကိုယ်က မပြောရာ။

၃။ ပေးသူကိုမှ ပေးရပါမယ်၊
စကားကွယ်ဝှက် သိပ်ခက်မလွယ်၊
တောင်းပန်ချေးငှား ယူသွားသွယ်သွယ်၊
ပြန်၍အပ် နောက်ထပ်ပေးဘို့ရွယ်။

၄။ သူမပေးက မပေးရမှာ၊
ဓိပ္ပါယ်နက်နဲ ခက်ခဲလှပါ၊
တောင်းပန်ချေးငှား ယူသွားပြီးခါ၊
ပြန်မအပ် နောက်ထပ်မပေးရာ။

၅။ ပေး,မပေးဘဲ အမြဲပေးပါ၊
ဩဝါမိန့်ခွန်း ပြည်သွန်းသေချာ၊
လှူတံတရိုး ဆွေမျိုးသဟာ၊
လူဆင်းရဲ စွန့်ကြဲလှူဘို့ရာ။

၆။ ချမ်းသာအေးမြ ထိုင်ရမည်အင်၊
ကြမ်းစကားမျှ ဆုံးမပဲ့ပြင်၊
ယောက္ခမများ လင်သားရှေ့တွင်၊
ထကြွခွင့် မသင့်နေထိုင်လျှင်။

၇။ ချမ်းသာအေးမြ စားရမည်ပင်၊
ဆုံးမ ပုံလဲ နားထဲမဝင်၊
ယောက္ခမများ လင်သား အလျင်၊
မစားရ နောက်မှစားစေချင်။

၈။ ချမ်းသာအေးမြ အိပ်ရပေမည်၊
စကားဘရုပ် နောက်ထပ်ပြန်သည်၊
မိန်းမမြတ်ဝတ် မချွတ်တည်ကြည်၊
အချိန်ကျ နောက်မှအိပ်ဘို့ရည်။

၉။ အိမ်တွင်းကနုတ် မပြတ်ဖူးမြင်၊
လက်စုံတည်မိုး ရှိခိုးဦးတင်၊
ယောက္ခမနုတ် လင်မြတ်သခင်၊
မိုးနတ်လား ညွတ်တွား စွဲထင်မြင်။

၁၀။ မီးကိုမြတ်လေး လုပ်ကျွေးပူဇော်၊
မရှင်းထွေးရှုတ် သရုပ်မပေါ်၊
အရှင်သုံးပါး ခစားရှုမျှော်၊
မီးတဝ မြွေမျှရှိသနော်။

၁၁။ မေတ္တာကမြေး ယဉ်ကျေးလိမ်မာ၊
မနုဿယ သေဋ္ဌသည်းချာ၊
ခွန်နှစ်ရွယ်သက် ဖိုလ်မဂ်သောတာ၊
ဂုဏ်ကြွယ်ဝ ရှင်မ ဝိသာခါ။

၁၂။ ကြီးကျယ်ခမ်းနား ထိမ်းမြားသဘင်၊
မင်္ဂလာပွဲ ဆင်နွှဲပြီးလျှင်၊
ဩဝါဒဆယ်ချက် မိန့်မြွက်ထင်ထင်၊
ဘ-သူဌေး ယဉ်ကျေးရန်ဘို့သင်။

ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၏

# ဆုံးမဩဝါဒတေးထပ်

## နွားအိုကြီး အမော့သင်သလို

ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ရက်ဟုန်၊ နှစ်မျှော်လို့ အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း။ ။ခုလိုနှင့် သံသာဘွေမှာ၊ ခန္ဓာတွေများခဲ့စတောင်း။ ။သက်မွေးမှု စခန်းပိုအောင်၊ ဝမ်းကိုသာ နင်ကျောင်း။ လေးဆယ်ကျော် အရွယ်နှောင်းခါမှ၊ သူကြွယ်လောင်းလုပ်ချင်။ ။မိုးကုန်ပြီ ထွန်မချချင်နှင့် ရှိစရာ့များဘို့ဖြစ်အင်၊ နွားအိုကြီး အမော့သင်သလို၊ မလျှော့လျှင် ဘဝဆုံးရှာတော့၊ အစတုံးနှင့်အဆင်၊ လဲ့ဘို့သာပြင်၊ တရားသို့ မသက်ဝင်လျှင်၊ အခက် နင် ကြုံတွေ့ဘို့လေး။

## အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား

ငါးအာရုံ ဘင်အစု၊ ခင်မှုနှင့်နေ့ကုန်၊ နင်ယခု မေ့ပုံလို၊ တွေ့မကြုံစခန်း၊ ပါယ်လေးဝ သောကဘုံမှာ၊ မျောရရုံ ရှိတော့ခမန်း။ ။အောက်ဝိစိ သောင်းအငုမှာ၊ ခေါင်းမပြူစတမ်း။ ။နှစ်အရှည်နစ်မည် လမ်းကိုလ၊ နင်မြော်စမ်း နင့်ကိုယ်။ ဒေသနာထင်အလင်းရယ်နှင့်၊ နင်အဖျင်း ပိုထက်သာပို။ ။သည်

လောက စရိုက်အိုကို၊ မလိုက်လိုရှောင်ပစ်လို့၊ နှောင်အသစ်တကယ်ပြင်လျှင်၊ ကောင်းဘို့အစဉ်။ ။ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။ ။ခွင့်သာဆဲကမှ မခဲချင်လျှင်၊ အလဲ့နှင့်ပြင် ရှိသေးလေလိမ့်လား။ ။ခွင့်သာတုန်းက မရုန်းချင်လျှင်၊ အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။

(အမှာ) အကြိမ်ကြိမ်ဘတ်ပါ၊ အခါခါ စဉ်းစားပါ၊ သတိသံဝေဂ ရကြပါစေ။

ကျေးဇူးရှင်

ပထမ ရွှေကျင် ဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

သုခ- ကာမာနိ ဘူတာနိ၊
ယောဒဏ္ဍေန ဝိဟိံသတိ။
အတ္တနော သုခ မေသာနော၊
ပေစ္စ သော န လဘတေ သုခံ။

မိန့်တော်သံ။ နိယံ နှလုံးသား။

ကိုယ့်အသက်ကို၊ ရှည်စေလို၊ သူ့အသက်ကို လွန်သနား။
ဘဝထိုထို၊ ချမ်းသာလို၊ မိမိဒုတ်ကို ချ၍ထား။

သုခ- ကာမာနိ= ကိုယ်စီကိုယ်င၊ ကိုယ်ချမ်းသာကို၊ လွန်စွာ အလိုရှိကြကုန်သော၊ ဘူတာနိ=သတ္တဝါကြီးငယ် ဟူသမျှတို့ကို၊ ယော= အကြင်ကိုယ်၏အကျိုး သူ့အကျိုးကို မမြင်တတ်သော သူသည်၊ ဒဏ္ဍေန= ဒုတ်လှံကန်ဖြင့်၊ ဝိဟိံသတိ=သတ်ပုတ် ညှဉ်းဆဲသည်ဖြစ်အံ့၊ သော=ထိုသူမလိမ္မာသည်၊ ပေစ္စ=တမလွန် ဘဝ၌၊ အတ္တနော= မိမိ၏၊ သုခံ= ချမ်းသာကို၊ ဧသာနော= ရှာပါသော်လည်း၊ သုခံ= ချမ်းသာခြင်းကို၊ နလဘတေ= မရနိုင်။

ဝါ=တနည်း။ ။အတ္တနော=မိမိ၏၊ သုခံ= ချမ်းသာခြင်းကို၊ ဧသာနော= ရှာမှီးသော၊ ဧသော=ထိုသူညစ်သည်၊ ပရေသံ= သူတပါးတို့၏၊ ဒုက္ခံ= ဆင်းရဲခြင်းကို၊ ကရောန္တော=ပြုလျက်၊ ပေစ္စ= နောင်တမလွန်ဘဝ၌၊ သုခံ=ချမ်းသာကို၊ နလဘေ= မရနိုင်။

ဒါနံ ဒါတဗ္ဗံ။ ဒါနံ ဟိ ဘောဂသမ္ပဒါ။

မိန့်တော်လာ အမောင်နားမှာစွဲ။

ဘဝထိုထို၊ မောင်ရှိလို၊ အမောင့်ဥစ္စာ ကြွယ်လေလော့။

ဒါနံ= အလှူဒါနကို၊ ဒါတဗ္ဗံ= ပေးလှူအပ်၏။

ဒါနံဟိ=အလှူဒါနသည်သာလျှင်၊ ဘောဂ-သမ္ပဒါ=စည်းစိမ်ချမ်းသာကို ပြည့်စုံနိုင်ပေသတည်း။

အန္နမေဝါ ဘိနန္ဒန္တိ၊
ဥဘယေ ဒေဝ- မာနုသာ။
အထ ကော နာမ သော ယက္ခော၊
ယံ အန္နံ နာဘိနန္ဒတိ။

ကျမ်းလာဘိ၊ အမောင်သိသည် မဟုတ်လော။

ထမင်း မမင်၊ နတ်အသွင်၊ အမောင်ဖြစ်ချင်လှသလော။

ထမင်း မမုန်း၊ အများတုံး၊ အမောင်သုံးမည် မဟုတ်လော။

ထမင်း စားလို၊ မောင်လူပျို၊ အမောင့်ဟာကို ဖြူစေသော်။

ဥဘယေ= နှစ်ပါးစုံကုန်သော၊ ဒေဝ-မာနုသာ = နတ်လူတို့သည်၊ အန္နမေဝ= ထမင်းဟင်းကိုသာလျှင်၊ အဘိနန္ဒန္တိ= လွန်စွာစုံမက်၊ နှစ်သက်စားသောက် ကြရပါကုန်၏။ အထ= ထိုသို့ဖြစ်ပါလျက်၊ ယံ-ယော ယက္ခော= အကြင်နတ်သားသည်၊ အန္နံ=ထမင်းဟင်းကို၊ နာဘိနန္ဒတိ=မနှစ်သက်၊ သောယက္ခော= ထိုထမင်းကို စားသုံးပါလျက်နှင့် ထမင်းကို မုန်းတဲ့နတ်သားသည်၊ ကောနာမယက္ခော= အဘယ်မည်သော နတ်သားပါတဲ့ နည်းဘုရား။

သီလံ ရက္ခိတဗ္ဗံ၊ သီလံ သဂ္ဂါရောဟဏ- သောပါနံ၊ မိန့်ဘော်သံ၊ တညံ့ညံ့နှင့် မကြားလော။

နတ်ပြည်ခြောက်ရွာ၊ ထိုဘုံမှာ၊ ချမ်းသာလှလှ မသိလော။

ပါယ်ဝယ်လေးဖြာ၊ ယမရွာ၊ သာယာလှသည်ထင်သလော။

လေးရွာမလို၊ ခြောက်ရွာလို၊ စောင်းတန်း တိုလို့တော် မည်လော။

သီလံ= သီလကို၊ ရက္ခိတဗ္ဗံ= စောင့်ရှောက်အပ်၏။

သီလံ= သီလ စောင့်သော ကုသိုလ်ကံသည်၊ သဂ္ဂါရောဟဏ-သောပါနံ= နတ်ရွာသို့တက်ရာ- စောင်းတန်းသဘွယ် မည်ပါပေသတည်း။

ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ။

မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထာတိ။

တဖွဖွ၊ အမောင့်နားက မကြားလော။

နေ့မီး- ညမီး၊ ထိန်ထိန်ညီး၊ မီးပုံကြီးလှချည့်ကလား။

ငရဲမီးကို၊ ငြိမ်းစေလို၊ အမောင့်မီးကို ငြိမ်း၍ထား။

ဘိက္ခဝေ= သံသရာဘေး၊ အပါယ်ရေးကို၊ မြော်တွေးရှုတတ်၊ အိုသူမြတ်တို့၊ ဈာယထ= လောဘ- ဒေါသအစရှိသော ကိလေသာတို့ကို နိုင်နင်းအောင် ဖျက်ဆီးကြကုန်လော့။ မာ ပမာဒတ္ထ= မေ့မေ့လျော့လျော့ မနေကြကုန်လင့်၊ ပစ္ဆာ= သေဘေးကြီး၊ ငရဲဘေးကြီး၊ ပြိတ္တာဘေးကြီးနှင့် တွေ့ကြုံရသော နောက်ကာလနိုက်၊ ဝိပ္ပဋိသာရိနော= နောင်တပူပန်ခြင်း၊ နှလုံးပူဆွေးခြင်း ရှိကြကုန်သည်၊ မာ အဟုဝတ္ထ= မဖြစ်ကြစေကုန်လင့်။

လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ကို ငြိမ်းအောင် အားထုတ်ဟုဆိုလိုသည်။

အဟံ နာဂေါဝ သင်္ဂါမေ၊
စာပတော ပတိတံ သရံ။
အတိ- ဝါကျံ တိတိက္ခိဿံ၊
ဒုဿီလော ဟိ ဗဟုဇ္ဇနော။

မိန့်ဟောထွေလာ၊ ဒေသနာ၊ နည်းယူစရာ မကောင်းလော။

ကောသမ္ဗီခေါ်၊ ပြည်တော်နေသား၊ လူအများ၊ ဘုရားကိုပင် ဆဲသကား။

ဘုရားသော်မှ၊ ဆဲခံရ၊ ဒုဇ္ဇနမှ- လွတ်အောင်ရှား။

ဒုဇ္ဇန အကြား၊ နေလိုငြား၊ မိမိဒုတ်ကို ချရှိထား။
ဒုတ်တမြားမြား၊ ခွေးပုံကြား၊ သွားရှိတော်မည်လား။

အာနန္ဒ= ချစ်သား အာနန္ဒာ၊ အဟံ= ငါဘုရားသည်၊ သင်္ဂါမေ= စစ်မြေပြင်၌၊ နာဂေါ= ဆင်ပြောင်ကြီးသည်၊ စာပတော= လေးမှ၊ ပတိတံ= စစ်တဘက်မှ ပစ်အပ်သော၊ သရံ= ထောင်သောင်းမက များပြားလှစွာသော မြှားကြီး မြှားငယ် ဟူသမျှကို၊ တိတိက္ခတိ ဣဝ= မပြေးမလှန်၊ သည်းခံ၍နေသကဲ့သို့၊ ဝေမေဝ = ဤအတူသာလျှင်၊ အတိ-ဝါကျံ = သူတပါးတို့ အလွန်အကဲ၊ ဆဲရေးဆိုမည်ကြသော စကားများကို၊ တိတိက္ခ တိဿံ=တဆံခြည်မျှ ဒေါသမထန် တုံ့မပြန်ဘဲ၊ သည်းခံတော် မူအံ့၊ ဟိ=ထိုသို့ သည်းခံမှုသာလျှင်- သင့်လျော်သည်မှန်၏။ ဗဟုဇ္ဇနော= များစွာသော လူအပေါင်းသည်၊ ဒုဿီလော= သီလ မရှိခဲ့ကြ။

(အ-ကော ခနေ ဇိနေ ကောခံ၊)

မိန့်တော်သံ၊ ကြွက်ကြွက်ညံအောင် မကြားလား။
သည်းညည်းမခံ၊ သူ့ကိုလှန်၊ အာဏာတော်ကို မဆန်လော။
အာဏာတော်ကို၊ မောင်ဆန်လို၊ အဘယ်မောင့်ရန် ပြိုလိမ့် နည်း။

(အ-သာဓုံ သာဓုနာ ဇိနေ။)

မိန့်ခွန်းထွေ၊ အမောင်မကြားလေသလော။
သူစလောင်းဖွဲ့၊ ငါအင်ဖွဲ့၊ ရှဲ့ခြင်းရှဲ့လို တော်မည်လော။

(ဇိနေ ကဒရိယံ ဒါနေန၊)

မိန့်တော်ကျ၊ ထိပ်ထက်သံမှို မရှလော။

သူ့ဟာလိုချင်၊ ကိုယ်ကပင်၊ ရှေးဦးတင်၍ ပေးလေလော။

(သစ္စေနာ လိကဝါဒိနံ။)

ရန်အောင်ရန်၊ မိန့်တော်ပြန်လာ မကြားလော။

လိမ်လည်ကောက်ကျစ်၊ အမှုညစ်သူ ထိုသည့်လူ၊ သစ္စာမှု၍ အောင်လေလော။

ကောဓံ= အမျက်ထွက်သော သူကို၊ အ— ကောဓေန= ကိုယ်က အမျက် မထွက်မှုသာလျှင်၊ ဇိနေ= အောင်နိုင်၏။ ကောဓေန= အမျက်ထွက်ခြင်း ထွက်သဖြင့်၊ န ဇိနေ= မအောင်နိုင်၊အ-သာဓုံ=သူမကောင်းသည်ကို၊သာဓုနာ=ကိုယ်က ကောင်းအောင်ပြုသဖြင့်၊ ဇိနေ= အောင်နိုင်ရာ၏၊ အ—သာဓုနာ= မကောင်းခြင်း- မကောင်းအောင်ပြုသဖြင့်၊ န ဇိနေ= မအောင်နိုင်။ ကဒရိယံ= ဝန်တိုသောသူကို၊ ဒါနေန= ကိုယ်က ပေးကမ်းသဖြင့်၊ ဇိနေ= အောင်နိုင်၏။ ကဒရိယေန= ဝန်တိုခြင်း တိုသဖြင့်၊ န ဇိနေ= မအောင်နိုင်။ အလိက- ဝါဒိနာ=လိမ်လည် ကောက်ကျစ် မဟုတ်မမှန် ပြောဆိုသောသူကို၊ သစ္စေန= အမှန်ကို ဆိုသဖြင့်၊ ဇိနေ= အောင်နိုင်၏။ အလိကေန= အကောက် အကျစ်ပြုခြင်း— ပြုသဖြင့်၊ န ဇိနေ= မအောင်နိုင်။

အညာ ဟိ လာဘူပနိသာ၊
အညာ နိဗ္ဗာန- ဂါမိနီ။
ဧဝ မေတံ အဘိညာယ၊
ဘိက္ခု ဗုဒ္ဓဿ သာဝကော။
သက္ကာရံ နာဘိနန္ဒေယျ၊
ဝိဝေက မနုဗြူဟယေ။

မိန့်ခွန်းထွေ၊ မောင့်အနေနှင့် ဘယ့်နှယ်နည်း။

နိဗ္ဗာန်ရကြောင်း၊ လာဘ်ရကြောင်းလျှင်၊ နှစ်ကြောင်းတွင်၊ အဘယ်လမ်းခွင် လိုက်မည်နည်း။

လာဘ်လမ်းကိုကြိုက်၊ အမောင်လိုက်၊ နိဗ္ဗာန်ဟိုက်၍ မှဲ့လိမ့်မည်။

မစင်တွင်း၌၊ ဘဝင်ဆိုက်၊ ပတ္တမြားတိုက်နှင့် လဲ့သည့်နည်း။

ယင်းသည့်ပုံကို၊ နှလုံးသို၊ သက္ကာရ-ကို လွှတ်အောင်ဖဲလေးလော။

လာဘူပနိသာ= လာဘ်ရကြောင်း ဖြစ်သော အကျင့်သည်၊ အညာဟိ= တပါးသော အောက်လမ်းကြောင်း သာလျှင်တည်း၊ နိဗ္ဗာန- ဂါမိနီ= နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်သည်လည်း၊ အညာ= တပါးသော အထက်လမ်းကြောင်းပေတည်း၊ ဧဝံ= ဤသို့၊ ဧတံ ဒွယံ= ဤအကျင့်နှစ်ပါး အပေါင်းကို၊ အဘိညာယ= ထူးသောဉာဏ်ဖြင့်သိ၍၊ ဗုဒ္ဓဿ= ငါဘုရား၏၊ သာဝကော= တပည့်ဖြစ်သော၊ ဘိက္ခု= သံသရာဘေးကြီးကို ဖျက်

ဖြိုလိုသော ရဟန်းသည်၊ သက္ကာရံ= လာဘ်ပူဇော် သက္ကာရကို၊ နာဘိနန္ဒေယျ= မနှစ်သက်ရာ၊ ဝိဝေကံ= နိဗ္ဗာန်ရကြောင်း ဝိဝေကကို၊ အနုဗြူဟယေ= အဘန်တလဲလဲ၊ အမြဲမကွာ၊ ကောင်းစွာ ပွား စေရာ၏၊ ဝါ=ပွားများအားထုတ်ရာ၏။

တကွမ်းစားတန်၊ သံဃာ့ဆန်၊ သံဃာမပန်— သုံးမိဦးပဋ္ဌင်း။

ပရမ္မရဏာ၊ ကျောက်ပြိတ္တာ၊ နောက်တဆက်မှာ ဝိစိဆင်း။

ယင်းသည့်ခြင်းရာ၊ မောင်ထောက်စာ၊ သံဃာ့ဥစ္စာ လွတ်အောင်ကင်းလေလော့။

စေတီပြင်ပ၊ ပဋ္ဌာက၊ လေဟုန်လွင့်ချ- လယ်ကျင်းတဲ့။ လယ်ရှင်ယောကျ်ား၊ ကောက်ဝတ်မှား၊ သေ အခြားမဲ့— သူ့ဖြစ်နဲ့။

ဝင်းဝင်း ပြောင်ပြောင်၊ မီးကြီးလောင်၊ အခေါင်ထိပ်ကိုစွဲ။ ဤသည့်ခြင်းရာ၊ ထောက်စာနာ၊ စေတီဥစ္စာ လွတ်အောင်ရှဲလေလော့။

မယားဝနိုး၊ သားဝနိုး၊ ဖွဲကိုထိုး၍ စပါးချောင်း။ ယင်းသို့ပြုမှား၊ ငမိုက်သား၊ နောက်ဘဝလား- သူ့အကြောင်း။ ဖွဲမီးပုံကြီး၊ ထိန်ညီးလောင်ရာ၊ မီးကိုသာ၊ ဘာသာယူ၍ ကိုယ်ကိုလောင်း။

ယင်းသည့်တရား၊ နားဝယ်ကြား၊ ကုန်သည်လူများ ကြောက်စကောင်း။

ကုဋ္ဌေလေးဆယ်၊ ဥစ္စာကြွယ်၊ မိုက်ခေါင်ထယ်သည့် သူဌေး သား။ လေးယောက်လုံးပင်၊ စိတ်ရှုံးဝင်၊ သူ့မယားတွင် ကာလလျား။ လောဟကုမ္ဘီ၊ ကြေးအိုးနီနှိုက်၊ ဘေးကြီးဆိုက်၊ မိုက်ပြစ်မဟုတ်လား။

ယင်းသည့်တရား၊ နှလုံးထား၊ ပရဒါရ- ရှားလေလော့။

ကဏ္ဏမုဏ္ဍ၊ ရေအိုင်စတွင်၊ ဆင်လောက်ကြီးမား၊ ခွေးကြီးစား၊ မုသားကြိမ်မိ၊ ယင်းအပြစ်။

ဝေမာတိက၊ ပြိတ္တာမ၊ ကျမ်းဝယ်ညွှန်ပြ-သူ့သနစ်။

ဤသည့်ဝတ္ထု၊ နှလုံးပြု၊ မုသားမဖြစ်အောင်- ရှောင်လေလော့။

ရေကြည်တပေါက်၊ မသောက်မရ၊ ကာလကဉ္စိကပြိတ္တာ၊ သူ့ခြင်းရာ၊ မှတ်ပါနော်တသက်။

ရဟန်းသိက္ခာ၊ ကျင့်ဘူးရှာ၊ မှားရှာသေအရက်။ ယင်းသည့်တရား၊ နှလုံးထား၊ သူရာငါးပါး ရှောင်လေလော့။

တောင်ကစကား၊ မြောက်စကား၊ ပြောကြားဂုံးတိုက်ထိုသူညစ်။

သေသောအခါ ငရဲရွာ၊ နောက်တဆက်မှာ- ပြိတ္တာဖြစ်။

သူစိလောမ၊ အမည်ရ၊ ကျမ်းဝယ်ဘော်ပြ သူ့သနစ်။

ယင်းသည့်ပုံထဲ နှလုံးစွဲ၊ ပိသုဏ- လွတ်အောင်ဖဲလေလော့။

လင်ကိုကြိမ်တွယ်၊ အသွယ်သွယ်၊ မဘွယ်ကြမ်းတန်း ဣတ္ထိမိုက်။

ပရမ္မရဏာ- ရောက်သောခါ၊ ပြိတ္တာဘုံမှာ ဘေးကြီးဆိုက်။

ကိုယ်ကြိမ်သမျှ၊ ကိုယ်ခံရ၊ အဌကထာကျမ်းမှာ လာတိုက်ရိုက်။

**ဃင်းသည့်ပုံ၌၊ ဘဝင်ချိုက်၊** ဖရုသနှင့် မတိုက်မိလိမ့်သော။ **မနုဿတ္တ၊** ဒုလ္လဘ၊ ရလွယ်လှသည် ထင်သလော။

ဗုဒ္ဓုပ္ပါဒ၊ နဝမ၊ မခဲယဉ်းလှ ထင်မည်လော။

သဒ္ဓမ္မသဝန၊ ဒုလ္လဘ၊ ယခုလက်ငင်း ရဆဲမဟုတ်လော။

ဤမျှလောက်စင်၊ အခြေမြင်၊ ဒုကြဉ်ရုံမျှ ခဲမည်လော။

ဒု- ဆယ်ကြဉ်ဖဲ့၊ သုဆယ်မြဲ၊ သု- နှစ်ခု၌ စွဲလိမ့်သော။

ဩဝါဒကထာ၊ ဒုတိယာ၊ ဤခါအောင်စီ စဲလတ်ပြီ။

သောတုနောင်လာ၊ မျိုးလေးဖြာ၊ နိဗ္ဗာပုရ မြဲလောက်ပြီ။

ရွှေကျင်ဆရာတော်

၁၂၅၀-ပြည့်နှစ်၊

ပြာသိုလပြည့်ကျော် (၁၄)ရက်နေ့

ကျေးဇူးရှင် စံကင်းဆရာတော်၏

# ဩဝါဒကထာ

## ထန်းပလပ် မြင်းစီးရသလို

အာစရိယပူဇော်ပွဲတွင် သူ့ထက်ငါ လူဒါန်းကြသော ပစ္စည်းများကို အကပ်ခံရသည်မှာ အချိန်အတော် ကြာညောင်းသွားသည်၊ လူစုလူဝေးနှင့် ရောထွေးရသဖြင့် စိတ်တော် နှစ်သက်ပုံမရပါ၊ အပန်းဖြေ သီတင်းသုံးရာ တိုက်ခန်းသို့ ကြွရောက်၍ အေးဆေးငြိမ်သက်စွာ အနားယူ ထိုင်နေတော်မူစဉ် ရန်ကုန်ကျောင်းတော်ရာ သုံးထပ်ဆရာတော် ဦးသီလက္ခန္ဓက အနီးအနား လာရောက်ဆည်းကပ်၍ အလ္လာပ သလ္လာပ စကားများလျှောက်ထားရင်း 'ရန်ကုန်မှာ ဆရာတော်ဘုရားကို အခုလိုအများက သိလာကြ ကြည်ညိုလာကြတာ ဝမ်းသာလှပါတယ်ဘုရား၊ ဆရာတော်ဘုန်းကြီးမှု တပည့်တော်တို့ ဂိုဏ်းကြီးလဲပိုပြီး အရောင်ထွက်လာ နိုင်ပါတယ် ဘုရား' စသည်ဖြင့် လျှောက်ထားရာ ဆရာတော်က—

"သုံးထပ်ရယ် ကိုယ့်ဘုန်းဟုတ် မထင်ပါဘူး၊ ဂိုဏ်းဘုန်းပါ၊ ဂိုဏ်းပေးတဲ့ တံဆိပ်ပါ၊ ဂိုဏ်းကပေးတဲ့ ဂုဏ်ထူး ဂိုဏ်းကခိုင်းတဲ့တာဝန် ဂိုဏ်းကပို့လို့ အခု ရန်ကုန်

ရောက်လာရတာပါ၊ သုံးထပ်ဆရာတော် မကြားဖူးဘူး လား၊ အညာဆီမှာ ကလေးတွေ ထန်းပလပ်ကို မြင်း သဏ္ဍာန်လုပ်ပြီး စီးကြတာလေ၊ မြင်းပြေးလေ ပင်ပန်း လေဘဲ၊ ဘုန်းကြီးတယ်ဆိုတာ ထန်းပလပ် မြင်းစီးရ တာလိုဘဲ၊ ဘုန်းကြီးလေ ပင်ပန်းလေပေါ့''ဟု....

မိန့်တော်မူရာ သုံးထပ် ဆရာတော်က အလွန်သဘောကျ နှစ် ခြိုက်၍ ထိုဩဝါဒကို စကားစပ်မိတိုင်း ပြန်လည်ပြောပြလေ့ ရှိသည်။

# ပုညကာရီ အသင်းနှင့် စံကင်း ဆရာတော်

ဥပဒေ ချိုးဖောက်သူ သဟာပုညကာရီ အသင်းသားအချို့မှာ ရေဒဏ်ထမ်းကြရသည်၊ တခါက ဆရာတော် ညောင်တုန်းသွားစဉ် လဆန်း ၈-ရက်နေ့နှင့် တိုက်ဆိုင်နေရာ စည်းဝေးမြဲ စည်းဝေး ကြရှ်—

တခါ ဥပဒေကျူးလွန်လျှင် .... ရေဒဏ်

နှစ်ခါ ကျူးလွန်လျှင် .... ငွေဒဏ်

သုံးခါ ကျူးလွန်လျှင် .... ကြော်ငြာဒဏ်

လေးခါ ကျူးလွန်လျှင် .... အသင်းမှအပဒဏ်....ဟု

ဆုံးဖြတ်ကြသည်၊ ထိုဆုံးဖြတ်ချက်ကို ဆရာတော် သဘော မတူပေ၊ ထို့ကြောင့် ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်တော်မူသည်။

"ဘုန်းကြီးတော့ ဘယ်နှစ်ခါ ကျူးလွန် ကျူးလွန် ရေဒဏ်ဘဲ ပေးမယ်၊ အသင်းမှ ထုတ်တယ်ဆိုတာ မကောင်းဘူး၊ မင်းတို့ ညီငယ်တယောက် ရေထဲ ဆင်း ဆော့လို့ ရေနစ်နေတယ်ဆိုယင် သူဆော့လို့ နစ်တာဘဲ ဆိုပြီး ဒီအတိုင်း ပစ်ထားကြဘော့မလား၊ ဆော့ပြစ် ရှိပေမဲ့ ကယ်ရမှာဘဲ၊ ဒီအတိုင်းဘဲ သူ့အပြစ်ရှိပေမဲ့ အသင်းက ပစ်မထားသင့်ဘူး"။

မည်မျှ တရားလမ်းကြောင်းကျ၍ သဘောထား မှန်ကန်ပါသနည်း၊ ဤသို့ဖြင့် ဆရာတော်၏ တပည့်တို့သည် ပုထုဇဉ်ဖြစ်သော်လည်း ကလျာဏဂိုဏ်းဝင်များ ဖြစ်ကြရတော့၏။

ပညာကာရီ ကျောင်းသားဟောင်း အသင်း တည်ထောင်ဖွဲ့စည်းလိုက်သည့်အတွက် အချင်းချင်း ရင်းနှီးပြီး စုပေါင်းဆောင်ရွက်သည့် စွမ်းအင်ကို တွေ့လာကြသည်။ 'တယောက်ကောင်းဖြင့် မအောင်မြင်၊ တရာဆောင်မှ အောင်မြင်သည်'ကို ယုံကြည်အားကိုးလာကြသည်၊ တလတကြိမ် ဆရာတော်ထံတွင် လူသားတယောက်၌ ရှိထိုက်သော သဘောတရားရေး ပို့ချချက်တို့ကို နာကြားရသောကြောင့် လောကအပေါ် ပတ်ဝန်းကျင်အပေါ် အချင်းချင်းအပေါ် သဘောထား မှန်လာကြ၏၊ အကျိုးမဲ့ သုံးဖြုန်းခြင်းကိုရှောင်၍ ဝိသမလောဘ ကင်းသော စီးပွားရေးဝါဒကို လက်ကိုင်ပြုလာကြ၏၊ ဤသို့သော ဝိသေသလက္ခဏာတို့ကို မြင်လာကြသော ကိုရှိန်ကျော်၊ ကိုသက်ဖေ၊ ကိုဘဖေစသည့် တိုးတက်သော လူငယ် အစိတ်အပိုင်းက ပညာကာရီ အသင်းနှင့် ပူးပေါင်းလာကြ၏၊ ပညာကာရီကို တက်ကြွစွာ ဦးဆောင်လာကြ၏။

ဆရာတော်သည် လူငယ်တို့၏ တက်ကြွသည့် စိတ်ဓာတ်လမ်းမလွဲစေရန်မှုမှန်သော လောကခမ္မ.ကြီးပွားရေး လမ်းကြောင်းကို မီးမောင်းထိုးပေး၏၊ သို့သော် တခါတခါ လမ်းချော်မည့် အရိပ်အခြည် တွေ့လာရသေး၏၊ ကိုဘဖေသည် ယင်းစကား၏ သာဓကဖြစ်၏၊ သူသည် စိတ်ဓာတ် ထက်သန်သည်၊ မဟုတ်မခံ၊

အသင်းကြီးပွား တိုးတက်ရေး၊ ရပ်ရွာကြီးပွားရေး၊ သာသနာကြီးပွားရေးတို့ကို ဆွေးနွေးသည့်အခါ လက်သီး လက်မောင်းတန်း၍ ဒေါမာန်ပါပါ ပြောဆိုဆွေးနွေးလေ့ရှိသည်၊ သူ့အကြောင်းကို ဆရာတော် သိသောအခါ—

"ကုသိုလ်စိတ်နဲ့ တက်ကြွတာတော့ ကောင်းပါရဲ့၊ ဒေါသစိတ်နဲ့ ဆိုယင်တော့ မကောင်းဘူး၊ လူနှစ်ယောက် ရန်ဖြစ်တယ် ဆိုပါတော့၊ တယောက်က အရိုက်ခံရတယ်၊ တယောက်က ရိုက်တယ်၊ ဒီနှစ်ယောက် ဘယ်သူက ပိုနာမယ်ထင်သလဲ"

"ရိုက်သူက ပိုနာပါတယ်ဘုရား"

"ဆိတ်တကောင် သတ်တယ် ဆိုပါတော့၊ အသတ်ခံရတဲ့ ဆိတ်က တဘဝဘဲ၊ သတ်တဲ့ လူက ဆိတ်မွေးနဲ့အမျှလောက် ခံရတယ်၊ ဒီတော့ ဘယ်လောက်ပိုနာသလဲ"

ဤသို့ အကုသိုလ်လမ်း မရောက်အောင် မိးနိုပြထား၏၊ ကုသိုလ်လမ်းသို့ ဖြောင့်တန်းစွာသွားရန် မီးစိမ်းပြ ဖွင့်ပေး၏၊ ထို့ကြောင့် ပညာကာရီ အမည်နှင့်လိုက်အောင် ကောင်းသော လက္ခဏာတို့ဖြင့် ဝေဆာလာတော့၏။

ကျေးဇူးရှင် မစိုးရိမ်ဆရာတော်၏

# ဩဝါဒကထာ

## ဆားငန်လျှင် မယားကို ရန်မတွေ့နဲ့

ဆရာတော်သည် အဘိဓမ္မာ ပို့ချရာ၌ သဘာဝကျကျ လောကနှင့် ဟပ်မိအောင် ပြောဆိုပို့ချတော်မူလေ့ရှိ၏။ ဆဋ္ဌသံဂါယနာခေတ်၌ ရန်ကုန်သို့ ကြွရောက်၍ သီတင်းသုံးစဉ် ရန်ကုန်တက္ကသိုလ် ကထိက ဦးလှမောင် (ယခု သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်) ဦးဆောင်သော ဒကာ အတော်များများ ဆရာတော့်ထံ အဘိဓမ္မာကို သင်ယူကြ၏။

တနေ့တွင် ဆရာတော်က "မင်းတို့ ထမင်းစားပွဲမှာ ဟင်း တခွက် ဆားငန်နေလျှင် အဘိဓမ္မာ သဘောအရ မည်သူ့ကို အပြစ်တင်မလဲ"ဟု မေးမြန်းလိုက်၏။

ဦးလှမောင်က "ထမင်းချက်သည့် အိမ်ရှင်မက ဆားမမြီးပဲ မဆင်မခြင် ထည့်သဖြင့် အိမ်ရှင်မကို အပြစ်တင်ရမည် ဖြစ် ကြောင်း" လျှောက်လေသည်။

"ဆားငန်တဲ့ အရသာကို သိတဲ့စိတ်က ဘယ်စိတ်လဲကွ"

"ဇိဝှါဝိညာဏ် စိတ်ပါဘုရား"

"ကုသလ ဝိပါက် ဇီဝှါဝိညာဏ်လား အကုသလဝိပါက် ဇီဝှါဝိညာဏ်လား"

"အကုသလ ဝိပါက်ပါဘုရား"

"အကုသလဝိပါက်ဆိုတာ ကုသိုလ်အကျိုးလား၊ အကုသိုလ် အကျိုးလား"

"အကုသိုလ် အကျိုးပါဘုရား"

"ဒါဖြင့် ဟင်းချက်တဲ့ အိမ်ရှင်မနဲ့ မဆိုင်ပါဘူးကွ၊ ကိုယ့် အကုသိုလ်က ကိုယ့်ကို ပြန်အကျိုးပေးတာပါ"

ဒကာကြီး ဦးလှမောင်တို့လည်း ဆရာတော်က သဘာဝ ကျကျ ရှင်းလင်းပြလိုက်သဖြင့် "ဆားငန်လျှင် မယားကို ရန် မတွေ့တော့ပါဘုရား" ဟု လျှောက်ထား လိုက်ကြရတော့၏။

တမူးမြို့ မြို့မကျောင်းကြီး၌
မဟာစည် သာသနာ့ရိပ်သာခွဲ ဖွင့်လှစ်ရေးအတွက်
မဟာစည်ဆရာတော်ဘုရားကြီး
မိန့်ကြားလိုက်သော

# ဩဝါဒကထာ

စစ်ကိုင်းတိုင်း တမူးမြို့ မြို့မကျောင်းကြီး၌ တမူးမြို့ ကောင်စီ လူကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ကျောင်းဒါယကာ ဒါယိကာမများနှင့် မြို့မိမြို့ဖများ အားလုံးတို့က ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော် ရှည်စွာတည်တံ့ရေး ထွန်းကားရေး၊ ကြီးပွားရေး၊ စည်ပင်ရေးနှင့် အများသော လူရှင်ရဟန်းတို့၏ ဒါန သီလ ကုသိုလ်ဖြစ်ပွားရေး၊ ဝိပဿနာ ဘာဝနာ ကုသိုလ်ပွားများရေး၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ရေးကို ရည်ရွယ်မြော်လင့်ကြ၍ မဟာစည် ပဋိပတ္တိ သာသနာပြုဌာန သာသနာ့ရိပ်သာ ဖွင့်လှစ်ရန် အားလုံး သဘောတူဆုံးဖြတ်ကြလျက် စီမံဆောင်ရွက် နေကြကြောင်း သိရ၍ ဘုန်းကြီးက များစွာ ဝမ်းမြောက်ပါသည်။

ဝမ်းမြောက်ခြင်း၏ အကြောင်းမှာ မြတ်စွာဘုရား၏ သာသနာတော်သည် ကျင့်မှုပဋိပတ်လျှင် အနီးကပ် အကြောင်းရင်း

ရှိသည်၊ သီလအကျင့်ကို ကျင့်သူရှိမှ သီလသာသနာတည်သည်၊ သမာဓိ ပညာ အကျင့်များကိုလည်း ကျင့်သူရှိမှ သမာဓိ ပညာ သာသနာများတည်သည်၊ ကျင့်သူများလျှင် သာသနာတော် တိုးတက်ကြီးပွားသည်၊ ထို့ကြောင့်—

"ပဋိပတ္တိ သာရမိဒံ သာသနံ"ဟု ဝိသုဒ္ဓိမဂ် မဟာဋီကာ (ဒု-၂၁)တွင် ပြဆိုထားပေသည်၊ (ဣဒံသာသနံ- ဤဘုရား မြတ်စွာ သာသနာတော်သည်၊ ပဋိပတ္တိသာရံ- ပဋိပတ်လျှင် အနှစ်သာရရှိ၏။)

ယင်းသို့ သီလ သမာဓိ ပညာ အကျင့်များကို ကျင့်ရန်မှာ လည်း နည်းမှန် လမ်းမှန် ညွှန်ပြဟောကြားသော ပုဂ္ဂိုလ်ထံမှ နာယူသင်ကြားမှု ပရိယတ္တိရှိပါမှ ဖြစ်နိုင်သည်၊ ထို့ကြောင့်—

ပဋိပတ္တိ စ ပရိယတ္တိ မူလိကာ ဟု ယင်း ဋီကာ၌ပင်လျှင် ပြဆို ထားပေသည်၊ (ပဋိပတ္တိ စ အကျင့်ပဋိပတ်သည်လည်း၊ ပရိယတ္တိ မူလိကာ- ကျင့်နည်းကို သင်ယူခြင်းလျှင် အရင်းခံရှိပေသည်။)

သီလ သမာဓိ ပညာ အကျင့်ကိုကျင့်ရန် ဟောပြော ညွှန် ကြားမှုသည်လည်း ဟောပြော ညွှန်ပြရန် ကျင့်သုံးရန်ဌာန ရှိပါမှ ဖြစ်နိုင်သည်၊ သို့ဖြစ်ရာတွင် တမူးမြို့၌ ဗုဒ္ဓမြတ်စွာဘုရား၏ မဟာသတိပဋ္ဌာနသုတ် စသော ပရိယတ္တိ ဒေသနာတော်များကို အခြေခံပြု၍ မှန်ကန်တိကျသော ကျင့်နည်း နိဿယကို ဟောပြ ကျင့်သုံးကြရန်အတွက် တမူးမြို့ မြို့မကျောင်းကြီး၌ မဟာစည် သာသနာ့ရိပ်သာခွဲဟူသော အမည်ဖြင့် ကမ္မဋ္ဌာန်း ဌာနကို

အထင်အရှား ဖွင့်လှစ်ခြင်းသည် နိဗ္ဗာန် ဆိပ်ကမ်းတခုကို တည်ထောင်ဖွင့်လှစ်ခြင်းလည်း ဖြစ်ပါပေသည်။

လောက၌ တမြို့မှတမြို့ တနိုင်ငံမှတနိုင်ငံသို့သွားရန် ကားဆိပ် ရထားဆိပ် သင်္ဘောဆိပ် လေယာဉ်ဆိပ်များ ရှိကြသည်၊ ခရီးသွားလိုသော သူတို့သည် ထိုထို ဆိပ်ကမ်းများမှ ကား ရထား သင်္ဘော လေယာဉ်တို့ကို စီးနင်း၍ မိမိတို့အလိုရှိရာ ဌာနသို့ သွားကြရသည်၊ ထို့အတူပင် နိဗ္ဗာန်ကို သွားရောက်လိုသော သူတော်ကောင်းတို့သည်လည်း တမူးမြို့၊ မြို့မကျောင်းကြီး ရိပ်သာမှ ဝိပဿနာတရားကို နာယူကျင့်သုံး၍ နိဗ္ဗာန်သို့ သွားရောက်နိုင်ကြပေမည်၊ ထို့ကြောင့် တမူးမြို့၊ မြို့မကျောင်းကြီး ရိပ်သာသည် နိဗ္ဗာန်သို့ သွားရန် နိဗ္ဗာန်ဆိပ်ကမ်းကြီးသဖွယ်လည်း ဖြစ်ပါပေသည်။

ယင်း ရိပ်သာဌာန၌ တရားအားထုတ်ပြီးဖြစ်၍ နည်းမှန် လမ်းမှန်ကို ညွှန်ပြနိုင်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်များက မိမိတို့ကဲ့သို့ပင် ဝိပဿနာတရား အားထုတ်သူ ဖြစ်အောင် ဟောကြား ညွှန်ပြပေးသောအားဖြင့် လောကတွင် ရဟန္တာ အထိ သာသနာမဆိတ်မသုဉ်းအောင် ပြုရာဌာနလည်း ဖြစ်ပါပေသည်။ ထိုသို့ သာသနာမဆိတ်မသုဉ်းအောင်ပြုပုံကို မြတ်စွာဘုရားက ဤသို့ ဟောတော်မူခဲ့ပါသည်။

"ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။"

သုဘဒ္ဒ - သုဘဒ်ပရိဗိုဇ်၊ ဣမေ စ ဘိက္ခူ - ဤ တကျိပ်နှစ်ပါးသော ရဟန်းတို့သည်၊ သမ္မာ-ကောင်းမွန် မှန်ကန်စွာ၊ စေ ဝိဟရေယျုံ - အကယ်၍ နေကုန်ငြားအံ့၊ လောကော-သတ္တဝါအပေါင်း ဟူသော လောကသည်၊ အရဟန္တေဟိ-ရဟန္တာတို့မှ၊ အသုညော-မဆိတ်မသုဉ်းသည်၊ အဿ-ဖြစ်ရာ၏။

ထို ဘုရားမိန့်ခွန်းတော်တွင် သမ္မာ ဝိဟရေယျုံ ဟူသော စကားတော်အရ ကောင်းစွာ နေပုံနေနည်းကို အဋ္ဌကထာ၌ ဤသို့ ဖွင့်ပြထားပေသည်။

သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ သေနယော သကဒါဂါမိအာဒီသု။ပ။ သောတာပတ္တိမဂ္ဂဋ္ဌာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိမဂ္ဂဋ္ဌာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ သေနယော သေသမဂ္ဂဋ္ဌာယ အာရဒ္ဓဝိပဿကေသု။

သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ-သမ္မာ ဝိဟရေယျုံ ဟူသော ဤ စကားရပ်၌ (အတ္ထော-ဆိုလိုသောအနက်ကို၊ ဧဝံ ဝေဒိတဗ္ဗော-ဤသို့ သိအပ်၏) သောတာပန္နော-သောတာပန်ပုဂ္ဂိုလ်သည်၊ အတ္တနော - မိမိ၏၊ အဓိဂတဋ္ဌာနံ - ရထားသော အရာဌာန အကြောင်းကို၊ အညဿ အခြား ပုဂ္ဂိုလ်အား၊ ကထေတွာ-

ပြောပြ၍၊ တံ-ထိုအခြားပုဂ္ဂိုလ်ကို၊ သောတာပန် ကရောန္တော-သောတာပန်ဖြစ်အောင် ပြုနိုင်လျှင်၊ သမ္မာ ဝိဟာရတိ နာမ-ကောင်းမွန်မှန်ကန်စွာ နေသည်မည်၏၊

ဒါဟာ သောတာပန်ပုဂ္ဂိုလ်က ရဟန္တာအထိ သာသနာတော် မဆိတ်မသုဉ်းအောင် ကောင်းမွန်မှန်ကန်စွာ နေပုံနေနည်းဘဲ။ မြတ်စွာဘုရား၏ သာသနာတော် မဆိတ်မသုဉ်းအောင် တည်နေစေချင်လျှင် သောတာပန်ဟာ သူတပါးကိုလည်း သောတာပန်ဖြစ်အောင် ဟောပြောတိုက်တွန်းပေးရမယ်လို့ ဆိုလိုပါသည်။ အဲဒီလို ဟောပြော တိုက်တွန်းပေးနိုင်လျှင် မိမိတိုက်တွန်းလို့ ဖြစ်လာတဲ့ သောတာပန်အသစ်က နောက်တချိန်မှာ ရဟန္တာဖြစ်သည်အထိ လောက၌ တည်ရှိနေရစ်ပေလိမ့်မည်၊ အဲဒီ သောတာပန်ကလဲ နည်းတူပင် ဟောပြောတိုက်တွန်းပေးခြင်းဖြင့် သောတာပန် အသစ်တဦး ဖြစ်ပေါ်စေလိမ့်မည်၊ ဤနည်းဖြင့် သောတာပန်အဆင့်ဆင့်က သကဒါဂါမ် အနာဂါမ် ရဟန္တာ အထိဖြစ်လျက် လောက၌ တည်ရှိနေရစ်ပေလိမ့်မည်။

သကဒါဂါမိအာဒီသု-သကဒါဂါမ် စသည်တို့၌၊ သေနယော-ဤနည်းပင်တည်း၊ ဝါ-နည်းတူပင်တည်း။

သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ကလဲ ရဟန္တာအထိ သာသနာတော် မဆိတ်မသုဉ်းဘဲ တည်ရှိနေစေလိုလျှင် အခြားသူကို သကဒါဂါမ်ဖြစ်အောင် အနာဂါမ်ဖြစ်အောင် ရဟန္တာ ဖြစ်အောင် ဟောပြောတိုက်တွန်းပေးရမည်။ ထိုသို့ ဟောပြော

ပေးလျှင် အသစ်ပေါ်လာသော သကဒါဂါမ် အနာဂါမ် ရဟန္တာတို့ကလဲ နည်းတူပင် ဟောပြောတိုက်တွန်းပေးခြင်းဖြင့် အသစ်အသစ် ရဟန္တာများ ဖြစ်ပေါ်ကြ၍ လောက၌ ဗုဒ္ဓသာသနာတော်သည် ရဟန္တာအထိ မဆိတ်မသုဉ်းဘဲ တည်ရှိနေပေလိမ့်မည်။

သောတာပတ္တိမဂ္ဂတ္ထာယ-သောတာပတ္တိမဂ်ကို ရရန်အလို့ငှါ၊ အာရဒ္ဓဝိပဿကော-ဥဒယဗ္ဗယဉာဏ် စသည်အထိ အားထုတ်ပြီးသော ဝိပဿနာယောဂီသည်၊ (အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဆိုတာ ဥဒယဗ္ဗယဉာဏ် စသည်အထိ အားထုတ်ပြီးသော ပုဂ္ဂိုလ်ကို ဆိုသည်) အတ္တနော-မိမိ၏ ပဂုဏံ ကမ္မဋ္ဌာနံ-ကျေပြွန်နေသော ဝိပဿနာကမ္မဋ္ဌာန်းကို၊ ကထေတွာ-ပြောပြ၍၊ အညမ္ပိ-အခြားကိုလည်း၊သောတာပတ္တိမဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော-သောတာပတ္တိမဂ်ကို ရရန်အလို့ငှါ ဥဒယဗ္ဗယဉာဏ် စသည်တိုင်အောင် အားထုတ်ပြီးသော ဝိပဿနာယောဂီဖြစ်အောင်ပြုနိုင်လျှင်၊ သမ္မာ ဝိဟရတိ နာမ-ကောင်းမွန်မှန်ကန်စွာ နေသည်မည်၏။

အဲဒီ စကားအရ ဆိုလိုတာကတော့ သောတာပတ္တိမဂ်ရောက်အောင် အားထုတ်နေတဲ့ ယောဂီဟာ ဥဒယဗ္ဗယဉာဏ် စသည်ကို ရောက်ဖူးလို့ရှိယင် သူတပါးအား ဟောပြောနိုင်တဲ့ အရည်အချင်းရှိသည်၊ ဒါ့ကြောင့် မိမိမှာ ကျေပြွန်နေတဲ့ ဝိပဿနာကမ္မဋ္ဌာန်း ရှုပုံရှုနည်းကို သူတပါးအား ဟောပြောပြီးတော့ အဲဒီ သူတပါးကိုလဲ မိမိကဲ့သို့ပင် ဥဒယဗ္ဗယဉာဏ်

စသည်ကို ရောက်အောင် ဝိပဿနာယောဂီ ဖြစ်စေနိုင်လျှင် ရဟန္တာအထိ သာသနာတော် မဆိတ်မသုဉ်းအောင် ကောင်းမွန် မှန်ကန်စွာနေသည် မည်ပါသည်တဲ့။ ဘာ့ကြောင့်လဲဆိုတော့ ဥဒယဗ္ဗယဉာဏ် စသည် ရောက်နေတဲ့ ယောဂီ အသင်ဟာလဲ ဆက်လက်ပြီး အားထုတ်ခြင်းဖြင့် ရဟန္တာအထိ ဖြစ်သွားနိုင် သောကြောင့်ပါဘဲ။ ယခု ဘုန်းကြီးတို့ ဟောပြောညွှန်ကြားနေ တာလဲ အခြားပုဂ္ဂိုလ်တွေ ဝိပဿနာတရား ပွားများအားထုတ်ပြီး ရဟန္တာအထိ ဖြစ်ကြလျက် ဗုဒ္ဓသာသနာတော် မဆိတ်မသုဉ်း အောင် ကောင်းစွာနေတဲ့ ဒီနည်းအရ ဟောပြောညွှန်ကြား နေတာပါဘဲ။ တမူးမြို့မှ ဒကာ ဒကာမတို့က ကမ္မဋ္ဌာန်းဌာန ဖွင့်လှစ်ရန် စီမံအားထုတ်နေကြတာလဲ မြတ်စွာဘုရားသာသနာ တော် ရဟန္တာအထိဖြစ်ပြီး မဆိတ်မသုဉ်းဘဲ အရှည်တည်အောင် စီမံအားထုတ်နေကြတာပါဘဲ။

ဒကာ ဒကာမတို့၏ လျှောက်ထားချက်အရ တမူးမြို့၊ မြို့မ ကျောင်းကြီး ကမ္မဋ္ဌာန်းဌာန၌ သီတင်းသုံးလျက် ဝိပဿနာ ပဋိပတ်တရားကို ဟောကြား ညွှန်ပြကြမည့် ဦးရေဝတနှင့်တကွ မဟာစည် ကမ္မဋ္ဌာနာစရိယ အရှင်မြတ်တို့ဟာလဲ ဝိပဿနာ တရားကို ပွားများအားထုတ်ကြ၍ ရဟန္တာအထိ ဖြစ်နိုင်အောင် ဗုဒ္ဓသာသနာတော်ဟာ ရဟန္တာအထိ မဆိတ်မသုဉ်းဘဲ တည်တံ့ နေအောင် ဟောပြောညွှန်ပြ ကြမှာပါဘဲ၊ ဒါ့ကြောင့် ဒကာ ဒကာမတို့၏ တမူးမြို့၊ မြို့မ ကျောင်းကြီးတိုက်ကို မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်း ဌာနခွဲအဖြစ်ဖြင့် ဖွင့်လှစ်ခြင်းကို

ဘုန်းကြီးတို့က ဝမ်းမြှောက် ဝမ်းသာ သာဓုအနုမောဒနာပြု လျက် အသိအမှတ်ပြုပါသည်။ထို့ပြင် ဗုဒ္ဓသာသနာတော် ရှည်စွာ တည်တံ့ခြင်းကို အလိုရှိကြသော ရဟန်းရှင်လူ သူတော်ကောင်း ဟူသမျှတို့သည်လည်း နည်းတူပင် ဝမ်းမြှောက်ဝမ်းသာ အနု မောဒနာပြုလျက် အားပေးချီးမြှောက် ကြလိမ့်မည်ဟု မြော် လင့်ဘွယ်ရှိပါသည်။

သေသမဂ္ဂတ္တာယ-ကြွင်းသော သကဒါဂါမိမဂ် အနာဂါမိ မဂ် အရဟတ္တမဂ်ကို ရရန်အလို့ငှါ၊ အာရဒ္ဓ ဝိပဿကော-သု- အားထုတ်စပြုပြီးသော ဝိပဿနာ ယောဂီတို့၌၊ သေနယော- ကောင်းမွန်မှန်ကန်စွာ နေပုံမှာ ဤနည်းပင်တည်း၊ ဝါ-နည်းတူ- ပင်တည်း။

ထို့ပြင် မြတ်စွာဘုရား ဟောကြားတော်မူသော ကျောင်း အနုမောဒနာ တရားတော်၌ (ဝိဟာရေ ကာရယေ ရမ္မေ ဝါသ ယေတ္ထ ဗဟုဿုတေ) ရမ္မေ- နှလုံးမွေ့လျော်ဘွယ် ရှိကုန်သော၊ ဝိဟာရေ- ကျောင်းတို့ကို၊ ကာရယေ- ပြုလုပ်တည်ဆောက်စေ ကုန်ရာ၏၊ ဧတ္ထ- ပြုလုပ်တည်ဆောက်ပြီးသော ယင်းကျောင်း တို့၌၊ ဗဟုဿုတ-များသော အကြားအမြင်နှင့် ပြည့်စုံကုန်သော ရဟန်းတော်တို့ကို၊ ဝါသယေ- သီတင်းသုံး နေထိုင်စေရာ၏-လို့ ဟောကြားထားပါတယ်။ ဒီစကားရပ်ထဲမှာ အကြားအမြင်နှင့် ပြည့်စုံတယ်ဆိုတာဟာ ကြားနာသင်ကြားထားတဲ့ အာဂမသုတ ခေါ် ပရိယတ် သုတနှင့်လည်း ပြည့်စုံရမည်၊ ကိုယ်တိုင် ကျင့်-

သုံးပြီး သိမြင်ထားတဲ့ အဓိဂမ သုတခေါ် ပဋိပတ်သုတနှင့်လည်း ပြည့်စုံရမည်ဟု ဆိုလိုပါသည်။

ယခု ဒကာ ဒကာမတို့၏ တမူးမြို့၊ မြို့မကျောင်းကြီး၏ သီတင်းသုံး နေထိုင်ရန် ပင့်လျှောက်ထားသော ဦးရေဝတသည် မန္တလေးမြို့ ရွှေကျင်ဂိုဏ်းကြီး၏ ဗဟိုရ်ဌာန မဟာဝိသုဒ္ဓါရာမ ကျောင်းတိုက် စသည်တို့၌ နေထိုင်လျက် ထင်ရှားကျော်စောသော စာပေကျမ်းဂန်စာတတ် ဆရာတော် အရှင်မြတ်တို့ထံ၌ သင်ကြား လေ့လာခဲ့သော ပရိယတ်သုတနှင့်လည်း ပြည့်စုံပေသည်။ ထို့ပြင် ထိုရွှေကျင်ဂိုဏ်း ဆရာတော်တို့၏ အဆုံးအမတော်အတိုင်း ကျင့်သုံးခဲ့သော ပဋိပတ်သုတနှင့်လည်း ပြည့်စုံပေသည်။

ထို့ပြင် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ (၂) နှစ်တိုင်တိုင် နေထိုင်၍ ဘုန်းကြီးတို့၏ ညွှန်ကြားချက်အတိုင်း ဝိပဿနာ ဘာဝနာတရားကို ပွားများအားထုတ် ခဲ့ဘူးသောကြောင့် ဝိပဿနာ ပဋိပတ် သုတနှင့်လည်း ပြည့်စုံပေသည်။ ထိုသို့ ပရိယတ် ပဋိပတ်စွယ်စုံ အကြားအမြင် သုတတို့နှင့် ပြည့်စုံသော ဦးရေဝတ အရှင်မြတ်ကို ဒကာ ဒကာမတို့၏ တမူးမြို့၊ မြို့မကျောင်းကြီး၌ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် သီတင်းသုံး နေထိုင်လျက် ဝိပဿနာ ဘာဝနာတရားကို ဟောကြားညွှန်ပြရန် ပင့်လျှောက် လှူအပ်ထားသောကြောင့် "အကြားအမြင် သုတနှင့် ပြည့်စုံသော ရဟန်းတော်တို့ကို သီတင်းသုံးနေထိုင်စေရမည်" ဟု မိန့်တော်မူသော မြတ်စွာဘုရား၏ စကားတော်နှင့်သည်း ညီညွတ်ပါပေသည်။ ထို့ပြင် သံယုတ် အဋ္ဌကထာ၌ (၃-၂၇၂)

ယော ဘိက္ခု စတုဝီသတိ သောတာပန္နေ ဒွါဒသ သကဒါဂါမီ အဋ္ဌစတ္တာလီသ အနာဂါမိ ဒွါဒသ အရဟန္တေ ဒသေတွာ ဓမ္မကထံ ကထေတုံ သက္ကောတိ ဧဝရူပံ ဘိက္ခုံ ဥပဋ္ဌာတုံ ဝဋ္ဋတိ။

ယောဘိက္ခု- အကြင်ရဟန်းသည်၊ စတုဝီသတိ သောတာပန္နေ- (၂၄) ပါးသော သောတာပန်တို့ကိုငှင်း၊ ဒွါဒသ သကဒါဂါမိ-(၁၂) ပါးသော သကဒါဂါမိတို့ကိုငှင်း၊ အဋ္ဌစတ္တာလီသ အနာဂါမိ- (၄၈) ပါးသော အနာဂါမိတို့ကိုငှင်း၊ ဒွါဒသ အရဟန္တေ- (၁၂) ပါးသော ရဟန္တာတို့ကိုငှင်း၊ ဒသေတွာ-ပြ၍၊ ဓမ္မကထံ- တရားစကားကို၊ ကထေတုံ-ဟော ခြင်းငှါ၊ သက္ကောတိ- စွမ်းနိုင်၏၊ ဧဝရူပံ- ဤသို့သဘောရှိသော ဘိက္ခုံ- ရဟန်းကို၊ ဥပဋ္ဌာတုံ- ဆည်းကပ်ခြင်းငှါ၊ ဝဋ္ဋတိ- သင့်လျော် ထိုက်တန်၏ဟူ၍- ညွှန်ကြားသော တိပိဋကတိဿ မထေရ်၏ စကားနှင့်လည်း တမူးမြို့သူ မြို့သား ဒကာ ဒကာမ တို့၏ ဆည်းကပ်ကိုးကွယ်ခြင်းသည် ညီညွတ်ဘွယ် ရှိပါပေသည်။

သို့ဖြစ်၍ တမူးမြို့၊ မြို့မကျောင်းကြီး၌ မဟာစည် သာသနာ့ ရိပ်သာ ဖွင့်ပွဲကို ဘုန်းကြီး ကိုယ်တိုင်ပင် ကြွရောက်၍ ဖွင့်လှစ် ပေးသင့်ပါသည်၊ သို့သော်သည်း အကြောင်း မညီညွတ်သော ကြောင့် ဤဩဝါဒကထာ စာနှင့်တကွ မဟာစည် ကမ္မဋ္ဌာနာ စရိယ အရှင် ဇနကာဘိဝံသကို မိမိကိုယ်စား အဖြစ်ဖြင့် စေလွှတ် လိုက်ရပေသည်။

ယင်း အရှင်ဇနကာဘိဝံသမှာ ရန်ကုန်မြို့ မဟာစည်ရိပ်သာ၌ (၇) နှစ် မန္တလေးမြို့ ရတနာပုံ မဟာစည်ရိပ်သာ၌ (၂)နှစ် အားဖြင့် (၉) နှစ်ခန့် မဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဆောင်ရွက်ခဲ့ဘူးသောကြောင့်ၣင်း၊ ယင်းသို့ ဆောင်ရွက်စဉ်မှာ တပည့်ယောဂီပေါင်းများစွာ တိုးတက်ခဲ့ခြင်းကြောင့်ၣင်း ပဋိပတ်သုတနှင့် ပြည့်စုံကြောင်း အလွန်ထင်ရှားလျက် ရှိပါသည်၊ ပရိယတ်သုတနှင့် ပြည့်စုံကြောင်းမှာလည်း မန္တလေး သကျသီဟအသင်းမှ ဆက်ကပ်ထားသော အဘိဝံ ဘွဲ့တံဆိပ်ဖြင့် ပင် ထင်ရှားလျက် ရှိပါသည်။ ထိုသို့ ပရိယတ် ပဋိပတ်သုတ များနှင့် စွယ်စုံပြည့်ဝလျက်ရှိသော ကမ္မဋ္ဌာနာစရိယ အရှင် ဇနကာဘိဝံသက ရှေ့ဆောင်၍ မဟာစည် သာသနာ့ရိပ်သာ ဖွင့်ပွဲကို ကျင်းပခြင်းသည် ဘုန်းကြီး (မဟာစည် ဆရာတော်) ကိုယ်တိုင်ကြွရောက်၍ ကျင်းပခြင်း ကဲ့သို့ပင် ပြည့်စုံပြီးမြောက် လိမ့်မည်ဟူ၍လည်း ယုံကြည်မြော်လင့်လျက် ရှိပါ၏။

အထူးသတိပေးလိုသည်မှာ ကမ္မဋ္ဌာန်းဌာန တည်ထောင်ရာ၌

၁။ ဖြစ်မြောက်ရေး၊

၂။ တည်တံ့ရေး၊

၃။ တိုးတက်ရေးဟူ၍ သုံးဆင့်ရှိသည်။

ယင်းသုံးဆင့်တို့တွင် တမူးမြို့၊ မြို့မကျောင်းကြီး၌ အမှတ် (၁) ကမ္မဋ္ဌာန်းဌာန ဖြစ်မြောက်ရေးမှာ ပြီးစီးပြည့်စုံနေပေပြီ။ အမှတ် (၂) တည်တံ့ရေးနှင့် အမှတ် (၃) တိုးတက်ရေးများ

အတွက် ပြီးစီးပြည့်စုံအောင် ဆက်လက်၍ အညီအညွတ် ဆောင်ရွက်သွားကြဘို့ လိုပါသည်၊ သို့ပါ၍ တမူးမြို့၊ မြို့မကျောင်းကြီးတိုက် ကမ္မဋ္ဌာန်းဌာနကို ဆုတ်ယုတ်ပျက်စီးမှုမရှိဘဲ တည်တံ့နေအောင် ကြီးပွားတိုးတက်သွားအောင် ဆောင်ရွက်နိုင်ကြပါစေဟု သတိပေးစကား ရှေးသွားရှိသော မင်္ဂလာဆုတောင်းဖြင့် ဤဩဝါဒစကားကို နိဂုံးချုပ်လိုက်ပါသည် သပ္ပုရိသန္ဓယ်ဝင် သူတော်စင်အပေါင်းတို့။

အရှင်သောဘန

အဂ္ဂမဟာပဏ္ဍိတ

မဟာစည် ဆရာတော်

သာသနာ့ရိပ်သာ

ရန်ကုန်မြို့။

နေ့စွဲ ၁၃၃၈- ခုနှစ်၊

တပေါင်းလဆန်း ၈-ရက်၊

(၂၄-၂-၇၇)

တပည့် မောင်ညြဇာကို ဆုမ္မသော

# သံဝေဂ တေးထပ်

ငါးအာရုံ အင်အစု၊ ခင်မှုနှင့် နေ့ကုန်၊
နှင်ယခုမေ့ပုံလို၊ တွေ့မကြုံစခန်း။
ပါယ်လေးဝ သောကဘုံမှာ၊ မျှောရရုံရှုံတော့ခမန်း။
အောက်ဝိစိ သောင်းအငူမှာ၊ ခေါင်းမပြူစတန်း၊
နှစ်အရှည် နစ်မည်လမ်းကိုလ၊ နင်မျှော်စမ်း နှင့်ကိုယ်။
ဒေသနာ ထင်အလင်းရယ်နှင့်၊ နှင်အဖြင်း ပိုထက်သာပို၊
သည်လောဘ စရိုက်အိုကို၊ မလိုက်လို ရှောင်ပစ်လို့၊
နောင်အသစ်တကယ်ပြင်၊ ကောင်းဘို့အစဉ်။
ခွင့်သာခိုက်ကမ၊ မလိုက်ခြင်လျှင်၊
အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာဆဲကမှ၊ မခဲခြင်လျှင်၊
အလွဲနှင့်ပြင် ရှိသေးလေလိမ့်လား။
ခွင့်သာတုန်းကမ၊ မဆုံးခြင်လျှင်၊
အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား။

စံကင်းဆရာတော်ထံ

# ကြွမ်လုံးလှသော ဦးရွှေခိုင်

ဆရာဆိုသည်မှာ ကြောက်စရာ မဖြစ်သင့်၊ ချစ်ခင်လေးစားစရာ အားကိုးစရာသာ ဖြစ်သင့်ပေသည်၊ ဆုံးမသည်ကိုလိုက်နာခြင်းသည် ကြောက်သောကြောင့် မဟုတ်၊ ချစ်ခင်လေးစားခြင်း အားကိုး ယုံကြည်ခြင်းကြောင့် ဖြစ်သည်၊ အကျင့်သိက္ခာနှင့် ပြည့်စုံမှု အဂတိကင်းအောင် ဆောင်ရွက်နိုင်မှုတို့သည် တပည့်များ၏ ချစ်ခင်လေးစားမှု အားကိုးယုံကြည်မှု၏ အကြောင်းများ ဖြစ်သည်၊ ဆရာတော်သည် ထိုအကြောင်းများနှင့် ပြည့်စုံအောင် အားထုတ်သည်၊ ထို့ကြောင့် တပည့်တို့က ချစ်ခင်လေးစားကြသည်၊ ယုံကြည်အားကိုးကြသည်။

> "ကို့ ကိုကလေးတွေက မကြောက်ကြဘူး၊ ကြောက်အောင်လဲ မလုပ်ဖူး၊ ပြောရတယ်၊ အပြစ်ဝန်ခံရတယ်၊ ဒို့နားမှာ ကလေးတွေက ပျော်တယ်"

ဆရာတော့် အနီးအပါးတွင် ကလေးများ နေရသည်၊ ဆော့ရသည်၊ နေ့ ၁၂-နာရီ အချိန်၌ ဆရာတော် ကျိန်းနေသော်လည်း အနီးတွင် ကလေးများ ရှိကြသည်။ ဆော့နေ

သည်ကို မတားမြစ်၊ ဆဲဆိုရန်ဖြစ် လူညင်လုပ်သည်ကိုသာ တား မြစ်သည်၊ ကျိန်းစက်၍ မဖြစ်သောအခါ ခေါ်၍ သူတို့ကြိုက် တတ်သော ဇာတ်ကြီးဆယ်ဖွဲ့၊ ငါးရာ့ငါးဆယ် ဝတ္ထုများကို ပြောပေးသည်၊ နားထောင်ရင်း အိပ်ကြသည်၊ သူတို့ အိပ်မှ ဆရာတော် ကျိန်းရသည်၊ (နောင်တွင် လက်ရေးရေးချိန်အဖြစ် သတ်မှတ်ပေး၏။)

ဆရာတော့်အနီး ကျောင်းသားကလေးများ ထိုသို့နေထိုင် သည်ကို အချို့ ဒကာကြီးများကမကြိုက်၊ ရှေးဘုန်းကြီးများလို ဖိမ့်ဖိမ့်တုန် ကြောက်ကြမှ ကောင်းသည်ထင်ကြ၏။ ထိုအထဲတွင် ဒကာကြီး ဦးရွှေခိုင် အပါအဝင်ဖြစ်၏၊ ထို့ကြောင့် ကြိမ်တလုံး ယူလာသည်၊ "ကျောင်းသားတွေ ဆော့တယ်၊ ဘုန်းကြီးကလဲ မရိုက်ဖူး၊ ကလေးဆိုတာ ရိုက်မှ"ဟု ဆိုကာ ကြိမ်လုံးကို လှူသည်။

"ဒကာကြီးကြိမ်က တယ်ကောင်းပါလား၊ ရိုက်ယင် သိတ်နာမှာပေါ့"

"ဒါမှ မဆော့မှာပေါ့ဘုရား"

"ဒကာကြီး ငယ်ငယ်က မဆော့ဘူးလား၊ ကလေး ဆော့တာ ဘာအပြစ်ရှိသလဲ၊ လောကဓမ္မအပြစ် မဖြစ်ဖို့ သာ အရေးကြီးပါတယ်"

ဒကာကြီး ဦးရွှေခိုင် ဘာမှပြန်၍ မလျှောက်သာတော့ပေ၊ အနီးအပါးမှ ချောင်း၍ နားထောင်နေကြသော ကျောင်းသားများက ဆရာတော့် စကားကို ကြားရသောအခါ ခွန်ပေါက်ပျော်မြူးကြ၏၊ ဆရာတော်သည် ကလေးများကိုများစွာအရေးပေးသည်၊ သူတို့ကို အရေးတယူပြု တိုင်ပင်သည့်အခါ တိုင်ပင်သည်၊ ကလေးများကလည်း မိမိတို့ ဉာဏ်မှီသမျှ အကြံပေးလျှောက်ထားကြသည်၊ ဤသို့ ဆရာတပည့် ရှိသေရင်းနှီးစွာ ဆက်ဆံမှုကို တွေ့မြင်ရသောအခါ ဆရာတော် ဦးစာရိတ္တ (ဝိသုဒ္ဓါရုံပုဒ်စစ် ဂဏ္ဌိကျမ်းပြု)သည် "ဆရာနဲ့တပဲ့ ဒီလို ရင်းရင်းနှီးနှီး ဆက်ဆံတာကို မတွေ့ဘူးဘူး၊ သားနဲ့ အဖလို ဆွေမျိုးသားချင်းလိုဘဲ၊ ရှိသေလေးစားမှုမပျက် တိုင်ပင်နှီးနှောပြီးနေကြတာကိုး" ဟု ဝမ်းမြောက်ဝမ်းသာချီးကျူးပြောဆိုဖူးလေသည်။

မော်လမြိုင်မြို့

သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့အတွက်

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

---

ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို ကြည်ညိုမြတ်နိုးသူတိုင်း ဗုဒ္ဓသာသနာတော် ကြာရှည်စွာ တည်တံ့ခြင်း ပြန့်ပွားတိုးတက်ခြင်းကို အလိုရှိကြမည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။ ယင်းသို့ အလိုရှိကြသူတိုင်း ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ရေး ပြန့်ပွား တိုးတက်ရေးကို အားပေး ဆောင်ရွက်ကြရမည်မှာလည်း မလွှဲမရှောင်သာသော တာဝန်ဝတ္တရားပင် ဖြစ်သည်။

သို့ဖြစ်ရာ မည်သည့်အလုပ်ကို မည်သို့ အားထုတ်သင့်သနည်း၊ မည်သို့ အားပေးသင့်သနည်းဟု လေးလေးနက်နက် ဆင်ခြင်ကြည့်လျှင် အောက်ပါအတိုင်း တွေ့ရပေလိမ့်မည်။

ဗုဒ္ဓသာသနာတော် ဟူသည်မှာ မြတ်စွာဘုရား၏ အဆုံးအမဖြစ်သော သီလအကျင့် သမာဓိအကျင့်ပညာအကျင့်ပင်ဖြစ်သည်။

ယင်းအကျင့် သုံးပါးဟူသော သာသနာတော်သည် ကျင့်သူတို့ ရှိမှ ထိုကျင့်သူ အဆက်ဆက်တို့၏ သန္တာန်၌ တည်တံ့ပြန့်ပွားနေ ပေသည်၊ ကျင့်သူမရှိလျှင်ကား မတည်တံ့ မပြန့်ပွားနိုင်ပေ။ ထိုအကျင့် သုံးပါးတို့တွင်လည်း သီလမျှ သမာဓိမျှကို ကျင့်ရုံဖြင့် ဗုဒ္ဓသာသနာတော်သည် အပြည့်အစုံ တည်တံ့ပြန့်ပွားသည်ဟု မဆိုနိုင်သေး၊ ပညာကိုပါ ကျင့်သုံးပွားများမှသာလျှင် အပြည့် အစုံ တည်တံ့ပြန့်ပွားသည်ဟု ဆိုနိုင်ပေသည်။ သို့ဖြစ်၍ ဗုဒ္ဓ သာသနာတော်တည်းဟူသော သဒ္ဓမ္မ၏ အရှည်တည်တံ့နိုင်ရေး မတည်တံ့နိုင်ရေးကို မြတ်စွာဘုရားက အောက်ပါအတိုင်း ထုတ် ဖော်ဟောကြားတော် မူခဲ့ပေသည်။

စတုန္နံ ခေါ ဗြာဟ္မဏ သတိပဋ္ဌာနာနံ အဘာဝိတတ္တာ
အဗဟုလီကတတ္တာ တထာဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော
န စိရဋ္ဌိတိကော ဟောတိ၊ စတုန္နဉ္စ ခေါ ဗြာဟ္မဏ
သတိပဋ္ဌာနာနံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ တထာ
ဂတေ ပရိနိဗ္ဗုတေ သဒ္ဓမ္မော စိရဋ္ဌိတိကော ဟောတိ။
(သတိပဋ္ဌာန သံယုတ်ပါဠိ ၁၅၁)

ဗြာဟ္မဏ- ပုဏ္ဏား။ စတုန္နံ သတိပဋ္ဌာနာနံ- လေးပါးသော သတိပဋ္ဌာန်တို့ကို၊ အဘာဝိတတ္တာ- ဆရာတပည့် အဆက်ဆက် မပွားစေခြင်းကြောင့်၊ အဗဟုလီကတတ္တာ- ဆရာတပည့် အဆက် ဆက် အကြိမ်များစွာ မပြုခြင်းကြောင့်၊ တထာဂတေ ပရိနိဗ္ဗု တေ- မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားသောအခါ၊ သဒ္ဓမ္မော-

သူတော်ကောင်း တရားဟူသော သာသနာတော်သည်၊ နစိရဋ္ဌိတိကော- ရှည်မြင့်စွာ မတည်သည်၊ ဟောတိ- ဖြစ်၏။ ဗြာဟ္မဏ- ပုဏ္ဏား၊ စတုန္နဉ္စ ခေါ သတိပဋ္ဌာနာနံ- လေးပါးသော သတိပဋ္ဌာန်တို့ကိုပင်လျှင်၊ ဘာဝိတတ္တာ - ဆရာတပည့်အဆက်ဆက်ပွားစေခြင်းကြောင့်၊ ဗဟုလီကတတ္တာ- ဆရာတပည့်အဆက်ဆက် အကြိမ်များစွာ ပြုခြင်းကြောင့်၊ တထာဂတေ ပရိနိဗ္ဗုတေ- မြတ်စွာဘုရား ပရိနိဗ္ဗာန် စံသွားသောအခါ၊ သဒ္ဓမ္မော- သူတော်ကောင်း တရားဟူသော သာသနာတော်သည်၊ စိရဋ္ဌိတိကော- ရှည်မြင့်စွာတည်သည်၊ ဟောတိ-ဖြစ်၏။

အဆက်ပါ ဘုရားအမိန့်တော် အရအားဖြင့် ဗုဒ္ဓသာသနာတော် ရှည်စွာတည်စေလိုလျှင် သတိပဋ္ဌာန်လေးပါး ပွားများရေးကို အားပေးသင့်သည် အားထုတ်သင့်သည်-ဟူသောအချက်သည် ပေါ်လွင်ထင်ရှားလျက် ရှိပေ၏။ ထို့ပြင် ဒီဃနိကာယ် မဟာဝဂ္ဂ မဟာပရိနိဗ္ဗာနသုတ်၌ ရဟန္တာအထိ ဗုဒ္ဓသာသနာတော် မကွယ်ပပဲ တည်မြဲတည်တံ့ရေး ပြန့်ပွားတိုးတက်ရေးကို မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်တော်မူခဲ့ပေသည်။

ဣမေ စ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။

သုဘဒ္ဒ- သုဘဒ် ပရိဗိုဇ်။ ဣမေ ဘိက္ခူ- ဤတကျိပ်နှစ်ပါးသော ရဟန်းတို့သည်၊ သမ္မာ ဝိဟရေယျုံ- ကောင်းစွာနေကုန်ငြားအံ့၊ လောကော- လောကသည်၊ အရဟန္တေဟိ- ရဟန္တာတို့မှ၊ အသုညော- မဆိတ်မသုဉ်းသည်၊ အဿ- ဖြစ်လေရာ၏။

အထက်ပါ မိန့်ခွန်းတော် အရအားဖြင့် ဘိက္ခုမည်သော တကျိပ်နှစ်ပါးသော ပုဂ္ဂိုလ်တို့၏ ကောင်းစွာနေခြင်းသည် ရဟန္တာ မဆိတ်မသုဉ်းသည်အထိ သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် လိုရင်းလုပ်ငန်း ဖြစ်ကြောင်း သိရ၏။ တကျိပ်နှစ်ပါးသော ဘိက္ခု- ရဟန်းတို့ ဟူသည်မှာ အဘယ်သို့သော ပုဂ္ဂိုလ်တို့နည်း၊ အဘယ်သို့နေလျှင် ကောင်းစွာနေခြင်း ဖြစ်သနည်းဟူသော မေးခွန်းကို အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ပြတော်မူခဲ့ပေ၏။

စတုန္နံ မဂ္ဂါနံ အတ္ထာယ အာရဒ္ဓဝိပဿကေဟိ စတူဟိ မဂ္ဂဋ္ဌေဟိ စတူဟိ ဖလဋ္ဌေဟိ စတူဟိတိ ဒွါဒသဟိ သမဏေဟိ သုညာ ပရပ္ပဝါဒါ တုစ္ဆာ ရိတ္တကာ။ ဣမေ စ သုဘဒ္ဒါတိ ဣမေ ဒွါဒသ ဘိက္ခူ။ သမ္မာ ဝိဟရေယျုန္တိ ဧတ္ထ သောတာပန္နော အတ္တနော အဓိဂတဋ္ဌာနံ အညဿ ကထေတွာ တံ သောတာပန္နံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ သေသေသုပိ ဧသေဝ နယော။ သကဒါဂါမိ အာဒီသု။ ပ။ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ အညမ္ပိ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကံ ကရောန္တော သမ္မာ ဝိဟရတိ နာမ။ သေ နယော သေသမဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကေသု။ ဣဒံ သန္ဓာယာဟ "သမ္မာ ဝိဟရေယျုန္တိ"။ အသုညော လောကော အရဟန္တေဟိ အဿာတိ နဠဝနံ သရဝနံ ဝိယ နိရန္တရော အဿ။ (၁၇၁)

စတုန္နံ မဂ္ဂါနံ အတ္ထာယ- မဂ်လေးပါးကို ရရန်အတွက် အာရဒ္ဓဝိပဿကေဟိ- စတုဟိ- အားထုတ်စပြုခဲ့ပြီး၍ ဥဒယဗ္ဗယ ဉာဏ် စသည်သို့ ရောက်နေသော ဝိပဿနာရှုနေဆဲ ယောဂီ လေးပါးတို့မှလည်းကောင်း၊ မဂ္ဂဋ္ဌေဟိ စတူဟိ- မဂ်၌ တည်ဆဲပုဂ္ဂိုလ် လေးပါးတို့မှလည်းကောင်း၊ ဖလဋ္ဌေဟိ- စတူဟိ- ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးပါးတို့မှလည်းကောင်း၊ ဣတိဒွါဒသဟိ သမဏေဟိ- ဤတကျိပ် နှစ်ပါးသော ကိလေသာငြိမ်းသူ (သမဏ) ရဟန်းတို့မှ၊ ပရပ္ပဝါဒါ- ဗုဒ္ဓသာသနာတော်မှ တပါးသောဝါဒ ဘာသာရေး တရားတို့သည်၊ သုညာ- ဆိတ်ကုန်၏၊ တုစ္ဆာ ရိတ္တကာ- အချည်း နှီးမျှ ကင်းပကုန်၏။ ဣမေ စ သုဘဒ္ဒါတိ- ဟူရာ၌ ဣမေ- ပုဒ်၏အရကား၊ ဣမေဒွါဒသ ဘိက္ခူ- ဤတကျိပ်နှစ်ပါးသော ရဟန်းတို့သည် (ဟုဆိုလို၏)။ သမ္မာဝိဟရေယျုန္တိ-ကောင်းစွာ နေကုန်ငြားအံ့- ဟူသော၊ ဧတ္ထ- ဤပုဒ်၌ (ဆိုလိုသည်မှာ)၊ သောတာပန္နော-သောတာပန်သည်၊ အတ္တနော အဓိဂတဌာနံ- မိမိရထားသော အရာကို၊ အညဿ ကထေတွာ- အခြားသူအား ပြော၍၊ တံ-ထိုသူကို၊ သောတာပန္နံ ကရောန္တော- သောတာပန် ဖြစ်အောင် ပြုလုပ်နိုင်သည်ရှိသော် သမ္မာ ဝိဟရတိ- နာမ ကောင်းစွာနေသည်မည်၏။ သကဒါဂါမိ အာဒီသု- သက ဒါဂါမ်ပုဂ္ဂိုလ် စသည်တို့၌၊ ဧသ နယော၊ ဤနည်းအတိုင်းပင် သိအပ်၏။ ပ။ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓဝိပဿကော— သောတာ ပတ္တိ မဂ်ကို ရရန်အတွက် အားထုတ်စ ပြုခဲ့ပြီး၍ ဥဒယဗ္ဗယဉာဏ် စသည်သို့ ရောက်နေသော ဝိပဿနာရှုသူ ယောဂီသည်၊ အတ္တနော ပဂုဏံ ကမ္မဋ္ဌာနံ ကထေတွာ- မိမိမှာ

ကျေပြွန်နေသော ကမ္မဋ္ဌာန်းကို ပြောကြား၍၊ အညမ္ပိ- အခြား သူကိုလည်း၊ သောတာပတ္တိ မဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကံ ကရောန္တော- သောတာပတ္တိမဂ်ကို ရရန်အားထုတ်၍ ဥဒယဗ္ဗယ ဉာဏ် စသည်သို့ရောက်သော ဝိပဿနာရှုသူဖြစ်အောင် ပြုနိုင် သည်ရှိသော်၊ သမ္မာ ဝိဟာရတိနာမ- ကောင်းစွာ နေသည်မည် ၏။ သေသမဂ္ဂတ္ထာယ အာရဒ္ဓ ဝိပဿကေသု- ကြွင်းသော သကဒါဂါမိမဂ် အနာဂါမိမဂ် အရဟတ္တ မဂ်တို့ကိုရရန် အား ထုတ်သော ဝိပဿနာ ယောဂီတို့၌၊ သေ နယော- ဤနည်း အတိုင်းပင်သိအပ်၏။ ဣဒံ သန္ဓာယ- ဤသို့သော အနက်ကို ရည်၍၊ သမ္မာဝိဟရေယျုန္တိ- ကောင်းစွာ နေကုန်ငြားအံ့ဟူ၍၊ အာဟ- မိန့်တော်မူပေသည်။ အသုညော လောကော အရ ဟန္တေဟိ အဿာတိ- လောကသည် ရဟန္တာတို့မှ မဆိတ်မသုဉ်း သည် ဖြစ်လေရာ၏- ဟူရာ၌ (မဆိတ်မသုဉ်းပုံ ဥပမာကား)၊ နဠဝနံ ဝိယ- ကျူတောကဲ့သို့၎င်း၊ သရဝနံ ဝိယ- မြား မြက်တော ကဲ့သို့၎င်း၊ နိရန္တရော- ပြတ်စဲခြင်းမရှိသည်၊ အဿ- ဖြစ်လေ ရာ၏ (ဟုဆိုလို၏)။

အထက်ပါ အဋ္ဌကထာ အရအားဖြင့် သောတာပန်ပုဂ္ဂိုလ် သည် မိမိရထားသော တရားထူးနှင့်စပ်၍ ပြောသင့်သမျှကို အခြားသူအား ပြောကြားပြီးလျှင် ဝိပဿနာ တရားအားထုတ် အောင် တိုက်တွန်းရမည်၊ ထိုသို့ ပြောဟောတိုက်တွန်း၍ ထို အခြားသူကို သောတာပန် ဖြစ်အောင် ဆောင်ရွက်နိုင်လျှင် ကောင်းစွာ နေသည်မည်ပါသတဲ့။ ထို့အတူပင် သကဒါဂါမိ-

အနာဂါမ် ရဟန္တာ တို့ကလည်း အောက်ထစ်ဆုံးအားဖြင့် မိမိကဲ့သို့ သကဒါဂါမ် အနာဂါမ် ရဟန္တာ တပါးစီ ဖြစ်အောင် ပြောဟော ဆောင်ရွက်နိုင်လျှင် ကောင်းစွာနေသည် မည်ပါသတဲ့။ အဲဒါဟာ အရိယာဖြစ်ပြီးပုဂ္ဂိုလ်များ၏ သာသနာတော်တည်တံ့ ပြန့်ပွားရေးအတွက် ကောင်းစွာနေပုံ ဆောင်ရွက်ပုံဖြစ်သည်။

ဝိပဿနာရှုသဲ ယောဂီသည်လည်း မိမိက ဥဒယဗ္ဗယဉာဏ်စသည်ကို ရောက်ပြီး အာရဒ္ဓဝိပဿက ဖြစ်နေလျှင် မိမိမှာ ကျေပြွန်နေတဲ့ ကမ္မဋ္ဌာန်းကို သူတပါးအား ပြောဟောပြီး ဝိပဿနာတရား အားထုတ်အောင် တိုက်တွန်းပေးရမည်။ အဲဒီလို တိုက်တွန်းပေးသည့်အတွက် အနည်းဆုံး အခြားသူတယောက် မိမိလိုပင် ဥဒယဗ္ဗယဉာဏ် စသည်ကိုရောက်ပြီး အာရဒ္ဓဝိပဿက ဖြစ်လျှင် အဲဒီလို တိုက်တွန်းပေးသော ဝိပဿနာရှုသဲ ယောဂီဟောင်းသည်လည်း ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေး အတွက် ကောင်းစွာနေသည် မည်ပါသတဲ့။ ဘာကြောင့်လဲ ဆိုလျှင် ဥဒယဗ္ဗယဉာဏ်စသည်နှင့် ပြည့်စုံသော ယောဂီသည် ဆက်လက် အားထုတ်သွားလျှင် မကြာမီပင် သောတာပန် ဖြစ်နိုင်သည်၊ သောတာပန်ဖြစ်ပြီးလျှင် ရဟန္တာအထိ ဖြစ်တော့မည်မှာ ကေန်မုချပင် ဖြစ်ပေသည်။ သို့ဖြစ်၍ အာရဒ္ဓဝိပဿက ယောဂီက အခြားသူကို မိမိကဲ့သို့ပင် အာရဒ္ဓဝိပဿကယောဂီ ဖြစ်အောင် ပြောဟောတိုက်တွန်းပေးခြင်းသည် လောကမှာ

ရဟန္တာအထိ ဗုဒ္ဓသာသနာတော် မဆိတ်မသုဉ်းအောင် တည်တံ့ပြန့်ပွားအောင် ကောင်းစွာနေခြင်း ဖြစ်ပါပေသည်။

ဥပမာအားဖြင့်—ကျူတောမှာ အပင်အိုကြီးများက ပျက်စီးသွားကြသော်လည်း သားတက် အပင်ပျိုကလေးများက ကျန်နေသောကြောင့် ပျက်စီးကြောင်း အန္တရာယ်မရှိပါမူ နှစ်ပေါင်းသိန်းသန်းကုဋေမက ထိုကျူတောဟာ တည်ရှိမြဲ တည်ရှိနေသည်နှင့်လည်း တူပေ၏၊ အဆက်ဆက်တည်နေသော မြှားမြက်တောနှင့်လည်း တူပေ၏၊ ထို့ကြောင့် အဋ္ဌကထာမှာ နဠဝနံ သရဝနံ ဝိယ - ကျူတော၊ မြှားမြက်တော ကဲ့သို့ပင် ရဟန္တာ အထိ သာသနာတော် မပြတ်မစဲ မဆိတ်မသုဉ်းပဲ တည်မြဲ တည်တံ့သွားနိုင်ကြောင်း ပြဆိုတော်မူခြင်းဖြစ်ပေသည်။

ဒါကြောင့် ဝိပဿနာတရားကို အထိုက်အလျောက် အားထုတ်ဘူးတဲ့ ယောဂီဟောင်းများက သူတပါးတို့ကိုလည်း မိမိတို့ကဲ့သို့ပင် ဝိပဿနာတရား အားထုတ်ချင်အောင် အားထုတ်နိုင်အောင် ဟောပြော တိုက်တွန်းပေးသော လုပ်ငန်းဟာ ဗုဒ္ဓသာသနာတော် တည်တံ့ရေးပြန့်ပွားရေးအတွက် အထိရောက်ဆုံး အကောင်းဆုံးလုပ်ငန်းဖြစ်ကြောင်း ထင်ရှား သိရတယ်။ ယခုမော်လမြိုင်မြို့က သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ပြီး ဗုဒ္ဓသာသနာတော် တည်တံ့ပြန့်ပွားရေးအလုပ်ကို အားထုတ်နေကြတာဟာ အင်မတန် သဘာဝကျပါတယ်၊ ဆောင်ရွက်ကြပုံ အခြေအနေကို တွေ့မြင်ရခြင်း အားဖြင့်လဲ အင်မတန်အားရစရာကောင်းပါတယ်။ ဘာကြောင့်လဲဆိုလျှင်—

ဒီ သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့ကို ၁၃၃၁-ခုနှစ်က စပြီး ဖွဲ့စည်းတည်ဆောင်ခဲ့တယ်၊ ဖွဲ့စည်းတည်ထောင်ပြီး မနေမနား ကြိုးစား ဆောင်ရွက်ခဲ့ကြတယ်၊ သတိပဋ္ဌာန်ဝိပဿနာ ပြန့်ပွားရေးအတွက် မရှိမဖြစ်သော (၁) ကမ္မဋ္ဌာနာစရိယ သီတင်းသုံးရန် မဟာစည်ကျောင်းတော်ကြီး၊ (၂) အမျိုးသမီး ယောဂီများ နေထိုင် အားထုတ်ရန် အမျိုးသမီး ကမ္မဋ္ဌာန်း ကျောင်းဆောင်ကြီး၊ (၃) အမျိုးသားယောဂီများ နေထိုင် အားထုတ်ရန် အမျိုးသားကမ္မဋ္ဌာန်းကျောင်းဆောင်ကြီး၊ (၄) ချက်ပြုတ်ကျွေးမွေးပြုစုရေးအတွက် ကျောင်းဆောင်များ၊ (၅) သန္တိမုခဓမ္မာရုံကြီး အစရှိသော အဆောက်အဦများကို ငါးနှစ်အတွင်းမှာပင် ခမ်းခမ်းနားနား တင့်တင့်တယ်တယ်နှင့် ပြီးစီး ပြည့်စုံအောင် ဆောင်ရွက်ကြသည်ကို တွေ့မြင်ရသောကြောင့် အင်မတန်အားရစရာကောင်းတယ်လို့ ချီးမွမ်းရခြင်းဖြစ်ပါတယ်၊ ဒီလောက် ကြီးကျယ်သော အဆောက်အဦများ ဒါလောက် မြန်မြန် ပြီးစီးသွားတာ ဘာကြောင့်လဲလို့ စိစစ်ကြည့်လျှင် တာဝန်ရှိသော ခေါင်းဆောင်အဖွဲ့ဝင်များက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ထက်ထက်သန်သန်ဆောင်ရွက်ကြခြင်းကြောင့် ၎င်း၊ အားလုံးသောအဖွဲ့ဝင်များနှင့် စေတနာရှင်များက ညီညီညွတ်ညွတ် တက်တက်ကြွကြွ ထက်ထက်သန်သန်နှင့် လှူဒါန်းကြခြင်း ကူညီအားပေးကြခြင်းကြောင့်၎င်း ဖြစ်သည်ကို တွေ့ရပေလိမ့်မယ်။

ဒါကြောင့် ဒီပဋိပတ္တိ သာသနာ့အဆောက်အဉီကြီးတွေကို ကြည့်ပြီးလျှင် သက်ဆိုင်ရာအဖွဲ့ဝင်များရော အခြားစေတနာရှင်

များရော အလွန်ပင် ဝမ်းမြောက်စရာကောင်းပါတယ်။ ထိုထက်သာပြီး ဝမ်းမြောက်စရာကောင်းတာကတော့ ဒီ တောင်ဝိုင်းမဟာစည်သာသနာ့ရိပ်သာမှာ ၁၅-ရက် တလ တလခွဲ စသည်ဖြင့် ရက်ရှည်နေပြီး နေ့ရော ညဉ့်ပါ မပြတ်မစဲ အားထုတ်နေကြတဲ့ ရဟန်း ရှင် လူ အမျိုးသား အမျိုးသမီး ယောဂီတွေ တဆယ်ကျော် နှစ်ဆယ်စသည်ဖြင့် မပြတ်ရှိနေသည့်ပြင် ဒီရိပ်သာကို စ၍ဖွင့်သည်မှ ယခုအထိ ငါးနှစ်ခန့် အတွင်းမှာ ယောဂီပေါင်း (၁၀၄၆)ကျော် ရှိနေပြီဖြစ်သောကြောင့် သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအတွက် ထိုမျှသောပုဂ္ဂိုလ်တို့၏သန္တာန်မှာ သတိပဋ္ဌာန်ဝိပဿနာတရား ပြန့်ပွားသွားပေပြီဟု ဆင်ခြင်ကြည့်လျှင် အလွန်ပင် ဝမ်းမြောက်စရာကောင်းလှပါပေသည်။ ထို့ပြင် သတိပဋ္ဌာန်ဝိပဿနာတရားပြန့်ပွားစေရန် ဒီရိပ်သာဌာနကြီးက မားမားမတ်မတ် အခိုင်အမာတည်ရှိနေသည့်အတွက် နှစ်ပေါင်းများစွာသော နောင်အခါကာလတွေမှာလဲ လာရောက် အားထုတ်ကြမည့် ရဟန်း ရှင် လူ ယောဂီပေါင်းများစွာတို့၏သန္တာန်မှာ သတိပဋ္ဌာန် ဝိပဿနာပဋိပတ်တရားတွေ အဆက်မပြတ်များစွာပင် တည်တံ့ပြန့်ပွားသွားကြပေလိမ့်မည်၊ ထိုသို့ ပဋိပတ္တိသာသနာတော် ရှည်စွာ တည်တံ့သွားခြင်းနှင့် လောက၌ ဝိပဿနာယောဂီများ ရဟန္တာအထိအရိယာများ မဆိတ်မသုဉ်းပဲ တည်တံ့သွားခြင်းများလည်း ပြီးစီးသွားပေလိမ့်မည်၊ ထိုသို့ပြီးစီးအောင် ငါတို့ဆောင်ရွက်ကြရပေသည်၊ သာသနာပြုကြရပေသည်ဟု ဆင်ခြင်ကြည့်လျှင် အလွန့်အလွန်ပင် ဝမ်းမြောက်ဖွယ်ကောင်းလှပေသည်။

သို့ဖြစ်၍ သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကာ အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြရသည်များကို ဝမ်းမြောက်စွာနှင့် နှလုံးသွင်းကြ ဂုဏ်ယူကြပြီးလျှင် အရှည်တည်တံ့ရေး တိုးတက်သည်ထက်တိုးတက်ရေးများအတွက်လည်း ညီညီညွတ်ညွတ် တက်ဘက်ကြွကြွ ထက်ထက်သန်သန်နှင့် ဆုတ်နစ်ခြင်းမရှိပဲ ရှက်ဆောင်မြဲ ရှက်ဆောင်သွားကြမည် ဟူ၍လည်း နှလုံးသွင်း အဓိဋ္ဌာန်ပြုကာ ကောင်းစွာ ဆောင်ရွက်သွားကြစေလိုပါ၏။ အဘယ်ကြောင့်ဆိုသော်—

မညီညွတ်လျှင် မည်သည့်ကိစ္စမျှ မအောင်မြင်နိုင်၊ ညီညွတ်မှသာ အောင်မြင်နိုင်ပေသည်။ သို့ဖြစ်၍ သတိပဋ္ဌာန်ဝိပဿနာပြန့်ပွားရေးအဖွဲ့ကြီးနှင့်စပ်၍ဖြစ်စေ၊ အဖွဲ့ဝင်များနှင့်စပ်၍ဖြစ်စေ၊ တောင်ဝိုင်းမဟာစည်သာသနာ့ရိပ်သာဌာနနှင့်စပ်၍ဖြစ်စေ မိမိတို့စွမ်းနိုင်သမျှ မေတ္တာကာယကံဖြင့် ဆောင်ရွက်မည်၊ မေတ္တာဝစီကံဖြင့် ဆောင်ရွက်မည်၊ မေတ္တာမနောကံဖြင့် ဆောင်ရွက်မည်ဟု အဓိဋ္ဌာန်ကိုလဲ ပြုထားကြစေလို၏။

ဤအရာ၌ မေတ္တာကာယကံဟူသည်မှာ အဖွဲ့အတွက်ဖြစ်စေ၊ အဖွဲ့ဝင်တဦးတယောက်အတွက်ဖြစ်စေ၊ ရိပ်သာဌာနအတွက်ဖြစ်စေ အကျိုးများအောင် မိမိစွမ်းနိုင်သမျှ ကိုယ်ဖြင့် ပြုလုပ်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။

မေတ္တာဝစီကံ ဟူသည်မှာလည်း ထိုအတူပင် အကျိုးများအောင် မိမိစွမ်းနိုင်သမျှ နှုတ်ဖြင့် ပြောဆိုဆောင်ရွက်ခြင်းပင်ဖြစ်သည်၊ မိမိကိုယ်တိုင်က သူတပါးအပြစ်ကိုမပြောခြင်း၊ တစုံ

တယောက်က အခြားသူ၏အပြစ်ပြောနေသည်ကို ကြားရလျှင် တားမြစ်ကာကွယ်၍ ပြောဆိုခြင်းများလည်း ဤမေတ္တာဝစီကံ၌ အပါအဝင်ပင် ဖြစ်သည်။ ဤမေတ္တာဝစီကံသည် ညီညွတ်ရေး အတွက် အထူးပင် အရေးကြီးလှပေ၏။

မေတ္တာမနောကံ ဟူသည်မှာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ကျရောက်ရာ တာဝန်ကို ဆောင်ရွက်နေကြရာ၌ ချောချော မောမော အောင်မြင်ပါစေ ပြီးမြောက်ပါစေ-စသည်ဖြင့် နှလုံး သွင်းခြင်း မေတ္တာဘာဝနာပွားခြင်းပင်ဖြစ်သည်။

ဤသို့ မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံတို့ အရ ဆောင်ရွက်ပွားများနေလျှင် သတိပဋ္ဌာန်ဝိပဿနာပြန့်ပွား ရေးအဖွဲ့ကြီးနှင့် ဤတောင်ဝိုင်း မဟာစည်ရိပ်သာဌာနတို့ကို ကြီးပွားတိုးတက်စေရုံမျှမကပဲ ယင်း မေတ္တာပွားနေသောပုဂ္ဂိုလ် မှာလည်း အများ၏ချစ်ခင်ကြည်ညိုခြင်း၊ လေးစားခြင်း စသော အကျိုးထူးများကို လက်ငင်းပင်ရမည်မှာ ဧကန်ပင်ဖြစ်ပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက သာရဏီယခေါ် အောက်မေ့ဖွယ် တရား ၆-ပါးထဲမှာ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ ပေသည်။

> ဣဓ ဘိက္ခဝေ ဘိက္ခုနော မေတ္တံ ကာယကမ္မံ ပစ္စု-
> ပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိစေဝ ရဟော စ။
> အယမ္ပိ ဓမ္မော သာရဏီယော ပိယကရဏော ဂရု-
> ကရဏော သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ
> ဧကီ ဘာဝါယ သံဝတ္တတိ။

ဘိက္ခဝေ - ရဟန်းတို့၊ ဣဓ - ဤသာသနာတော်၌၊ ဘိက္ခု နော - ရဟန်း၏၊ မေတ္တံ ကာယကမ္မံ - ချမ်းသာစေလိုသည့် မေတ္တာ စိတ်နှင့် ယှဉ်သော ကိုယ်ဖြင့် ဆောင်ရွက်မှုသည်၊ သဗြဟ္မစာရီသု- အတူကျင့်ဖက် ဆောင်ရွက်ဖက်ဖြစ်သော ပုဂ္ဂိုလ်တို့၌၊ အာဝိစေဝ ရဟော စ - မျက်မှောက်မှာရော၊ မျက်ကွယ်မှာရော၊ ပစ္စုပဋ္ဌိတံ- ရှေးရှုထင်သည်၊ ဟောတိ- ဖြစ်၏။ အယမ္ပိ ဓမ္မော- မေတ္တာကာယကံဖြင့် ဆောင်ရွက်ခြင်းဟူသော ဤတရားသည် လည်း၊ သာရဏီယော- အသက်ထက်ဆုံး သူ့ဂုဏ်ကို အောက်မေ့ စေတတ်သော ဂုဏ်ထူးပါပေတည်း၊ ပိယကရဏော- ချစ်ခင် ကြည်ညိုစေတတ်သော ဂုဏ်ထူးပါပေတည်း၊ ဂရုကရဏော- အလေးပြု စေတတ်သော ဂုဏ်ထူးပါပေတည်း၊ သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တတိ- စည်းလုံး ရန် မငြင်းခုံရပဲ ညီညွတ်ရန် တပေါင်းတည်းဖြစ်ရန်အတွက် ဖြစ် ပါပေသည်။

အထက်ပါ ဘုရားမိန့်ခွန်းတော်ကို တိုတိုနှင့် ဆောင်မှတ်ပြီး ကျင့်သုံးရအောင် အောက်ပါအတိုင်း ဆောင်ပုဒ် စီထားတယ်။

> မေတ္တာရှေးရှု၊ ကိုယ်မှုထင်လျှင်၊ သူ့ဂုဏ်အောက်မေ့
> ညွှတ်နေ့အစဉ်၊
>
> ရိုသေလေးစား သနားခင်မင်၊ ညီညွတ်ရေး အားပေး
> ထာဝစဉ်၊

နောက်ပြီးတော့ မေတ္တာဝစီကံနှင့် မေတ္တာမနောကံတို့ကို လည်း မြတ်စွာဘုရားက အောက်ပါအတိုင်း ဟောကြားတော် မူခဲ့ပေသည်။

ပုန စပရံ ဘိက္ခဝေ ဘိက္ခုနော မေတ္တံ ဝစီကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိစေဝ ရဟောစ။ အယမ္ပိ ဓမ္မော သာရဏီယော ပိယကရဏော ဂရုကရဏော သင်္ဂဟာယ အဝိဝါဒါယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တတိ။

ပုနစပရံ ဘိက္ခဝေ ဘိက္ခုနော မေတ္တံ မနောကမ္မံ ပစ္စုပဋ္ဌိတံ ဟောတိ သဗြဟ္မစာရီသု အာဝိစေဝ ရဟောစ။ အယမ္ပိ ဓမ္မော သာရဏီယော ပိယကရဏော ဂရုကရဏော သင်္ဂဟာယ အဝိဝါဒါရ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တတိ။

ဘိက္ခဝေ- ရဟန်းတို့၊ ပုနစ- တဖန်လည်း၊ အပရံ- တပါး သော၊ သာရဏီယ- တရားကား၊ ဘိက္ခုနော- ရဟန်း၏၊ မေတ္တံ ဝစီကမ္မံ- ချမ်းသာစေလိုသည့် မေတ္တာစိတ်နှင့် ယှဉ်သော နှုတ်ဖြင့် ပြောဆိုဆောင်ရွက်မှုသည်၊ သဗြဟ္မစာရီသု- အတူ ကျင့်ဖက် ဆောင်ရွက်ဖက် ဖြစ်သော ပုဂ္ဂိုလ်တို့၌၊ အာဝိစေဝ ရဟောစ- မျက်မှောက်မှာရော မျက်ကွယ်မှာရော၊ ပစ္စုပဋ္ဌိတံ- ရှေးရှုထင်သည်၊ ဟောတိ- ဖြစ်၏။ အယမ္ပိ ဓမ္မော-မေတ္တာ ဝစီကံဖြင့် ဆောင်ရွက်ခြင်း ဟူသော ဤတရားသည်လည်း၊ သာရဏီယော- အသက်ထက်ဆုံး သူ့ဂုဏ်ကို အောက်မေ့စေတတ်

သော ဂုဏ်ထူးပါပေတည်း၊ ပိယကယကော- ချစ်ခင်ကြည်ညိုစေတတ်သော ဂုဏ်ထူးပါပေတည်း၊ ဂရုကရဏော- အလေးပြုစေတတ်သော ဂုဏ်ထူးပါပေတည်း၊ သင်္ဂဟာယ အဝိဝါဒယ သာမဂ္ဂိယာ ဧကီဘာဝါယ သံဝတ္တတိ- စည်းလုံးရန် မငြင်းခုံရပဲ ညီညွတ်ရန်-တပေါင်းတည်း ဖြစ်ရန်အတွက် ဖြစ်ပါပေသည်။

ဘိက္ခဝေ- ရဟန်းတို့၊ ပုန စ- တဖန်လည်း၊ အပရံ- တပါးသော၊ သာရဏီယ- တရားကား၊ ဘိက္ခုနော- ရဟန်း၏၊ မေတ္တံ မနောကမ္မံ- ချမ်းသာစေလိုသည့် မေတ္တာစေတ်နှင့် ယှဉ်သော စိတ်ဖြင့် ကြံစည်ပွားများမှုသည်၊ သဗြဟ္မစာရီသု.... ဟောတိ- ဖြစ်၏။အယမ္ပိ ဓမ္မော မေတ္တာမနောကံဖြင့် နှလုံးသွင်းကြံစည်မှုဟူသော ဤတရားသည်လည်း၊ သာရဏီယော.... သံဝတ္တတိ- စည်းလုံးရန် မငြင်းခုံရပဲ ညီညွတ်ရန် တပေါင်းတည်း ဖြစ်ရန် အတွက် ဖြစ်ပါပေသည်။

အထက်ပါ ဘုရားမိန့်ခွန်းတော် ၂-ရပ်အရ ဆောင်ပုဒ်များကိုလဲ အောက်ပါအတိုင်း စီထားတယ်။

မေတ္တာရှေ့ထား စကားချိုလျှင်၊ သူ့ဂုဏ်အောက်မေ့ ညဥ့်နေ့အစဉ်၊

ရှိသေလေးစား သနားခင်မင်၊ ညီညွတ်ရေး အားပေးထားစဉ်၊

မေတ္တာရှေ့သွား စိတ်ထားဖြူလျှင်၊ သူ့ဂုဏ်အောက်မေ့ ညွှတ်နေ့အစဉ်၊
ရှိသေလေးစား သနားခင်မင်၊ ညီညွတ်ရေး အားပေးထာဝစဉ်။

## နိဂုံးချုပ် ဆုတောင်းပတ္ထနာ

နိဂုံးချုပ်အားဖြင့် မော်လမြိုင်မြို့ သတိပဋ္ဌာန် ဝိပဿနာ ပြန့်ပွားရေး အဖွဲ့ဝင် သူတော်ကောင်းတို့သည် အဖွဲ့၏ လုပ်ငန်းစဉ်အရ ဆောင်ရွက် လှူဒါန်းခဲ့ပြီးသော ကောင်းမှုများနှင့်စပ်၍ မြတ်စွာဘုရား၏ အလိုတော်ကျ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ရေး သတိပဋ္ဌာန် ဝိပဿနာ အကျင့်လမ်းမှန် ပြန့်ပွားရေးအတွက် အခြေအမြစ် အဖြစ်ဖြင့် ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ပူဇော်ကြရ ပါပေပြီဟု နှလုံးသွင်းလျက် အစဉ်မပြတ် ဝမ်းမြောက်နိုင်ကြပါစေ။

ဝမ်းမြောက်ကြလျက် သတိပဋ္ဌာန် ဝိပဿနာ ပြန့်ပွားရေး အဖွဲ့၏ သာသနာပြုလုပ်ငန်းကို တိုးတက်သည်ထက် တိုးတက်အောင် မပျက်မကွက် ဆက်လက် ဆောင်ရွက်နိုင်ကြပါစေ၊

မိမိတို့ သန္တာန်၌လည်း သတိပဋ္ဌာန် ဝိပဿနာ သာသနာဘော် ပြည့်စုံသည်ထက် ပြည့်စုံစွာ တိုးတက် တည်တံ့အောင် ကျင့်သုံးအားထုတ် နိုင်ကြပါစေ။

ဤသို့ဆောင်ရွက် ကျင့်သုံးခြင်းဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကို အရှည်တည်တံ့ ပြန့်ပွားစေနိုင်သည့်ပြင် မိမိတို့ အလိုရှိအပ်သော လောကီချမ်းသာ မင်္ဂလာ အပေါင်းနှင့်တကွ အလိုရှိအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်ကြပါစေ။

၁၃၃၆-ခု
နယုန်လဆန်း ၉-ရက်။
(၂၉-၅-၇၄)

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ
မဟာစည် ဆရာတော်

# စံကင်းဆရာတော် ဩဝါဒ

နှစ်ရွာ့တရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။

မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။

အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာလုံး။

မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။

မေတ္တာရန့်၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး။

မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။

မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်း စိတ်နှလုံး။

စံကင်းဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

## အမတာပဏ နိဗ္ဗာန်စျေး

၁၃၂၂-ခုနှစ်၊ ပြာသိုလဆန်း ၁၁-ရက် အင်္ဂါနေ့ နေ့လယ် ၁၂-နာရီအချိန် နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်းသည် ဗိုလ်တင်မောင်ကြီးတို့ ပါဝင်သော အစိုးရအဖွဲ့နှင့်အတူ ကျေးဇူးရှင် စံကင်းဆရာကော်ဘုရားကြီးထံ အဖူးအမျှော် အကန်တော့ ရောက်လာကြသည်။

ထိုအခါ ဝန်ကြီးချုပ်ဟောင်းက "ဆရာတော် ကျန်းမာရေး ဘယ်လိုနေပါသလဲဘုရား" ဟု ကျန်းမာရေး အခြေအနေကို လျှောက်ထားရာ ဆရာတော်က—

"အင်း....ခန္ဓာငါးပါးရရှိထားကြသူတိုင်း ဝေဒနာနဲ့ မကင်းနိုင်ဘူးပေါ့၊ အားလုံးလူတွေ ကျန်းမာပါတယ် ဆိုပေမဲ့လဲ ရောဂါဝေဒနာ အနဲနဲ့အများတော့ ရှိကြတာဘဲ၊ ဆရာဝန်ခေါ်ရတဲ့ဝေဒနာနဲ့ ဆရာဝန်မခေါ်ရတဲ့ဝေဒနာလောက်သာ ကွာကြတယ်၊ ဒို့ကို ကျန်းမာရဲ့လားမေးတော့ ဆရာဝန်ခေါ်လောက်အောင် ဝေဒနာ မရှိသေးလို့ ကျန်းမာတယ်ဘဲ ဖြေရမှာဘဲ"ဟု—

မိန့်တော်မူပြီး ဝန်ကြီးချုပ်အား တရားဆက်ဟောတော်မူသည်။

"ဘယ်တော့ ရောဂါဝေဒနာကင်းစင်ပြီး ကျန်းမာရေး ချမ်းသာရေး ပြည့်ဝမလဲဆိုယင် နိဗ္ဗာန်ရောက်မှ ဝေဒနာအားလုံးကင်းပြီး ကျန်းမာ ချမ်းသာနိုင်မယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒုက္ခိတ သတ္တဝါ ဝေဒနာရှင်အတွက် နိဗ္ဗာန်ဈေးကြီး ခင်းကျင်းထားတော်မူခဲ့တယ်၊ နိဗ္ဗာန်ဈေးကြီးက မသေဆေးကို ရွှေငွေစတဲ့ လောကီဥစ္စာနဲ့ ဝယ်လို့မရဘူး၊ ကံတည်း ဟူသော အဖိုးအခပေးမှသာ ရနိုင်တယ်။

ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယေ။

ကမ္မေန တံ ကိဏိတွာန၊ အမတံ ပိဝေထ ဘိက္ခဝေါ။ *

ဗျာဓိတံ-ဝေဒနာနှိပ်စက်အပ်သော၊ ဇနတံ-သတ္တဝါအပေါင်းကို၊ ဒိသွာ-မြင်တော်မူ၍၊ အမတာပဏံ-နိဗ္ဗာန်ဈေးကြီးကို၊ ပသာရယေ-ဖြန့်ခင်းတော်မူ၏၊ ကမ္မေန-ကုသိုလ်ကံဖြင့်၊ တံ-ထိုဈေးကို၊ ကိဏိတွာန-ဝယ်ယူကုန်၍၊ ဘိက္ခဝေါ-ရဟန်းတို့၊ တုမှေ-သင်တို့သည်၊ အမတံ-မသေဆေးကို၊ ပိဝေထ-သောက်ကြကုန်" စသည်ဖြင့် ၎င်းဂါထာ၏အဓိပ္ပါယ်ကို အကျယ်ချဲ့၍ ဟောတော်မူသည်၊ တရားဟောပြီးနောက် ဝန်ကြီးချုပ်က—

---

* မိလိန္ဒပဉှာပါဠိ၊ နှာ ၃၁၉-လာဂါထာကို အနည်းငယ်ပြင်၍ ဟောတော်မူသည်။

"အများက တပည့်တော်ကို ဝန်ကြီးချုပ်ဆိုတော့ နိုင်ငံခြားဆေးကောင်းဝါးကောင်းတွေ စားနေရမှာဘဲ၊ ဒါကြောင့် ကျန်းမာနေတာဘဲလို့ ထင်နေကြပါတယ်၊တပည့်တော်စားနေတဲ့ ဆေးက နိုင်ငံခြားဆေးမဟုတ်ပါ၊ ရှေးဆရာကြီးများ ဖော်စပ်ထားတဲ့ အာယုဝဍ္ဎန ဆေးဖြစ်ပါတယ်ဘုရား၊ဆရာတော်ဘုရားနဲ့ သင့်တော်မယ်ဆိုယင် ဆေးရော ဆေးနည်းပါ လှူဒါန်းပါမယ် ဘုရား" ဟု လျှောက်ထား၍ အောက်ပါဆေးနည်းကို လှူဒါန်းခဲ့သည်။

### အာယုဝဍ္ဎနဆေးကျော်

(၁) ငှက်သိုက် .... ၁-ကျပ်
(၂) ကြံ့သွေး .... ၁-ကျပ်
(၃) ငါးကြီးအံဖတ် .... ၁-ကျပ်
(၄) ကျောက်သွေး .... ၁-ကျပ်
(၅) ဆပ်ချိုနီ .... ၁-ကျပ်
(၆) ကုက္ကုမံ .... ၁-ကျပ်
(၇) ဘုမ္မရာဇာ .... ၄၀-ကျပ်
(၈) ပျားရည် .... ၂၅-ကျပ်

၎င်းဆေးရှစ်မျိုးကို သန့်ရှင်းသော အိုးသစ်တွင်ထည့်၍ ရာဇမတ်ကာ ပိတ်ဖြူမိုး သဲဖြူခင်းပြီး သမ္ဗုဒ္ဓေဂါထာ တထောင်စုတ်ကာ ဆီးသားယောက်မနှင့် မွှေပေးပါ- ဟူသည်တည်း။

ဝါးခယ်မမြို့၊ မဟာစည် သာသနာ့ရိပ်သာ
၂၅-နှစ်မြောက် ငွေရတုသဘင်ပွဲတွင်
မဟာစည် ဆရာတော် ဘုရားကြီး၏

# ဩဝါဒ မိန့်ခွန်းတော်

၁၃၃၈-ခုနှစ်၊ တန်ခူးလဆန်း ၃-ရက်

ယနေ့မွန်းလွဲ (၁)နာရီ အချိန်ကစပြီးတော့ ဝါးခယ်မမြို့ သာသနာ့ရိပ်သာမှာ ၂၅-နှစ်မြောက် အထိမ်းအမှတ်အဖြစ်ဖြင့် ငွေရတုသဘင်ပွဲ ကျင်းပလာခဲ့ကြတာ ယခု ၂-နာရီနီးနီးရှိပါပြီ။ ဘုန်းကြီးက ဩဝါဒစကား အကျဉ်းချုပ် ပြောရမှာဘဲ၊ ဘုန်းကြီးတို့ဟာ ရန်ကုန် သာသနာ့ရိပ်သာကို ၁၃၁၁-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် (၆)ရက်နေ့မှာ ရောက်ခဲ့ပါတယ်၊ ဘုန်းကြီးတို့ ရောက်ပြီးတဲ့နောက် နတ်တော် လပြည့်နေ့ကစပြီး တော့ ရန်ကုန် သာသနာ့ရိပ်သာကို ကမ္မဋ္ဌာန်း ဌာနအဖြစ်ဖြင့် ရိပ်သာဖွင့်ပွဲ ပြုလုပ်ပါတယ်၊ အဲဒီတုန်းကစ- ဖွင့်လာပြီး လွန်ခဲ့တဲ့ ၂-နှစ်ကတော့ ၂၅-နှစ်ပြည့်လို့ ရန်ကုန်မှာ ငွေရတုသဘင်ပွဲ ဆင်ယင်ကျင်းပလို့ ပြီးခဲ့ပါပြီ။

ရန်ကုန်သာသနာ့ရိပ်သာဖွင့်ပြီးတဲ့နောက် ရန်ကုန်သာသနာ့ ရိပ်သာမှဆက်ပြီးဖွင့်ထားတဲ့ ကမ္မဋ္ဌာန်းဌာနများဟာ ၁၂-ခုနှစ်၊

၁၃-ခုနှစ်၊ ၁၄-ခုနှစ်ကလဲ ဖွင့်ပြီးတာရှိခဲ့ပါတယ်၊ ယခုဝါးခယ်မ သာသနာ့ရိပ်သာကတော့ ၁၃၁၄-ခုနှစ်ကဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ ပဌမက ၁၃-ခုနှစ်ကဖွင့်ခဲ့တယ်လို့ အောက်မေ့မိတယ်၊ ယခုသေသေချာချာပြန်စိစစ်ကြည့်တော့ ၁၄-ခုနှစ်မှာဖွင့်တာကို တွေ့ရတယ်။ အဲဒီဝါဆိုဦးမှာ ဘုန်းကြီးကလဲဖျား ရောဂါစွဲကပ်လို့ဆေးရုံမှာနေရပါတယ်။ ဆေးရုံကဆင်းတဲ့အခါ မဟာစည်ဩဝါဒအတိုင်း လိုက်နာပြီးကျင့်သုံးဘို့ စည်းကမ်းဥပဒေပြုခဲ့ကြပါတယ်၊ ဘာဖြစ်လို့ စည်းကမ်းဥပဒေ ပြုရသလဲဆိုတော့ အဲဒီတုန်းက ဘုန်းကြီးဖျားတာက သာမန်ဖျားတာမဟုတ်ဘူး၊ တိုက်ဖွိုက်ခေါ်တဲ့ အူရောင်ငန်းဖျားဖြစ်ပါတယ်၊ အစာမစားရလို့ တော်တော်အားရော့သွားပါတယ်။ ခံစားရတဲ့ ဒုက္ခဝေဒနာကတော့ ဒီလောက်ကြီး မထင်ရှားပါဘူး။

အဲဒီတုန်းက ရွှေမင်းဝံဆရာတော်ဆိုတာက ဘုန်းကြီးတို့နဲ့ အတူတူ ရန်ကုန်မှာ သာသနာပြုဘို့ ဘုန်းကြီးကပင့်လို့ လိုက်လာပါတယ်၊ ဘုန်းကြီးထက် ၂-ဝါကြီးပါတယ်၊သူကဘုန်းကြီးကိုအားပေးပါတယ်၊ စိုးရိမ်စရာမရှိပါဘူးတဲ့၊ ချမ်းချမ်းသာသာနဲ့နေထိုင်ပါ- လို့ အားပေးပါတယ်။ အဲဒီတော့ တပည့်တော်က စိုးရိမ်တတ်တဲ့ ဝမ်းနည်းတတ်တဲ့သဘော မရှိပါဘူးလို့ ဒီကပြန်ပြောပါတယ်၊ မော်လမြိုင်နေတုံး တခါကလဲ သေလုသေခါနီးဖြစ်ခဲ့ဘူးတယ်၊ အဲဒီတုန်းက တရားအားမထုတ် ရသေးပါဘူး၊ အဲဒီတုန်းက ဘုန်းကြီးရဲ့မှီရာဖြစ်တဲ့ ဆရာဘုန်းတော်ကြီးက စေတီတော်တည်ဘို့ တောင်ပေါ်ကို အဌတွေသယ်ကြရှင်းကြလုပ်ကြ

ပါတယ်၊ လူတွေကတော့တက်ကြွဆင်းကြွနဲ့ပေါ့၊ အဲဒီအချိန်မှာ ဘုန်းကြီး တော်တော်နေမကောင်းပါဘူး၊ ဖျားပါတယ်၊ ရိုးရိုး အဖျားပါဘဲ၊ အဲဒီတုန်းက တော်တော်ပင်ပန်းပြီး ပါးစပ်က စကားမပြောနိုင်လောက်အောင် ပင်ပန်းတယ်၊ အင်း—ဒီအတိုင်း ဆိုလို့ရှိယင် မကြာခင်သေဘို့ရာ ရှိတော့တာဘဲ၊ အနားမှာလဲ မည်သူမှမရှိလို့ ပြောစရာလဲမရှိဘူး၊ ဟိုကလူတွေကတော့ သူတို့ ဟာသူတို့ တက်လိုက်ဆင်းလိုက် သွားလိုက်လာလိုက် လုပ်နေကြ တာဘဲ၊ ဒီမှာတော့ ကိုယ့်တယောက်ထဲ ဘယ်သူမှမရှိဘဲနဲ့ သေပုံ တော့ပေါ်နေပြီလို့ စိတ်ထဲမှာဖြစ်နေပါတယ်၊ ဒါပေမဲ့ အဲဒီတုန်း ကလဲ ကြောက်ရွံ့ခြင်း ဝမ်းနည်းခြင်း မရှိခဲ့ပါဘူး၊ အဲဒါကို အ ကြောင်းပြုပြီးတော့ တပည့်တော်ကသိပ်ပြီးတော့ ကြောက်ရွံ့စိုး ရိမ်ခြင်းမရှိပါဘူးလို့ ရွှေမင်းဝံဆရာတော်ကို ပြန်ကြားပါတယ်၊ နောက်တဖြေးဖြေးနဲ့ ကျန်းမာပြီးတော့လာပါတယ်။

အဲဒီတုန်းက မကျန်းမမာဖြစ်နေတော့ ဘုန်းကြီးကစဉ်းစား မိတယ်၊ မဟာစည်ဩဝါဒခံ ဟောပြော သွန်သင်ပြီး နေတဲ့ ကမ္မဋ္ဌာန်းဆရာတွေလဲရှိတယ်၊ ဒီကမရှိတဲ့နောက် ဘယ်သူကအုပ် ချုပ်ရစ်မလဲ၊ ဘယ်သူက ဩဝါဒပေးရစ်မလဲလို့ စဉ်းစားပါ တယ်၊ ဟိုတုန်းက တပည့်ပရိသတ်ကလဲ ဒီလောက်မများသေးပါ ဘူး၊ အနည်းငယ်ဘဲ ရှိပါသေးတယ်၊ ဒီတော့ ဒီကမရှိလို့ရှိယင် ဆုံးမဩဝါဒပေးမဲ့ပုဂ္ဂိုလ်လိုတာဘဲ၊ အဲဒီလိုဆုံးမဩဝါဒ အထူး မပေးရအောင် စည်းကမ်းဥပဒေလေးလုပ်ထားလျှင်ကောင်းမှာ ဘဲလို့ သဘောရပြီးတော့ ဘုန်းကြီးကဆေးရုံမှာနေမကောင်းရင်း

ဘဲ စိတ်ကူးရပြီးတော့ ဆိုင်ရာဆိုင်ရာဖြစ်တဲ့ ဆရာတော်တွေကို ရန်ကုန်ပင့်ပါတယ်၊ တချို့က ဘုန်းကြီးထက်ကြီးပါတယ်၊ ဘုန်းကြီးထက် ကြီးတဲ့ပုဂ္ဂိုလ်က ၃-ပါးလောက် ပါပါတယ်၊ အခု ၃-ပါးထဲကတပါးတော့ရှိသေးတယ်၊ရွှေစေတီဆရာတော်ဆိုတာ ဘုန်းကြီးထက် ငါးဝါလောက်ကြီးပါတယ်၊ ပုသိမ်က သဒ္ဓမ္မသိ တာဂူဆရာတော်တို့ကတော့ ဘုန်းကြီးအောက် တဝါလောက်ငယ် မည်ထင်ပါတယ်၊ ဒီကနဲ့တန်းတူလောက်ပါဘဲ၊ တဝါလောက်ပဲ ငယ်မယ်၊ အဲဒီလိုပုဂ္ဂိုလ်တွေလဲပါပါတယ်။

အဲဒီတုန်းက ဝါးခယ်မဆရာတော်ကတော့ ဝါးခယ်မ မနေရ သေးဘူး၊ ဝါးခယ်မ ကြွရောက်ခါနီးဖြစ်နေပါတယ်၊ သူလဲအဲဒီ ဥပဒေပြုအဖွဲ့ထဲမှာ နာယကဆရာတော် တပါးအဖြစ်ဖြင့် ဘုန်း ကြီးက အသိအမှတ်ပြုပြီးတော့ထားပါတယ်၊ အဲဒီတုန်းက စည်း ကမ်းဥပဒေ ရေးဆွဲကြတယ်။ ဥပဒေရဲ့ ရည်ရွယ်ချက်ကတော့ ကမ္မဋ္ဌာန်းဆရာတွေကော ကမ္မဋ္ဌာန်းဆရာလောင်းတွေရော တရား အားထုတ်တဲ့ပုဂ္ဂိုလ်တွေရော စည်းကမ်းသေသေဝပ်ဝပ်နှင့်ကျင့် သုံးနေထိုင်ကြဘို့ပါဘဲ၊အဲဒီစည်းကမ်းဥပဒေကို ရေးဆွဲထားတာ ရှိပါတယ်၊ ရန်ကုန်မြို့သာသနာ့ရိပ်သာက ရိုက်နှိပ်ပြီးဝေနေတာ ၂-ကြိမ် ၃-ကြိမ်လောက်ရှိပါပြီ၊အဲဒီက စည်းဝေးပြီးတဲ့အခါကျ တော့ ဆိုင်ရာဆိုင်ရာ ကမ္မဋ္ဌာနာစရိယတွေက သူတို့နေရာပြန်ကြ တယ်။

အဲဒီထဲမှာ ဒီက ဝါးခယ်မဆရာတော်ကတော့ ဝါးခယ်မမြို့ သို့ကြွပြီ-လို့ ဒီက ဒိုင်ယာရီမှတ်တမ်းမှာ တွေ့တယ်၊ ပြန်တယ်လို့

မပြောဘူး၊ သူက ဒီကလာတာမဟုတ်ဘူး- ဒီမှာ ကမ္မဋ္ဌာန်းဌာန တည်ထောင်ရအောင်လို့ သွားတာပါဘဲ၊ အဲဒီတုန်းကဝါးခယ်မ ဆရာတော်ကို ဒီဌာနကို ဘုန်းကြီးကလွှတ်ရတာလဲ အကြောင်း ရှိပါတယ်၊ ဦးဘဘ၊ (အမ) ဒေါ်ခင်မမတို့ဆိုတာက ဒီရိပ်သာမှာ ပဌမဆုံး ဒါယကာတွေ ဖြစ်ပါတယ်၊ အဲဒီအခါကာလတုန်းက ရန်ကုန်သာသနာ့ရိပ်သာလာပြီး တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ် တွေကလဲ ဒီ ဝါးခယ်မကဘဲ များပါတယ်၊ သဒ္ဓါတရားလဲ ကောင်းကြတယ်၊ ရန်ကုန်သာသနာ့ရိပ်သာမှာ အဆောက်အဦ တွေထဲမှာလဲ ဒီက ဒါယကာ ဒါယိကာမတွေ အတော်များပါ တယ်၊ ယခုထက်ထိလဲ ဆိုင်းဘုတ်တွေဘာတွေ ရှိနေပါတယ်၊ ဦးဘဘ၊ (အမ) ဒေါ်ခင်မမတို့က ဝါးခယ်မမှာ သာသနာ့ ရိပ်သာဖြစ်အောင် ဆောင်ရွက်ချင်ပါတယ်ဆိုတော့ ဘုန်းကြီး တို့က ဝမ်းသာပါတယ်၊ ဘယ်နေရာမှာဖြစ်ဖြစ် ကမ္မဋ္ဌာန်းဌာန ဖြစ်လျှင် ကျေးဇူးများတာပါပဲ။

ရန်ကုန် လာရောက်ပြီး အားထုတ်ရမယ်ဆိုတော့ ဝေးတဲ့ အရပ်က မလွယ်ပါဘူး၊ သာမန်ပုဂ္ဂိုလ်တွေဆိုယင် အင်မတန် ခဲယဉ်းပါတယ်၊ ဟိုအချိန်တုန်းက ရန်ကုန်သာသနာ့ရိပ်သာအဖွဲ့ ကလဲ ယောဂီအထောက်အပံ့ကို သိပ်ပြီးတော့ မပေးနိုင်သေး ပါဘူး၊ အထောက်အပံ့ပေးဘို့ရာ သိပ်ပြီး အင်အားမရှိသေး ပါဘူး၊ စ,ခါစ ၂-နှစ်ကျော်ကျော် ၃-နှစ်လောက်ဘဲ ရှိပါ သေးတယ်၊ ယခုတော့ အင်အားတွေ အတော်ကောင်းနေပါပြီ၊ အထူးအားဖြင့် ဟိတေသီအဖွဲ့ဆိုတာရှိပါတယ်၊ ဟိတေသီအဖွဲ့က

ဟိတေသီအဖွဲ့နှင့် စပ်သည်ဖြစ်စေ – မစပ်သည်ဖြစ်စေ တရားအားထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေ လာရောက်လိုလျှင် ကျွေးမွေးရေးကို အားလုံး တာဝန်ယူပါတယ်၊ ဆေးဘက်ကဆိုယင် အခုတော့ ရန်ကုန်သာသနာ့ရိပ်သာက ဆေးရုံကြီးလိုဖြစ်နေပါပြီ၊ ဆရာဝန်တွေ မနည်းပါဘူး၊ အစကတော့ ရက်တပတ်မှာ တရက်ပါဘဲ၊ အခုတော့ ရက်တပတ်မှာ ၅-ရက်တောင် ရှိနေပြီလို့ဆိုတာပဲ၊ ဒါပေမဲ့ ဒီလောက်ဝေးတဲ့နေရာက လာပြီးတော့ အားထုတ်ဖို့ တယ်မလွယ်ပါဘူး၊ ဒါကြောင့် ထိုထို အရပ်ဒေသတွေမှာ ကမ္မဋ္ဌာန်းဌာနဖွင့်တယ်ဆိုယင် ဘုန်းကြီး ဝမ်းသာတယ်။

အဲဒီလို ကမ္မဋ္ဌာန်းဌာနဖွင့်ရာမှာလဲပဲ တတ်နိုင်လို့ရှိယင် သူ့အရပ်ဒေသမှာရှိတဲ့ ရဟန်းတော်များထဲက ကမ္မဋ္ဌာန်းပြနိုင်တဲ့ ကမ္မဋ္ဌာန်းဆရာရှိယင် ပိုကောင်းတယ်လို့ ဘုန်းကြီးတို့က ယူဆပါတယ်။ ရန်ကုန်ကနေပြီးတော့ ကမ္မဋ္ဌာန်းဆရာ ပေးရမယ်ဆိုယင် သွားနေရတဲ့ပုဂ္ဂိုလ်ကလဲ တခြားကလာရပြီး အာဂန္တုဖြစ်နေလို့ တယ်မလွယ်ဘူး၊ အသစ်ဖြစ်နေတော့ ဒီဌာနဆိုင်ရာဖြစ်တဲ့ ရဟန်းတော်တွေနှင့် ဆက်စပ်ဖို့ရာလေးကလဲ လိုပါတယ်၊ အဲဒီတော့ သူ့အရပ်ကရဟန်းတော်က တရားအားထုတ်ပြီးတော့ ကမ္မဋ္ဌာန်းပြယင် ကောင်းတယ်လို့ ဘုန်းကြီးတို့က ဒီလိုပဲအမြဲတမ်း ညွှန်ကြားပါတယ်၊ ဘုန်းကြီးတို့ရဲ့ဩဇာတွေ ပြန့်နှံ့ဖို့လဲမဟုတ်ပါဘူး၊ဘုန်းကြီးတို့ရဲ့ တပည့်ပရိသတ်တွေ ကြီးပွားဖို့ရာ များပြားဖို့ရာ ရည်ရွယ်ချက်လဲ မဟုတ်ပါဘူး၊ မြတ်စွာဘုရားအလိုတော်ကျ တရားတွေကို ညွှန်ကြားပြသလို့ အားထုတ်ကဲ့ပုဂ္ဂိုလ်မှာ သီလ

သမာဓိဉာဏ်တွေ ဖြစ်နိုင်သမျှဖြစ်ပြီးတော့ အကျိုးရှိအောင်လို့ပါဘဲ။ အဲဒီလိုရည်ရွယ်ပြီးတော့ ကမ္မဋ္ဌာန်းဌာနဖွင့်တယ်ဆိုယင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။

အဲဒီတော့ အဲဒီတုန်းက ဝါးခယ်မက ကမ္မဋ္ဌာန်းဌာနဖွင့်ချင်တယ်ဆိုတော့ ဘယ်ပုဂ္ဂိုလ်ကိုပေးရမလဲလို့ စဉ်းစားကြည့်တယ်၊ အဲဒီတုန်းက ကမ္မဋ္ဌာနာစရိယအဖြစ်လဲ့ဘုံရာ ရန်ကုန်မှာဆိုယင် မရှိသလောက်ပါဘဲ၊ ရှိတဲ့ ပုဂ္ဂိုလ်ကလဲ ရန်ကုန်ရိပ်သာမှာ ခေါင်းဆောင်ဖို့ရာဘဲဖြစ်ပါတယ်၊ဒီ ဝါးခယ်မကိုလွှဲဘို့ရာအတွက်ကတော့ မရှိသလောက် ဖြစ်နေပါတယ်၊ ဒီက ကမ္မဋ္ဌာနာစရိယဖြစ်တဲ့ ဦးဝိစာရက ဟိုမှာ ကမ္မဋ္ဌာန်းပြပြီးနေတော့ ဦးဘဘတို့ရဲ့ဆရာလဲ ဖြစ်နေပါတယ်။ ဒိပြင် ဒါယကာ ဒါယိကာမတွေနှင့်လဲ နီးစပ်ပါတယ်၊ ဒီတော့ နီးစပ်တဲ့ပုဂ္ဂိုလ်သွားပြီး ဆောင်ရွက်ယင် ကောင်းလိမ့်မယ်ဆိုပြီး ဘုန်းကြီး ဦးဝိစာရကိုဘဲ ညွှန်ကြားပါတယ်၊ ဦးဝိစာရကိုလဲ ဒီမှာကြွပြီး သာသနာပြုဘို့၊ ဒါယကာ ဒါယိကာမတွေကိုလဲ ဦးဝိစာရကို ပင့်သွားဖို့ဆိုပြီး ညွှန်ကြားပါတယ်၊ ညွှန်ကြားတဲ့အတိုင်း အဲဒီဝါဆိုဦးတုန်းက ဘုန်းကြီးရဲ့ ဒိုင်ယာယီမှာ မှတ်ထားတာရှိပါတယ်။ ဘုန်းကြီးက ဆေးရုံကဆင်းလာပါပြီ၊ သို့သော် အားမရှိလို့ အဲဒီတဝါလုံး အနားယူနေပါတယ်၊ တရားလဲ မဟောပါဘူး။

အဲဒီက စပြီးတော့ ဦးဝိစာရ ဒီရောက်ပြီး သာသနာပြုဟောပြောပါတယ်၊ ရန်ကုန်ရိပ်သာက အားထုတ်ပြီးပြန်လာ

ကြတဲ့ ယောဂီ ဒါယကာ ဒါယိကာမတွေကလဲ တော်တော် များများရှိတာမို့ သူတို့ကလဲ ဝိုင်းဝန်းအားပေးကြ ကူညီကြနဲ့ ပတ်ဝန်းကျင်ကလဲ သဒ္ဓါတရားဖြစ်ပြီး တရားအားထုတ်ကြနဲ့ ဒီ ဝါးခယ်မသာသနာ့ရိပ်သာဟာ ရန်ကုန်သာသနာ့ရိပ်သာက ဖွင့်တဲ့ ကမ္မဋ္ဌာန်းဌာနထဲမှာ ဟိုအခါကာလတုန်းက ဆိုယင် အထင်ရှားဆုံး အတိုးတက်ဆုံးဌာနဘဲလို့ ဘုန်းကြီးက အသိ အမှတ်ပြုထားပါတယ်၊ တော်တော်လဲ တိုးတက်ပါတယ်၊ ဒီပြင် ဌာနတွေလဲ တိုးတက်တာ ရှိတန်သမျှတော့ ရှိပါတယ်၊ ဒါပေမဲ့ ဒီ ဝါးခယ်မသာသနာ့ရိပ်သာလောက်တော့ တိုးတက်မှု မရှိ ပါဘူး၊ ပဲခူးသာသနာ့ရိပ်သာလဲ တိုးတက်ပါတယ်၊ သဒ္ဓမ္မသီတဂူ ကတော့ ကျောင်းဟောင်းဆိုတော့ မူလကထဲက ဒါယကာ ဒါယိကာမတွေ ရှိပြီးသားမို့ သူတို့ကတော့ တိုးတက်ပါတယ်၊ ဒါတွေကတော့ အသူး ပြောစရာမလိုပါဘူး၊ သူတို့က အဟောင်း တွေမို့ တိုးတက်ပါတယ်။

အသစ်စပြီးတည်ထောင်ရတဲ့ဌာနတွေထဲမှာ ဒီဌာနဟာ အဲဒီ တုန်းက အတိုးတက်ဆုံးပါဘဲ၊ အဲဒီလိုတိုးတက်နေတော့ ဘုန်းကြီး က ချီးကျူးပါတယ်၊ ညွှန်ကြားတဲ့ ကမ္မဋ္ဌာနာစရိယဆရာတော် ကိုလဲ ချီးကျူးတယ်၊ ဒါယကာ ဒါယိကာမတွေကိုလဲ ချီးကျူး တယ်၊ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ ချီးကျူးရတာပါပဲ၊ အမြဲတမ်းလဲပဲ ညီညီညွတ်ညွတ်နဲ့ မြတ်စွာဘုရားရဲ့ ဆုံးမတဲ့တရား တွေကို ထိထိရောက်ရောက် အားထုတ်နိုင်ကြပ့ါစေ ဆိုတာကို အမြဲတမ်း ဘုန်းကြီးတို့စိတ်ထဲမှာ ရှိပ့ါတယ်၊ အဲဒီကစပြီး

တိုးတက်ကြီးပွားလာတာ အခု ၂၅-နှစ်ပြည့်မြောက်လို့ ငွေရတု သဘင်ကျင်းပနိုင်တယ်ဆိုတာ ဒီတနေရာဘဲလို့ ဘုန်းကြီး တွေ့ပါ သေးတယ်၊ ဒီပြင်နေရာတွေလဲ ၂၅-နှစ်ပြည့်မြောက်လို့ ငွေရတု သဘင်ကျင်းပဖို့ရာ သက်ဆိုင်ရာပုဂ္ဂိုလ်တွေကလဲ မစဉ်းစားမိလို့နဲ့ တူပါတယ်၊ ပြီးတော့ ဌာနကလဲပဲ သိပ်ပြီးတော့ မပြည့်စုံလို့နဲ့ တူပါတယ်၊ အဲဒီလိုဌာနတွေလဲ ၃-၄ခုလောက် ရှိပါတယ်၊ ဒီဌာနတခုသာ ငွေရတုသဘင် ကျင်းပနိုင်တယ်၊ ဒါကြောင့် ကမ္မဋ္ဌာနာ စရိယဖြစ်တဲ့ ဦးဝိစာရလဲ ဂုဏ်ယူဖို့ပါဘဲ၊ သာသနာ့ ရိပ်သာမှာ တရားအားထုတ်မဲ့ ပုဂ္ဂိုလ်တွေကလဲ ဂုဏ်ယူဖို့ပါဘဲ။

အရေးကြီးတာကတော့ ကမ္မဋ္ဌာနာစရိယ ဆရာတော်ကို အမှီပြုပြီးတော့ တရားအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ဆောင်ရွက် ကြတဲ့ပုဂ္ဂိုလ်တွေ ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားဖို့ အရေး ကြီးပါတယ်၊ ညီညွတ်တာက အကောင်းဆုံး၊ မညီညွတ်တာက မကောင်းဘူး၊ မညီညွတ်လို့ရှိရင် တိုးပွားနေရာကလဲ ဆုတ်ယုတ် သွားတတ်ပါတယ်၊ ညီညွတ်ဖို့ရာ အင်မတန် အရေးကြီးပါတယ်၊ သုခါ သံဃဿ သာမဂ္ဂီဆိုတဲ့ဒေသနာတော်အရ သံဃဿ-သံဃာ တော်၏၊ သာမဂ္ဂီ - ညီညွတ်ခြင်းသည်၊ သုခါ - ချမ်းသာခြင်း အကြောင်းဘဲ-တဲ့။ သံဃာ-ဆိုတာ ရဟန်းသံဃာသာ မဟုတ်ပါ ဘူး၊ အခုပြောတဲ့ သက်ဆိုင်ရာဖြစ်တဲ့ ဌာနနဲ့ ပတ်သက်တဲ့ ပုဂ္ဂိုလ် တွေ အကုန်လုံးဟာ ညီညီညွတ်ညွတ်ဆောင်ရွက်လျှင် ကောင်း တယ်၊ ဘုန်းကြီးက ညီညီညွတ်ညွတ် ရှိပါစေလို့ အမြဲဆုတောင်း ပါတယ်။

မူလတုန်းကတော့ ဘုန်းကြီးက ညမှာ ဟောမဲ့တရားကိုပဲ စပြီးတော့ ဟောရမလားလို့ စဉ်းစားထားပါဘယ်၊ အချိန်မရှိတာနဲ့ အခုမဟောသေးပါဘူး၊ ညကျမှ ဟောရမယ်၊ အဲဒီတရားကလဲ ခဏခဏ ဟောနေတဲ့တရားပါဘဲ၊ ရန်ကုန် သာသနာ့ရိပ်သာမှာ ဟောပါတယ်၊ ရန်ကုန် သာသနာ့ရိပ်သာမှာ နှစ်ပတ်လည် ဩဝါဒ ခံယူပူဇော်ပွဲမှာလဲ ဟောဘူးပါတယ်၊ အင်မတန်လဲ ကောင်းပါတယ်၊ ဒီနေ့တော့ တိုတိုနဲ့ပြီးအောင် ဂါထာလေး တပုဒ်လောက် နှစ်ပုဒ်သုံးပုဒ်လောက်ဟောကြည့်ရမှာဘဲ။ ၃-နာရီ ရှိတော့မယ်။

သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ န ပါပိယော။

သဗ္ဘိရေဝ—သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ—အတူတကွ နေထိုင်ရာ၏။ သဗ္ဘိ—သူတော်ကောင်းတို့နှင့်၊ သန္ထဝံ—ပေါင်းဖော်ယှဉ်တွဲ မှီဝဲနေထိုင်ခြင်းကို၊ ကုဗ္ဗေထ--ပြုရာ၏။ သူတော်ကောင်းတို့နှင့် အတူတကွနေပါတဲ့၊ သူတော်ကောင်းနှင့် အတူတကွနေပါဆိုယင် နေရုံပဲ၊ သူတော်ကောင်းရဲ့ ဩဝါဒ ခံယူဘို့ကတော့ ဒီထဲမှာ မပါသေးဘူးလို့ ဆိုရမှာပဲ၊ ဒါမှ နောက်အပိုဒ်နှင့်ကွဲမှာ၊ သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံခြင်းကို ပြုပါတဲ့၊ အဲဒါကတော့ သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံတယ်ဆိုယင် သူတော်ကောင်း၏ အမူအရာတွေကို မိမိတို့က ယူပြီးတော့ သူတော်ကောင်းအကျင့်တွေကို ကျင့်သွားကြဘို့ရာ အရေးကြီးပါတယ်၊အဲဒီလို သူတော်ကောင်းနဲ့ အတူတကွ

နေလို့ သူတော်ကောင်းနဲ့ ပေါင်းသင်းဆက်ဆံပြီး သူတော်ကောင်း၏အကျင့် အလေ့အလာတွေကို ယူပြီး နေလို့ရှိယင် ဘာအကျိုးရသလဲ၊ သတံ-သူတော်ကောင်းတို့၏၊ သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ အညာယ-သိ၍၊ ဝါ-သိသည်ရှိသော် သေယျော-ရှေးကထက်တိုး၍ တမျိုးမြတ်သည်၊ ဟောတိ-ဖြစ်၏။ ပါပိယော-ယုတ်ညံ့သွားသည်ကား၊ န ဟောတိ-မဖြစ်ပေ။

အဲ- သူတော်ကောင်းနဲ့ အတူတကွနေယင် သူတော်ကောင်းတရား ကြားနာရလိမ့်မယ်၊ သူတော်ကောင်းတရား ကြားနာလို့ သိရလို့ရှိယင် သိသလောက် တိုးတက်သွားတာဘဲ၊ မြင့်မြတ်သွားတာဘဲ၊ ယုတ်ညံ့သွားတာ မဟုတ်ဘူးတဲ့၊ တောင်ပေါ်မျှားတက်ရသလိုပဲတဲ့၊ တောင်ပေါ်တက်တော့ ခြေလှမ်းတိုင်း မြင့်သွားတာဘဲ၊ နိမ့်သွားတာ မဟုတ်ဘူး၊ တောင်ထိပ်ရောက်သည်တိုင်အောင် တဆင့်ထက်တဆင့် မြင့်သွားတာဘဲ၊ အဲဒီလိုဘဲ သူတော်ကောင်းနဲ့ ပေါင်းသင်း ဆက်ဆံရလို့ရှိယင် သူတော်ကောင်း တရားကို ကြားသိပြီးတော့ သိတိုင်းသိတိုင်း တိုးတက်မြင့်မြတ်၍ သွားလေတော့သည်။ ဒီဂါထာ ကလေးကတော့ အဘော်ကို ကောင်းတာဘဲ၊ အဲဒီ ဂါထာကိုရွတ်ပြီး လျှောက်ထားတဲ့ နတ်ရဲ့ ရည်ရွယ်ချက်ကတော့ သိပ်ပြီး မကျယ်ပြန့်ပါဘူး။ ဒါပေမဲ့ အနက် အဓိပ္ပါယ်ကတော့ ကျယ်ပြန့်တယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဒါလဲဘဲ မှန်တယ်လို့ ဆုံးဖြတ်ပေးပါတယ်၊ သို့သော်လဲ နောက်ဆုံး မြတ်စွာဘုရား အလိုတော်ကျ ဂါထာတွေကိုလဲ ဤဂါထာနှင့်အတူ ဟောပါသေးတယ်။

အဲဒါတွေကိုလဲ ဘုန်းကြီးက နောက်နားကျမှ ဟောရမယ်။ သူတော်ကောင်းနှင့် အတူနေပါ၊ သူတော်ကောင်းကို ပေါင်းသင်းပါ၊ သူတော်ကောင်း တရားကိုသိရလျှင် သိတိုင်းသိတိုင်း မြင့်မြတ်ပေတော့သည်၊ ဒါတွေကို ဆိုရမယ်၊ ဗမာလို လွယ်လွယ်ပါဘဲ။

သူတော်ကောင်းနှင့် အတူနေပါ၊ သူတော်ကောင်းကို ပေါင်းသင်းပါ၊ သူတော်ကောင်း တရားကို သိရလျှင် တိုး၍ တိုး၍ မြင့်မြတ် မြင့်မြတ် လေတော့သည်။

ဒါ- အင်မတန် ကောင်းတာပဲ၊ မည်သူဖြစ်ဖြစ် တိုးပြီး မြင့်မြတ်ချင်တာပဲ၊ ယုတ်ညံ့မသွားချင်ဘူး၊ မြင့်မြတ်ချင်လို့ရှိယင် သူတော်ကောင်းနှင့် အတူနေပါ၊ သူတော်ကောင်းနှင့် ပေါင်းသင်းပါ၊ သူတော်ကောင်း တရားတွေ ကြားနာပြီးတော့ သူတော်ကောင်း တရားတွေကို လိုက်နာကျင့်သုံးပါ၊ ကျင့်သုံးလို့ သိရုံလေးနဲ့တော့ မဟုတ်သေးဘူး၊ သိပြီး ကျင့်လဲ ကျင့်အုံးမှ၊ သိပြီး မကျင့်ယင်လဲပဲ အရာတော့ မရောက်ဘူး၊ ဥပမာအားဖြင့် ရောဂါ ပျောက်စေနိုင်တဲ့ ဆေးတော့သိတယ်၊ သို့သော် ဆေး မစားဘူးဆိုယင် ရောဂါ ပျောက်ပါ့မလား၊ (မပျောက်ပါဘုရား) မစားယင် မပျောက်ဘူး၊ စားမှ ပျောက်တာဘဲ၊ ဒီဆေးကို အနားထားရုံနဲ့လဲ ပျောက်တာမဟုတ်ဘူး၊ အဲဒီလိုဘဲ သူတော်ကောင်း ပေါင်းသင်းပြီးတော့ သူတော်ကောင်း တရားကို နာရလို့ရှိယင် သူတော်ကောင်းတရားကို သိရလိမ့်မယ်၊ ဒါပေမဲ့ ကြားနာပြီး သိတာက သုတမယသိဘဲ ရှိသေးတယ်၊

အဲဒီလောက်နဲ့ မပြီးသေးဘူး၊ သိတဲ့အတိုင်းလဲ ကျင့်အုံးမှ၊ ကျင့်ပြီးတော့ ကိုယ်တိုင် တွေ့အားဖြင့်သိမှ၊ အဲဒီလို သိလို့ရှိယင် သိတိုင်း သိတိုင်း ရှေးကထက်တိုး၍ တမျိုးတမျိုး မြင့်မြတ်သွားလေတော့သည်။ တယ်ကောင်းတာဘဲ၊ တိုတိုလေးနဲ့ အဓိပ္ပါယ်ရှိတယ်၊ သူတော်ကောင်းနဲ့ ပေါင်းသင်းရလို့ရှိယင် အထူးအားဖြင့် ဗုဒ္ဓဘာသာဖြစ်တဲ့ မိခင်ဘခင်တွေကို အမှီရပြီးနေတဲ့ သားသမီးတွေဟာ ငယ်ငယ်ကထဲက သူတော်ကောင်းဖြစ်တဲ့ မိဘတွေရဲ့ သားသမီးဖြစ်တော့ ငယ်ငယ်ဆဲက ဘုရား တရား သံဃာ ရတနာသုံးပါး အကြောင်း သိတန်သလောက် သိရတယ်၊ ကြည်ညိုရတယ်၊ အရိုအသေပြုရတယ်၊ သရဏဂုံ တည်ရတယ်၊ သရဏဂုံတည်တော့ ဗုဒ္ဓသာသနာဝင် ဖြစ်တာပေါ့၊ သရဏဂုံ တည်တဲ့အပြင် ငါးပါးသီလတွေလဲ သူတော်ကောင်းဖြစ်တဲ့ မိဘတွေက သင်ကြားပေးပြီး ငါးပါးသီလ သိက္ခာပုဒ်တွေလဲ တည်သင့်သမျှ တည်ရတယ်၊ ကျင့်သုံးရတယ်၊ ပြည့်ပြည့်စုံစုံ ကျင့်သုံးနိုင်ယင် သာကောင်းတာပေါ့၊ ဒါထက် တိုးပြီးတော့ ရှစ်ပါးသီလတွေလဲ ကျင့်သုံးရတယ်၊ ဒါထက် တိုးပြီးတော့ မိဘတွေက တရားအားထုတ်လို့ရှိယင် တရားအားထုတ်တာလဲ အမျိုးမျိုးရှိတယ်၊ နည်းလမ်းလဲ မှန်အုံးမှ၊ ဟိန္ဒူတွေလဲ အားထုတ်တာဘဲ၊ ဟိန္ဒူတွေ အားထုတ်တာက ဗုဒ္ဓတရားတော်တော့ မဟုတ်ဘူး၊ အားထုတ်တာက သမာဓိတော့ ဖြစ်ပါတယ်၊ ကုသိုလ်မဖြစ်တာတော့ မဟုတ်ပါဘူး၊ တချို့ ကုသိုလ်ဖြစ်တာလဲ ရှိတယ်ပေါ့လေ၊ တချို့ကလဲ ဒီဆေးများကို နတ်တွေဘာတွေနဲ့ စပ်ပြီး လုပ်တဲ့ ဥစ္စာလဲရှိတယ်၊ ဒါကတော့

ကုသိုလ်ဖြစ်တယ်လို့ စိတ်မချရဘူး၊ အဲ- သမာဓိရအောင် စိတ်တည်ငြိမ်အောင် အားထုတ်တာတွေကတော့ ဗုဒ္ဓတရား မဟုတ်ပေမဲ့ သူတို့လဲ ကုသိုလ် ဖြစ်တန်သလောက်တော့ ဖြစ်ပါတယ်၊ ဗုဒ္ဓတရားတော်ကို နည်းမှန် လမ်းမှန်နှင့် အားထုတ်လို့ရှိယင် အားထုတ်တိုင်း အားထုတ်တိုင်း တိုးတက်မြင့်မြတ်ပါတယ်၊ ဝိပဿနာရှုတဲ့ ယောဂီ ပုဂ္ဂိုလ်တွေက သာသိတာပေါ့၊ ပိုသိပါတယ်၊ အစတုန်းက ရုပ်နဲ့နာမ် ၂-ပါးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် မသိခဲ့ဘူး၊ သူများပြောလို့သာ နားထောင်ပြီး နေရတယ်၊ ဟော ကိုယ်တိုင်ကျင့်တဲ့အခါကျတော့ ကိုယ်အမူအရာရုပ်တွေက တခြား မှတ်သိနေတဲ့ စိတ်နာမ်တွေကတခြား ဒါလေး ၂-ခုဘဲ ရှိတာဘဲ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာကို သိရတာဘဲ၊ အကြောင်းနှင့် အကျိုးမျှရှိတယ်၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး ဆိုတာကိုလဲ သိရတယ်၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီး ပျက်သွားလို့ အနိစ္စ မမြဲတာတွေချည်းဘဲ၊ ဒုက္ခ- ဆင်းရဲတာတွေချည်းဘဲ၊ အနတ္တ- အတ္တကောင် မဟုတ်တဲ့ သဘောတရားမျှပဲ-လို့ အနိစ္စ ဒုက္ခ အနတ္တ တွေကိုသိတယ်၊ အနိစ္စ ဒုက္ခ အနတ္တ ဆိုတာတွေ အင်မတန်ကို သိခဲပါတယ်၊ အဲဒီအထဲမှာ အနတ္တက ပိုသိခဲဘယ်၊ အဲဒီအသိဉာဏ်တွေ ပြည့်စုံလို့ရှိယင်ဖြင့် ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတော့ အရိယာဘုံ အရိယာအဆင့်ကို ရောက်သွားနိုင်တယ်။

သောတာပတ္တိ မဂ်ဖိုလ်ရောက်ယင်တော့ ခုတင်က ရွှေစည် ဆရာတော် ဟောပြတဲ့အတိုင်း သောတာပတ္တိ ဖလံ ဝရံ-တဲ့၊

လောကမှာ စကြာဝတေးမင်း စည်းစိမ်ထက်လဲ မြင့်မြတ်တယ်၊ နတ်မင်း စည်းစိမ် ဗြဟ္မာမင်း စည်းစိမ်ထက်လဲ မြင့်မြတ်တယ်၊ ဘာကြောင့်တုန်းဆိုတော့ အပါယ်မကျနိုင်တော့ဘူးတဲ့၊ စကြာဝတေးမင်းကို အပါယ်မကျနိုင်တော့ဘူးလို့ မဆိုနိုင်ဘူး၊ စကြာဝတေးမင်းဆိုတာ သူတော်ကောင်းပါဘဲ၊ စကြာမင်းအဖြစ်က စုတေယင် နတ်ပြည်ရောက်ဘို့ လူ့ပြည် ပြန်ဖြစ်ဘို့ ဆိုတာကတော့ သံသယဖြစ်ဖွယ် မရှိပါဘူး၊ သူတော်ကောင်းပါဘဲ၊ ဒါပေမယ်လို့ အပါယ်လေးပါးကိုတော့ ကျနိုင်သေးတာဘဲ၊ နတ်မင်း ဗြဟ္မာမင်း သိကြားမင်းတွေ ဆိုတာလဲ အရိယာမဂ်ဖိုလ်ကို မရသေးလို့ ရှိယင် အပါယ်လေးပါး ကျနိုင်သေးတာဘဲ၊ နေဝသညာ နာသညာဆိုတဲ့ ဘဝဂ်တိုင်အောင် ရောက်နေတဲ့ ပုဂ္ဂိုလ်တောင်မှ ဘဝအဆင့်ဆင့်ပြောင်းပြီးတော့ အပါယ်လေးပါး ကျနိုင်သေးတယ်၊ အခု မိဘဖြစ်တဲ့ သူတော်ကောင်းတွေကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား တရားတွေကို ကြားနာပြီး တရားအားထုတ်ရလို့ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီးယင် အပါယ်လေးပါး မကျနိုင်တော့ဘူး၊ အဲဒါတွေကို တော်တော်ကြာမှ ဘုန်းကြီးက နောက်ဆုံးဩဝါဒအနေနဲ့ ပေးရမယ်၊ အဲဒါ သူတော်ကောင်းနှင့်အတူနေပါ၊ သူတော်ကောင်းနှင့် ပေါင်းသင်းပါ၊ သူတော်ကောင်းတရားကို သိရယင် သိတိုင်း တိုး၍တိုး၍ မြင့်မြတ်လေဘော့သည်၊ တိုး၍တိုး၍ မြင့်မြတ်တယ်တဲ့၊ ဒါ- အကျယ်ချဲ့ ပြောစရာတွေကတော့ အများကြီးပေါ့လေ၊ အခုတော့ အကျဉ်းချုပ်တိုတိုနဲ့ ပြီးအောင် အချိန်က တော်တော်ကြာပြီ၊ ထိုင်နေရတာတွေလဲ

တော်တော်ညောင်းပြီ၊ ညကျ ယင်လဲ တရားကို နာကြရအုံးမယ်၊ ဒီကတော့ တိုင်နိုင်သမျှထိုင်ပြီး ဘုန်းကြီးက သြဝါဒပေးရမှာဘဲ။

ရန်ကုန် သာသနာ့ရိပ်သာမှာလဲ နှစ်တိုင်းနှစ်တိုင်း နှစ်ပတ်လည်ပူဇော်ပွဲမှာ သြဝါဒပေးတယ်ဆိုယင် ဘုန်းကြီးက နာရီဝက်လောက်ပဲ ပေးနိုင်ပါတယ်၊ ဒီပြင်အချိန်တွေက ကုန်သွားတာကိုး၊ ဒါနဲ့ တရားကို အရှည်ကြီး ဟောဘို့ရှိပေမဲ့ နဲနဲလောက်ဟောပြီးတော့ အပြီးသတ်လိုက်ရတယ်၊ အပြီးသတ်ပြီးတော့ အဲဒီတရားတွေကို နောက်သိတင်း နောက်လပြည့် နေ့တွေကျမှ ဘုန်းကြီးက ဆက်ပြီးဟောရတယ်၊ယခု ဒီမှာတော့ နောက်လတွေဘာတွေ ရှိမှာမဟုတ်ဘူး၊ နောက် ဟောလဲဟောနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် တပိုင်းတစဟောလို့ မဖြစ်ဘူး၊ ဒါကြောင့် ဘိုတိုနဲ့ပြီးမဲ့ သြဝါဒကို ပေးရတာဘဲ။

သူတော်ကောင်းတရားကို ကြားနာရဖို့ရှိယင် မိဘ သူတော်ကောင်းတွေနှင့် ပေါင်းသင်းရလို့ မိဘတွေရဲ့ ကျေးဇူးတရားတွေက အလွန်များတယ်၊ ပြီးတော့ မိဘမှတပါး မိတ်ဆွေသင်္ဂဟသူတော်ကောင်းတွေလဲ ရှိတာဘဲ၊ ပြီးတော့ သူတော်ကောင်းတွေက မိမိတို့မိတ်ဆွေဖြစ်တဲ့ ပုဂ္ဂိုလ်ကို မိမိတို့လိုဘဲ အကျိုးရှိစေချင်လို့ ဟောပြောကြတယ်၊ သဒ္ဓါဂုဏ် မတည်တဲ့ပုဂ္ဂိုလ်ကို သဒ္ဓါဂုဏ်တည်အောင်၊ငါးပါးသီလ မလုံတဲ့ပုဂ္ဂိုလ်ကိုလုံအောင်၊ ရှစ်ပါးသီလ မစောင့်နိုင်တဲ့ပုဂ္ဂိုလ်ကို စောင့်နိုင်အောင် ဟောပြောကြတယ်၊ အဲဒါကြောင့် အထူး အရေးကြီးတာကတော့

သတိပဋ္ဌာန် ဝိပဿနာတရား အားမထုတ်ဘူးသေးတဲ့ ပုဂ္ဂိုလ်ကို အားထုတ်အောင် ဟောပြောကြတယ်၊ အမှန်ကတော့ မိမိတို့ သန္တာန်မှာ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေကို အမှန်အတိုင်းသိပြီး ဝိပဿနာဉာဏ်တွေဖြစ်မယ်၊ နောက်ဆုံး ရုပ်နာမ် သင်္ခါရ ချုပ်ဆုံးတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးတော့ အပါယ် လေးပါးက အစဉ်ထာဝရ လွတ်မြောက်တဲ့ အရိယာအဖြစ်သို့ ရောက်နိုင်တယ်၊ အဲဒီလို ဟောပြောပေးရတယ်၊ လူအချင်းချင်း ယောဂီအဟောင်းတွေကလဲဟောကြပြောကြနဲ့ ယခု ဒီသာသနာ့ ရိပ်သာမှာ ဆိုလို့ရှိယင် ဆရာတော် ဦးဝိစာရ ဟောပြီးတော့ ပေးနေလို့ ဒီမှာပဲ ချမ်းချမ်းသာသာအားထုတ်ကြရတယ်။ အဲဒါ ဆရာတော်ဦးဝိစာရ တည်းဟူသော သူတော်ကောင်းကို အမှီပြုပြီးတော့ သူတော်ကောင်းတရားတွေကို ကြားနာကြရဘာဘဲ။

သူတော်ကောင်း တရားတွေကတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားပါဘဲ၊ သတိပဋ္ဌာန်တရားတွေ ရှုမှတ်ပုံ တရားတွေကို ကြားရနာရ ကျင့်သုံးရသည်ထက် အဲဒီထဲမှာ သူတော်ကောင်းနှင့် ပေါင်းသင်းဘို့ရာ အများပုဂ္ဂိုလ်တွေက ကြိုးစားဖို့ အားထုတ်ဖို့လိုပါတယ်၊ သူတော်ကောင်း တရားကို ကြားနာရဖို့လိုပါတယ်၊ ဆရာသမားလုပ်တဲ့ ပုဂ္ဂိုလ်ကလဲဘဲ သူတော်ကောင်းဆိုတဲ့ ဂုဏ်နဲ့ပြည့်စုံအောင် နေဘို့လိုပါဘယ်၊ ဘုန်းကြီးတို့လဲဘဲ ရန်ကုန် သာသနာ့ရိပ်သာ အနေနဲ့တော့ ဘုန်းကြီးတို့က သူတော်ကောင်းဆိုပြီးတော့ ဟောကြားနေပါ ဘယ်၊ သူတော်ကောင်းဆိုဘဲ့ ဂုဏ်နဲ့ ပြည့်စုံအောင်လို့ ဘုန်းကြီး

တို့လဲဘဲ ထာတ်နိုင်သမျှ စောင့်ရှောက်နေတာပါဘဲ၊ အဲဒါအရေး ကြီးတယ်၊ ကိုယ့်ဟာကိုယ်က သာပြီးတော့ အရေးကြီးတယ်၊ သူတော်ကောင်း လက္ခဏာနှင့်ပြည့်စုံအောင် ကျင့်သုံးအားထုတ်ပြီး နေကြရတယ်၊ အဲဒါဟာ သူတော်ကောင်းတရား သိရလို့ရှိယင် သိတိုင်းသိတိုင်း အကျိုးများလေတော့သည်။ ဒါကို အားလုံး သဘောကျနိုင်ပါတယ်၊ ဘာမှခက်ခဲတာ မဟုတ်ပါဘူး၊ အဲဒါကို မြတ်စွာဘုရားကလဲ မိမိအလိုတော်ကျ ဟောပြောမယ် ဆိုပြီးတော့ နောက်ဆုံးသတ်ဂါထာကို ဟောပါတယ်၊ ကြားထဲမှာ ဂါထာတွေရှိပါသေးတယ်၊ အဲဒါတွေတော့ မဟောတော့ပါဘူး။ အဲဒီမှာ မြတ်စွာဘုရားက ဟောလိုက်ပုံမှာ....

ဒေဝပုတ္တာ—မိမိတို့ထင်မြင်ချက်ကို လျှောက်ထား ကြသောနတ်သားတို့၊ သဗ္ဗိရေဝ- သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ- ပေါင်းဖော်မှီဝဲယှဉ်တွဲကုန်လော့၊သဗ္ဘိ-သူတော်ကောင်းတို့နှင့်၊ သန္ထဝံ-ပေါင်းဖော်မှီဝဲယှဉ်တွဲခြင်းကို၊ ကုဗ္ဗေထ- ပြုကြကုန်လော့၊ သတံ-သူတော်ကောင်းတို့၏၊သဒ္ဓမ္မံ-သူတော်ကောင်းတရားကို၊ အညာယ-သိ၍-သိသည်ရှိသော်၊ သဗ္ဗဒုက္ခာ-အလုံးစုံသော ဆင်းရဲဟူသမျှမှ၊ ပမုစ္စတိ-လွတ်မြောက်ရလေတော့၏။

အလုံးစုံသောဆင်းရဲတွေမှ လွတ်မြောက်ရပါတယ်တဲ့၊ လွတ်မြောက်ရုံတင်မဟုတ်ဘူးတဲ့၊ ရှေ့နားကပြောတာလေးက အသီးအသီးသူတို့ သဘောကျတာလေးကလွတ်မြောက်တာလဲပါတယ်၊ အခုဟာက သူတော်ကောင်းနှင့်ပေါင်းသင်းရလို့ရှိယင် သူတော်

ကောင်းတရား ကြား‌နာပြီးတော့ ဆင်းရဲဒုက္ခအလုံးစုံမှ လွတ်မြောက်တာတဲ့၊ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဖိုလ် ရောက်ယင် အပါယ်လေးပါးဆင်းရဲမှလွတ်မြောက်တယ်၊ ၇-ဘဝထက် ပိုလွန်ပြီးတော့ ဘဝသစ်ဖြစ်ရမဲ့ဆင်းရဲ အိုရမဲ့ဆင်းရဲ နာရမဲ့ဆင်းရဲ သေရမဲ့ဆင်းရဲ မရေမတွက်နိုင်သောဆင်းရဲတွေမှ တခါထဲ လွတ်မြောက်ပြီးတော့ သွားတယ်၊ ၇-ဘဝ အတွင်းမှာဘဲ ရဟန္တာဖြစ်ပြီးတော့ ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်နိုင်တယ်၊ အခုဘဝတွင် အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်အောင် ကျင့်လို့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်သွားယင်တော့ ယခုဘဝ၏ ပရိနိဗ္ဗာန်စုတိက နောက်မှာ ဆင်းရဲခပ်သိမ်း အကုန်လုံး ငြိမ်းတော့တာဘဲ၊ ဆင်းရဲဟူသမျှ အကုန်လုံး ငြိမ်းသွားတယ်၊ အဲဒီတော့ သူတော်ကောင်းနှင့်ပေါင်းသင်းဘို့ရာအရေးကြီးတယ်တဲ့၊ သူတော်ကောင်းတရားတွေ ကြားနာဘို့ ကျင့်ဘို့လဲ အရေးကြီးတယ်၊ ကျင့်ပြီးတော့ သူတော်ကောင်းတရားတွေကို ကိုယ်တိုင်တွေ့သိလို့ရှိယင် ဆင်းရဲခပ်သိမ်းက အကုန်လုံးလွတ်မြောက်တယ်၊ ဘုန်းကြီးတို့ ဟောနေတာလဲ ဒါအတွက် ဟောနေတာပါဘဲ၊ ကိုင်း ဒါလေးလဲ ဆိုလိုက်ကြအုံးစို့—

> သူတော်ကောင်းနှင့် အတူနေပါ၊ သူတော်ကောင်းနှင့် ပေါင်းသင်းပါ။ သူတော်ကောင်းတရားကို သိရလျှင် ဆင်းရဲအလုံးစုံမှ လွတ်မြောက်လေတော့သည်။

သူတော်ကောင်းဆိုတာ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်းလိုက်နာပြီး ကျင့်နေတဲ့သူဘဲ၊ ကျင့်နေတာဟာ သူတော်

ကောင်းအလုပ်ဘဲ၊ သူတော်ကောင်းတရားကို ကြားနာရမယ်၊ သူတော်ကောင်းတရားကို ကြားနာရလို့ သူတော်ကောင်းတရားကို ကိုယ်တိုင်နတွ ကျင့်သုံးအားထုတ်ပြီး သိရလို့ရှိယင် အောက်ထစ်ဆုံး အပါယ်လေးပါးမှ လွတ်မြောက်စေနိုင်တဲ့ သောတာပတ္တိမဂ်ဖိုလ်တရားကိုသိယင် အပါယ်ဆင်းရဲတွေ ၇-ဘဝထက်ပို လွန်ပြီးဖြစ်ရမဲ့ ဆင်းရဲတွေမှ လွတ်မြောက်ပြီးသွားတယ်၊ အကုန်လုံးကတော့ မလွတ်သေးဘူး၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုသိရယင်တော့ ဆင်းရဲခပ်သိမ်းမှ တခါထဲ ငြိမ်းချမ်းသွားတယ်တဲ့၊ အဲဒီတော့ အားထုတ်ဖို့ရာပါဘဲ။

ဘုန်းကြီးက ရန်ကုန်သာသနာ့ရိပ်သာ နှစ်ပတ်လည်ဩဝါဒခံယူပွဲမှာ ဒီဩဝါဒ ၃-ခုကို ကိန်းသေမှုသေထားပြီး ဩဝါဒပေးပါတယ်၊ ပြည့်လဲပြည့်စုံပါတယ်၊ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ—တဲ့၊ ကဲ အဲဒါကို ဆိုကြရမယ်။

> အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ-ဆို၊

အပါယ်ဘေးငြိမ်းတဲ့ ဉာဏ်အဆင့်ရောက်ယင် တော်ပြီလားလို့ မေးစရာရှိပါတယ်၊ ဘုန်းကြီးတို့ကတော့ ကျေနပ်လှပါပြီ၊ အပါယ်ဘေးငြိမ်းတဲ့ ဉာဏ်အဆင့်ရောက်ယင် နေရာကျပါပြီ၊ အရှင်သာရိပုတ္တရာကလဲ ဒီလိုဘဲဆိုပါတယ်၊ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်မရောက်သေးတဲ့ ပုဂ္ဂိုလ်တွေကို သောတာပတ္တိမဂ်ဖိုလ်ရောက်အောင် အရှင်သာရိပုတ္တရာက ဟောလေ့ရှိပါတယ်၊ အဲဒါ

ပြီးလို့ရှိယင် ဒီပြင်ပုဂ္ဂိုလ်တွေကို လိုက်ပြီးတော့ ဆုံးမဩဝါဒပေးတယ်၊ သောတာပတ္တိ မဂ်ဖိုလ်ရောက်သွားလို့ရှိယင် နိဗ္ဗာန်လမ်းပွင့်သွားတာဘဲ၊ တဖြေးဖြေးနဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်တော့မှာဘဲတဲ့၊ အရှင်မောဂ္ဂလာန်ကတော့ အရှင်သာရိပုတ္တရာက သောတာပန်ဖြစ်အောင် ဟောသွားပြီးတဲ့ပုဂ္ဂိုလ်တွေကို သကဒါဂါမ်- အနာဂါမ်- ရဟန္တာဖြစ်အောင် ဆက်ပြီးတော့ ဟောပြောတယ်လို့ အဋ္ဌကထာက ဆိုပါတယ်။

မြတ်စွာဘုရားကတော့ အနာဂါမ်ဖြစ်ရုံတောင်မှ အားရမနေနဲ့အုံး၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်အောင် အားထုတ်ပါလို့ ဒီလိုတိုက်တွန်းထားပါတယ်၊ အဲဒီတော့ ဘုန်းကြီးကလဲ ဒီလောက်တင်တော်ပါပြီလို့ ပြောလို့တော့ မဖြစ်သေးဘူး၊ ဒါကြောင့်မြတ်စွာဘုရားအလိုတော်နှင့်ညီညွတ်အောင်လို့ "ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ" လို့ အဲဒီဩဝါဒလေးကို ဒုတိယအနေနှင့်ပေးပါတယ်၊ အပါယ်လေးပါးမှ လွတ်မြောက်တဲ့ဉာဏ်အဆင့်ဆိုယင် ကောင်းတော့ကောင်းတာပါဘဲ၊ ဒါပေမဲ့ အားရမနေပါနှင့်အုံးဆိုတဲ့ ဘုရားအလိုတော်အတိုင်း တတ်နိုင်လို့ရှိယင်တော့ ဆင်းရဲတွေငြိမ်းပြီး သဗ္ဗဒုက္ခာ ပမုစ္စတု-ဆိုတဲ့အတိုင်း အရဟတ္တမဂ်ဖိုလ်ကိုရောက်အောင် အားထုတ်ပါအုံးလို့ ဘုန်းကြီးက ဒုတိယဩဝါဒပေးပါတယ်၊ ဒီလိုအားထုတ်ပေမဲ့ပါရမီဉာဏ်ရင့်မှရောက်တယ်၊ မရင့်ရင်မရောက်ဘူး၊ ယခုကာလပုဂ္ဂိုလ်တွေသာမဟုတ်ဘူး၊ ဘုရားလက်ထက် ကာလကလဲ စိတ္တသူကြွယ်ဆိုတာ အနာဂါမ်ပဲ၊ သူဟာ အဆင့်အတန်းမြင့်

ပါတယ်၊ ဒါပေမဲ့ သူလဲ ရဟန္တာမဖြစ်ဘူး၊ အနာဂါမ်အဖြစ်နဲ့ စုတေခဲ့ပြီး သုဒ္ဓါဝါသပြဟ္မာဘုံ ရောက်ပြီးသွားရတယ်၊ ယခု ကာလဆိုယင်တော့ သာပြီးမလွယ်ကူဘဲဖြစ်မှာပေါ့၊ ဒါကြောင့် အားထုတ်တိုင်း အားထုတ်တိုင်း လိုချင်တိုင်းလဲ ဖြစ်တာမဟုတ်ဘူး။

ရှေးက အားထုတ်ခဲ့ဘူးတဲ့ ပါရမီအခံရှိမှ ဣန္ဒြေတွေ ရင့်ကျက်မှ အထက်မဂ်ဖိုလ်ရောက်နိုင်တယ်၊ အထက်ကို မတိုးတက်တာထားတော့၊ ဖြစ်နိုင်တာကတော့ ကိလေသာ စိတ်ကြမ်းတွေကို ပယ်ရမယ် ဆိုတာကတော့ ဖြစ်နိုင်ပါတယ်၊ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းမျှား၊ပယ်ရှားနိုင်ပါစေ-တဲ့၊လောဘစိတ်ကြမ်း ဒေါသစိတ်ကြမ်းတွေကို ပယ်ပါတဲ့၊ လောဘအနုတွေ ဒေါသအနုတွေကိုတော့ သာမန်ပုဂ္ဂိုလ်တွေ ပယ်ဘို့ကမလွယ်ပါဘူး၊ သောတာပန်လဲ ဖြစ်နေသေးတာဘဲ၊ သကဒါဂါမ်လဲ ဖြစ်နေသေးတာဘဲ၊ အနာဂါမ်မှာတောင် လောဘအနုစားတွေ ဖြစ်နေသေးတာဘဲ၊ ဒီတော့ အကုန်လုံးပယ်ဘို့ရာ သိပ်တော့မလွယ်ဘူး၊သာမန်ပုဂ္ဂိုလ်တွေ ဆိုလို့ရှိယင် လောဘအနုစားလေးတွေ ဖြစ်နေသေးတာဘဲ၊ ဒီတော့ အကုန်လုံးပယ်ဘို့ရာ သိပ်တော့မလွယ်ဘူး၊သာမန်ပုဂ္ဂိုလ်တွေဆိုလို့ရှိယင် လောဘအနုစားလေးတွေ ဖြစ်နေတာ ဖြစ်မှန်းမသိဘူး၊ တချို့က ကိလေသာတွေ ကင်းနေတဲ့အချိန်ဟာ နိဗ္ဗာန်ဘဲ၊ အဲဒါလေး အာရုံပြုယင် ပြီးတယ်ဆိုပြီး ဟောနေကြတယ်၊ အဲဒီ ကိလေသာဆိုတာကို သာမန်ပုဂ္ဂိုလ်တွေ ဘယ်သိနိုင်မှာတုန်း၊ တရားဟောတဲ့ ပုဂ္ဂိုလ်တွေတောင်မှ ဒီအချိန်မှာ ကိလေ

သာ ပြတ်စဲနေတာ ဟုတ်ရဲ့လား မဟုတ်ဘူးလားဆိုတာ သိဘို့ရာ မလွယ်ဘူး၊ ဘုရားဂုဏ် စသည်အာရုံပြုနေတဲ့အခါ ဆိုယင်တော့ အဲဒီဘာဝနာကုသိုလ်ကို ဆက်ပြီး အားထုတ်နေတဲ့အခါဆိုယင် ကိလေသာ ကင်းနေတယ်ဆိုတာ ဆုံးဖြတ်ဘို့ရာ မလွယ်ပါဘူး၊ ကြမ်းတမ်းတဲ့ လောဘကိလေသာတွေ ဒေါသကိလေသာတွေ ကတော့ လွယ်တယ်၊ သူတို့က ထင်ထင်ရှားရှားရှိတယ်၊ ဒေါသ ဆိုယင် ပိုပြီးထင်ရှားပါတယ်၊ ဒါကြောင့် လောဘဒေါသ စိတ် ကြမ်းတွေကိုတော့ ရှုမှတ်ပြီး ပယ်ပါလို့ ဘုန်းကြီးတို့က နောက် ဆုံးအနေနဲ့ ဩဝါဒပေးပါတယ်၊တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ် လို့လဲဆိုသေးရဲ့၊ လောဘတွေကကြီးနေတယ်၊ ဒေါသတွေကလဲ ပြင်းပြင်း ထန်ထန် ဖြစ်နေတယ်ဆိုယင် မကောင်းဘူးပေါ့၊ သူ တပါးသိသွားယင် သူတို့တရားအားထုတ်ထားတယ်ဆိုပြီး မထူး ပါဘူး၊ တို့လိုပါဘဲ လောဘတွေဖြစ်နေတာဘဲ ဒေါသတွေလဲ ဖြစ်နေတာဘဲ၊ တို့ထက်တောင် ကြမ်းသေးတယ်လို့ အချို့က ဒီလို အောက်မေ့လိမ့်မယ်၊ အဲဒီတော့ လောဘဒေါသ အကြမ်းစား တွေကို ပယ်ဘို့ရာ အလွန်အရေးကြီးပါတယ်၊အားထုတ်တဲ့ပုဂ္ဂိုလ် များမှာသာပြီးအရေးကြီးပါတယ်၊တရားအားထုတ်တဲ့ ပုဂ္ဂိုလ်လဲ လောဘ ဒေါသကြမ်းတွေကို ပယ်နိုင်ယင် ကောင်းတာပါဘဲ။

ဒေါသက ပိုအရေးကြီးတယ်၊ဒေါသကိုမပယ်နိုင်ယင် ဒေါသ အလိုလိုက်ပြီး မတော်တဲ့စကား ပြောမိလို့ရှိရင် မိတ်ဆွေ ပျက် တတ်တယ်၊ အစက တဦးနဲ့တဦး ချစ်ခင်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ် တောင်မှ မဘော်တဲ့ စကားတလုံးပြောဘာနဲ့ အဲဒါ မိတ်ပျက်

ဘော၊ ချစ်ခင်နေတဲ့ ပုဂ္ဂိုလ်တွေတောင် တယောက်နှင့်တယောက် ရန်သူဖြစ်ပြီးတော့ စကား မပြောနိုင်အောင်တောင် ပြတ်စဲသွား တတ်တယ်၊ အကျိုးမဲ့အင်မတန်ဖြစ်တယ်၊ အဲဒါကြောင့် တရား အားထုတ်ပြီးတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် တရား အားမထုတ်ရသေးတဲ့ ပုဂ္ဂိုလ်ဖြစ်ဖြစ် လောဘဒေါသ အကြမ်းစားတွေ ဖြစ်ယင် ရှုမှတ် ပြီး ပယ်ပါတဲ့၊ ဒါပေမဲ့ နည်းလေးရှိအုံးမှ၊ လောဘပယ်ရမယ် ဒေါသပယ်ရမယ် ဆိုပေမယ်လို့ ဘယ်လိုပယ်ရမယ် ဆိုတာကို မသိယင်ခက်တယ်၊ ရှုမှတ်ပြီးပယ်ရတယ်။

ဘုန်းကြီးတို့ဆီက သတိပဋ္ဌာန် ဒေသနာနည်းအရ ရှုမှတ်ပုံ ရှုမှတ်နည်းကို ကြားနေရတဲ့ ပုဂ္ဂိုလ်တွေတော့ လွယ်ပါတယ်၊ ဆေးကောင်းလေးများ ဆောင်ထားသလိုပါပဲ၊ ခေါင်းကိုက် တတ်တဲ့ ပုဂ္ဂိုလ်ဟာ ဆေးကောင်းလေး ဆောင်ထားယင် ခေါင်းကိုက်တဲ့အခါ အဲဒီဆေးလေး သုံးဆောင်လိုက်တယ်ဆို ခဏချင်းဘဲ ပျောက်သွားတာဘဲ၊ အင်မတန် ဟန်ကျတယ်၊ သတိ ပဋ္ဌာန် ရှုမှတ်နည်းကို ကြားနာပြီးတော့ သိထားတဲ့ပုဂ္ဂိုလ်ဟာ ဆေးကောင်းလေး ဆောင်ထားသလိုဘဲ လောဘဒေါသ စိတ် ကြမ်းတွေ ဖြစ်လို့ရှိယင် အဲဒါလေး ရှုလိုက်မှတ်လိုက်ပါတဲ့၊ လိုချင်ယင် လိုချင်တယ် လိုချင်တယ်-လို့ ရှုမှတ်ပါ၊ သာယာ ယင် သာယာတယ် လို့ ရှုမှတ်ပါ။ ဒေါသဆိုတော့ စိတ်ဆိုး တယ် စိတ်ပျက်တယ်၊ သူက ပိုပြီးထင်ရှားပါတယ်၊ စိတ်ထဲတွင် ငြိမ်းသွားအောင် ကိုယ်အမူရာတွေ မပေါ်အောင်လို့ အဲဒီတင်ဘဲ ရပ်အောင် ရှုမှတ်ရမယ်၊ ဒေါသက ကိုယ်အမူအရာ ပေါ်တတ်

တယ်၊ စိတ်ဆိုးလာလို့ရှိယင် မျက်နှာကြီးက တမျိုးဖြစ်လာတယ်၊ မျက်နှာတမျိုး ဖြစ်လာရုံတင် မကဘူး၊ မကြားကောင်း မနာသာတွေလဲ ပြောတတ်တယ်၊ အဲဒီ နှုတ်ကပြောတဲ့အထိ ရောက်မသွားအောင် စိတ်ထဲတွင် လောဘ ဒေါသ မောဟ စိတ်ကြမ်းတွေ ငြိမ်းသွားအောင် ရှုမှတ်ပြီးပယ်လိုက်ပါ၊ စိတ်ထဲတွင် လောဘ ဒေါသ စိတ်ကြမ်းတွေ ငြိမ်းသွားအောင် ရှုမှတ်ပြီးပယ်လိုက်ပါ။ စိတ်ထဲတွင် မငြိမ်းဘဲနှင့် နှုတ်အမူအရာ မျက်နှာပျက်တဲ့ အမူအရာ ကိုယ်အမူအရာ အသေးအဖွဲတွေဖြစ်လာလို့ရှိယင် အဲဒီ ထဲတွင်ရပ်ပြီး ငြိမ်းသွားအောင် ရှုမှတ်ပြီး ပယ်ရမယ်လို့ ဆိုလိုတယ်၊ ကဲ လိုက်ဆိုရမယ်-

ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

အဲဒီ အခုပြောခဲ့တဲ့ သဗ္ဗိဇရဝ သမာသေထ- ဆိုတဲ့ ဂါထာ ပုဒ်အရ သူတော်ကောင်းနှင့် အတူတကွနေခြင်း သူတော်ကောင်း တရားတွေကို ကြားနာခြင်း ကျင့်သုံးခြင်း သူတော်ကောင်း လက္ခဏာနှင့် ပြည့်စုံအောင် နေခြင်းဖြင့်လဲ မိမိတို့လိုအပ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တာပါပဲ၊ ပဋိပတ် အကျင့် ဖြင့်လဲ နောက်ဆုံးဖြစ်တဲ့ အပါယ်ဘေးငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေဆိုတဲ့ ဩဝါဒတခု၊ ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ- ဆိုတဲ့ ဒုတိယ ဩဝါဒတခု၊ ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ-ဆိုတဲ့ တတိယ ဩဝါဒတခု၊ အဲဒီ ဩဝါဒ သုံးခုလုံးကို စွမ်းနိုင်သမျှ မိမိတို့သန္တာန်မှာ အစဉ်ထာဝရ ပြည့်စုံအောင် ကျင့်သုံးအားထုတ်နိုင်ကြ၍ မိမိတို့

အလိုရှိအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

သာဓု....သာဓု....သာဓု

ကိုင်း ရေစက်ချမယ်၊ ၂၅-နှစ်အတွင်းမှာ ပြုလုပ်ခဲ့တဲ့ ကုသိုလ် အရပ်ရပ်ကို ရေစက်သွန်းချ အမျှပေးဝေရန် ၁၃၁၄-ခုနှစ်မှ စ၍ ဝါးခယ်မ သာသနာ့ရိပ်သာ တည်ထောင်ကထဲက အခု အချိန်ထိ ကမ္မဋ္ဌာနာစရိယအား လှူဒါန်းထောက်ပံ့ခဲ့တာတွေလဲ ရှိတယ်၊ တပည့် ပရိသတ်များနှင့် ယောဂီ အပေါင်းတို့အား လှူဒါန်း ထောက်ပံ့တာလဲရှိတယ်၊ အဆောက်အဦတွေ ဆောက် ပြီး လှူဒါန်းတာတွေလဲရှိတယ်၊ ယခု ၂၅-နှစ်အတွင်း လှူဒါန်း တာတွေကို ရေစက်ချမယ်။

**ရေစက်ချ**

သံဃာတော် အရှင်မြတ်တို့ ဘုရား၊ ဘုရားတပည့်တော် တပည့်တော်မတို့သည် ၁၃၁၄- ခုနှစ်မှစ၍ ဤသာသနာ့ ရိပ်သာ၌ ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုစုပွားများအားထုတ် ခဲ့ကြပါကုန်၏၊ ထိုသို့ ပြုစုပွားများ အားထုတ်ကြခြင်းသည် မြတ်စွာဘုရား၏ သာသနာတော် ရှည်စွာ တည်တံ့ခြင်း ထွန်း ကားခြင်း ကြီးပွားခြင်း စည်ပင်ခြင်း အကျိုးငှါ၎င်း၊ တပည့် တော်တို့သည် သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ပါရခြင်း နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်း အကျိုးငှါ၎င်း

လှူဘွယ်တို့ကို လှူဒါန်းကြပါကုန်၏ အရှင်ဘုရား၊ ထိုရည်ရွယ်အပ်သော သာသနာတော် တည်တံ့ထွန်းကား၍ တပည့်တော်တို့သည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ရည်စူး၍ ၂၅-နှစ် ကာလပတ်လုံး အမျိုးမျိုးသော လှူဘွယ်ဝတ္ထုတို့ကို လှူဒါန်းပူဇော် ခဲ့ကြပါကုန်၏။

၂၅- နှစ်မြောက် ငွေရတုသဘင် ကျင်းပသောအခါ၌ သံဃာတော်အား မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို ရိုသေစွာ ဆက်ကပ်လှူဒါန်း ကျွေးမွေးပူဇော် ပါကုန်၏၊ ကြွရောက်လာသော ကလျာဏ မိတ္တ မိတ်ဆွေအပေါင်း သူတော်ကောင်းတို့အားလဲ မွန်မြတ်သော စားဘွယ် သောက်ဘွယ်တို့ဖြင့် ကျွေးမွေးလှူဒါန်း ကြပါကုန်၏၊ ထိုမှတပါး ဒါယကာကြီး ဦးကောက်ပွေ ဒေါ်လှငြိမ်း မိသားစုတို့က လှူဒါန်းရန် ရည်ရွယ်ထားသော ရွှေကြယ်သီး တစုံမှရင်း၊ အများတို့၏ ကောင်းမှုဖြစ်သော ငွေပဒေသာပင်မှ ၆၂၀-သော ကျပ်ငွေတို့မှ ဖြစ်ပေါ်လာသော ရဟန်းတော်တို့အား အပ်စပ်သော လိုရာပစ္စည်းတို့ကိုရင်း အရှင်ဘုရားအား ဓမ္မပူဇာအဖြစ်ဖြင့် ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏၊ ထိုမှတပါး ဒါယကာကြီး ဦးကောက်ပွေ ဒေါ်လှငြိမ်း မိသားစုတို့က ရည်စူးထားသော ငွေကြယ်သီး တစုံမှရင်း၊ အများသော ကောင်းမှုရှင်တို့၏ ငွေပဒေသာပင်နှင့် ဆိုင်သော ၆၉၀-သော လှူဒါန်းငွေတို့မှရင်း ဖြစ်ပေါ်လာတော့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာ ပစ္စည်းတို့ကို ဤ သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာ စရိယဖြစ်သော ဆရာတော်

ဦးဝိစာရ အရှင်မြတ်အား ရေစက်သွန်း၍ လှူဒါန်းပါကုန်၏။ ထိုမှတပါး ဓမ္မကထိက ဆရာတော် ၃-ပါးတို့အား ၂၅၂-ကျပ်စီသော ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ္တံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာပစ္စည်းတို့ကို အသီးအသီး ပိုင်းခြား၍ ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏၊ ထိုမှတပါး ပင့်သံဃာ ၄၀-သော အရှင်သူမြတ်တို့အား တပါးလျှင် ငါးဆယ်စီသော ဝတ္ထုငွေတို့မှ ဖြစ်ပေါ်လတ္တံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာပစ္စည်းတို့ကို အသီးအသီး ပိုင်းခြား၍ ရေစက်သွန်းချ လှူဒါန်းပါကုန်၏၊ ဤ ကောင်းမှု ကုသိုလ်အပေါင်းသည် အာသဝေါ တရားလေးပါးတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း၊ ဤကောင်းမှုကြောင့် တပည့်တော်တို့သည် ဘေးရန် အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ အသက်ရှည်ခြင်း အနာကင်းခြင်း ချမ်းသာများခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား၊ ဤကောင်းမှု ကုသိုလ်အပေါင်း၏ အဘို့ဘာဂကို အမိအဘ ဆရာသမားတို့အားရင်း အကျွန်ုပ်တို့၏ ကိုယ်စောင့်နတ် မြို့စောင့်နတ် ဤရိပ်သာစောင့်နတ် တောစောင့်နတ် သာသနာစောင့်နတ် လောကကို စောင့်ရှောက် ကုန်သော သိကြားမင်း ဗြဟ္မာမင်း အစရှိသော နတ်မြတ် နတ်ကောင်း

နတ်အပေါင်းတို့အားရှင်း ရှေးဦးစွာ အထူးသဖြင့် အမျှပေးဝေပါကုန်၏၊ အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့အားလဲ အမျှပေးဝေပါကုန်၏၊ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့....။

သာဓု....သာဓု....သာဓု

ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏

# ဩဝါဒကထာ

---

"သူတပါးအပေါ် ကိုယ်ကလွန်ကျူးလို့ သူတပါးက ပြောဆို ရိုက်နှက်တယ်ဆိုယင် ကိုယ်ကလွန်မိတာဘဲလို့ သည်းခံရတယ်၊ ကိုယ်ကမလွန်ကျူးဘဲ သူတပါးက ပြောဆို စွပ်စွဲမယ်ဆိုယင်လဲ ကိုယ်မှမဟုတ်ပဲလို့ သည်းခံရတယ်"ဟု ဆုံးမတော်မူသည်။

ထို့ကြောင့် တပည့်များက ကြည်ညိုကြသည်၊ ချစ်ခင်ကြသည်။

"ငါ့ဘုန်းကြီးကို ချစ်လဲချစ်တယ်၊ ကြောက်လဲကြောက်တယ်"ဟု မိဖမဲ့ ကျောင်းသား တင်ထွန်းက မကြာမကြာ ပြောဆို တတ်သည်၊ သူသည် ကြုံကြုံဖန်ဖန်ဆော့တတ်သော ကျောင်းသားကလေးများစာရင်းတွင် ဗိုလ်စွဲသူဖြစ်သည်၊ဆရာတော်သည် အပြုပြင်ခက်သော ကျောင်းသား၊ သူများထက် ပိုဆိုးသော ကျောင်းသားအချို့ကို စိတ်မပျက် အားမလျော့ပဲ မိမိအနီးနေစေ၍ သွားလေရာ အမြဲခေါ်သွားလေ့ရှိ၏၊ မိမိမျက်စေ့အောက်ထား၍ ဆုံးမ၏၊ ဤသို့လျှင် မည်မျှ ဆိုးမေသော

ကျောင်းသားဖြစ်စေ သူတော်ကောင်း အရိပ်အာဝါသကိုခိုရ၊ သူတော်ကောင်း အမူအကျင့်ကိုတွေ့မြင်ရဖန်များလာသောအခါ ဝါသနာဓာတ်ကူးပြီး လိမ္မာယဉ်ကျေးလာရတော့၏။

* သူတော်ကောင်းနှင့် ပေါင်းဆုံမှ ပစ္စုပ္ပန် သံသရာ မြတ်သည်။

* စဥ္စကျောက်သည် ရွှေနှင့်ရောချက်လျှင် ရွှေရောင်တောက်သည်။

* မီးသွေးခဲမဲမဲသည် မီးကျီးခဲရဲရဲနှင့် ရောလျှင် မီးကျီးခဲရဲရဲ ဖြစ်သည်။

* ပတ္တမြား တွင်းထွက်မှန်သော်လဲ ကျောက်သွေးအကာ ကုန်အောင်သွေးမှ အရောင်တောက်သည်။

(ရွှေကျင်ဆရာတော် စကားပုံ)

# သေးဟာ ရုပ်လား နာမ်လား

တနေ့သောအခါ ကျောင်းသား တယောက်က သူ့ခြေထောက်ကို သေးပန်းခံရကြောင်း လျှောက်သည်၊ လျှောက်ခံရသော ကျောင်းသားက မတော်တဆ ဖြစ်ရကြောင်း လျှောက်ထားသည်။ ဆရာတော်က....

"ဒို့မေးပါအုံးမယ်၊ မင်းဖြေပေါ့၊ မကျေနပ်ယင်လဲ သူ့ကို ဒဏ်ပေးရတာပေါ့၊ အဲဒီသေးဟာ ရုပ်တရားလား - နာမ်တရားလား"

"ရုပ်တရားပါဘုရား"

"မင်း ခြေထောက်ကကော"

"ရုပ်ပါဘုရား"

"ရုပ်-ရုပ်ချင်းထိတာ မဟုတ်လား၊ ဒါရှုံစရာလား"

"ရှုံစရာမဟုတ်ပါ၊ ကျေနပ်ပါပြီဘုရား"

"အေး ရုပ်-ရုပ်ချင်းထိတာ ဘာမှ အပြစ်မရှိဘူး၊ ဒါကို အကြောင်းပြုပြီး ပေါ်လာတဲ့နာမ်က နှလုံးသွင်း မတတ်ယင် အပြစ်ဖြစ်တတ်တယ်၊ စိတ်ဆိုးတယ်ဆိုတာ ဒါပဲ"

တခါကလည်း ဆရာတော်သည် ကျောင်းသားများကို မေးဘူးလေသည်။

"မင်းတို့ကိုယ်မှာ ဘယ်ဟာအမြတ်ဆုံးထင်သလဲ"

"ဆံပင်ပါဘုရား" (စဉ်းစား၍ ဖြေကြသည်)

"အဲဒီ ဆံပင်ဟာ နှစ်သက်စရာလား - ရွံစရာလား"

"ရွံစရာပါဘုရား"

ဤသို့ဖြင့် ဘာသာရေး အခြေခံရင့်လာကြသည်၊ "ကျောင်းသားလေးတွေက တပည့်တော်တို့ထက် သာကုန်ပါပြီဘုရား၊ တပည့်တော်တို့က သူတို့ကို အတုခိုးနေကြရပါပြီ"ဟု အမှန်သိမြင်ကြသော လူကြီးများက လျှောက်ထားဝန်ခံလာကြရတော့သည်။

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ

အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏

# အနမတဂ္ဂ ဩဝါဒကထာ

---

တိပိဋကရေရွေးချယ်ရေးအဖွဲ့က ကျင်းပသော တိပိဋက ပြန်ဆိုရေးဖြေပွဲ၌ အောင်မြင်တော်မူကြ၍ သာမန်ဝိနယဓရ-ဝိနယကောဝိဒ ဘွဲ့ တံဆိပ်နှင့် ဝိသိဋ္ဌ ဝိနယဓရ-မဟာဝိနယ ကောဝိဒ ဂုဏ်ထူးဘွဲ့တံဆိပ်တို့ကို ရရှိတော်မူကြသော ဝိနယဓရ အရှင်မြတ်တို့အား ပူဇော်ရန် ရန်ကုန်မြို့ စမ်းချောင်းလမ်း အိမ်အမှတ် ၁၄၄-၌ နေသော ဦးညာဏ် မိသားစုက ကျင်းပသည့် ဝိနယပူဇော်ပွဲသည် ဝိနယဂရုက အရှင်မြတ်များနှင့် တပည့်အဆက်ဆက်တို့ ဝိနည်းတော်ကို အလေးပြု၍ စောင့်ရှောက် ကျင့်သုံးသောအားဖြင့် ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ပရိသုဒ္ဓဖြစ်လျက် ရှည်မြင့်စွာ တည်တံ့စေရန် ရည်ရွယ်မြော်လင့်ကြောင်း ကြားသိရပေသည်။

ယင်းသို့ ရည်ရွယ်မြော်လင့်၍ ပူဇော်ထိုက်သော ပုဂ္ဂိုလ်မြတ်တို့အား ပူဇော်ခြင်းသည် အလွန်ပင်သင့်မြတ် လျော်ကန်လှပါပေသည်၊ အဘယ့်ကြောင့်ဆိုသော်- "ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ"

ဟူသော အဋ္ဌကထာနှင့်အညီ ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်၍ ယင်းဝိနည်း တည်ရှိနေလျှင် ဗုဒ္ဓသာသနာတော် အသက်ရှင်လျက် တည်နေနိုင်သောကြောင့် ဖြစ်ပေသည်။

ထို့ပြင် "ဝိနယော သံဝရတ္ထာယ" အစရှိသော ပရိဝါ ပါဠိတော်နှင့်အညီ ဝိနည်းသည် ကာယဒွါရ ဝစီဒွါရတို့ကို ပိတ်ဆို့စောင့်စည်းရန်ဖြစ်ပေသည်၊ ထိုသို့ ပိတ်ဆို့စောင့်စည်းခြင်းသည် သည်း သီလစင်ကြယ်ခြင်းကို အကြောင်းပြု၍ စိတ်နှလုံးရွှင်ပျခြင်း ပီတိပါမောဇ္ဇ ဖြစ်ခြင်းအကျိုးငှါ ဖြစ်ပေသည်၊ ထိုပီတိသည်လည်း ကိုယ်စိတ်၏ ငြိမ်းအေးခြင်း ပဿဒ္ဓိအလို့ငှါ ဖြစ်ပေသည်။ ထိုကိုယ်စိတ်၏ ငြိမ်းအေးခြင်းသည်လည်း စိတ်ရော ကိုယ်ပါ ချမ်းသာရန်ဖြစ်ပေသည်၊ ထိုချမ်းသာကိုမှီကာ သမာဓိဖြစ်၍ ယထာဘူတဉာဏ် စသည် ဖြစ်ပြီးလျှင် အနုပါဒါဝိမ္တာဝိမောက္ခ-ဟု ခေါ်သော အရဟတ္တဖိုလ်အထိ ဖြစ်နိုင်ပေသည်။

သို့ဖြစ်၍ ဝိနည်းကို သင်ကြားလေ့လာခြင်း ကျင့်သုံးခြင်းသည် အရဟတ္တဖိုလ်တိုင်အောင် ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ဘည်တံ့ကြီးပွားကြောင်း စည်ပင်ထွန်းကားကြောင်း ဖြစ်ပါပေသည်။ ဝိနည်းကို သင်ကြားလေ့လာ၍ ကျင့်သုံးတော်မူကြသော ဝိနယဓရအရှင်မြတ်တို့ကို ပူဇော်ခြင်းသည်လည်း အရဟတ္တဖိုလ်တိုင်အောင် ဗုဒ္ဓသာသနာတော်၏ တည်တံ့ကြီးပွားရန် စည်ပင်ထွန်းကားရန် အလွန်ပင် သင့်လျော်သော အခြေခံ အထောက်အပံ့အကြောင်းဖြစ်ပါပေသည်။ သို့ဖြစ်၍ ဝိနယဓရ ပူဇော်ပွဲကို

အကြောင်းပြုကာ အောက်ပါဆုမွန်ကောင်းများဖြင့် အာသီသ ပတ္ထနာ အနုမောဒနာပြုလိုက်ပါသည်။

၁။ ဝိနည်းဆိုင်ရာ၊ သာသနာ၊ ရှည်စွာတည်ပါစေ။

၂။ သမာဓိလည်း၊ သုတ္တန်နည်း၊ သိပ်သည်းခိုင်ပါစေ။

၃။ ဘိဓမ္မာနည်း၊ ပညာလည်း၊ ဖြင့်ပြည်းပွားပါစေ။

၄။ သုံးပါးမြတ်စွာ၊ သာသနာ၊ ရောင်ဝါထွန်းပါစေ။

ကျောင်းတကာ ဦးကျော်အား ရေးပေးတော်မူအပ်သော

# သံဝေဂ လေးချိုးကြီး

၁။ ဖြစ်မဆုံး နိုင်ဘူ၊ ခေတ်သုံးနှောင်တွေမှာ ပေါင်ပေပေ မှောင်မိတဲ့၊ ကောင်ကြီးနှယ်။

၂။ အမှားငယ်ပြင်ပြင်၊ အသွားငယ်တွင်၊ ညဉ့်မသန်းငွေ့၊ စခန်းဖြင့်တွေ့ပြီဘူ၊ တစ်ဝေ့လည်လည်၊ ပါယ်ငရဲမှာ ထယ်လဲသာ စည်တော့၊ ရှည်ပါဘိ ဝဋ်နှယ်ရယ်၊ ကျွတ်လွယ်ရန် မရှိသေးရော့ဆင့်၊ ရှိမှေးမှောင် မိုက်တောင်ထုတွေက လင်းမူမချယ်။

၃။ ထိုဂနိုင်ငယ်၊ စုံမြိုင်ရှက်စိတ်' လူမသန်းတဲ့ ဂူနန်းရိပ်မှာ စိတ်တဖြူဖြူ၊ နိမိတ်ယူလို့ နိဗ္ဗူပြေရဝေ၊ အမြန်တွေ့ရအောင်၊ ချွန်လေ့ကာ မနေ့စမ်းလေရ၊ ညဉ့်ညမ်းတဲ့ သည်ဝသီကို၊ မကြည်ပြီ ကြာလေမှန်းသုံ့ပေါ့၊ ဆုံးမမြင် သုံးခွင်ဘုံထုက ကျယ်သနင့်။

၄။ သည်ရုပ်ကယ် သည်နာမ်၊ သည်သဏ္ဍာန်နှင့်၊ သည်ဟန်အမူ၊ သည်အယူလဲ၊ မပူသေးလို့၊ မူကြေးတွေ ပိုလွန်းလို့၊ တကိုယ်ကောင်းတန်၊ တစေခင်းနှော်ကြုံလိုက်ရ၊ နောက်ဆံထွေးရှက်၊ အဒေးနှယ်ကော်ပါဘိ၊ မသက်သာလေ၊ ထောင်တမျိုးဟာနဲ့၊ နှောင်ကြိုးပေလွန်းလို့၊ ခေပါဘိဖြစ်ပုံကို၊ စနစ်ကုန် သဘောရယ်နှင့်၊ ပြောဘို့မသင့်။

ဓမ္မကျွင် နိကာယ ဒသမအကြိမ်

၁၃၂၅-ခု၊ နတ်တော်လဆန်း ၃-ရက်၊ အစည်းအဝေးပထမနေ့

သဘာပတိ သက်တော်ရှည် စံကင်းဆရာတော်ကြီး၏

# နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၁)

---

ဩဝါဒပေးတယ်၊ ဩဝါဒ မိန့်ခွန်းကို ထုတ်ဆိုတယ်၊ စိတ်ထဲ ပေါ်လာတယ်၊ ဘယ်လိုလဲဆိုတော့ စားပွဲဝိုင်းကြီး၊ စားပွဲရုံကြီး ဆိုပါတော့၊ မိတ်ဆွေတွေ ရဟန်းတော်များဖြစ်လို့ ရှိလျှင် သမဂ္ဂ သိတင်းသုံးဖော်တွေ ပင့်ဖိတ်ပြီးတော့၊ စုံလင်လှစွာသော ကောင်းမွန်လှစွာသော စားဘွယ် သောက်ဖွယ်တွေ ဝိုင်းဖွဲ့ပြီးတော့ စားကြတယ်၊ အကြီးဆုံးက ဖိတ်ကြားလို့ ဝိုင်းဖွဲ့ပြီးတော့ စားကြလို့ အကြီးဆုံး ပုဂ္ဂိုလ်က ဤစားဘွယ် အလွန်ကောင်းပါတယ်၊ ဟို- တိုးပေးလိုက် ဒီ တိုးပေးလိုက်၊ အချိုလေး သိတ်ကောင်းပါတယ်၊ အချဉ်လေး သိပ်ကောင်းပါတယ်၊ ဟို ပေးလိုက်၊ ဒီပေးလိုက်၊ လူတို့၏ စားပွဲမလဲ ထို့အတူဘဲ၊ ဟို တိုးပေးလိုက် ဒီတိုးပေးလိုက်၊ ပေးတဲ့သူလဲ စားဘူးသွားဘဲ၊ ဘေးက ပုဂ္ဂိုလ်က သူလဲစားဘူးသွားဘဲ၊ အချိုဆို ကိုယ်တိုင်လဲစားရဲ့ ကိုယ့်မိတ်ဆွေတွေလဲ စားစေချင်လို့ ဒီဟာတွေ မြည်းပါဦး၊ သုံးဆောင်ပါဦး၊ ရဟန်းတော်များ ဘုဉ်းပေးပါဦး၊ ဝေငှတယ် ပေးကမ်းတယ်။

အဲ- အခုလို စားဘွယ် သောက်ရန်တွေကို ဝိုင်းဖွဲ့ပြီးတော့ ဝေငှပြီးတော့ စားသုံးကြသလို ယခု သံဃာတော်များ အစည်းအဝေးမှာလဲဘဲ စားဘွယ် သောက်ရန်တွေ စုံပြီးတော့နေတဲ့ သာသနာတော်ကြီး၊ စားဘွယ်သောက်ရန်တွေ စုံပြီးတော့နေတဲ့ ရွှေကျင်ဂိုဏ်းကြီး၊ စားဘွယ် သောက်ရန်တွေ ဆိုတာဘာလဲ၊ ဘုရားရှင် ဩဝါဒ အဆုံးအမ တရားတွေ စားဘွယ်သောက်ရန် ဥပမာထား၊ သုတ္တန်ဝိနည်း အဘိဓမ္မာ၊ ယခု ကြွလာတဲ့ ပုဂ္ဂိုလ်တွေကလဲဘဲ ဝိနည်းစားဘွယ်တွေ သူတို့ဝမ်းထဲပြည့်လို့၊ သူများပေးဖို့ ပြည့်လို့၊ အဘိဓမ္မာ စားဘွယ် သုတ္တန်စားဘွယ်တွေ သူတို့ဝမ်းထဲပြည့်လို့၊ သူတို့ဉာဏ်ထဲပြည့်လို့ သူတို့ပြည့်တဲ့အပြင် သူတို့ကပေးလို့ မကုန်နိုင်ဘူး။

ဒီစည်းဝေးတဲ့ အခါကျတော့ မထေရ်ကြီးဖြစ်တဲ့ သူက အကြီးဆုံးက ပေးရမဲ့ ဩဝါဒဖြစ်လို့ အကြီးဆုံးကသာ ထုတ်ပြီးတော့ ဩဝါဒပေးရတယ်၊ စားပါဦး သုံးပါဦး ဒါနသဘောလေး ကောင်းလိုက်တာ၊ သီလသဘောလေး ကောင်းလိုက်တာ၊ ဘာဝနာ သဘောလေး ကောင်းလိုက်တာ၊ မှတ်သားပါဦး၊ နာယူပါဦး၊ ချစ်လှန်းလို့ပါ၊ ခင်လှန်းလို့ပါ အားကိုးလှန်းလို့ပါ၊ ယုံကြည်လှန်းလို့ပါ၊ သာသနာရေးအတွက် အားထားလှန်းလို့ပါ၊ မှတ်သားပါဦး၊ နာယူပါဦးလို့ ပြောရတယ်၊ ပြောဖို့ သူတို့မယ် အပုံကြီးဘဲ၊ သူတို့မယ် ပြောစရာတွေ အပုံကြီးဘဲ၊ ဒါနခဏ်း၊ သီလခဏ်းပြောဖို့၊ ဘာဝနာခဏ်းပြောဖို့ အပုံကြီးဘဲရှိတယ်။

သို့ပေမယ်လို့ ဥက္ကဋ္ဌက ဩဝါဒ ပေးတယ်ဆိုတာ သူ့ဉာဏ်လဲ မဟုတ်ဘူး၊ ဘုရားရှင် ပေးထားတဲ့ဩဝါဒ၊ ဒါလေး ကိုယ်တော် သိဘူးသလား၊ မှတ်ဘူးသလား၊ မှတ်ပါဦး မနေ့က ရွှေမန်းလွင် ရထား အဆင်း ရောက်ရောက်ချင်း နှုတ်ဆက် တရားဟောရာမှာ မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ၊ နှစ်ပါဒသာ ရွတ် နိုင်တယ်၊ ပြီးတော့ ဆုံးအောင်မရွတ်ရဘူး။

မတ္တာ သုခပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

ကောင်းလိုက်တာ ဘုရား၊ ဆရာတော်ကြီးက နှစ်ပါဒရွတ်၊ ဟိုကျတော့ သူတို့က လေးပါဒရွတ်ပြီးတော့ ပြောကြတယ်၊ ဒီတော့ကို ကိုယ်က ဒီဟာလေး ကောင်းပါတယ်လို့ သူတို့က သူတို့တတ်ပြီးပေမယ့် ဒီကဝင်ပြီး ပြောတော့၊ ပြောပြန်တော့ ကျေးဇူးတင်တယ်၊ အဲဒါလိုဘဲ ဩဝါဒဆိုတာ ဘုရားရှင် ဩဝါဒ၊ ကိုယ်စီကိုယ်စီ ရှိနေကြတယ်လို့ ဧည့်သည်ထူးတွေ လာကြတဲ့ အာဂန္တု ကိုယ်တော်တွေကို၊ ကိုယ်သိတာလေးပြောရ၊ ထမင်း နေ့တိုင်း စားနေကြတာပေါ့၊ ကိုယ့်ဆီလာတဲ့ဧည့်သည် ထမင်းခူးကျွေးရတာ သူတို့ဆီ မရှိလို့မှ မဟုတ်ဘဲ၊ မျှကြရတာဘဲ၊ ဒီလိုဩဝါဒမျိုးကို....

ဩာဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။
သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ
အပိယော။

ယခုကြွလာကြတဲ့ ဆရာတော်တွေ ဆရာကောင်းတပည့် ဆရာကောင်းတို့၏ နည်းကိုယူပြီး ကြီးပွားလာတာ ဖြစ်တော့၊ ပုဂ္ဂိုလ်ဖြစ်လေတော့၊ သတံ ဟိ သော ပိ ယော ယောတိ–အရ 'သန္တ'ပုဂ္ဂိုလ်၊ 'သန္တတရ'ပုဂ္ဂိုလ်၊ 'သန္တတမ'ပုဂ္ဂိုလ်၊ မုန်းတဲ့သူ ယောလိုက်ယောလိုက် ချစ်လိုက်ကြတာ သန္တတွေဖြစ်နေ၊ မချစ်ဘဲနေပါ့မလား၊ သန္တတွေဖြစ်နေ၊ ဘုရားရှင်လက်ထက်တော်က သန္တတရ၊ သန္တတမဖြစ်တဲ့ အရှင်ရာဟုလာက သဲကို လက်ခုပ်နဲ့ ကျုံးပြီးတော့ ငါ့ကိုဩဝါဒပေးမဲ့ပုဂ္ဂိုလ် သဲတပွင့်တပါး၊သဲတပွင့်တပါး၊ လက်ခုပ်တကျုံးလောက်ရှိတဲ့ ဆရာတွေရရင်ကောင်းလေစွ။ ဤလို နှလုံးထားရှိတယ်၊ ဘုရားရှင်သားတော်ရင်းလဲဖြစ်၊ တရားတော်တွေကပြည့်ဝလို့၊ ဒီတော့ သောတာပန်တောင်ဖြစ်သေး မဖြစ်သေးဘူးလား မဆိုနိုင်ဘူး၊ အရိယာမဖြစ်သေးပေမဲ့ နီးနီးလေးရှိ၊ ဒီလိုသန္တ၊ သန္တတရ၊ သန္တတမ ပုဂ္ဂိုလ် သူတော်ကောင်းတွင်မက၊ကောင်းသည်ထက်ကောင်းတဲ့ သူတော်ကောင်းကြီးတွေဖြစ်လာတော့ နဲနဲပေးလိုက်တဲ့ဩဝါဒ ဝမ်းမြောက်လိုက်ကြတာ၊ ဝမ်းသာလိုက်ကြတာ၊ တသက်လုံး ပြောလို့မဆုံးနိုင်တဲ့ ဩဝါဒလေးပါဘဲ ဘုရား အံ့ဩချီးမွမ်းပြီးတော့ ခံယူကြတယ်၊ သိပ်ပြီးတော့ကောင်းတာဘဲ။

အဲ– မနေ့က အဆက်ကလေးက အစည်းအဝေး ကြီးမှာ အစည်းအဝေးကြီးကကြီးကျယ်လှန်းလို့အနိဋ္ဌာရုံရှိလဲတွေ့ချင်တွေ့နေပါမယ်၊ မတော်တဆ မတွေ့ပါနဲ့လို့ဆုတောင်းပါရဲ့၊ အနိဋ္ဌာရုံဆိုတာ ဘာလဲလို့ဆိုတော့ ကြည့်လို့မကောင်းတာ၊ မျက်စိနဲ့မြင်ရ

ရှုပါရုံကြည့်လို့ မကောင်းတာ၊ အနိဋ္ဌာရုံမြင်ရင် သာမညပုဂ္ဂိုလ်ဆိုရင် စိတ်ဆိုးပြီးတော့ ဒေါသဇောစောသွား၊ ဒီဒေါသဆိုတာ ဒေါသမီးခေါ်တယ်၊ မကောင်းတာမြင်လိုက် စိတ်ဆိုး ဒေါသမီးလောင်၊ မကောင်းတာကို ကိုယ်တော်ရဟန်းအချင်းချင်းဖြစ်လို့ရှိရင် ဘာတွေ ဘာတွေမြင်ရ ဟိုတပါးပြောလိုက်၊ မေးထိုးကူးသွားပြီး အိမ်တအိမ် မီးရှို့ကနဲ့နဲ့ရယ်၊ နှစ်အိမ်ပြိုင်တောက်လိုက်ရင် သွားရော၊ တရပ်လုံးပြိုင်တောက်လိုက်ရင်သွားရော၊ တမြို့လုံးပြိုင်တောက်လိုက်ရင် သွားရော။

မြတောင်တိုက်တော်ကြီး မီးလောင်တုန်းက ဒို့ဟိုမှိုင်နှစ်ဆယ်လောက်ရှိတဲ့ရွာက မီးအလင်းရောင်မြင်ရ၊ စစ်ကိုင်းတောင်ကြီးကိုကျော်ပြီးတော့ အဆောက်အဦကြီးတဲ့ကျောင်းကြီး၊ အိမ်ကြီးတွေလောင်လိုက်တဲ့မီးရှိန်ဟာ အရောင်ကြီးတယ်၊မီးရှိန်ကြီးတယ်၊ အဲဒါဖြစ်လေတော့ အချို့ကဆူဆူညံညံမကြားလိုက်ရပါဘုရားလို့ ကိုယ်ကအနိဋ္ဌာရုံဖြစ်လို့ရှိရင်ကိုယ့်မယ်မီးလောင်၊ဘယ်သူမှမပြောနဲ့ ကျိတ်ပြီးသည်းခံကြပါ၊ မနေ့ကပြောလိုက်၊ သဒ္ဒါရုံစပ်ပြကြ၊ ထိုအတူပဲ မကောင်းတဲ့အသံကြားရရင် စိတ်ဆိုးတယ် ဒေါသမီးတောက်တယ်၊ တခြားမသိပါစေနဲ့ တယောက်ထဲကျိတ်ပြီးတော့ ခံပါ။ မနေ့က ဒီလိုပြောလိုက်တယ်။ ဒါမနေ့က အဆက်ဘဲ။ ပြီးတော့ မနေ့က အဆက်ဘဲဆိုပါတော့၊ မနေ့က ပထမပြောတာက သာမညချမ်းသာစွန့်ပြီးတော့ နိဗ္ဗာန်ချမ်းသာ တောင့်တပြီးလာတဲ့ နိဗ္ဗာန်ချမ်းသာရအောင် အားထုတ်ကြပါလို့၊ ဤအစည်းအဝေးကြီးလာကြတာ နိဗ္ဗာန်ချမ်းသာတောင့်တပြီးလာ

တဲ့ နိဗ္ဗာန်ရအောင် တိုင်ပင်နှီးနှောကြတဲ့ အစည်းအဝေးကြီးဘဲ၊ မနေ့ကအဆက်ကလေးနဲ့ ဩဝါဒနဲ့ ဒီကတခဏ်း၊ ပြီးပြီဘဲဆိုကြပါစို့။

ယနေ့သီးခြားဩဝါဒက မနေ့ကစကားနဲ့ဘဲ ဆက်ခဲ့ပါရစေတော့။ ယခုတင်က ရှုပါရုံမြင်လိုက်လို့ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ် စိတ်ဆိုး ကိုယ်တိုင်လဲ ဒီဟာနောက်မပြောဘူး၊ ဆက်လက်မစဉ်းစားဘူး၊ သူတပါးလဲ မပြောလို စိတ်မဆိုးအောင်၊နှလုံးသွင်းပြီးသွားနိုင်တဲ့ပုဂ္ဂိုလ်၊ သူတပါးကိုမပြောဘဲ အောင့်အည်း နေနိုင်တဲ့ပုဂ္ဂိုလ်၊ ဘယ်လိုလူမှုနေနိုင်သလဲ၊ ခန္တီ-သည်းခံနိုင်တဲ့ပုဂ္ဂိုလ်မှနေနိုင်တယ်၊ သည်းမခံနိုင်လို့ရှိလျှင်ဖြင့် ကိုယ်တိုင်လဲဘဲ စိတ်ထဲကတနွေးနွေးနဲ့ ကြွနေတာဘဲ၊ တခါ တခါ အသံ ထွက်အောင်တယောက်ထဲပြောပြီး နေတာဘဲ၊ အရက်မူးတယောက် ထန်းရေမူးတယောက် ဘယ်သူမှဗိုလ်မထားဘူးဟ၊ ဘယ်သူမှဗိုလ်မထားဘူးဟ၊ အရက်မူးပြီး ရူးပြီးတော့ ဒေါသထ၊ ကြည့်လိုက်တော့သူတယောက်ထဲ၊တယောက်ထဲပေမယ်လို့ ဒေါသဆိုတာ တောက်ချင်တိုင်းတောက်တာ၊ သည်းမခံလို့၊ သည်းခံလိုက်လို့ရှိလျှင် ငြိမ်သွားတာပေါ၊ သည်းခံတော့ ဘာအကျိုးရှိသလဲ၊ သည်းခံလိုက်တဲ့ပုဂ္ဂိုလ် "**သီလသမာဓိပညာနဲ့၊ ခန္တီပဓာန ကာရဏာ**" လူတွေလဲပါတယ်နော်၊ ရဟန်းတော်များဖြစ်လို့ရှိလျှင် အဓိပ္ပါယ်ပြောနေစရာမလိုပါဘူး၊ သို့သော်လဲဘဲ ဘုရားရှင်တရားတော်ကို ထပ်ပြီးတော့နာယူကြရတာပေါ့။

သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ကာရဏာ။

ခန္တိ–သည်းခံခြင်းသည်၊ သီလသမာဓိပညာနံ-သီလသမာဓိ ပညာတို့၏။ ပဓာနကာရဏာ–လိုရင်းအကြောင်းရင်းတည်း။

ယခု အများသောသူတို့စိတ်ထဲမယ် သိပြီး၊ တတ်ပြီး ရွှေကျင်ဆရာတော်ဘုရားကြီး သီလဂုဏ်နဲ့ ပြည့်စုံပါပေတယ်၊ မမှီလိုက်သော်လဲ ခဏခဏကြားနေရတယ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး သမာဓိရှိပါပေတယ်၊ ပညာလဲကြီးပါတယ်၊ ဒီရွှေကျင်ဆရာတော်ဘုရားကြီး ဘာ့ကြောင့် သီလဂုဏ်နဲ့ပြည့်စုံသလဲ၊ ခန္တိရှိလို့ သည်းခံလို့ အောက်ရာမည်တိုင်း ဆရာတော်ဦးသီလကြီး သီလ၊သမာဓိ ပညာနဲ့ ပြည့်စုံပါပေတယ်၊ ဒီသီလ သမာဓိ ပညာ သူ့အကြောင်းကင်းပြီးတော့ ရနေတာမဟုတ်ဘူး၊ ပထမ သူ့မှာ ခန္တီဆိုတဲ့ သည်းခံတဲ့စိတ်က ရှိနေတယ်။

သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ကာရဏာ-ကို အနည်းငယ်မျှ ဉာဏ်ထွင်ပြီးပြောမယ်ဆိုရင် ခန္တီမရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ သီလမရှိဘူး၊ သည်းမခံတဲ့ ပုဂ္ဂိုလ် ဘယ်တော့မှ သမာဓိမရှိဘူး၊ ပညာမရှိဘူး၊ ယခုတင်က စကားနဲ့ဆက်ပြီးပြောကြစို့ ဆိုလို့ရှိရင် ကိုယ်မကောင်းတာလေးကို သူတပါးမပြောတဲ့ပုဂ္ဂိုလ်၊ ဘေးရန်မရှိဘူး၊ သူတပါးပြောမယ်ဆိုလို့ရှိရင် ဒီဘေးရန် မဆုံးနိုင်ဘူး၊ ဘုန်းကြီးအိုကြီး ဖြစ်နေပေမယ်လို့ ဒီခေတ် ခေတ်မကောင်းဘူး၊ ဘယ်ဆူလို့တဲ့ ဘယ်ပူလို့တဲ့၊ ဘယ်နိုင်ငံက-တဲ့ ဖြစ်တာကလေးကို တယောက်ထဲ သည်းမခံနိုင်လို့ ကြားတာလေးကို တယောက်ထဲ သည်းမခံနိုင်လို့ဖြစ်ရ၊ ကမ္ဘာကြီး ဆူပွက်နေတယ်၊ ဒီတက်တိုး

ပြီး ပြောလိုက်ဦးမယ်၊ အဇ္ဈတ္တမှာ သတ္တဝါတွေ ပိတ်နေတာ၊ သိပ်နေတာ ဒီလိုကျနေတာဘဲ၊ ဉာဏ်ကြီးရှင်တွေ တိုးချဲ့ပြီးသိလို့ နောက်(ပါဒ)ကလဲ ကောင်းတာဘဲ။

သီလ သမာဓိ ပညာနံ၊ ခန္တိပမောန ကာရဏာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဍရေ။

သဗ္ဗေပိ ကုသလာ ဓမ္မာအရ ရှိရှိသမျှ ဘယ်ကုသိုလ်မဆို သည်းခံခြင်းနှင့် စပ်၍သာလျှင် ကြီးပွားရတယ်၊ ဒီအစည်းအဝေးကြီးမှာ ငြိမ်လို့ ကြည်ညိုဘွယ်ကောင်းလိုက်တာ ကုသိုလ်တွေရလိုက်ကြတာ ကုသိုလ်တွေ၊ ယနေ့ရတဲ့ကုသိုလ်တွေကို နှမ်းစေ့လောက်ပမာဏထားပြီး ချိန်ကြည့်မယ်ဆိုရင် ဆယ်တင်းမကဘူး၊ တင်းတရာမကဘူး၊ ဖြစ်လိုက်ကြတဲ့ကုသိုလ်တွေ၊ ဒီကုသိုလ်တွေ ဘာကြောင့်ရသလဲ၊ ခန္တိကြောင့်ရတယ်၊ ဒီထက်တိုးပြီးတော့ ခန္တိသုံးသွားမယ်ဆိုလို့ရှိရင် ဘာမှမကြာဘူး နိဗ္ဗာန်ရောက်မှာ၊ အတိတ်ကိုပြန်ကြည့်ကြစို့၊အတိတ်က ယခုထက်တိုင်အောင်ရောက်နေတဲ့ အိုလိုက်နာလိုက် ဘေးတွေတွေ့နေတာ၊ ခန္တိမရှိလို့ကြာနေတာ၊ ကုသိုလ်ဟူသမျှ သည်းခံခြင်းနဲ့စပ်တာဘဲ၊ ရှေ့နှစ်ပါဒထဲကတော့ သီလ သမာဓိ ပညာ **သဗ္ဗေပိ ကုသလာ** ဓမ္မာ လို့ဆိုထားတော့ ဒါနတွေကလဲပါလာရော့ပေါ့၊ ငွေလေးတကျပ်လောက်ရှိရင် ငွေတကျပ်ဘိုးကိုဝယ်စားတော့ တကျပ်ဘိုးကောင်းကောင်းစားရတယ်၊ သူတပါးကိုလှူလိုက်ရင် ကိုယ်မစားဘူး၊ကိုယ်မစားပဲ သူတပါးလှူတာကို သည်းခံတာခေါ်တာဘဲ၊ ယခု အစည်းအဝေးကြီးမယ် ဆွမ်းဒါယကာတွေ ကားဒါယကာတွေ စက် ဒါယကာတွေ သူတို့

ပိုင်ဆိုင်တဲ့ ပစ္စည်းလေးကို ငါမသုံးပါဘူးဟဲ့လို့ သည်းခံပြီးတော့ လှူဒါန်းကြတယ်။

ဒါ- ဒါနမှုဘဲ၊ သည်းခံနိုင်လို့ လှူကြတယ်၊ ဒါနမှု သီလမှု ဘာဝနာမှု သည်းခံနိုင်လို့ ဖြစ်တာဘဲ၊ အကျဉ်းဆုံး ဆိုပါတော့ ချုံးပြီးတော့ပြောမယ်၊ ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်တွေ သည်းခံနိုင်လို့ ဘုရားဖြစ်ကြတာဘဲ၊ အဝီစိ ငရဲ အပါယ်လေးဘုံ ပြည့်နေတဲ့ သတ္တဝါတွေဟာ သည်းမခံနိုင်လို့ ဖြစ်ကြတာ၊ နောက်ဆိုရင် ဒီထက်ဆိုးဦးမယ်၊ သံသရာရှည်ချင် တိုင်းရှည် သံသရာကြာချင်တိုင်း ကြာ ဘယ်တော့မှ နိဗ္ဗာန် မရမယ့် သံသာရ ခါဏုက သံသရာ့ သင်ငုတ်တွေဖြစ်နေတဲ့ (ခပ် ကြမ်းကြမ်း ပြောကြပါစို့) ဒီသတ္တဝါ ကောင်တွေဟာ သည်း မခံနိုင်လို့ ဒီလို သံသရာ့သစ်ငုတ်တွေ ဖြစ်နေတာ၊ ဒီလိုဆိုလို့ရှိရင် ယခု အစည်းအဝေးကြီး၌ သော်၎င်း၊ ကိုယ့်မြို့ ကိုယ့်ရပ် ကိုယ့် ရွာကို ပြန်ရောက်တဲ့ အခါ၌သော်၎င်း၊ နေ့စဉ်နှင့်အမျှ အသက် ထက်ဆုံး ဇာတိဿရဉာဏ် ရလို့ရှိလျှင် နောင်ဘဝ အဆက်ဆက် တိုင်အောင် သည်းခံခြင်း တရားနှင့် ပြည့်စုံပြီးတော့ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်း တရားကို များများကြီး ပွား များအားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သင်

၁၃၂၅-ခု၊

နတ်တော်လဆန်း (၄)ရက်၊ အစည်းအဝေး ဒုတိယနေ့

သဘာပတိ သက်တော်ရှည် စံကင်းဆရာတော်ကြီး၏

# နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၂)

အများသိကြတဲ့အတိုင်း ဝလဲ မကြည့်နိုင်ဘူး၊ ပါဠိတော် ဂါထာလေး ဘာလေး ကိုရင်လေးတွေကို အဖတ်ခိုင်း၊ ကိုရင်လေးတွေက ရသွား၊ ကိုယ်က မရဘူး၊ ယခု အစည်းအဝေးကြီးမယ် ကြွလာတဲ့ သီတင်းသုံးတော် ရဟန်းတော်များ ဩဝါဒပေးလို့ အချိုကကိုက်ကြတယ်၊ အံ့သြကြတယ်၊ ချီးမွမ်းကြတယ်၊ အံ့သြချီးမွမ်းလို့ ဒီတင် ရပ်မထားနဲ့၊ ဆရာတော်ကြီး ဩဝါဒတွေက ကောင်းလွန်းလို့၊ ကြည်ညိုလွန်းလို့၊ သဒ္ဓါတရားဖြစ်ပြီးတော့ ကုသိုလ်တွေ ပွားတဲ့အထဲက ဤလို ဒိုးဒိုးရဉ်းမှာဘဲ ဆိုတာ မပြောဘဲနဲ့ ဒီက ဓမ္မလက်ဆောင် ပေးလိုက်ပါတယ်။

ယနေ့တင်က ပြောသလို ဝကျက်လို့ မရနိုင်ဘူး၊ ဝလဲ မကြည့်နိုင်ဘူး၊ ဟိုရှေးက ရဘူးတာလေး အခန့်သင့်လို့ပေါ်လာ၊ ပေါ်လာတာလေး ပြန်ပြောရတယ်၊ တမြန်နေ့က နှုတ်ဆက်ပွဲတုန်းက မတ္တာသုခ ပရိစ္စာဂါ ကို ဒီလာရင်း လမ်းမှာသတိရပြီး

တော့ ပေါ်လာပြီး ဒါလေးပြောရတာ၊ ဘာပြောရပါမလဲ၊ ဘာပြောရပါမလဲ၊ ဟိုတွေး ဒီတွေး ပြောစရာ ရှာမရနိုင်ဘူး၊ ကံအားလျော်စွာ မတ္တာသုခ ပရိစ္စာဂါ လာရင်းလမ်းမှာ ပေါ်လာ၊ ပေါ်လာလို့ ဘုရား တရားတော် ဘုရားရှင်ဟောတဲ့ ဂါထာတော်၊ ဒါလေး ပြောဟောလိုက်တော့ သိပြီးတော့ အဆင်ပြေတယ်၊ ကြိုက်တဲ့သူ နှစ်သက်တဲ့သူ ပေါများတယ်၊ ရှေလာပြီးတော့ ချီးမွမ်းအံ့ဩကြ၊ ဒီက ဝမ်းမြောက်အောင် ပြောကြသလား မဆိုနိုင်ဘူး။

ယနေ့ ဩဝါဒဆက်ကြပြန်တော့ မနေ့က ပြောတဲ့အတိုင်း စားပွဲရုံကြီးလို့ မနေ့က ပြောတဲ့အတိုင်း လူများအိမ်မယ် ဧည့်သည် ရောက်လာတော့ အချိုဧည့်သည်မယ် တရက်နဲ့ပြန်သွား၊ ထမင်း တထပ်ကျွေးလိုက်ရ၊ နောက်တရက် မပြန်ဘဲ ဆက်နေတော့ နောက်တရက် ထပ်ကျွေးရ၊ ဒီလိုဘဲ ယခုကြွလာတဲ့ မိတ်ဆွေ များက တရက်နဲ့ ပြန်တာမဟုတ်ဘူး၊ နှစ်ရက်နဲ့ပြန်တာ မဟုတ် ဘူး၊ သုံးရက် လေးရက် နေကြမှာဖြစ်တော့ ဧည့်သည်ကို အိမ် သည်က ကိုယ့်အိမ်မှာ တည်းနေသမျှ ပဏီတဘောဇဉ်ဆိုတဲ့ ခဲဘွယ်ဘောဇဉ် ကောင်းမွန်စွာ ကျွေးမွေး၊ သူတို့ကျွေးမွေးရာ မှာတော့ ယနေ့တမျိုး မနက်ဖန်တမျိုး ပြောင်းလဲပြီး ချက်နိုင် ပြုတ်နိုင် ခဲဘွယ်တွေလဲ အမျိုးမျိုး ပြောင်းရွှေနိုင်တယ်။

ယခု ဒီကပြောတဲ့ ဩဝါဒ စားဘွယ်ကတော့ မပြောင်း နိုင်ဘူး။ မနေ့က ပြောတာလဲ ဘုရားရှင် ဩဝါဒ ဒီတရားဘဲ၊

ယနေ့ပြောမှာလဲ ဘုရားရှင် ဩဝါဒ ဒီတရားဘဲ၊ ဒါနတမျိုး သီလတမျိုး ဘာဝနာတမျိုး ဒီလိုပြောင်းတော့ကို မနေ့က တရားက မကောင်းဘူး၊ ယနေ့ တရားမှကောင်းတယ်၊ ဒီလို မဆိုနိုင်ဘူး၊ ယခုတင်ကပြောတဲ့ စားဘွယ်သောက်ရန် ခဲဘွယ် ဘောဇဉ်မှာ ကောင်းသည်ထက်ကောင်းအောင် ညှော်ခံကျွေးမွေး သော်လဲဘဲ စားသုံးတဲ့ ညှော်သည်က နေ့ထိုင်မကောင်းဘူး၊ ခါတ်လေးပါး မညီမျှဘူး၊ သလိပ်သည်းခြေတဲ့ သွေးတဲ့ လေတဲ့ တခုခု ချို့ယွင်းပြီးတော့ နေမယ်ဆိုလို့ရှိရင် သူများကောင်းသမျှ သူမကောင်း ဖြစ်နေတာဘဲ၊ သူ့ခါတ်ခံက ညှိုးပြီးတော့နေတော့ သူများ ကောင်းကောင်းကြီးစား ငါလဲစားမယ်လို့ စားမိလို့ ရှိလျှင် မကောင်း ကောင်းကောင်း စားမှာဘဲဆိုရင် အခန့်မသင့် ဒီအစာကြောင့် ဘေးရန်ဖြစ်သွားမယ်။

ဘုရားရှင် ဩဝါဒကထာ ဓမ္မဒေသနာတော်တွေကတော့ ဘယ်သူနဲ့မှ မသင့်တာ မရှိဘူး သင့်တာချည်းထဲ၊ မစားချင်မှ မသုံးချင်မှ မနာချင် မကြားချင်မှ မကျင့်ချင် မကြံချင်မှဘဲ ဘုရားစကားတော် ဘုရားတရားတော် မကြံချင် မကျင့်ချင်တဲ့ သူကသာ မကောင်းဘူး ပြောချင်ပြောမယ်၊ ကျင့်ချင်တဲ့လူ ဖြစ်လို့ရှိလျှင် ဘယ်တရားဖြစ်ဖြစ် ကောင်းတာဘဲ၊ သဗ္ဗေသင်္ခါရာ အနိစ္စာဆိုတဲ့ စကားနဲ့ ကျွတ်တန်းဝင်သွားကြတဲ့ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာနဲ့ ကျွတ်တန်းဝင်သွားကြတဲ့သူတွေ အများရှိ၊ မင်္ဂလာ တရားတော်နဲ့ ကုဋေတသိန်းဆိုလား၊ နတ်ပြဟ္မာတွေ သောတာပန် စသည် ရေတွက်ပိုင်းခြား၍ မကုန်

နိုင်ဘူး၊ အသခေါ်ဂဏန်း မှတ်တမ်း လွန်သွားတယ်၊ ဘုရားတရားတော် ဘုရားရှင်၏ စကားတော် ဘုရားရှင်၏ ဩဝါဒခံဘွယ်ဥစ္စာနဲ့ ဥပမာနှိုင်းပြီးတော့ ပြတဲ့တရားတော် အဖိုးတန်တယ်၊ မနေ့ကတော့ နောက်ပိုင်းမယ် ခန္တီ တရားဆုံးသွားတယ်။

သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ကာရဏာ၊

သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာ ယတ္တာဝ ဝဍ္ဍရေ။

လောကဘက်က ကောင်းသမျှ နိဗ္ဗာန်တိုင်အောင် လောကီလောကုတ္တရာ ကောင်းသမျှ ခန္တီပဓာန ကာရဏာ၊ ဒီလိုဆိုနိုင်တယ်နော်၊ ခန္တီမပါဘဲ အကောင်း မဆိုနိုင်ဘူး၊ ခန္တီကင်းသွားလို့ရှိလျှင်ဖြင့် ခန္တီမရှိရင် ဘယ်သွားမလဲ၊ ဒေါသဘက် သွားမှာပေါ့၊ ဒေါသဘက် သွားလို့ရှိလျှင် ခန္တီ ကင်းသွားလို့ရှိလျှင် မကောင်းသမျှ အပြစ်တွေ ထိပ္ပဂ္ဂိုလ်သန္တာန်မှာ ကျရောက်မှာဘဲ၊ ဒေါသသည်မီးနှင့်တူတယ်တဲ့၊ ထိုမီးသည် ခန္တီသည်းခံခြင်းစွဲမြဲနေတဲ့သူမှာ ဒေါသမီး မလောင်နိုင်ဘူးတဲ့၊ ကုသိုလ်တရားတိုးပွားရုံသာမကဘူး၊ ခန္တီ လက်စွဲရှိတဲ့သူ ဘေးမရှိဘူး၊ ရန်မရှိဘူး၊ အန္တရာယ်မရှိဘူး။

ခမာခဂ္ဂကရေတဿ၊ ဒုဇ္ဇနော ကိံ ကရိဿတိ။

ခမာခဂ္ဂ ကရေတဿ- သည်းခံခြင်းတည်းဟူသော သံလျက်ကို လက်စွဲလျက် ရှိသောသူအား။ ဒုဇ္ဇနော-မကောင်းသော

သူသည်။ (သူယုတ်မာသည်)။ ကိံ ကရိဿတိ- ဘယ်လိုပြုနိုင်အံ့နည်း။

ခန္တီရှိတဲ့သူကို သူယုတ်မာ ဆိုးညစ်တဲ့သူက ဘယ်လိုမှ မလုပ်နိုင်ဘူး၊ ခန္တီဝါဒီ ရသေ့ကြီး ကလာဗုမင်းကြီးက နှိပ်စက်လို့ သေသွားပါပကော၊ ဘာခန္တီ အကျိုးရှိလဲ၊ ဒီတွင် လိုက်ကြည့်လို့ရှိရင် ဟုတ်ပါရဲ့၊ သည်းခံတဲ့ ရှင်ရသေ့ကြီး သည်းခံတာ အကောင်းလုပ်နေ မှတ်ကရော့ဟဲ့ သေသွားပြီ၊ ဘဝဟောင်းက အပြစ်ရှိတော့ ခန္တီက သတ်တာမဟုတ်ပါဘူး၊ ဘဝဟောင်းက အကုသိုလ်က သတ်သွားတာ၊ သူသည်းခံတဲ့ ပါရမီကတော့ နိဗ္ဗာန်ပေါက်အောင် အကျိုးပေးသွားမှာဘဲ၊ ယခု ပြောတဲ့ "ခမာခဂ္ဂကရေတဿ၊ ဒုဇ္ဇနော ကိံ ကရိဿတိ" ဆိုတာကတော့ ဘဝဟောင်းက အကုသိုလ် ကြီးမားတဲ့ ပုဂ္ဂိုလ်မျိုး မတတ်နိုင်ပါဘူး၊ အကုသိုလ် နည်းပါးတဲ့ ပုဂ္ဂိုလ်များသာ တတ်နိုင်တယ်။

အတိဏေ ပတိတော အဂ္ဂိ၊ သယမေဝ ပဋိဿတိ။

အတိဏေ-မြက်အမှိုက် လောင်စာမရှိရာအရပ်၌။ ပတိတော- ကျသော။ အဂ္ဂိ- မီးသည်။ သယမေဝ- အလိုလို ဘာသာ အလျောက်။ ပဋိဿတိ- ငြိမ်းအေးလတ္တံ့။

ဘယ်သူကဘဲ အပြစ်ရှာရှာ၊ ဘယ်သူက ဘယ်လို နှိပ်စက် နှိပ်စက်၊ ညှဉ်းပန်း ညှဉ်းပန်း၊ သည်းခံနေမဲ့သူ လက်နက် ဒုတ် ဒါးနဲ့ ခုခံခြင်းမရှိဘဲ၊ ဘာသာအလျောက် တဘက်သားက

အမျက်ပြေပြီးတော့ ငြိမ်းအေးပြီးတော့ သွားနိုင်ပါတယ်၊ မီးသည် လောင်စာရှိလို့ရှိလျှင် လူပြည်က ဗြဟ္မာ့ပြည်ကျအောင် ဝါးတို့ သစ်တို့ သစ်သားတို့ အမိုက်လောင်စာတွေ ရှိမယ်ဆို လောင်စာရှိသမျှ ဗြဟ္မာ့ပြည်ကျအောင် ပုံထားတဲ့ လောင်စာတွေ အကုန် လောင်သွားမှာဘဲ၊ ဒေါသလဲ ထို့အတူပါဘဲ၊ မီးလို မီးကဲ့သို့ လောင်ကျွမ်းစေနိုင်တယ်၊ သို့သော် ခမာခဂ္ဂ-ကရေတသာ၊ သည်းခံခြင်း လက်နက်ကို အသုံးအစွဲ ပြုထားမယ် ဆိုလို့ရှိရင် ဘယ်လိုဘဲ ဒုဋ္ဌနှ နှိပ်စက်ညှဉ်းပန်းသော်လဲဘဲ ခန္တီတရားနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာ မဆင်းရဲနိုင်ပါဘူး၊ ဒီလိုဘေးရန် အန္တရာယ် ကာကွယ်နိုင်တဲ့ အကျိုးလဲ ရှိနိုင်တယ်လို့ ပြီးတော့ကို—

## အတ္တောစနေ ဇိနေ ကောဓံ

စိတ်မဆိုးတဲ့သူက စိတ်ဆိုးတဲ့ သူကို အောင်နိုင်တယ်တဲ့၊ လူနှစ်ယောက် ရန်ဖြစ်ကြ၊ တယောက်ကဉုးလို့ ဒုတ်နဲ့ ခေါင်း ရိုက်လိုက် ခေါင်းကွဲပြီးတော့သွား၊ စံကင်း နေတုန်းက တခါ တွေ့ဘူးတယ်၊ တပည့် တယောက် တပည့်ကြီး တယောက် စိတ်ကထက်လို့ တယောက်နဲ့တယောက် မတဲ့ပြီဆိုမှဖြင့် လက်သီးကြီး ဆုပ်ပြီးတော့ ဘာလဲ ဘာလဲ ထိုးမယ်လို့ ကြိတ်မယ်လို့ ဒီလိုလုပ်တတ်တယ်၊ ကျောင်းလာတဲ့အခါ ဒီလိုဆိုဟုတ်လား၊ သူက ဘာမျှမပြောဘူး၊ ကိုင်း မင်းနဲ့ တယောက်ယောက်နဲ့ မတဲ့လို့ တယောက်က ဒုတ်ဆွဲ ရိုက်လိုက်ပါပြီကွယ်၊ အရိုက်ခံရတဲ့ သူမယ် ခေါင်းပေါက်သွားပါပြီ၊ သွေးတွေ သံတွေနဲ့ အများက

ဝိုင်းဖျဉ်လို့ ခေါင်းပေါက်သွားတဲ့သူက ပြန်မရိုက်ရဘူး၊ ရိုက်တဲ့သူနဲ့ ခေါင်းကွဲတဲ့သူ ဘယ်သူနာလဲဟေ့၊ သူက စိတ်သာ ဆိုးတတ်တာ၊ ဗဟုသုတတော့များသား၊ နာတော့ ရိုက်တဲ့သူက နာတာပေါ့ဘုရား၊ မင်း ဒီလိုသိရက်သားနဲ့ ဘာလို့လုပ်သလဲ၊ လက်သီး လက်မောင်း တန်းပြီးတော့ ရှေ့တိုးတိုးသွားရတယ်၊ နောက်ဆိုးတဲ့ အခါကျပြီဆိုလျှင် ဆရာတော်သတိရပြီး နောက်ဆုတ်ဆုတ် သွားရတယ်ပြောတယ်။

အဲ ယခုလို သည်းခံလို့ ထိပ်ကွဲပြီးတော့ နေတဲ့သူနဲ့ ရိုက်တဲ့သူနဲ့ ဘယ်သူက နာသလဲဆိုလျှင် ရိုက်တဲ့သူက နောက် ဘယ်လောက် ခံရမှန်း မသိဘူး၊ အရိုက်ခံရသူကတော့ ယခုတကြိမ်ထဲ ဒီရန်ဖြစ်မှု အကြောင်းပူပြီးတော့ နောက် အရိုက်ခံရတော့မှာ မဟုတ်ဘူး၊ ဒါမျိုး **အတ္တောခေနေ ဇိနေ ကောဓံ** ခေါ်တယ်၊ ဤကဲ့သို့ စသည်ဖြင့် မနေ့က ပြောသလိုပါပဲ၊ ဗဟုသုတ သူတော်ကောင်းတွေ သန္တ၊ သန္တတရ၊ သန္တတပ ဆိုတာလို ဗဟုသုတနဲ့ စပ်ပြန်လဲဘဲ ကိုယ်စီ ကိုယ်စီ ဗဟုသုတ အကြား အမြင်များကြပြီး ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် နဲနဲလေး ပြောဟောပေတယ်လို့ အများကြီး အသုံးပြုပြီးတော့ သွားနိုင်တာ ဖြစ်တော့ ခန္တီစသည် ဘုရားအလောင်းတော်များ ကျင့်ကြံတဲ့ ပါရမီဆယ်မျိုး ကိုယ်နှစ်သက်ရာ အလေးဂရုပြုရာက စပြီးတော့ ဘုရားလောင်းလဲ ပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ ပစ္စေက ဗုဒ္ဓါလောင်းလဲ ပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ သာဝကလောင်းလဲ ပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ ယခုလို ဘာဝ

မျိုးကစပြီး နိဗ္ဗာန် တောင့်တပြီးတော့ ပါရမီဆယ်ပါး ဖြည့်နိုင်မယ် ဆိုလို့ရှိရင် သာဝကလောင်းများ ဖြစ်လို့ရှိရင် ဘဝတိုတိုနှင့် နိဗ္ဗာန်ရနိုင်တယ်။ ယခု အခြေအနေ ယခုအချိန် ယခု နာရီ ယခု ထိုင်နေတုန်း ပါရမီ အကဲဖြတ်လျှင် နောက်ကို ဘဝတရာ လောက်ရှိလျှင် ရဟန္တာ ဖြစ်နိုင်တယ် ဆိုကြပါစို့၊ ယခု သတိရပြီးတော့ ရှေ့ရက်တွေ ရှေ့နှစ်တွေထက် ပိုပြီးတော့ ပါရမီကြိုးစားဖြည့်မယ်ဆိုလို့ရှိလျှင် ဆယ်ဘဝလောက်၊ ဘဝငါးဆယ်လောက် သံသရာခရီး တိုချင်တိုသွားမှာ၊ တဘဝ နှစ်ဘဝနဲ့ နိဗ္ဗာန်ရောက်ချင် ရောက်သွားမှာ၊ နဂိုက ပါရမီဘယ်လောက် ပြည့်ကြတယ် မသိဘူး၊ ပါရမီ အများကြီး ပြည့်တဲ့သူရှိလို့ရှိရင် ဒီဘဝတွင် နိဗ္ဗာန်အာရုံ ပြုချင် ပြုသွားနိုင်မှာ။

ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးများ ယခု ဘဝတွင် နိဗ္ဗာန်ရပါလို၏၊ ယခုဘဝ နိဗ္ဗာန် မရလို့ရှိလျှင် ဒုတိယ တတိယ ဘဝ ဤဘုရားသာသနာ ဒီလို ဆင့်ကဲဆင့်ကဲ ဆုတောင်းသွားတယ်၊ ကိုယ့်ပါရမီ ကိုယ်သိကြတာ မဟုတ်ဘူး၊ ရှေးအဖို့ လွန်ခဲ့တဲ့ အခါက ပါရမီမသိကြဘူး။ နောက်အတွက်တော့ ပါရမီ ပြည့် မပြည့်တော့ စဉ်းစားသွားရင်း ကိုယ့်ဉာဏ်ထဲတော့ မြင်မှာဘဲ၊ ထင်မှာဘဲ၊ လှူချင်တဲ့သူ၊ သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်၊ ဒါနပါရမီ များများ ဖြည့်တာဘဲ၊ နှမြောတွန့်တို မလှူလိုတဲ့ ပုဂ္ဂိုလ် ဒါန ပါရမီ ဘယ်တော့မှမဖြည့်ဘူး၊ သီလ စသည်ပေါ့လေ၊ ပါရမီဆယ်ပါး၊ အဲဒီတော့ ကိုယ့်ကိုယ်ကို အကဲခပ်နိုင်တယ်၊ ကိုယ့်စိတ်ဓာတ်ကို ကြည့်ပြီးတော့ သံသရာ ဘယ်လောက် ကြာဦးမှာလဲ အကဲခပ်နိုင်တယ်။

ငါတော့ မကြားပါဘူး၊ ဒီဘဝတွင် နိဗ္ဗာန်ရောက်ချင် ရောက်မှာပါ။ သို့မဟုတ် ဒုတိယဘဝ၊ တတိယဘဝ ဘဝတိုတို့နဲ့ နိဗ္ဗာန်ရောက်ရမှာဘဲလို့ ကိုယ့်ကိုယ်ကို အကဲခပ်နိုင်အောင် ရှေး ရှေ့ကျင် ဆရာတော် ဘုရားကြီးများ၏နည်းလမ်း၊ ဟို-ဘုရားရှင်ကျအောင် မဆက်ပါနှင့်ဦး၊ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ နည်း၊ ဉုးသီလ ဆရာတော်ကြီး၏နည်း၊ ဒိပဲရင်း ဆရာတော်ဘုရားကြီး၏ နည်း၊ အလုံ ဆရာတော် ဘုရားကြီး၏ နည်းလမ်း စသည်ပေါ့လေ၊ နည်းလမ်း စည်းကမ်းတွေ လိုက်နာသွားမယ်ဆိုလို့ရှိလျှင် ဘဝတိုမယ်၊ နိဗ္ဗာန်အမြန်ရမယ်၊ ဒီအစည်းအဝေးကြီး နိဗ္ဗာန်အမြန် လိုချင်လိုလာကြရတာ၊ နိဗ္ဗာန်အမြန် ရောက်ရှိနည်းလမ်း ငါတို့ရပြီ၊ ကိုယ်စီ ကိုယ်စီ စိတ်၌ စွဲလမ်းတင်မှတ်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရားကို ပွားများအားထုတ်တော် မူနိုင်ကြပါစေသော်။

၁၃၂၅-ခု၊ နတ်တော်လဆန်း (၅)ရက် အစည်းအဝေး

တတိယနေ့

သဘာပတိ သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး၏

# နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၃)

ရှေး ဆရာတော် ဘုရားကြီးများ စီစဉ်ထားခဲ့တာက သုံးနှစ်တကြိမ် တခမ်းတနားနှင့် အစည်းအဝေးဖွင့် မင်္ဂလာ စကားကြားရတော့ နှစ်တိုင်း နှစ်တိုင်း နှစ်စဉ် လုပ်ချင်လာတယ်၊ လုပ်ချင်တယ်။

ဒီလို တိုင်ပင်ပြီးတော့ ဘုရားရှင် သာသနာတော်ကြီးကို စောင့်ရှောက် ပြုစုကြလို့ ခေတ်အလိုက် ရွှေကျင်ဂိုဏ်း သာသနာတော်ကြီးဟာ သိပ်ပြီးတော့ မညှိုးမှိန်လှသေးဘူး၊ ရှေး ရှေး ဆရာတော်ကြီးတို့၏ ဖြစ်စဉ်ကို အောက်မေ့ လိုက်မယ်ဆိုလျှင် အပုံကြီး နိမ့်ကျလာပြီး ငယ်ငယ်က မင်းတုန်း ဘုရင်ကြီး လက်ထက် တွေ့လိုက် မြင်လိုက်ရသေးတဲ့ အခါတုန်းက ဘာမှ မသိပေတယ်လို့ အတော်ကြီးလာတော့ တွေ့ဘူး မြင်ဘူးတာတွေ သတိရတော့ နောက်ပိုင်းက အပုံကြီး ကွာပြီးနေတယ်။

ဒီတော့ကို ကိုယ့်သာသနာတော်ကြီး ရွှေကျင်ဂိုဏ်း သာသနာတော်ကြီး မဆုတ်ယုတ်ရအောင် ထွန်းလင်း တောက်ပ

အောင်လို့ဘုရားရှင် သာသနာတော်ကြီး မဆုတ်မယုတ်ရအောင် ကြွရောက်လာကြတဲ့ အာဂန္တုက အရှင်ဘုရားများလဲ ကိုယ်စိတ် အပင်ပန်းခံပြီးတော့ လာရတဲ့ အကြောင်းကြောင့် သာသနာ တော်ကြီး ထွန်းလင်းတောက်ပပါစေ၊ ဧည့်ခံ ပုဂ္ဂိုလ်များကလဲ ကိုယ်စိတ် အပင်ပန်းခံပြီးတော့ ဆောင်ရွက်ကြလို့ ဤကောင်းမှု ကြောင့် ဘုရားရှင် သာသနာတော်ကြီး ထွန်းလင်းတောက်ပ ပါစေ။

ထွန်းလင်း တောက်ပတဲ့ နိမိတ် အရောင်ကလဲဘဲ ရွှေကျင် နိကာယ သာသနာဝင်ဆိုတဲ့ စာအုပ်ကြီးကို နိမိတ်တော့ပြသား သာသနာရောင် တိုးပြီးတော့ လာလိမ့်မယ်ထင်တယ်၊ တိုးသည့် ထက် တိုးအောင် ကိုယ်တိုင် ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင် ပန်းခြင်း ခံပြီးတော့ ဆောင်ရွက်ရတဲ့ ကုသိုလ်ကံကြောင့် ဘုရားရှင် သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ၊ ရွှေကျင်ဂိုဏ်း သာသနာတော်ကြီး ထွန်းလင်း တောက်ပပါစေ ဆုတောင်းပါတယ်၊ သံဃာတော်များလဲ ထို့အတူ ဆုတောင်း ကြပါ၊ ဆုတောင်းဖို့ ဆုတောင်းချင်အောင် ဂါထာလေး အရွတ်ခိုင်းပြီးတော့ ဒီကတာဝန် ဒို့တာဝန် သိမ်းပါရစေ၊ နောက်ဆုံး နိဂုံးရောက်မှ ပြောပါရစေတော့။

### သာသနာရေး ဂါထာ

သာသနံ ဟာယတိ ဒါနိ၊ အဘယံ အာသိ သဘယံ၊
ဝိသုဒ္ဓိ နိမ္မလံ ဟောတိ၊ ဓုနတံ စက္ကကဏ္ဍကံ။

သာသနံ- ရှင်တော်ဘုရား တည်ထားခဲ့ရာ သုံးဖြာ သတ်မှတ် သာသနာတော် မြတ်ကြီးသည်ကား။ ဒါနိ- သာသနာ့ နောက် ဆွယ်တွင် ဘာသာတွေ ပျောက်ကွယ်၍ ကြောက်စဘွယ်ဖြစ်လာ ဤယနေ့ ခေတ်အခါ၌။ ဟာယတိ- သာသနာ့ တန်ခိုးရှိန် မဖြိုးထိန်ဘဲ ညှိုးမှိန်ခါ ကွယ်ခမန်း တကယ်တမ်း ဆုတ်ယုတ်၍ လာခဲ့ပါပေ၏။ ဟာယတိ- မွန်းလွဲနေသွင် တောင်ရေယာဉ်သို့ တသွင်သွင်ကျဆင်း ယိုယွင်း၍ လာခဲ့ပါပေ၏။ ဒါနိ- ကလိယုဂ် ဆုတ်ခေတ် ရောက်လစ်ကြုံလာ ဤယခုအခါ၌။ အဘယံ- သာသနာစက်ရှိန် လက်ထိန်ခဲ့ရာ ရှေးအခါက ဘေးဘယာ ကင်းစင် ချစ်ရှင်မြတ်စွာ သာသနာသည်။ သဘယံ- သောင်း ကျန်းညစ်ဆိုး ခေတ်ဝါဒ အမျိုးမျိုးက လွှမ်းမိုးတော်လှန် ဘေး ရန်တွေအဖုံဖုံ ဝိုင်းအုံ၍လာသည်။ အာသိ- အစဉ်တွေးဆ မအေးရဘဲ မုချမသွေ ဖြစ်ခဲ့ပါပေ၏။ ဝိသုဒ္ဓံ- ၈၁ လယ်၊ အဆုံး အပြစ်သုဉ်း စိန်တုံးတရထည် ဂုဏ်ရည်သစ်လွင် ချစ်ရှင်မြတ်စွာ သာသနာသည်။ နိမ္မလံ- အတွင်းအပြင် စန်းရောင်သွင်သို့ ဖြူစင်ဖွေးဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သည်။ ဟောတံ- ဟောတု- သာသနာ့ကံ မြန်မာ့ကြံကြောင့် အမှန်မသွေ ဖြစ်ပါ စေသတည်း။ စက္ကကဏ္ဍကံ- သာသနာ့ရန်စွယ် ဓမ္မန္တရာယ် ခပင်း ဆူးငြောင့်တံသင်း။ ဧနေတံ- ဧနေတု- ကျူပင်ခုတ်က ကျူငုတ်မကျန် တော်လှန်ဖျက်ချေ နှိမ်နင်းနိုင်ပါစေသတည်း၊

၁၃၂၅-ခု၊ နတ်တော်လဆန်း(၅)ရက်အစည်းအဝေးကြီးအပြီး
သံဃာ (၇၀၀)ကျော်နှင့် လူပရိသတ် အပေါင်းတို့က
စံကင်း ဆရာတော် ဘုရားကြီးအား ပူဇော်ကန်တော့ကြရာ၌

# ဆုပေးခြင်း

အရိုအသေ အလေးအမြတ်ပြု၍ ရှိခိုးပူဇော်ကန်တော့ရသော ပူဇဝန္တ သက္ကစ္စဂါရဝ မင်္ဂလာ ကုသိုလ် စေတနာ၊ လူဘဝကို ရခြင်း၊ ဘုရားရှင် သာသနာတော်နှင့် တွေ့ကြုံရခြင်း၊ ရဟန်းဘဝကိုရခြင်း၊ သာမဏေဘဝကိုရခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ သူတော်ကောင်း တရားကို ကြားနာရခြင်း အစရှိသော အလွန်မြင့်မြတ်သော အခါကောင်း အခွင့်ကောင်းတို့ကို ရကြသည့်အားလျော်စွာ နေ့စဉ်နှင့်အမျှ လေ့လာပွားများ အားထုတ်ရသော ပရိယတ်၊ ပဋိပတ် အစရှိသော ဒါန သီလ ဘာဝနာ အစရှိသော ကိုယ်စီ ကိုယ်စီ ရေတွက်ပိုင်းခြား၍ မကုန်နိုင်၊ ကိုယ်ပိုင်ရရှိ၍ နေကြသော အလွန်များစွာသော ကုသိုလ်ကံ စေတနာတို့ကြောင့် ဒိဋ္ဌဓမ္မ ယခုဘဝ ယခု အချိန်အခါ၌ ပင်လျှင် ဘေးဒဏ် ရန်မာန်အန္တရာယ် ခပ်သိမ်း အလုံးစုံ ကင်းငြိမ်း၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား

ကြီးခြင်း၊ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်း၊ မရဘူးသော ကျက်သရေ ဂုဏ်သိရ် စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး သူတော်ကောင်း တရားတို့ကို ရရှိခြင်း၊ ရရှိဘူး ရရှိပြီးသော ကျက်သရေ ဂုဏ်သိရ် စည်းစိမ်ဥစ္စာ ရတနာ ရွှေ ငွေ ဆန်ရေစပါး၊ သူတော်ကောင်း တရားတို့ မပျက်မစီး တိုးပွားခြင်း အစရှိသော အပြစ်ကင်းသော လောကီအကျိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ဆိုအပ်သော အကောင်းဆုံးသော လောကုတ္တရာအကျိုး ဤနှစ်ပါးသော အကျိုးတို့ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော ပါရမီ ကုသိုလ်တရားတို့ကို ပွားများ အားထုတ်နိုင်ကြသည် ဖြစ်ပါစေ။

**အမှာ။** ။အခြားတဦးချင်း၊ နှစ်ဦးချင်း၊ ကန်တော့သည့် အခါ၌လည်း ယင်းဆုပေးဖြင့်သာ လိုက်လှဲစွာ ပေးဆိုတော် မူလေ့ရှိပါသည်။

သာသနာပိုင် သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး

အစည်းအဝေးကြီး အပြီးသတ်နိဂုံးချုပ်

# နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၄)

လူ့ဘုံမှာ လူဘဲဖြစ်နေကြစေ၊ နတ်ဘုံမှာ နတ်ဘဲဖြစ်နေကြစေ၊ အထူးအားဖြင့် ဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီးတွေဘဲဖြစ်နေကြစေ၊ ပုထုဇဉ်မှန်သမျှ အကောင်းအဆိုး နှစ်မျိုး မကင်းနိုင်ကြဘူး၊ တခါတရံကောင်းလို့ တခါတရံဆိုးလို့ အပါယ်ဘုံတော့ မပြောနဲ့တော့ အဆိုးတွေများ အကောင်းတွေ များတာကဘာလဲ၊ သဒ္ဓါ သီလ သုတ စာဂ စသည့် သူတော်ကောင်းတရားခန္ဓာကိုယ် စိတ်အတွင်းမှာ ကိန်းအောင်းပြီးတော့ နေတာကောင်းတဲ့အခါဘဲ၊ ဣဋ္ဌာရုံကောင်းတဲ့ အာရုံတွေနဲ့ တွေ့ပြီးတော့ နေတဲ့အခါ အကောင်း ဆိုရမှာဘဲ၊ အနိဋ္ဌာရုံတွေနဲ့ တွေ့နေလျှင် မကောင်းဘူး၊ လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ တထောင့်ငါးရာ ကိလေသာတွေ များလိုက်တာနော်၊ မကောင်းတဲ့ဘက်က ကိလေသာဆိုတာ ညစ်နွမ်းတာခေါ်တာ၊ ညစ်နေတယ်၊ နွမ်းနေတယ်၊ ဟောင်းနေတယ်၊ စက်ဆုပ်ရွံရှာဘွယ်ဖြစ်ပြီးတော့ နေတာမျိုး ကိလေသာ များလိုက်တဲ့ ကိလေသာတွေ ပုထုဇဉ်ချင်း မင်းနှင့်ငါနဲ့ ကိလေသာအများ ပြိုင်ကြစို့ဆိုလို့ရှိရင် အတူတူပါဘဲ၊ တထောင့်ငါးရာ ကိလေသာ။

သို့သော် တခါတရံမှာ နှဲနဲဖြစ်တဲ့သူ ကိလေသာ နဲတယ် ဆိုတာ နေ့မပြတ် ညမပြတ်ဖြစ်တဲ့သူ အချိန်နှာရှိမလပ် လောဘ၊ လောဘပြီး ဒေါသ၊ ဒေါသပြီး မောဟ၊ လောဘတို့ ဒေါသတို့ ထက် မောဟက သာတယ်ဆိုရမှာဘဲ၊ မောဟနှဲ့ တွဲလို့ပါဘဲ၊ သိတဲ့သူတွေက များပါတယ်၊ ဤလို ကိလေသာတွေနှဲ့ ညစ် နွမ်းပြီးတော့ နေကြရတဲ့ ပုထုဇဉ်တွေ ဤလိုဟာမျိုး မကောင်း ခေါ်တယ်၊ ကိုယ်လဲအတူတူ၊ သူတပါးလဲ အတူတူ၊ ပုထုဇဉ် ဖြစ်လို့ရှိလျှင် အတူတူဖြစ်တဲ့ ပုထုဇဉ်ချင်း ဖြစ်သော်လဲ သတ္တဝါ ဆိုတာ အကုန်လုံး သိကြမှာပါတယ်၊ တချို့ပုံ ခပ်ရှိင်းရှိင်းဘဲ၊ **ကိုယ့်ဟာ ကိုယ်မမြင်ဘူး၊ သူတပါးဟာသာ မြင်တယ် ဆိုတာမျိုး၊** ကိုယ့်ကိုယ်ကို ကြည့်တော့ အကုန်သိပါရဲ့၊ ဆိုးချင်တိုင်းဆိုး၊ ညစ်ချင်တိုင်း ညစ်နေတာ၊ ကိုယ့်ကိုယ်ကိုတော့ လွှတ်လပ်ခွင့် ပေးထားတယ်၊ သက်သာခွင့်ပေးထားတယ်၊ ကိုယ့်ကိုယ်ကိုတော့ အပြစ်မတင်ချင်ဘူး၊ သူတပါးကျတော့ မကောင်းလျှင် သိပ် အပြစ်တင်ကြ၊ ကောင်းလျှင်တော့ ကြည်ညိုကြပါရဲ့၊ ချစ်ခင် ကြပါရဲ့၊ နှစ်သက်ကြပါရဲ့၊ အဲဒီလို နှစ်မျိုးရှိရာတွင် အဘိုးတန် တယ် မှတ်ကြပါ။

ဂုဏ ဒေါ သေဟိ ကိဏ္ဏာသ၊ ဂုဏံဝ ပဿယေ သရေ။

သေဝ ါလာဒိံ ပဝါဟေတွာ၊ပိမေ ပိပါသကော ယထာ။

ဂုဏ ဒေါ သေဟိ- ဂုဏ်အပြစ်တို့ဖြင့်။ (အကောင်းအဆိုး တို့ဖြင့် ဆိုလိုတာပေါ့၊) = ကိဏ္ဏာသ-ရောပြွမ်းချီနေသောပုထုဇဉ်၏။

ဂုဏံ၀- ဂုဏ်ကိုသာလျှင်။ ပဿယေ- ကြည့်ရာ၏၊ ရှုရာ၏၊ ဆင်ခြင်ရာ၏၊ နှလုံးသွင်းရာ၏၊ ပိပါသးကာ- ရေငတ်သော သူသည်။ သရေ- အိုင်၌။ သေဝါလာဒိံ- မှော်အစရှိသည်ကို။ ပဝါဟေတွာ- ပယ်ရှား မျှောဖယ်၍။ ပိဝေယထာ- ရေကို သောက်သကဲ့သို့တည်း။

အင်း-ဓမ္မကထိကမဟုတ်တော့ သာဓုခေါ်အောင် ချမပေး တတ်ဘူး၊ သို့သော် သာဓုခေါ်ကြစမ်းပါ၊ ပိဝေယထာ-ရေကို သောက်သကဲ့သို့တည်း။

"သာဓု-သာဓု-သာဓု"

သိပ်ကောင်းတဲ့ဟာ၊ ယနေ့ဆွမ်းကျွေးတာ ဘယ်အရပ်ကလဲ၊ ပလိပ်ကမဟုတ်လား၊ ရဟန်းသုံးဝါလောက်က ပလိပ်ကိုရောက် သွားတယ်- ပလိပ်ဆိုတာ ဘယ်ဆီနေမှန်းမသိပါဘူး၊ သီပေါ မဟာဒေဝီ ဆရာတော်ဘုရားကြီးနေတဲ့ ကျောင်းကလေး၊ မနက် ကဘဲ ဒကာတယောက်ပြောသွားတယ်၊ သရက်ပင်တွေ အများ ကြီး သရက်သီးတွေ သီးပါတယ်ဘုရား၊ ဘာညာနဲ့ ပြောသွား တယ်။

မဟာဒေဝီ ဆရာဘော်ဘုရားကြီးတဲ့၊ ဇာတိက သီပေါမြို့က ကမ္ဘောဇလူမျိုးပါဘဲ၊ စိတ်နှလုံး နူးညံ့သိမ်မွေ့တယ်၊ သဒ္ဓါရှိ တယ်၊ အများကြည်ညိုဘွယ်ဆောင်တယ်၊ရဟန်း သုံးဝါလောက် ရောက်ရှိတဲ့အခါ အလ္လာပသလ္လာပ ပြောတာနဲ့စပ်ပြီး ဒီဂါထာ လေးပြောတယ်၊ ဒီဂါထာက ဘယ်ကဂါထာမှန်း မသိပါဘူး၊

မဟာဒေဝီ သီပေါဆရာတော်ဘုရားကြီး သင်ပြီးတော့ပေးလိုက်တဲ့ ရဟန်းသုံးဝါလောက်က ရတဲ့ဂါထာတပုဒ်ပါဘဲ။

တောလမ်း ခရီးသွားတဲ့သူ နွေလိုရေရှားတဲ့အခါ ရေငတ်လာရော၊ ရေရှားတော့ကို တောဆိုတာ ရေအိုးစင်လဲ ရှိတာမဟုတ်ဘူး၊ ရေတွင်းရေကန်နဲ့ ကောင်းကောင်းမွန်မွန်လဲ ရှိတာမဟုတ်ဘူး၊ ရေကန်လေးဘာလေး နွေအခါဖြစ်တော့ ရေကလဲ ခပ်နဲနဲဖြစ်တော့ အမှိုက်သရိုက်တွေများလို့ အမှိုက်သရိုက်တွေဖယ်ပြီးတော့ အမှိုက်ကြားထဲက အောက်က ကြည်လင်တဲ့ရေကို ယူပြီးတော့ သောက်ကြရတယ်၊ထိုနည်းအတိုင်းပါဘဲ ဘယ်ပုထုဇဉ်မြင်မြင် ကိုယ့်ကိုယ်ကို ပြန်ကြည့်ကြည့်၊ သူတပါးမြင်မြင် ကိုယ်မြင်သမျှ ပုထုဇဉ်တယောက်မျှ မရှိဘူး၊ အသခေါ်အနန္တ ဘယ်သွားရှာရှာ၊ ဗြဟ္မာ့ပြေတက်ရှာရှာ ရဟန္တာမှတပါး အပြစ်ကင်းတဲ့ပုဂ္ဂိုလ် မရှိဘူး။ သောတာပန် မကင်းသေးဘူး၊ သကဒါဂါမ်မကင်းသေးဘူး၊ အနာဂါမ်မကင်းသေးဘူး၊ ကိလေသာ ကျန်နေသေးတာ၊ ဘယ်ပုဂ္ဂိုလ်ကင်းတယ် ဆိုနိုင်မလဲ၊ နဲတော့ သိပ်နဲပါပြီ၊ ရဟန္တာနီးပါးပါဘဲ။

အဲ ယခုဆို ရရာတွင် အပြစ်တွေ များချင်တိုင်း များပေစေ၊ အပြစ်တွေ နဲနဲရှိချင်ရှိပေစေ၊ ဒီအပြစ်တွေကို မကြည့်ပါနဲ့တဲ့၊ မြင်လို့ရှိလျှင် ဖျောက်ပစ်လိုက်ပါ၊ ဒီအပြစ်ကို အစတုန်းက ပြောခဲ့သလို ကိုယ်ကမြင်နေသူ တပါးကိုမပြောပါနဲ့တဲ့၊အပြစ်ကို မကြည့်ဘဲနဲ့ နှလုံးမသွင်းဘဲနဲ့ ဂုဏ်ကိုသာ ရှာပြီးတော့ကြည့်ပါ၊ ရှုပါ၊ နှလုံးသွင်းပါ၊ ဆင်ခြင်ပါ၊ အာရုံပြုပါ၊ ကြည်ညိုပါတဲ့၊

ဒီဂါထာအတိုင်း လိုက်နာနိုင်မယ် ဆိုလို့ရှိရင် သိပ်ပြီးတော့ ကောင်းတာဘဲ၊ တနေ့ကပြောတဲ့ သန္တ သန္တတရ သန္တတမ သူတော်ကောင်း၊ ထူးသောသူတော်ကောင်း၊ အလွန်အကျူး ထူးသော သူတော်ကောင်းကြီး ဖြစ်သွားတာဘဲ။

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။

အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။

ဒါကတော့ ဓမ္မပဒပါဠိတော်၊ ယခုတင်က ပြောတဲ့ဂုဏ်၊ အပြစ်ရှိရာတွင် အပြစ်တွေကများနေခိုက် ပုထုဇဉ်တယောက် ဖြစ်လျှင် ဒီအပြစ်တွေ ကြည့်မနေပါနဲ့၊ အကောင်းအဆိုး ရောရောနေတဲ့ သူတပါးကို ကြည့်မနေပါနဲ့တဲ့၊ ကိုယ့်ကိုယ်ကို ပြန်ပြီး တော့ကြည့်ပါ၊ ပကတိမျက်စိနဲ့ကြည့်ပါ၊ ဉာဏ်မျက်စိနဲ့ ကြည့်ပါ။

"အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။"

ဒီဂါထာကလဲ သိပ်ကောင်းတာ၊ ဓမ္မပဒ ပါဠိတော် ဘုရား ဟောဆိုတော့ အကောင်းဆုံး ဒီနှစ်ပါဒလောက် ရပြီးတော့ နှလုံးသွင်းတတ်၊ဆင်ခြင်တတ်လို့ရှိလျှင် အခါခပ်သိမ်း ကလျာဏ ပုထုဇဉ်ဖြစ်၊ ပါရမီကုသိုလ်တွေ အများကြီးပြည့်၊ ကိုယ့်ကိုယ်ကို ကြည့်ပြီးတော့ နေ့စဉ်နှင့်အမျှ ဝမ်းမြောက်ဝမ်းသာလို့၊ ဤလိုမှ မဟုတ်ဘဲနဲ့ လောဘအလိုလိုက်၊ ဒေါသအလိုလိုက်၊ မောဟအလို လိုက်၊ မာနအလိုလိုက် အကုသိုလ်တွေ ကိုယ့်သန္တာန်မှာ

အများကြီးဖြစ်နေတာ သိရက်သားနဲ့ ကိုယ့်ကိုယ်ကို အလိုလိုက်ပြီးတော့ အပြစ်မတင်ဘဲနဲ့ နေမယ်ဆိုလို့ရှိလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်မယ်၊ လူ့ဘုံ လူဖြစ်လာသော်လဲ ယုတ်နိမ့်တဲ့အတန်းစားထဲက နေရမယ်၊ဤမှတပါး လောဘအိုး၊ ဒေါသအိုး၊ မောဟအိုးဆိုရတယ်။

(၁) သူတော်ကောင်းတွေနဲ့ ပေါင်းတဲ့၊ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့တဲ့အခါ၊ ဤအခါကျတော့ ငါ့နှယ်နော်၊ ငါ့နှယ်နော် နောင်တပူပန်ခြင်း ဖြစ်လာတယ်။ ဒီအခါကျတော့ အတ္တာနုဝါဒဘေးတဲ့။

(၂) ဒါကတော့ မကောင်းမှု ပြုတဲ့သူ ဆိုလို့ရှိလျှင် သိတတ်တဲ့သူက ကဲ့ရဲ့ပြစ်တင်စွပ်စွဲကြမှာဘဲ၊ ပရာနုဝါဒဘေးတဲ့။

(၃) ယခုဘဝမယ် သေတော့မသေပါဘူး၊သူတပါးရဲ့ ဒုတ်လက်နက် အမျိုးမျိုးနဲ့ အရိုက်အနှက် အပစ်အခတ် ဆိုပါတော့၊ နာကျင်လောက်အောင် ဘေးဒုက္ခနဲ့ တွေ့ရတယ်။ ဆေးရုံ တင်ပြီးတော့ ဆေးကုနေကြရတာတွေ သတင်းစာထဲ နေ့စဉ် ပါပါရဲ့၊ ဒဏ္ဍဘေး ခေါ်တယ်။

(၄) ဒုဂ္ဂတိဘေးဆိုတာ အပါယ်ဘုံ ကျသွားတတ်တာ။

အဲဒီတော့ ဘေးလေးမျိုးကလဲ တွေ့လို့၊ မကောင်းတဲ့သူကို ဘေးတွေဝိုင်းနေတာဘဲ၊ ဒီဘေးတွေကလွတ်အောင် ယခုတင်က ပြောတဲ့ မိမိကိုယ်ကို ကောင်းမကောင်းဆင်ခြင်၊ မကောင်းတာ ပယ်ရှား ကောင်းအောင်နေ၊ သူတပါး အာရုံပြုတဲ့အခါ ဂုဏ်ကို ရနိုင်သမျှရှာပြီးတော့ ကြည်ညိုလို့၊ ဝမ်းမြောက်လို့၊ ဝမ်းသာလို့ အဇ္ဈတ္တမယ် **ယောနိသော မနသိကာရ**ဟု ဆိုအပ်သော စိတ်ကောင်း၊ ဗဟိဒ္ဓမယ် ကလျာဏမိတ္တဟုဆိုအပ်သော မိတ်ကောင်း၊ အတွင်းအပြင် စိတ်ကောင်းမိတ်ကောင်း ပြည့်စုံကြသည် ဖြစ်၍ နိဗ္ဗာန်သို့ အမြန်ရောက်ကြောင်း သူတော်ကောင်းတရားကို ပွား များအားထုတ်နိုင်ကြသည် ဖြစ်ပါစေ။

၁၉၇၁-ခုနှစ်၊ ဒီဇင်ဘာလ ၁၉-ရက်၊ တနင်္ဂနွေနေ့
(၁၃၃၃-ခုနှစ်၊ ပြာသိုလဆန်း ၃-ရက်နေ့၌)
ကျင်းပပြုလုပ်ခဲ့သော
ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်
၂၄-ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်
အစည်းအဝေးကြီး၌
ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး
မိန့်ကြားတော်မူသည့်

# သြဝါဒကထာ

ဒီနေ့ဟာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ရဲ့ ၂၄-ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးပွဲနေ့ဖြစ်တယ်၊ ဒီကနေ့ ဘုန်းကြီး ပြောဘို့ရာကတော့ အရင်နှစ်က ပြောခဲ့တဲ့ စကား အချို့ကို ထပ်ပြီးတော့ ပြောဘို့ပါပဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး မူလ စတင်ပြီးတော့ ဖွဲ့စည်း ကတည်းက ဗုဒ္ဓသာသနာတော်ကို အမြင့်မြတ်ဆုံး ချီးမြှောက် ခြင်းဖြင့် ချီးမြှောက်ရန် ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းပြီးတော့ လာခဲ့ ကြတယ်၊ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်တဲ့အဖွဲ့တွေ ဗမာ

ပြည်မှာ အမြောက်အများ ရှိပါတယ်၊ ရန်ကုန်မြို့မှာလဲရှိတယ်၊ အခြား အခြား မြို့တွေမှာလဲရှိ၊ တောရွာတွေမှာလဲ ရှိပါတယ်၊ အမည်တော့ဖြင့် အမျိုးမျိုး တပ်ထားကြတယ်၊ ဘယ်လိုဘဲ တပ်ထားသည် ဖြစ်စေကာမူ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက်ဘို့ ရည်ရွယ်ပြီးတော့ ဖွဲ့စည်းတဲ့ အဖွဲ့အစည်းတွေပါဘဲ၊ အဲဒီ အဖွဲ့ အစည်းတွေက ဗုဒ္ဓသာသနာတော်ကို တတ်နိုင်သမျှ ချီးမြှောက် ကြပါတယ်၊ အများအားဖြင့်တော့ ပရိယတ္တိဘက်က ချီးမြှောက် တာတွေ များပါတယ်၊ ပရိယတ္တိဘက်က စာသင်တိုက် ချီးမြှောက် တဲ့ အဖွဲ့တွေ အများကြီးရှိပါတယ်၊ ပဋိပတ္တိ ဘက်ကလဲ အခုနေ အခါတော့ တော်တော်များများ ရှိနေပါတယ်၊ သူတို့ အခွင့် အရေး ရှိသည်အားလျော်စွာ ပရိယတ္တိ သာသနာတော် ဘက် ကလဲ တိုးတက်သင့်သမျှ တိုးတက်အောင် ပဋိပတ္တိ ဘက်ကလဲ တိုးတက်သင့်သမျှ တိုးတက်အောင် ချီးမြှောက် ထောက်ပံ့ပြီး တော့ နေကြပါတယ်၊ အကုန်လုံး အာရုံပြုပြီးတော့ ကြည့်မယ် ဆိုယင် ဝမ်းမြောက်စရာပါဘဲ၊ ဗုဒ္ဓသာသနာတော်ကြီး ရှည်မြင့် အောင် တည်တံ့အောင်လို့ ဆောင်ရွက်ပြီးတော့ နေကြတာဘဲ၊ အင်မတန်ကောင်းတဲ့ လုပ်ငန်းပါဘဲ၊ ဒီ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ်ကြီးရဲ့ ရည်ရွယ်ချက်ကတော့ အမြင့်မြတ်ဆုံး ချီးမြှောက် ဘို့ဆိုတဲ့အတိုင်း ပရိယတ္တိ ဘက်ကလဲ တိပိဋကရေ ရွေးချယ်ပွဲကြီး ကျင်းပပြီးတော့ စတင် ချီးမြှောက်လာခဲ့တယ်၊ အဲဒီ ပရိယတ္တိ ဘက်က စာမေးပွဲကြီးဟာလဲ အဆင့်အတန်း မြင့်ပါတယ်၊ အဆင့်အတန်းမြင့်လို့ တိပိဋကရေ ယိအောင် အောင်နိုင်တဲ့ ပုဂ္ဂိုလ်ကို အင်မတန် နည်းနေပါတယ်၊ အခု ပြီးခဲ့တဲ့ နှစ် ၂၃-

နှစ်လို့ ဆိုရမှာပေါ့လေ၊ နှစ်ဆယ့်သုံးနှစ် အတွင်းမှာ တိပိဋကရေ အောင်တာ သုံးပါးဘဲ ရှိသေးတယ်။ နောင်တောင် ရည်ရွယ်ချက် ရှိသေးတယ်၊ ပိဋကတ်သုံးပုံ အကုန်လုံး အောင်လို့ရှိယင် မဟာ တိပိဋကဓရ ဆိုတာ ဘွဲ့ပေးဘို့ရှိတယ်၊ အဲဒါတော့ ဝင်ဘို့ရာ တောင် စိတ်ကူးမယ် မထင်ပါဘူး၊ ဟိုဥစ္စာ အင်မတန် ကျယ်ပြန့် ပါတယ်။

ပဋိပတ်ဘက်ကလဲ ချီးမြှောက်ပြီးတော့ လာကြတာ အဆင့် အတန်း အမြင့်ဆုံးလို့ ဆိုရမှာပါဘဲ၊ တခြား တခြား ဌာနတွေ မှာလဲ ပဋိပတ်ဘက်က ဒီလို အလားတူ ချီးမြှောက်တာတွေတော့ ရှိပါတယ်၊ ဒါပေမယ်လို့ ပဋိပတ်ဘက်က ဟောကြားညွှန်ပြ ရာမှာ ပရိယတ္တိ ဘုရားဟော ဒေသနာတော်နဲ့ ညှိနှိုင်းပြီး ကြည့်လိုက်လို့ရှိယင် အဆင့်အတန်းဟာ ဘယ် အဆင့်အတန်း ရှိနေတယ်ဆိုတာ ပရိယတ္တိဘက်က ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေက သိမြင်ပါတယ်၊ ဒီသာသနာ့ရိပ်သာမှာ ပဋိပတ္တိဘက်က ဟော ကြား ညွှန်ပြနေတာဟာလဲ ပရိယတ္တိ ကျမ်းဂန်တွေနဲ့ နှိုးနှော ကြည့်လိုက်လို့ရှိယင် ပရိယတ္တိ စာပေကျမ်းဂန်တတ်တဲ့ ပုဂ္ဂိုလ် ခိုင်လုံတယ်ဆိုတာ ထင်ရှားပါတယ်၊ ပြီးတော့ ဒီဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကြီးက ထောက်ပံ့တဲ့အတွက် ဒီသာသနာ့ရိပ်သာ မှာ အားထုတ်ပြီးတော့ အရပ်ရပ် အနယ်နယ်မှာ ပဋိပတ္တိ ဌာနတွေဖွင့်ကြတယ်၊ ရိပ်သာတွေ ဖွင့်ကြတယ်၊ အဲဒီကိစ္စတွေ လဲဘဲ ဗမာပြည်မှာတင် တနေ့က အစီရင်ခံစာမှာ (၁၇၀) ကျော်နဲ့တူတယ် ရှိပါတယ်၊ ဒါလဲဘဲ စာရင်းမပေါက်တဲ့ဟာတွေ ကျန်ပါသေးတယ်၊ အကုန်လုံး စိစိပေါက်ပေါက် ဆိုယင်တော့

နှစ်ရာကျော်လောက် ရှိပါလိမ့်မယ်၊ နိုင်ငံခြားတွေမှာ ရှိတယ်၊ အဲဒီလို ပဋိပတ္တိဘက်က စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တာဟာ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက ချီးမြှောက် ထောက်ပံ့နေတဲ့ အတွက် ဒီလို ဆောင်ရွက်နိုင်တာဘဲ၊ မြတ်စွာဘုရား၏ သာသနာတော် ကျယ်ပြန့်ထွန်းကားပြီးတော့ သွားတာဟာ ဒီဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီးက ထောက်ပံ့အားပေးတဲ့အတွက် အခုလို ထွန်းကားကျယ်ပြန့်ပြီးတော့ သွားတာဘဲ၊ ဒီတော့ ဒီအဖွဲ့ကြီးဟာ စဉ်းစား ဆင်ခြင်ကြည့်မယ် ဆိုလို့ရှိယင် အင်မတန် ဝမ်းမြောက်စရာ ဝမ်းသာစရာ ကောင်းပါတယ်၊ ဒီတော့ ဒီအဖွဲ့ကြီးထဲမှာ ဆောင်ရွက်တဲ့ ပုဂ္ဂိုလ်တွေ လိုက်နာပြီးတော့ ကျင့်နိုင်တဲ့ ကျင့်ဝတ်တွေကို အရင်တနှစ်က ဘုန်းကြီးဟောခဲ့ပါတယ်၊ နာယက ဂုဏ်ခြောက်ပါးနဲ့ သင်္ဂဟဝတ္ထုလေးပါးလို့ ဟောခဲ့ပါတယ်။

နာယက ဂုဏ်ခြောက်ပါးမှာ ခမာ= သည်းခံရမယ် ဆိုတာဟာ အရေးကြီးပါတယ်၊ အလွန် အရေးကြီးပါတယ်၊ အရာရာတိုင်းမှာဘဲ အကြီးအကဲ အဖြစ်နဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ဆိုတော့ သည်းခံမှဘဲဖြစ်တယ်၊ အများနဲ့ ဆက်ဆံနေရတာ သည်းမခံယင်တော့ မဖြစ်ဘူး၊ သည်းခံနိုင်အောင် ကြိုးစားပြီးတော့ ဆောင်ရွက်ရတယ်။

ဇာဂရိယ= နိုးကြားရမယ်၊ မိမိတို့ လုပ်ငန်းတာဝန်နဲ့ စပ်ပြီးတော့ လင်လျူရှုပြီး ပေါ့ပေါ့ဆဆ မထားဘဲ နိုးနိုးကြားကြား ဆောင်ရွက်ဘို့ရာ အားထုတ်ပြီးတော့ နေရမယ်။

ဥဋ္ဌာန= ထကြွလုံ့လ ရှိရမယ်၊ စိတ်ထဲကတင် နိုးကြားရုံ မဟုတ်ဘဲနဲ့ တကယ်လဲ အလုပ်လုပ်ရမယ်တဲ့။

သံဝိဘာဂ= ပေးကမ်းစွန့်ကြဲရမယ်တဲ့၊ ဒါကတော့ ပေးကမ်းစွန့်ကြဲဖို့ရာ လိုတဲ့နေရာဌာနမှာ ပေးကမ်းစွန့်ကြဲဖို့ပါဘဲ၊ အခုဒီမှာတော့ အဖွဲ့ကိစ္စနဲ့စပ်ပြီး ပေးသင့်တာပေး ဆောင်ရွက်သင့်တာဆောင်ရွက် ဒီလောက်ဘဲ။

ဒယာ= သနားရမယ်တဲ့၊ကိုယ်နဲ့အတူတကွ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တွေ၊ ကိုယ့်အဖွဲ့နဲ့စပ်တဲ့ ပုဂ္ဂိုလ်တွေ ကိုယ့်အောက်က ပုဂ္ဂိုလ်တွေ သနားရမယ်။

ဝိပဿနာ= မြော်မြင်နိုင်ရမယ်တဲ့၊ အကျိုးရှိရာ ရှိကြောင်း ကြီးပွားရာကြီးပွားကြောင်း မြော်မြင်နိုင်ရမယ်တဲ့။

အဲဒီခြောက်ပါးထဲမှာခမာဆိုတဲ့သည်းခံခြင်းဂုဏ်နဲ့ ဝိပဿနာ ဆိုတဲ့ အဖွဲ့၏လုပ်ငန်းစဉ် ကြီးပွားရာကြီးပွားကြောင်း တိုးတက်ရာတိုးတက်ကြောင်း မြော်မြင်ဖို့ စဉ်းစားဖို့ ကြံဆဖို့ အသစ်အသစ်လဲ တိုးတက်ပြီးသကာလ ဆောင်ရွက်ဖို့ ဒါလေးတွေ မြော်မြင်ဆင်ခြင်ဖို့ရာ လိုပါလိမ့်မယ်၊အခုရှိတဲ့ အခြေအနေထက် တိုးသထက်တိုးအောင် ကောင်းသထက်ကောင်းအောင် အဖွဲ့ဝင် ပုဂ္ဂိုလ်တွေကလဲ များသထက်များအောင် ဆောင်ရွက်တဲ့ကိစ္စ တွေလဲ တိုးတက်ပြီးသကာလ အောင်မြင်သထက် အောင်မြင် အောင် ဘာတွေလုပ်ရမယ်၊ဘယ်လိုလုပ်သင့်တယ်ဆိုတာလေးတွေ ဆင်ခြင်ဖို့ရာ အဲဒါတွေဟာ လိုပါလိမ့်မယ်၊ ဒါကတော့ ပိုတယ်

လို့မရှိပါဘူး၊ ဆင်ခြင်တယ် ဆိုတာကတော့ လိုနေတာဘဲရှိတယ်၊ ပိုတယ်လို့တော့မရှိဘူး၊ အဲဒီ နာယကဂုဏ် ခြောက်ပါး အရင်က ဩဝါဒထဲ ပါပြီးသွားပါဘဲ။

တခါ သင်္ဂဟ ဝတ္ထုလေးပါးတဲ့၊ အဲဒါကလဲ အရေးကြီးပါတယ်။

စတ္တာရိမာနိ ဘိက္ခဝေ သင်္ဂဟ ဝတ္ထူနိ၊ ကတမာနိ စတ္တာရိ ဒါနံ ပေယျဝဇ္ဇံ အတ္ထစရိယာ သမာနတ္တတာ။

လေးခုထဲဘဲ၊ ကျင့်ဝတ်ကလေး အင်မတန်လဲကောင်းတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ သင်္ဂဟ ဝတ္ထူနိ၊ ဤစည်းလုံးညီညွတ်ကြောင်းဖြစ်သော ဝတ္ထုတို့သည်။ သန္တိ၊ ရှိကုန်၏။

စည်းလုံးညီညွတ်ကြောင်း မကွဲပြားကြောင်း ဝတ္ထုတွေ လေးပါးရှိတယ်၊ဘာတွေကုံးဆိုယင် ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ဒါနံ၊ ပေးကမ်းခြင်းဆိုတာက တပါးတဲ့။ ဒါကတော့ လောကီဘက်ဆိုင်ရာတွေမှာ ပိုပြီးတော့အရေးကြီးပါတယ်၊ဒီ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့အတွင်းမှာတော့ဖြင့် လိုမယ်မဟုတ်ပါဘူးနဲ့တူပါတယ်၊ အဖွဲ့ဝင်တွေအချင်းချင်း ပေးကမ်းနေဘို့ရာ လိုမယ်မဟုတ်ပါဘူး၊ ဒါကတော့ လိုလှမယ်မဟုတ်ပါဘူး၊ ဒါပေမယ့်လို့ အခါကာလ အားလျော်စွာ စုဝေးတဲ့အခါကျတော့ ကျွေးနိုင်ကျွေး၊ပေးနိုင်ပေး တာလေးတွေတော့ နဲနဲပါးပါးတော့ လိုချင်လိုမှာပေါ့ များများတော့ လိုဘို့မရှိပါဘူး။

ပေယျဝဇ္ဇံ= ပိယဝါစာ၊ ချစ်ဖွယ်စကား ပြောဆိုခြင်းကလဲ တခုဘဲ၊ အဲဒါကတော့ အရေးကြီးတယ်၊ ပြောစရာရှိတဲ့ အခါကာလ ကျလို့ရှိယင် ချစ်ခင်ဘွယ် ကြည်ညိုဖွယ် လေးစားဘွယ် ဖြစ်တဲ့ စကားကိုပြောနိုင်ဘို့ရာ ဒါကိုကြိုးစားရမယ်၊ ပကတိက နေပြီးတော့ အပြောအဆိုတွေဘာတွေ အဆင်မပြေယင်လဲဘဲ နဲနဲပါးပါး သတိပြုပြီးတော့ ပြင်ရတာပေါ့လေ၊အဲဒီဥစ္စာကလေး ကအရေးကြီးတယ်၊ အဲဒီ အပြောအဆိုကောင်းလို့ရှိယင် မကြည်ညိုသေးတဲ့ပုဂ္ဂိုလ်ကလဲကြည်ညိုတယ်၊ မရိုသေသေးတဲ့ပုဂ္ဂိုလ်ကလဲ ရိုသေတယ်၊ မလေးစားသေးတဲ့ ပုဂ္ဂိုလ်ကလဲ လေးစားတယ်၊ မူလက ရန်သူရန်ဘက် ဖြစ်နေစေကာမူ ချိုသာတဲ့စကား ကြည်ညိုဖွယ်စကား ချစ်ခင်ဖွယ်စကားကောင်း ပြောလိုက်လို့ရှိယင် ပျော့ပျော့ပြောင်းပြောင်းဖြစ်ပြီးတော့ နားမခံသာတဲ့စကား သူများမကြိုက်တဲ့စကား သွားပြောမိလို့ရှိယင် အဆင်မပြေဖြစ်တတ်တယ်၊ ကွဲပြားတတ်ဘယ်၊ ဒီပြင်ဟာမပြောနဲ့ အိမ်သူအိမ်သား အချင်းချင်းတောင်မှ အင်မတန်ချစ်ခင်နေတာတောင်မှ အပြောအဆို အဆင်မပြေလို့ရှိယင် ကွဲပြားတတ်ဘယ်၊ရန်ဖြစ်တတ်တယ်၊ အဲဒီတော့ အပြောအဆိုကလေး ချိုချိုသာသာဖြစ်အောင် ပြောဆိုဘို့က အရေးကြီးပါတယ်၊ အဲဒီတော့ ဒီဥစ္စာကတော့ ပိုတယ်လို့မရှိပါဘူး၊ လိုနေတာပါဘဲ၊ အဲ ချိုချိုသာသာ ပြောဆိုမှုကတော့ ဒါပိုနေတယ်၊နဲနဲပိုနေတယ်လို့ကတော့မရှိဘူး၊ သူကတော့ လိုနေတာပါဘဲ။ အဲဒီလိုနေတာတွေ မလိုရအောင် ကြိုးစားဘို့ ဂရုစိုက်ဘို့ပါဘဲ၊ ဘယ်နေရာမှာမဆိုဘဲ ဒီပိယဝါစာဆိုတဲ့ ချစ်ခင်ကြည်ညိုဖွယ် စကားကို ပြောတာကတော့ အင်မတန် ခရီး

ရောက်ပါတယ်၊ အဲဒါကြောင့် ပြည့်စုံသထက် ပြည့်စုံအောင် ကောင်းသထက် ကောင်းအောင် ပြောဆိုဘို့ရာ ဘုန်းကြီးက ထပ်မံပြီးတော့ သတိပေးပါတယ်။

အတ္တစရိယာ၊ အကျိုးစီးပွားကို ကျင့်ခြင်း ဆောင်ရွက်ခြင်း၊ အဖွဲ့ဝင်အချင်းချင်းလဲ တတ်နိုင်သမျှတော့ ကူညီဆောင်ရွက်ရတာလေးတွေ ကူညီဆောင်ရွက်ရမှာကလေးတွေ ပေါ်လာတဲ့အခါ ကူညီဆောင်ရွက်ရတာပေါ့၊ ဒါကတော့ သိပ်များများရှိမယ်မထင်ပါဘူး၊ ဆောင်လဲ ဆောင်ရွက်နေကြမှာပါ၊ ဒါကတော့ ချို့ယွင်းစရာ အကြောင်းမရှိပါဘူး၊ အဲ အဖွဲ့အနေနဲ့ ဆောင်ရွက်ရမည့်ကိစ္စတွေဖြင့် ရှိပါလိမ့်မယ်၊ ဒါကတော့ ဆောင်လဲဆောင်ရွက်နေတာပါဘဲ၊ ဒါပေမယ့်လို့ အဲဒီ ဆောင်ရွက်နေတာဟာ ပြည့်စုံပြီလို့ မဆိုနိုင်သေးပေဘူး၊ ဆောင်ရွက်စရာကလေးတွေ အကြွင်းအကျန်ကလေးတွေလဲ ရှိတတ်ပါတယ်၊ အဲဒီတော့ အဲဒီဥစ္စာလေးတွေ လိုတာလေးတွေလဲ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် တိုးတက်နိုင်သမျှတိုးတက်အောင် ဆောင်ရွက်ပြီးတော့ သွားဘို့ပါဘဲ။

သမာနတ္တတာ၊ အဲဒါကအရေးကြီးတယ်၊ အဖွဲ့ဝင်အသင်းဝင် ပုဂ္ဂိုလ်အချင်းချင်း တန်းတူအနေအားဖြင့် ပေါင်းသင်းဆက်ဆံရမယ်။ သမာန=အတ္တတူသော ကိုယ်ရှိစေရမယ်။ တူစေရမယ်၊ တန်းတူထားရမယ်၊ ကိုယ်ကအမြင့်က သူကအနိမ့်က အဲဒီလို သူတပါးကို နှိမ့်ချပြီးသကာလ မပေါင်းသင်းမဆက်ဆံရဘူး၊

အရည်အချင်းအနေအားဖြင့် ကိုယ်က အရည်အချင်းတွေ အများကြီးသာတယ်ဆိုတာ ရှိချင်လဲရှိမှာပေါ့၊ ရှိပေမယ်လို့ အရည်အချင်း ကိုယ်ကသာနေပေမယ်လို့ အရည်အချင်း မရှိတဲ့ ပုဂ္ဂိုလ်တွေအပေါ်မယ် တန်းတူအနေအားဖြင့် ဆက်ဆံရမယ်တဲ့၊ ဒီလို ဆက်ဆံလို့ရှိယင် ပိုပြီးခရီးရောက်ပါတယ်၊ လူတွေဟာ များသောအားဖြင့် မိမိကို အောက်တန်းနှိမ့်ချထားယင် မကြိုက်ကြဘူး၊ အောက်ကျတဲ့ပုဂ္ဂိုလ်ကလဲ အောက်ချတာ မကြိုက်ဘူး၊ အထက်ကျတဲ့ ပုဂ္ဂိုလ်တော့ ပြောစရာမရှိဘူး၊ တန်းတူပုဂ္ဂိုလ်များ နှိမ့်ချထားတာ သာပြီး မကြိုက်သေး၊ ဒီတော့ သမာနတ္တတာ အညီအမျှ ညီတူတန်းတူထားပြီးသကာလ ပေါင်းသင်း ဆက်ဆံခြင်း၊ ပြောစရာရှိတဲ့အခါ ဆိုစရာရှိတဲ့အခါ တန်းတူအနေအားဖြင့် ထားပြီးသကာလ ပြောဆိုပါတဲ့ ညွှန်ကြားပါတဲ့၊ အဲဒါက အရေးကြီးပါတယ်။

အဲဒီ သင်္ဂဟ တရားလေးပါး အယင်ကလဲ ပြောပြီးသားပါဘဲ၊ အခုလဲ ထပ်ပြီးတော့ ပြောရတာ၊ ဒါက ပိုလွယ်လို့ မရှိပါဘူး၊ သူကတော့ အမြဲတန်း သတိရပြီးတော့ ကျင့်ရမည့် ကျင့်ဝတ်တွေပါဘဲ၊ အဲဒီအတိုင်း သင်္ဂဟ တရားလေးပါးနဲ့အညီ ဆောင်ရွက်ပြီးတော့ သွားလို့ရှိယင် အဖွဲ့အစည်းထဲမှာ ပါဝင်တဲ့ ပုဂ္ဂိုလ် အချင်းချင်း ညီညွတ်နေတယ်၊ စိတ်ဝမ်းကွဲပြားစရာ မရှိဘူး၊ အမြဲတန်း စည်းလုံးညီညွတ်ပြီး သကာလ နေတယ်၊ အမြဲတန်း စည်းလုံးညီညွတ်ပြီးတော့ နေလို့ရှိယင် ကိစ္စတွေဟာ ဆောင်ရွက်လို့ ပြီးမြောက်တာဘဲ။

နောက်တခုကတော့ မေတ္တာ ကာယကံတဲ့၊ မေတ္တာ ဝစီကံတဲ့၊ မေတ္တာ မနောကံတဲ့၊ ဒါလေးကတော့ အရေးကြီးတယ်၊ သူက နေရာတိုင်း နေရာတိုင်းမှာ အရေးကြီးပါတယ်၊ ဒါလဲ သင်္ဂဟ တရားပါဘဲ၊ ဒီသင်္ဂဟတရားကတော့ ခြောက်မျိုးရှိတယ်၊ ဒီ ခြောက်မျိုးထဲက ဒီသုံးခုဘဲ ထုတ်ပြပါမယ်၊ ဒီပြင်ဥစ္စာတွေလဲ ရှိပါသေးတယ်။

မေတ္တာကာယကံ= မေတ္တာရှေ့သွားပြီးတော့ ပြုတဲ့အမှုကိစ္စ တွေကို မေတ္တာကာယကံလို့ ခေါ်ပါတယ်၊ အသင်းဝင် အဖွဲ့ဝင် အချင်းချင်း မေတ္တာဖြင့် ဆောင်ရွက်စရာ ရှိတာကို အပင်ပန်း ခံပြီး ဆောင်ရွက်ရမယ်တဲ့၊ သေးသေး ကြီးကြီးပေါ့လေ၊ ကိုယ် အပင်ပန်းခံပြီး ဆိုပေမယ့်လို့ တချို့ကလဲ သိပ်ပြီး မပင်ပန်း ပါဘူး၊ လိုတဲ့ကိစ္စလေးတွေ ဆောင်ရွက်ရမယ်တဲ့၊ ကြီးတဲ့ ပုဂ္ဂိုလ်လဲဘဲ ကြီးတဲ့ပုဂ္ဂိုလ်အလိုက် တန်းတူပုဂ္ဂိုလ်လဲ တန်းတူ ပုဂ္ဂိုလ်အလိုက်၊ ငယ်တဲ့ပုဂ္ဂိုလ်ဖြစ်စေကာမူ သူကိုယ်တိုင် တဦး တည်း မှဆောင်ရွက်နိုင်တဲ့ ကိစ္စကို ကိုယ်က ဝိုင်းဝန်းပြီးသကာလ ဆောင်ရွက်လိုက်၊ အဲဒီလိုဟာပေါ့၊ ကိုယ်အမူအရာဖြင့် ပြုလုပ် ဆောင်ရွက်တာ မိမိ ကိုယ်အမူအရာဖြင့် ပြုလုပ်ဆောင်ရွက်တဲ့ အတွက် တပါးသောသူအား စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိပါစေလို့ အဲဒီလို မေတ္တာစိတ်ဖြင့် ဆောင်ရွက်တာ မေတ္တာ ကာယကံ ခေါ်ပါတယ်၊ အနီးအပါးဘဲ ဖြတ်သွားဦးတော့ ခြေထောက်တို့ ဘာတို့ နင်းတာက စပြီးတော့ပေါ့လေ၊ သာသာ သိမ်သိမ်မွေ့မွေ့ နင်းပြီး သွားလို့ရှိယင် ဘေးက ပုဂ္ဂိုလ်က ဘာမှ

မဖြစ်ဘူး၊ အဲ ဘေးနားကနေပြီး ကြမ်းကြမ်းတမ်းတမ်း နှင်းပြီးတော့ သွားလို့ရှိယင် သူ့ကို မရှိသေရမလား၊ ဂရုမစိုက်ရမလား ဆိုပြီးတော့ အဲဒါ စိတ်မချမ်းမသာ ဖြစ်တတ်တယ်၊ အဲဒီလို ကိုယ်ဖြင့် ဆောင်ရွက်စရာတွေရှိပါတယ်၊ တံခါးဘဲပိတ်ဦး ဖွင့်ဦး လုပ်ဦးတော့ အဲဒီလိုဟာလဲ ဒီလိုဘဲ ကြမ်းကြမ်းတမ်းတမ်း လုပ်လို့ရှိယင် ဘေးကပုဂ္ဂိုလ်မှာ စိတ်မချမ်းမသာ ဖြစ်တယ်၊ အမိုက်လှဲတာတို့ ဘာတို့ အစစ အရာရာပါဘဲ၊ အနီးအပါးရှိတဲ့ ပုဂ္ဂိုလ်တွေ စိတ်ဆင်းရဲမှု ကိုယ်ဆင်းရဲမှု မဖြစ်အောင် ရည်ရွယ်ပြီးတော့ ဆောင်ရွက်သင့်တဲ့ အမှုကိစ္စတွေ ဆောင်ရွက်၊ အဲ သူ့ကိစ္စရှိယင်လဲ ဆောင်ရွက်၊ အဲဒီလို ချမ်းသာစေလိုတဲ့ စိတ်ဓာတ်ဖြင့် ဆောင်ရွက်တဲ့ ကိုယ်အမှုအရာတွေကို မေတ္တာကာယကံလို့ခေါ်တယ်၊ အဲဒီမေတ္တာကာယကံရှိတဲ့ ပုဂ္ဂိုလ်တွေဟာအတူနေပုဂ္ဂိုလ်တွေက မမေ့နိုင်ဘူး၊ အတူနေကြတဲ့အခါလဲ မမေ့နိုင်ဘူး၊ အတူမနေလို့ တခြားစီ တကွဲတပြား အဝေးရောက်နေတဲ့ အခါလဲ မမေ့နိုင်ဘူး၊ သူ့ဂုဏ်ကျေးဇူးတွေကို အမြဲတမ်း ချစ်ခင်ကြည်ညိုလေးစားမှု ရှိနေပါတယ်။

မေတ္တာဝစီကံ=က ခုနက ပိယဝါစာနဲ့ သဘောအားဖြင့် အတူတူပါဘဲ၊ မေတ္တာ= ဝစီကံ ကိုယ်ပြောသော စကား ကြားသောအားဖြင့် တဘက်သား ပုဂ္ဂိုလ်မှာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ပါစေနဲ့၊ ကိုယ်ချမ်းသာ စိတ်ချမ်းသာ ဖြစ်ပါစေလို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်စေဘို့ရာ ရည်ရွယ်ပြီးတော့ ပြောတဲ့ စကားဟာ ဒါ မေတ္တာဝစီကံပါဘဲ၊ ချစ်ခင်ကြည်ညိုဘွယ်ဖြစ်တဲ့

စကား ချိုသာတဲ့ စကားတွေ ပြောရတယ်၊ အပြစ်ရှိလို့ ပြောဦးတော့ ချိုချိုသာသာနဲ့ အပြစ်ကို ဖော်ပြပြီး သာသာယာယာ ပြောလိုက်လို့ရှိယင် အင်မတန် ကျေးဇူးတင်ပါတယ်၊ သူ့အပြစ်ရှိမှန်းလဲ သိသွားတယ်၊ သူ့အပြစ်ရှိမှန်း သိယုံတင် မဟုတ်ဘူး၊ ငါ့အပြစ် ရှိပေမယ်လို့ ချိုချိုသာသာ ပြောပါပေတယ်ဆိုပြီးတော့ ကျေးဇူးတင်တယ်၊ ရိုသေတယ်၊ လေးစားတယ်၊ အင်မတန် ကောင်းပါတယ်၊ အဲဒါ မေတ္တာဝစီကံတဲ့။

မေတ္တာမနောကံကတော့ စိတ်ထဲကဘဲ၊ ဒါကတော့ မမြင်ရဘူး၊ မကြားရဘူး၊ အပြစ်မတွေ့ရဘူး၊ သို့သော်လဲ အချင်းချင်း ချမ်းသာပါစေဆိုတဲ့ မေတ္တာ စိတ်ဓာတ် အခါအားလျော်စွာ နှလုံးသွင်းနိုင်ဘို့ပါဘဲ။

အဲဒီတော့ အခုပြောခဲ့တဲ့ နာယက ဂုဏ်ခြောက်ပါး၊ သင်္ဂဟဝတ္ထုလေးပါး၊ မေတ္တာကာယကံ၊ မေတ္တာဝစီကံ၊ မေတ္တာမနောကံဆိုတဲ့ အဲဒီ ကျင့်ဝတ်တွေအတွက် မိမိတို့ တတ်နိုင်သမျှ ကျင့်သုံးပြီး သွားကြဘို့ပါဘဲ၊ ခုနင်က ဣဏ္ဍကာ ဆိုတဲ့ အသင်းအဖွဲ့၏ တိုးတက်ရာ တိုးတက်ကြောင်း ကြီးပွားရာ ကြီးပွားကြောင်း အကျိုးများရာ များကြောင်း စူးစမ်းဆင်ခြင်မှုတွေမှာ ကိုယ်တိုင်လဲ ဆင်ခြင်နိုင်ပါတယ်၊ သူတပါးအကြံဉာဏ်ရလို့ အကြံဉာဏ် ပေးလို့ရှိယင်လဲ အဲဒီ ဥစ္စာလေးတွေကို စဉ်းစားရတယ်၊ ဒါကို ပိုနေတာဘဲ၊ တာဝန် လေးနေတာဘဲ ဆိုပြီးတော့ မငြီးငြူရဘူး၊ တယောက်ထဲ တာဝန်လေးလို့ရှိယင် နှစ်ယောက် ဆောင်ရွက်ယုံဘဲ၊ နှစ်ယောက်မနိုင်ယင် သုံးယောက်၊

သုံးယောက် မနိုင်ယင် လေးယောက်၊ တိုးချဲ့ပြီးတော့ ဆောင်ရွက်သွားရုံပါဘဲ၊ ပြီးတော့ ဆောင်ရွက်သင့်တဲ့ အမှုကိစ္စတွေကို ကိုယ်တိုင်လဲ စဉ်းစားရမယ်၊ တပါးသော ပုဂ္ဂိုလ်က အကြံဉာဏ်ပေးလို့ရှိယင်လဲဘဲ စဉ်းစားပြီးတော့ တတ်နိုင်သမျှ ဆောင်ရွက်ပြီးတော့ သွားဘို့ပါဘဲ။

ဒွေ မေ ဘိက္ခဝေ ပဏ္ဍိတာ-ပညာရှိ ပုဂ္ဂိုလ် နှစ်ဦးရှိတယ်-တဲ့။

ယော စ အနာဂတံ ဘာရံ န ဝဟတိ။

ယော စ အာဂတံ ဘာရံ ဝဟတိ။

ယော စ၊ အကြင် ပုဂ္ဂိုလ်သည်လည်း။ အနာဂတံဘာရံ၊ မရောက်သေးတဲ့ဝန်ကို။ န ဝဟတိ၊ မဆောင်ဘူး။ ကိုယ့်တာဝန်မဟုတ်တဲ့ ဥစ္စာကို မဆောင်တာကလဲ ပညာရှိ လိမ္မာတဲ့ ပုဂ္ဂိုလ်တဦးဘဲ၊ ကိုယ့်တာဝန်မဟုတ် ကိုယ်နဲ့ မဆိုင်တဲ့ ကိစ္စ မဆောင်ရွက်တာကလဲ အတူတူဘဲတဲ့။ ယော စ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ အာဂတံ ဘာရံ၊ ရောက်လာသော တာဝန်ကို။ ဝဟတိ၊ ဆောင်ရွက်၏။ ရောက်လာတဲ့ တာဝန် ကိုယ့်တာဝန် ဖြစ်တာကိုလည်း ကျေပြွန်အောင် ဆောင်ရွက်တယ်တဲ့၊ အခုတော့ အဖွဲ့အသင်းဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ကျရာကျရာတာဝန်ဖြစ်တဲ့ မိမိတို့ တာဝန်တွေ ဆောင်ရွက်ဘို့ရာ ဒါဘဲ အရေးကြီးပါတယ်၊ အဲဒီ ရောက်လာတဲ့ တာဝန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးဆိုင်ရာ လုပ်သင့်လုပ်ထိုက်တဲ့

အဖွဲ့ကြီး ကြီးပွားရာ ကြီးပွားကြောင်း ပဋိပတ္တိ သာသနာတော် ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်သင့် ဆောင်ရွက် ထိုက်တဲ့ တာဝန်လေးတွေ ရှိလဲရှိနေတာပါဘဲ၊ အဲဒီ ဆောင်ရွက် သင့် ဆောင်ရွက်ထိုက်တဲ့ တာဝန်တွေကို မလစ်ဟင်းရအောင် တိုးတက်သင့်သမျှ တိုးတက်ရအောင် မိမိတို့အစွမ်းရှိသမျှ ကြိုးစား ပြီးတော့ ဆောင်ရွက်သွားဘို့ရာပါဘဲ။

အဲဒီလို ဆောင်ရွက် သွားသောအားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ "ဒွေမေ ဘိက္ခဝေ ပဏ္ဍိတာ" ဆိုတဲ့ ဒေသနာတော်နှင့်အညီ ပညာရှိ ပုဂ္ဂိုလ်စင်စစ် ထင်ရှားဖြစ်ပြီး တော့ မိမိတို့ လိုလားအပ်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တရား တွေကို လျင်မြန်စွာ ဆိုက်ရောက်ပြီးတော့ မျက်မှောက်ပြုနိုင်ကြ ပါစေ။

သာဓု...သာဓု...သာဓု

# တံတားကြီး ဘယ်လောက်ရှေသလဲ

ဒုတိယ ကမ္ဘာစစ်အတွင်း (၁၉၄၂-ခု၊ ဧပြီလ ၃၀-ရက်)က ဂိုးနှင့်ဂိုး ပျက်စီးသွားသော အင်းဝတံတားကြီး (စစ်ကိုင်းတံတားကြီး) ကို စစ်ပြီးသောအခါ ကိုလံဘို စီမံကိန်းအရ ပြန်လည် ပြင်ဆင်ခဲ့ကြလေသည်။ ၁၉၅၄-ခုနှစ်၊ အောက်တိုဘာလ ၂-ရက်နေ့တွင် နိုင်ငံတော် သမ္မတကြီး ဒေါက်တာ ဘဦးကိုယ်တိုင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့လေသည်။ နိုင်ငံတော် သမ္မတကြီးသည် တံတားကြီး ဖွင့်ပွဲမှအပြန်အစိုးရအရာရှိများနှင့် အတူ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ် စံကင်းဆရာတော် ဘုရားထံ လာရောက်ဖူးမြော်သည်။

“တပည့်တော်များ တံတားဖွင့်ပွဲမှအပြန် ဆရာတော်ဘုရားကြီးကို ဖူးမြော်ကန်တော့ဖို့ လာကြပါတယ်ဘုရား”

“တံတားကြီးက ဘယ်လောက် ရှေသလဲ”

သမ္မတကြီးက နောက်လှည့်မေးရာ မည်သူမျှ မပြောနိုင်သဖြင့်—

"တပည့်တော်များ တံတားကြီး* အရှေကို မှတ်မထားမိပါဘုရား"

"အရှေကြီးပါဘဲလို့ ဖြေလိုက်ပေါ့၊ ဘယ်ထိအောင် ရှေသလဲ မေးယင် "နိဗ္ဗာန်ထိအောင် ရှေပါတယ်" လို့ ဖြေတာပေါ့၊ (ပြုံးရယ်လျက် ဆက်လက်မိန့်တော်မူသည်။) ရှေးက နိဗ္ဗာန်ဆော် တယောက် တံတားဆောက်ဖို့ လိုက်အလှူခံတယ်၊ တံတားက ဘယ်လောက်ရှေသလဲလို့ ဟိုက ဒီက မေးကြတော့ ငွေသာ လိုက်အလှူခံနေတာ ကိုယ့်တံတားကိုယ် ဘယ်လောက်ရှေမှန်းလဲ မသိ၊ ဒါနဲ့ ဟိုတွေး ဒီတွေးတွေးရင်း တံတားက နိဗ္ဗာန်ထိအောင် ရှေပါတယ်လို့ ဖြေသတဲ့"။

သမ္မတကြီးနှင့် အဖွဲ့သည် ပြုံးရွှင်လန်းဆန်းစွာ ဩဝါဒများကို နာယူမှတ်သားပြီး ပြန်လည် ထွက်ခွာသွားကြသည်။

---

* အလျား ပေ ၃၉၄၀ ရှည်၍၊ အမြင့်ပေ ရေအောက်မြေမှ သံလမ်းအထိ ၁၀၂-ပေ။

၁၃၃၅-ခုနှစ်၊ နတ်တော်လဆန်း (၈) ရက်

(၂-၁၂-၇၃) တနင်္ဂနွေနေ့၌ ကျင်းပပြုလုပ်သော

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်၏

၂၆-ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်

အစည်းအဝေးကြီး၌

ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး

မိန့်ကြားတော်မူသည့်

# ဩဝါဒကထာ

ဒီကနေ့ဟာ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ရဲ့ ၂၆- ကြိမ်မြောက် သင်းလုံးကျွတ် အစည်းအဝေးပွဲ ကျင်းပတဲ့နေ့ဖြစ်တယ်၊ ဒီအစည်းအဝေးပွဲမှာ ဘုန်းကြီးက တာဝန် ဝတ္တရားအတိုင်း ဩဝါဒစကား အနည်းငယ်တော့ ပြောရမှာဘဲ၊ အယင်နှစ်တွေကလဲ ဩဝါဒစကားပြောကြားခဲ့တာ အကြိမ်ပေါင်းများပါပြီ၊ အဲဒါတွေကို ပုံနှိပ်ထားပြီးတောင် ရှိနေပါပြီ၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေက အဲဒီ ပြောပြီးသားဖြစ်တဲ့ ဩဝါဒစကားတွေကို ပြန်လည်ကြည့်ရှုပြီး သင့်လျော်သိသာတ်အောင် ကျင့်သုံး ဆောင်ရွက်ကြစေလိုပါတယ်။ ယခု တကြိမ်တော့ လိုရင်း အတိုချုပ် ပြောရမှာဘဲ။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဟာ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ထောင်ထားတဲ့ အဖွဲ့ကြီးဖြစ်တယ်၊ ချီးမြှောက် ထောက်ပံ့ရတာတွေထဲမှာ ဗုဒ္ဓသာသနာတော်ကို ချီးမြှောက် ထောက်ပံ့ရတာဟာ အကောင်းဆုံး အမြတ်ဆုံးဘဲ၊ ဗုဒ္ဓသာသနာတော်ဆိုတာ မြတ်စွာဘုရား၏ဆုံးမညွှန်ကြားချက် စကားတော် တရားတော်ပါဘဲ၊ အဲဒီဗုဒ္ဓတရားတော် သာသနာတော်တွေကို ကြာရှည်စွာ တည်တံ့အောင် ထွန်းကားအောင် ကြီးပွားအောင် တတ်နိုင်တဲ့ဘက်က နေပြီး ချီးမြှောက်ရတယ်၊ ထောက်ပံ့ရတယ်၊ ပူဇော်ရတယ်၊ အဲဒါဟာ အမြတ်ဆုံး ချီးမြှောက် ထောက်ပံ့ခြင်း ပူဇော်ခြင်းဘဲ၊ အဲဒီလို အမြတ်ဆုံး အနေဖြင့် ချီးမြှောက် ထောက်ပံ့ရ ပူဇော်ရအောင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က တာဝန်ယူပြီး ဆောင်ရွက်နေတယ်။

ဒီလို ဆောင်ရွက်နေရာမှာ ရည်ရွယ်ချက်အတိုင်း ထိထိရောက်ရောက် ချီးမြှောက် ထောက်ပံ့နိုင်အောင် သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့ အင်အားရှိသလောက် ပါဝင်လှူဒါန်းကြတယ်၊ ကူညီထောက်ပံ့ကြတယ်၊ အဲဒီအများကပါဝင်လှူဒါန်းကြတဲ့ ငွေကြေး ဝတ္ထုများဖြင့် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ဝင် တာဝန်ဆောင် ပုဂ္ဂိုလ်များက သင့်တော်သလို ကြည့်ပြီး သုံးစွဲထောက်ပံ့ကြရတယ်၊ အဲဒီလို အများနဲ့ဆိုင်တဲ့ အလုပ်ကိုလုပ်ကြရဆောင်ရွက်ကြရတယ် ဆိုတာဟာ အင်မတန် တာဝန်ကြီးပါတယ်၊ ပုဂ္ဂလိက ကိုယ်ပိုင်ပစ္စည်းဖြင့် လှူဒါန်း ထောက်ပံ့တယ်

သုံးစွဲဘယ် ဆိုတာကတော့ ကိုယ့်သဘောအတိုင်း သုံးစွဲနိုင် ဆောင်ရွက်နိုင်ပါတယ်၊ အကုန်အကျများတယ် မကုန်သင့်ဘဲနဲ့ ကုန်တယ် စသည်ဖြင့် ဘယ်သူကမှ အပြစ်တင်စရာ မရှိပါဘူး၊ တာဝန်ပေါ့ပါတယ်၊ အများက လှူသွားတဲ့ ပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲပြီးတော့ ဗုဒ္ဓသာသနာတော်ကို ထောက်ပံ့ရတာ ဆောင်ရွက်ရတာကတော့ အင်မတန် တာဝန်ကြီးပါတယ်။

အဖွဲ့ဝင် ပုဂ္ဂိုလ်တွေထဲမှာ အချိန်ကုန် လုပ်နန်းခံပြီး ဆောင်ရွက်နေကြတဲ့ တာဝန်ဆောင် ပုဂ္ဂိုလ်တွေကို ကြည့်လိုက်ယင် သူတို့မှာ ဘာမှ အခလဲရတာမဟုတ်ဘူး၊ ကျော်စောကိတ္တိဖြစ်ပြီး ဘယ်လိုအကျိုးရလိမ့်မယ်လို့ လောကဘက်ကလဲ မြှော်လင့်စရာ မရှိဘူး၊ သဒ္ဓါတရားသက်သက်နဲ့ ဆောင်ရွက်နေကြရတယ်၊ 'ပဋိပတ္တိသာသနာတော်အတွက် လှူဒါန်းသူတို့မှာလဲ ကုသိုလ်ပွားကြပါစေ၊ ပဋိပတ္တိသာသနာတော်လဲ ကြီးပွားသင့်သမျှ တိုးတက်ကြီးပွားပါစေ”လို့ ရည်ရွယ်မျှော်လင့်ပြီး အင်မတန် သန့်ရှင်းတဲ့ စေတနာတွေနဲ့ ဆောင်ရွက်နေကြရတယ်။

ရဟန်းတော်များက သာသနာပြုတယ်ဆိုတာကတော့ ကိုယ့်အကျိုးလဲ ပါတန်သမျှ ပါနေဘယ်၊ ပရိယတ္တိဘက်က စာပေကျမ်းဂန်ပို့ချနေတဲ့ ဆရာတော်တွေဆိုရင် ပရိယတ္တိသာသနာတော် အရှည်တည်တံ့ပါစေ၊ စာပေကျမ်းဂန်တွေကို တတ်သိနားလည်ပြီး ပဋိပတ်အကျင့် လမ်းမှန်ကိုလဲ ကျင့်နိုင်ကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ စိတ်စေတနာ သန့်ရှင်းစွာနဲ့ စာပေကျမ်းဂန်တွေကို ပို့ချပေးနေကြတယ်၊ အဲဒီလို ပို့ချပေးနေကြတဲ့အတွက် တပည့်

အဆက်ဆက်တွေ စာပေကျမ်းဂန် တတ်သိပြီး ပရိယတ္တိသာသနာတော် အရှည်တည်တံ့ခြင်း အကျိုးပြီးစီးနေတယ်၊ နောက်ပြီးတော့ အဲဒီလို စာပေပို့ချနေတဲ့အတွက် ဒကာ ဒကာမတွေက ကြည်ညိုပြီး အဲဒီလို စာချဆရာတော်တွေအား လှူဒါန်းပူဇော်ကြတယ်၊ ဒါကြောင့် သာသနာတော် ကြီးပွားရေးအတွက် ဆောက်ရွက်ရာ၌ ရဟန်းတော်များမှာ မိမိအကျိုးလဲ ဖြစ်တန်သမျှဖြစ်ပွားသွားတယ်။

ပဋိပတ္တိဘက်က ဘာဝနာ လုပ်ငန်းစဉ်တွေကို ဟောကြားညွှန်ပြနေတဲ့ ဆရာတော်တွေမှာဆိုယင်လဲ—

> အဟော မေ ဝတ ဓမ္မံ သုဏောယျုံ၊ သုတွာ စ ပန ဓမ္မံ အာဇာနေယျုံ၊ အာဇာနိတွာ စ ပန တထတ္တာယ ပဋိပဇ္ဇေယျုန္တိ။

မေ-ငါ၏၊ ဓမ္မံ-ဟောသည့်တရားကို၊ သုဏေယျုံ-နာကြပါကုန်မူကား၊ အဟော ဝတ-ဩော်ကောင်းလေစွ၊ သုတွာစ-နာကြပြီး၍လည်း၊ ဓမ္မံ-တရားကို၊ အာဇာနေယျုံ - သိနားလည်ကြပါကုန်မူကား၊ အဟော ဝတ - ဩော်ကောင်းလေစွ၊ အာဇာနိတွာစ· သိနားလည်ကြကုန်ပြီး၍လည်း၊ တထတ္တာယ - ထိုတရားတော်၌ပြဆိုသားသည့်အတိုင်းဖြစ်၍ ပြည့်စုံအောင်၊ ပဋိပဇ္ဇေယျုံ-ကျင့်ကြံအားထုတ်ကြပါကုန်မူကား၊ အဟော ဝတ·ဩော်ကောင်းလေစွ၊ ဣတိ-ဤသို့ရည်ရွယ်၍ ဟောရမယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း-

မိမိဟောတဲ့တရားကို နာကြားပြီး သိနားလည်ကြပါစေ၊ သိနားလည်ပြီးတော့ မြတ်စွာဘုရား၏ အလိုတော်အတိုင်း ဓမ္မာနု ဓမ္မပဋိပတ်ဆိုတဲ့ သမထ ဝိပဿနာအကျင့်ကို ကျင့်နိုင်ကြပါစေ၊ အဲဒီလို ထက်ထက်သန်သန်ကျင့်ပြီးတော့ ပဋိဝေဓခေါ်တဲ့ မဂ် ဖိုလ်နိဗ္ဗာန် တရားထူးတရားမြတ်တွေကို ရကြပါစေလို့ ရည်ရွယ် ပြီး သန့်ရှင်းစင်ကြယ်တဲ့ စေတနာနဲ့ ဟောကြား ညွှန်ပြနေယင် အဲဒီလို ဟောကြား ညွှန်ပြနေတဲ့အတွက် ရဟန်းရှင်လူ များစွာ တွေဟာ ဗုဒ္ဓသာသနာဆိုတဲ့ အကျင့်လမ်းမှန်တွေကို ကျင့်ကြ ရတယ်၊ အဲဒီလိုကျင့်ပြီးတော့ သမာဓိပညာ တရားထူးတွေကို ပါရမီရှိသလောက် ကိုယ်တိုင်တွေ့သိမြင်ပြီး တရားအရသာတွေကို ခံစားကြရတယ်၊ အဲဒီလို ကိုယ်တိုင် တွေ့ သိမြင်ပြီး ဖြစ်တဲ့ ပုဂ္ဂိုလ်ကတဆင့် ဟောပြောတိုက်တွန်းပေးခြင်းအားဖြင့် ပဋိပတ္တိ သာသနာတော်ဟာ တိုးတက်ကြီးပွားသွားတယ်၊ အဲဒါဟာ တခြားမှာ ရှာကြည့်နေစရာ မလိုဘူး၊ ဒီ သာသနာ့ရိပ်သာကိုဘဲ ကြည့်ပါ၊ ဒီသာသနာ့ရိပ်သာက တရားအားထုတ်ပြီးတော့ တိုး ပွားသွားတဲ့မဟာစည်ဌာနခွဲတွေဟာ ဗမာပြည်မှာဘဲစာရင်းရတဲ့ ဌာနတွေ နှစ်ရာ( ၂၀၀ )ကျော်ရှိတယ်၊ စာရင်းမပို့လို့ မထင်ရှား တဲ့ ဌာနတွေလဲ ဟိုအရပ်ဒီအရပ်တွေမှာ တရားဟောသွားရင်း တွေ့ရတာတွေ တော်တော်များများရှိပါသေးတယ်၊ ယိုးဒယား၊ သီဟိုဠ်အစရှိတဲ့ နိုင်ငံခြားတွေမှာလဲ မဟာစည်ဩဝါဒခံ ဌာန တွေ များစွာရှိနေပါသေးတယ်၊ အဲဒါဟာ ပဋိပတ္တိဘက်က သာသနာတော် တိုးတက်ကြီးပွားသွားတာပါဘဲ၊ အဲဒီလို တိုး တက်ကြီးပွားသွားတာဟာ ဘုန်းကြီးနှင့်တကွ ကမ္မဋ္ဌာနာစရိယ

ဆရာတော်တွေက ဟောကြားညွှန်ပြ ပေးနေလို့ပါဘဲ၊ နောက်ပြီးတော့ ယခုစည်းဝေးနေကြတဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုင်ရာ ဒကာ ဒကာမအများက ချီးမြှောက် ထောက်ပံ့ အားပေးနေတဲ့ အကြောင်းကြောင့်လဲ ဖြစ်တယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုင်ရာ ဒကာ ဒကာမတွေမှာ ဒီလို ပဋိပတ္တိ သာသနာတော် တိုးတက်ကြီးပွားတာကို အကြောင်းပြုပြီး ဝမ်းမြောက်စရာ ဂုဏ်ယူစရာလဲ ဖြစ်ပါတယ်၊ နောက်ပြီးတော့ ကမ္မဋ္ဌာန်းဆရာတော်များမှာ ဒကာ ဒကာမများစွာတို့၏ ရိုသေလေးစားခြင်း လှူဒါန်းပူဇော်ခြင်းကိုလဲ များစွာပင် ရရှိနေကြပါတယ်၊ ဒါကြောင့် ပဋိပတ္တိ သာသနာပြုရာမှာ ရဟန်းတော်များဟာ မိမိတို့၏ လောကီအကျိုးတွေကိုလဲ ရရှိနေကြပါတယ်၊ သာသနာတော် အကျိုးရော ကိုယ့်အကျိုးရော ပြီးပြယ်ဆိုတော့ သာပြီး အားတက်စရာ ကောင်းတာပေါ့။

လူဒကာ ဒကာမများမှာတော့ ဒီလို သာသနာပြု အဖွဲ့အသင်းတွေထဲ ဝင်ပြီး ဆောင်ရွက်ရတာဟာ သာသနာတော်အကျိုးနဲ့ ကုသိုလ်ရရှိလောက်ဘဲ၊ လောကဘက်ကတော့ ယခုနေအခါမှာ အကျိုးကျေးဇူး သိပ်မရှိပါဘူး၊ ဥက္ကဋ္ဌကြီး အတွင်းရေးမှူး စသည်ဖြင့် နာမည်ရရုံလောက်ပဲ ရှိပါတယ်၊ ဆောင်ရွက်ရတဲ့ တာဝန်ကတော့ မသေးလှပါဘူး၊ စားဝတ်နေရေးအတွက် ဆောင်ရွက်စရာ ကိုယ်ရေး ကိုယ်တာ ကိစ္စတွေကလဲ ရှိနေတယ်၊ ရပ်ရွာရေး အစရှိတဲ့ မလွှဲမကင်းသာ ဆောင်ရွက်စရာတွေလဲ ရှိနေတယ်၊ အဲဒီလို ကိစ္စတွေများစွာ ရှိနေတဲ့ အထဲမှ တချို့က

နေ့စဉ်ပင် ဒီရိပ်သာလာပြီး ဆောင်ရွက်နေကြတယ်၊ တချို့က နေ့စဉ်လိုလိုပင် လာပြီး ဆောင်ရွက် နေကြတယ်။ အဲဒီလို ဆောင်ရွက်ရတာဟာ အင်မတန် ဝန်လေးပါတယ်။

ဆောင်ရွက်ရာမှာလဲ အများနဲ့ စပ်ဆိုင်တဲ့ ပစ္စည်းကို ကိုင်တွယ်သုံးစွဲရတာဟာ ဝန်လေးပါတယ်၊ မိမိအမြင်အားဖြင့် အကောင်းဆုံး အနေနဲ့ ဆောင်ရွက်ပေမဲ့ အများသဘောကျ ဖြစ်ဖို့ ခဲယဉ်းပါတယ်၊ အများသဘောကျ မဖြစ်ယင် အပြစ်ဆိုတာ ပြောတတ်ကြတာဘဲ၊ ပြောသင့်လို့ ပြောတာလဲရှိတယ်၊ မပြောသင့်ဘဲနဲ့ ပြောတာလဲရှိမယ်၊ အဲဒီလို အပြောခံရတာလဲ တနည်းအားဖြင့် • ဂုဏ်ယူစရာပါဘဲ၊ ဘာကြောင့်လဲ ဆိုယင် တကယ် အလုပ်လုပ်တဲ့သူသာ အပြောခံရတယ်၊ ဘာမှမလုပ်ပဲ အလကား နေတဲ့လူမှာ အဲဒီလို အပြောကိုမခံရဘူး၊ ဒါကြောင့်ပါဘဲ၊ ဒါပေမဲ့ အနဝဇ္ဇာနိ ကမ္မာနိ- အပြစ်ကင်းတဲ့ လုပ်ကိုင်မှုရှိစေရမယ်ဆိုတဲ့ မင်္ဂလာ တရားတော်နဲ့အညီ အပြစ်ကင်းအောင် အထူးသတိပြုပြီး ဆောင်ရွက်ကြဘို့တော့ လိုပါတယ်။

အပြစ်ကင်းအောင် ဆောင်ရွက် တာကိုတော့ အားလုံး သိကြပြီးပင် ဖြစ်ပါလိမ့်မယ်၊ အဖွဲ့၏ စည်းမျဉ်း ဥပဒေနှင့်အညီ ဆောင်ရွက်ကြဘို့ပါဘဲ၊ မည်ရွေ့ မည်မျှအထိ တဦးတယောက်၏ သဘောနှင့် ဆောင်ရွက်နိုင်တယ် စသည်ဖြင့် တဦးတယောက် ထည်းအတွက် ခွင့်ပြုထားတာလဲ ရှိပါလိမ့်မယ်၊ အဲဒီလို ခွင့်ပြုထားတဲ့ ကိစ္စကိုတော့ တဦးတယောက် သဘောနဲ့ ဆောင်ရွက်

ယင်လဲ အပြစ်ကင်းမှာပါဘဲ အဲဒီလို တဦးတယောက်ကို ခွင့်ပြု မထားတဲ့ ကိစ္စများကိုတော့ အစည်းအဝေး ကျင်းပပြီး အများ ဆန္ဒကိုယူပြီးမှ အများသဘောအရ ဆောင်ရွက်သင့်ပါတယ်၊ အဲဒါကတော့ မှားသွားတောင် ဘယ်သူကမှ အပြစ်မပြောနိုင် ဘူး၊ အဲဒါဟာ အများက သိထားပြီးဖြစ်တဲ့အတိုင်း အနုဝဇ္ဇာနိ ကမ္မာနိ-ဆိုတဲ့ မင်္ဂလသုတ်နှင့်အညီ အပြစ်ကင်းအောင် ဆောင် ရွက်ပုံပါဘဲ။

စေတနာကောင်းနဲ့ အပြစ်ကင်းအောင် ဆောင်ရွက်နေရ ရာမှာလဲ အပြစ်ပြောတဲ့သူကတော့ ရှိတတ်သေးတာဘဲ၊ အဲဒီလို အပြောခံရယင် နာယကဂုဏ် ၆-ပါးထဲက ခမာ-သည်းခံခြင်း ဆိုတဲ့ ဂုဏ်နှင့်အညီ သည်းခံပြီးတော့ ရှင်းတန်တာ ရှင်းလင်းပြရ မယ်၊ ဆောင်လဲ ဆောင်ရွက်ရသေးရဲ့၊ အပြစ်တင်လဲ ခံရသေးရဲ့ လို့ဆိုပြီး စိတ်ပျက်နေလို့တော့ မဖြစ်ဘူး၊ စိတ်ပျက်ပြီး ဆောင် ရွက်နေကျ ပုဂ္ဂိုလ်က မဆောင်ရွက်ယင် အပြစ်ပြောတဲ့ ပုဂ္ဂိုလ် ကလဲ ဆောင်ရွက်ရန် စွမ်းနိုင်ချင်မှ စွမ်းနိုင်မယ်၊ ကိုယ်က မစွမ်း နိုင်ဘဲနဲ့ သူများ ဆောင်ရွက် နေတာကို အပြစ်ပြောရုံ ပြောနေ တာကလဲ မသင့်တော်ဘူး၊ အကယ်၍ ပြောစရာရှိယင်လဲ သတိ ပေးတဲ့ အနေနဲ့ နူးနူးညံ့ညံ့ ချိုချိုသာသာ ပြောဆိုတတ်ဖို့ လိုပါ တယ်၊ သာသနာရေးဆိုတာ စီးပွားရေးလဲ မဟုတ်ဘူး၊ နိုင်ငံ ရေးလဲ မဟုတ်ဘူး၊ ဒါကြောင့် ပြောတဲ့အခါ ချိုချိုသာသာ ပြောဘို့လိုပါတယ်၊ မိမိပြောတဲ့အတိုင်း မဖြစ်ရမည်လားဆိုပြီး ဒေါသ ထွက်နေရန်လဲ မသင့်ပါဘူး၊ ပြောသင့်တာကို သတိပေး

ပြောခြင်းဖြင့် မိမိတာဝန် ကျေပြွန်ပြီလို့ သဘောထားပြီး စိတ်ကြည်ကြည်လင်လင် ရှိဘို့လဲလိုပါတယ်၊ သတိပေးခံရတဲ့ ပုဂ္ဂိုလ်ရော-ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ရော နှစ်ဦးလုံးက တာဝန်ဝတ္တရားကျေပြွန်စွာညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်သွားကြဘို့ လိုပါတယ်၊ အဲဒီလို ဆောင်ရွက်သွားယင် သာသနာတော်အတွက် အကျိုးများသွားပါလိမ့်မယ်။

နောက်ပြီးတော့ ဇာဂရိယ- နိုးကြားခြင်းတဲ့၊ ကိုယ့်တာဝန်ကျေပြွန်အောင် ဆောင်ရွက်ဖို့ရာ နိုးနိုးကြားကြား ရှိဘို့ပါဘဲ၊ နောက်ပြီးတော့ ဥဋ္ဌာန-ထကြွလုံ့လ ရှိခြင်းတဲ့၊ အဖွဲ့ဝင်ပုဂ္ဂိုလ်တိုင်း အသီးသီး တာဝန်ယူပြီးတော့ မိမိတာဝန်ကို တက်တက်ကြွကြွနဲ့ပြီးစီးပြည့်စုံအောင် ဆောင်ရွက်သွားဘို့ပါဘဲ၊သံဝိဘာဂ-ပေးကမ်းခြင်းဆိုတာကတော့ သိပ်မလိုလှပါဘူး၊ အလုပ်ကိစ္စကိုဆောင်ရွက်ကြတဲ့သူတွေအား ပေးသင့်တာ ပြည့်ပြည့်စုံစုံပေးဘို့လောက်ပဲလိုပါတယ်၊ ဒယာ-သနားကြင်နာ မေတ္တာပွားခြင်းတဲ့၊ ဒါကတော့လိုပါတယ်၊ အဖွဲ့ကိစ္စကို ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်အချင်းချင်း ချမ်းသာကြပါစေဆိုတဲ့ မေတ္တာမနောကံ ရှိနေဘို့လိုပါတယ်၊ ဘယ်သူ့အပြစ်ကို ဘယ်သူ့ထံ သွားပြောမယ်ဆိုတဲ့ဒေါသစိတ်ကူးမျိုး ကင်းရှင်းစေရမယ်၊ ပြောစရာရှိတဲ့အခါလဲခုတင်က ညွှန်ကြားခဲ့တဲ့အတိုင်း မေတ္တာဝစီကံဖြင့် ချိုချိုသာသာနဲ့ ပြောရမယ်၊ကူညီပြီးဆောင်ရွက်စရာရှိယင်လဲ မေတ္တာကာယကံဖြင့် စွမ်းနိုင်သမျှ ကူညီဆောင်ရွက်ရမယ်၊ သာသနာ့ရိပ်သာရှိရဟန်းရှင်လူ ယောဂီတွေအတွက် ဆောင်ရွက်နေကြရတာက

တော့ မေတ္တာကာယကံ မေတ္တာဝစီကံ မေတ္တာမနောကံတွေ ချည်းပါပဲ၊ နောက်ပြီးတော့ ဣက္ခဏာ-အမြော်အမြင် ဉာဏ် ပညာရှိရမယ်တဲ့၊ ဒါကလဲအရေးကြီးတာဘဲ၊ဘယ်လိုဆောင်ရွက် သင့်တယ်၊ ဘယ်လိုဆောင်ရွက်ယင် ဘယ်လိုအကျိုးများမယ် စသည်ဖြင့် ဉာဏ်ဖြင့်မြော်မြင်ပြီး ဆောင်ရွက်သွားကြဘို့ပါဘဲ၊ ယခု ပြောခဲ့တာတွေဟာ နာထကဂုဏ် ၆-ပါးပါဘဲ၊ အဲဒါတွေကို အရင်နှစ်များကလဲ ပြောခဲ့ပါပြီ။

ယခု အပရိဟာနိယတရား(၇)ပါးထဲက သက်ဆိုင်တဲ့ အပရိ ဟာနိယ- မဆုတ်ယုတ်ရေးတရားများကို ပြောရဦးမယ်၊ လိစ္ဆဝီ မင်းတွေအကြောင်းပြုပြီး ဟောထားတဲ့ အပရိဟာနိယတရား ထဲကပါဘဲ၊ အဘိဏှံသန္နိပါတာ သန္နိပါတ ဗဟုလာ-မကြာ မကြာစည်းဝေးတိုင်ပင်ရမယ်၊ စည်းဝေးတိုင်ပင်ခြင်း များစေရ မယ်တဲ့၊ အဲဒီလို မကြာမကြာစည်းဝေးတိုင်ပင်ယင် ဆောင်ရွက် စရာကိစ္စတွေလဲ ပေါ်လာမယ်၊ အချင်းချင်း အကြံဉာဏ်ပေးတာ တွေလဲရှိမယ်၊ အများသဘောတူ ဆုံးဖြတ်တာဝန်ပေးနိုင်တယ်၊ တာဝန်ကျတဲ့ပုဂ္ဂိုလ်ကလဲ ပေးတဲ့တာဝန်ကိုယူပြီး ဆောင်ရွက် နိုင်တယ်၊ အဲဒီလိုဆောင်ရွက်ခြင်းဖြင့် ဝုဍ္ဍိယေဝ ပါဋိကင်္ခါ နော ပရိဟာနိ-ဆုတ်ယုတ်ခြင်းမရှိဘဲ ကြီးပွားတိုးတက်ခြင်းသာ ရှိမယ် လို့ ကေန်မျှော်လင့်ရပါတယ်တဲ့။

အဲဒီလိုစည်းဝေးတဲ့အခါ သမဂ္ဂါသန္နိပတန္တိ - အညီအညွတ် စည်းဝေးကြရမယ်၊ သမဂ္ဂါ ဝုဋ္ဌဟန္တိ-အညီအညွတ် အစည်း

အဝေးမှ ထကြရမယ်တဲ့၊ တချို့က စောစောရောက်ပြီး ဆွေးနွေး နေယင် နောက်မှ ရောက်လာတဲ့ သူတွေက သံသယရှိနေမယ်၊ သူများထသွားကြပြီးတဲ့နောက် ဆွေးနွေး နေကြယင်လဲ ထသွား တဲ့လူတွေက သံသယရှိနေမယ်၊ ဒါကြောင့် အညီအညွှတ် စည်းဝေးဘို့ အစည်းအဝေးမှ အညီအညွှတ်ထဘို့ ညွှန်ကြား ထားခြင်း ဖြစ်ပါတယ်၊ ယခု သာသနာရေးကိစ္စအရာမှာတော့ ဒါက သိပ် အရေးမကြီးလှပါဘူး၊ အစည်းအဝေးရှိတဲ့အခါ အချိန်မှီ မပျက်မကွက်ပဲ လာရောက်ဖို့လောက်သာ လိုပါတယ်၊ နောက်ပြီးတော့ သမဂ္ဂါ ဝဇ္ဇီ ကရဏီယာနိ ကရောန္တိ- ဝဇ္ဇီ မင်းတို့ ပြုသင့်တဲ့ ကိစ္စတွေတဲ့၊ ယခု ဒီမှာတော့ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ဝင်တွေ ပြုသင့်တဲ့ ကိစ္စတွေလို့ ဆိုရမှာပေါ့၊ အဲဒီ ကိစ္စတွေကို အညီအညွှတ် ဆောင်ရွက်ကြရမယ်တဲ့၊ အမှုဆောင် အဖွဲ့ဝင်တွေက (၁၅)ယောက်ရှိတယ်၊ သုံးလေးယောက်လောက် သာ ဆောင်ရွက်နေတယ်ဆိုယင် တောင့်မစေနိုင်ဘူး၊ ဒါကြောင့် (၁၅) ယောက်လုံး အသီးအသီး ကိုယ်နိုင်ရာ နိုင်ရာ တာဝန် ယူပြီး ဆောင်ရွက်ကြဘို့ပါဘဲ၊ အဖွဲ့ဝင်ဆိုတဲ့ အမည်ယူထားယင် အဖွဲ့၏ တာဝန်ကို ဆောင်ရွက်ဖို့ တာဝန်ရှိနေပါတယ်၊ အဲဒီ တာဝန်ကို ဆောင်ရွက်ဖို့ပါဘဲ၊ အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော- ရောက်လာတဲ့တာဝန်ကို မချွတ်ကေန် ဆောင်ရွက် ရလိမ့်မယ်လို့ ဆိုထားပါတယ်၊ ဒါကြောင့် မိမိနဲ့ထိုက်တန်တဲ့ မိမိဆောင်ရွက်နိုင်တဲ့ တာဝန်ကို အသီးအသီးယူပြီး ကျေပြွန် အောင် ဆောင်ရွက်သွားကြဘို့ပါဘဲ၊ လူစေ့တက်စေ့ ဆိုသလို အဖွဲ့ဝင်တိုင်း ကိုယ်စီ ကိုယ်ငှ ဆောင်ရွက်သွားကြဘို့ ထပ်မံ သတိ

ပေးပါတယ်၊ အဲဒီလို အညီအညွတ် ဆောင်ရွက်သွားကြလို့ရှိယင် ဆုတ်ယုတ်ဖွယ် မရှိဘူး၊ တိုးတက်ကြီးပွားဘွယ်သာ ရှိပါတယ်တဲ့၊ ဆောင်ရွက်သင့်တဲ့ တာဝန်ကို မဆောင်ရွက်ပဲ လစ်လပ်နေယင်လဲ အချင်းချင်း မေတ္တာဝစီကံဖြင့် ချိုသာစွာ သတိပေး စကား ပြောကြားရမယ်၊ ဆရာ လုပ်သည့်အနေနဲ့ မာန်မဲသည့် အနေနဲ့ ပြောရန်တော့ မသင့်ဘူး၊ အပြောခံရတဲ့ ပုဂ္ဂိုလ်ကလဲ စဉ်းစား ဆင်ခြင်ပြီး လစ်လပ်နေတဲ့ ကိစ္စတွေကို ပြည့်စုံအောင် အထူး သတိပြုပြီး ဆောင်ရွက်သွားရမယ်၊ အဲဒီအတိုင်း ဆောင်ရွက် သွားကြယင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသာ တိုးတက်သည်ထက် တိုးတက်သွားမှာ ကေန်ပါဘဲ၊ ယခုလဲ တိုးတက်နေပါတယ်၊ တနှစ်ထက်တနှစ် ထူးထူးခြားခြား တိုးတက်နေပါတယ်၊ ယခု ပြောခဲ့တဲ့ ဩဝါဒအတိုင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်သွားနိုင် ကြယင်တော့ အတိုင်းထက်အလွန် တိုးတက်သွားပါလိမ့်မယ်၊ ဘုန်းကြီးတို့ ဟောပြောညွှန်ပြနေတဲ့ ပဋိပတ္တိ သာသနာတော် ဟာလဲ ယခုတိုးတက်နေတာထက် ထူးထူးခြားခြားကြီး တိုးတက် လာပါလိမ့်မယ်။

အဲဒီလို ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ရော ပဋိပတ္တိ သာသနာ တော်ရောတိုးတက်သည်ထက်အထူးတိုးတက်ကြီးပွားသွားအောင် အဖွဲ့ဝင်တိုင်း အသီးအသီးတာဝန်ယူ၍ ကိုယ်စီကိုယ်င ရွက်ဆောင် နိုင်ကြပါစေ၊ အပြစ်ကင်းအောင်လဲ ရွက်ဆောင်နိုင်ကြပါစေ၊ အချင်းချင်း ချိုချိုသာသာ သတိပေးစကား ပြောကြားလျက် အကြံဉာဏ်ပေး၍ ပြုပြင်သင့်တာကိုလဲ ပြုပြင်ကြ၍ အညီအညွတ်

ဆောင်ရွက်နိုင်ကြပါစေ၊ ဤသို့ဆောင်ရွက်ခြင်းဖြင့်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရော မြတ်စွာဘုရား၏ သာသနာတော်ရော တိုးတက်သည်ထက် တိုးတက်ကြီးပွားပါစေသတည်း။

သာဓု....သာဓု....သာဓု

ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၏

# ဩဝါဒကထာ

---

## စာတတ်–မတတ် အကျိုးကဗျာ

၁။ လုံးစုံအကျိုး ဆင့်တိုးမြဲရှည်၊
လောကီလောကုတ် မယုတ်ပွားစည်။
ကိုယ်နှုတ်စိတ်တွင်း ထင်လင်းဉာဏ်ရည်၊
စာကပေး မြတ်လေးစွဲယုံကြည်။

၂။ စာအကျိုးကား များပြားလှပေ၊
နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအခြေ။
အမျိုးကောင်းသား မှတ်သားမိစေ၊
စာသင်ခြင်း လက်ငင်းဂုဏ်သရေ။

၃။ ကျောင်းတော်သားများ စိတ်အားပျော်ရွှင်၊
ပညာစာပွဲ ဆင်နွှဲသဘင်။
ဒိဋ္ဌမျက်မှောက် ကျိုးရောက်ဂုဏ်ထင်၊
ဉာဏ်ရှုစား တရားဖြောင့်မှန်မြင်။

၄။ ယုတ်မြတ်နှစ်ပါး ကွဲပြားတန်တန်၊
ဆိုးကောင်းသတ်မှတ် ဆုံးဖြတ်ဝေဘန်။
စာဆိုသမျှ သိရကောန်၊
စာမူကင်း မှားယွင်းလွဲဖောက်ပြန်။

၅။ တရားလမ်းကြောင်း မှားစောင်းမမူ၊
မကောင်းပယ်ဖျက် ကောင်းဘက်ကိုယူ။
ထင်ရာစွတ်ရမ်း စည်းကမ်းမဲ့သူ၊
စာကိုလွတ် ကျင့်ဝတ်မစင်ဖြူ။

၁၃၀၅-ခု၊ တပေါင်းလဆန်း ဂ-ရက်နေ့၊
စာပြန် ကျောင်းသားကျောင်းသူ (၇၀)ကျော် ရွတ်ကြသည်။

## အဆိပ်ရေနှင့် လူ့ရန်သူ

ဒုစရိုက်ဆယ်ခု၊ ပွားကြောင်းမှုကို၊ မည်သူ့ကြောင့်နည်း၊ ဖြစ်သနည်းဟု၊ စိတ်ထည်းဉာဏ်နှင့်၊ အမှန်ချင့်သော်၊ အခွင့်မသိ၊ သတိကင်းပ၊ ဟာဒယမကြည်၊ မတည်ကြွန်ခြွေ၊ တွေဝေထိုင်းမှိုင်း၊ စိတ်ဓာတ်ရိုင်းအောင်၊ အတိုင်းမသိ၊ စွမ်းနိုင်ဘိသား၊ လူ၏ရန်ဘေး၊ အရှုံးဆေးဟု၊ ထောက်တွေးချင့်တွက်၊ သေအရက်တည်း၊ လူပျက်လူနှမ်း၊ လူသရမ်းတို့၊ သောသွမ်းသည်ပင်၊ အကောင်းထင်၍၊ မစင်ကိုခွေး၊ နှစ်သက်ရေးသို့၊ မအေးပူဆာ၊ ချမ်းသာမရောက်၊ မျက်မှောက်တမလွန်၊ နှစ်တန်စီးပွား၊ ပျက်ပြားဆုတ်ယုတ်၊ အမှန်ဟုတ်၍၊ လူရုပ်မပီ၊ အဆိပ်ရည်သည်....လူ့ပြည်ဖျက်ဆီး ရန်သူကြီး။

ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၏

# ဩဝါဒကထာ

အစဉ်း စာပြန်ပွဲနှစ်

၁။ စာပွဲခိုမ့်ညောင်း၊ လတပေါင်း၊ ခါကောင်းမင်္ဂလာ။

၂။ ဤခါနေ့က၊ ပြန်တွေးဆ၊ လွှမ်းစကြွယ်ဘို့ရာ။

၃။ ရှစ်ဆယ်နှင့်ခြောက်၊ ကောဇာမြောက်၊ချီးမြှောက် လက်ဦးစွာ။

၄။ သဘင်စာပွဲ၊ နှစ်စဉ်နွဲ၊ လွှန်ကဲသာထက်သာ။

၅။ ပညာရင့်ပြီး၊ မျိုးသမီး၊ တတ်သီးအလိမ္မာ။

၆။ သင်းကြည်ရနံ့၊ ရပ်တိုင်းနှံ့၊ ချီးအံ့မကုန်ပါ။

၇။ ဥာဏ်ရှိသူများ၊ ကြံစဉ်းစား၊ ရှင်အားတက်ဘို့ရာ။

၈။ မိဘသခင်၊ ကျေးဇူးရှင်၊ စာသင်ခွင့်ပြုရှာ။

၉။ ဆယ်ပြန်အသက်၊ ကျေးဇူးမြွက်၊ ပေးဆက်မကျေပါ။

၁၀။ သည်မိဘမျိုး၊ လွှန်မြတ်နိုး၊ ရှိခိုးဖန်ခါခါ။

(၁၂၉၇-ခု)

ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၏

# ဩဝါဒကထာ

---

## ကလေး-လူကြီး အားလုံးဆိုသံပေါက်များ

၁။ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေရပ်ရွာလုံး။

၂။ မွှေးကြိုင်ပျံ့နှံ့၊ မေတ္တာနံ့၊ သင်းပျံ့နယ်မဆုံး။

၃။ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတိုင်းရှုံး။

၄။ ကိုယ်စီဆင်မြန်း၊ မေတ္တာပန်း၊ ရှင်လန်းချိုပြုံးပြုံး။

၅။ စိတ်ထားမြင့်မြတ်၊ မေတ္တာဓာတ်၊ လူနတ်အချစ်ဆုံး။

၆။ တရားပျော်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။

၇။ တဦးမေတ္တာ၊ တဦးမှာ၊ ရှည်ကြာရှိမမုန်း။

၈။ နှစ်ရွာတရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။

၉။ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။

၁၀။ ဆရာ့ဝန်တာ၊ ဆုံးမပါ၊ မေတ္တာစိတ်နှလုံး။

၁၁။ ဒို့ရွာသူပေါင်း၊ အေးမြကြောင်း၊ ဆုတောင်းစာစီကုံး။

၁၂။ နဖူးလက်တင်၊ ကြံဆင်ခြင်၊ ပျော်ရွှင်မှတ်ယူသုံး။

## အဘိဓမ္မတ္ထ သင်ကြားကြ

၁။ ယောမန်ခါတွင်း မှုံနှင်းဝေဝေ၊
အေးမြစိမ့်ချမ်း ဆွတ်ဖြန်းလေပြေ။
သန်းခေါင်ညဉ့်နက် စာကျက်ကြပေ၊
ပျော်ဘို့ကောင်း ခေါ်ဆောင်းဤရွာမြေ။

၂။ ခေတ်ခါအလိုက် သိုက်မြိုက်ပျော်ရွှင်၊
နေ့ရောညဉ့်ရော သောသောညံပင်။
ပါဠိအနက် လေ့ကျက်စာသင်၊
ကုရုတိုင်း တူနှိုင်းပြိုင်မည့်သွင်။

၃။ ပတိရူပ ဒေသရပ်ရွာ၊
ရှေးကံချီးမြှင့် ထောက်ပင့်ခွင့်သာ။
ပဏီဓိစက် မပျက်မကွာ၊
သူတော်ကောင်း ပေါင်းတွေ့စက်လေးဖြာ။

၄။ နှစ်စဉ်အမြဲ စာပွဲဆင်ယင်၊
ကောင်းဆိုးတရား ပိုင်းခြားပြသင်။
ရွာသူရွာသား ကြီးမားစေချင်၊
မေတ္တာခေတ် မြင့်မြတ်ထေရ်အရှင်။

၅။ မေတ္တာဓာတ်ရင်း လက်ငင်းကျိုးထင်၊
ကြီးငယ်အများ တရားဖြူစင်။
ပရမတ်နှင့် ပညတ်သိမြင်၊
ဂုဏ်ရန့် သင်းပျံ့နယ်တခွင်။

၆။ ဘိဓမ္မာကျမ်း နည်းလမ်းဖုံဖုံ၊
ဆန်းကြယ်နက်နဲ ခက်ခဲများစုံ။
သဗ္ဗဉာဏ်ထူး ပျော်မြူးအာရုံ၊
မြတ်ဘုရား ဟောကြားဝတိံဘုံ။

၇။ ဘိဓမ္မတ္ထ ကျမ်းကဆန်းကြယ်၊
သဘောသရုပ် ကွယ်မြုပ်မိပ္ပာယ်။
သာမန်လူစား မှတ်သားမလွယ်၊
ပင်လယ်တွင်း သက်ဆင်းယုန်သူငယ်။

၈။ နုနယ်ငယ်သေး ကြောက်သွေးခိုဝင်၊
ကျောင်းသူအများ ဉာဏ်အားမရှင်။
ပရိသတ်ထဲ မရဲစိတ်တွင်၊
ဖိုအသဲ ဝင်နွဲ့စာသဘင်။

၉။ အက္ခရာပုဒ် ပိုယုတ်မမှန်၊
ဖြတ်-ရပ်ပိုင်းခြား လွဲမှားရပြန်။
သမုဒ်သွင်ပဲ နက်နဲကျမ်းဂန်၊
လက်ပစ်နွဲ့ ခက်ခဲကျောင်းသူဉာဏ်။

၁၀။ ဉာဏ်စွမ်းအဆင့် စာဖြင့်စုသော်၊
ရတနာသုံး လွှတ်ရှုံးပူဇော်။
ဆရာတော်များ သက်အားရကျော်၊
ရှည်စေကြောင်း ဆုတောင်းသာရေခေါ်။

(၁၂၉၇-ခု)

၁၃၃၇-ခုနှစ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်

နှစ်ပတ်လည်အစည်းအဝေးပွဲ၌

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဩဝါဒတရားတော်

---

ဓမ္မော တပေ ရက္ခတိ ဓမ္မစာရီ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ သောနိ သံခသာ ဓမ္မေသုစိဏ္ဏေ၊ န ဒုဂ္ဂတိ ဂစ္ဆာတိ ဓမ္မစာရီ။

ဓမ္မော-ကိုယ်ကျင့်တရားသည်၊ ဓမ္မစာရီ-တရားကိုကျင့်သော သူကို၊ တဝေ-စင်စစ်၊ ရက္ခတိ-စောင့်ရှောက်တတ်၏။ ကိုယ်ကျင့်တရားက မိမိကိုကျင့်နေတဲ့ ပုဂ္ဂိုလ်ကို စောင့်ရှောက်တတ်တယ်။ မကျင့်တဲ့ပုဂ္ဂိုလ်တော့ မစောင့်ရှောက်ဘူး၊ ကျင့်တဲ့ ပုဂ္ဂိုလ်မှ စောင့်ရှောက်တယ်။

သုစိဏ္ဏော-ကောင်းစွာကျင့်အပ်၊ ဓမ္မော-တရားသည်၊ သုခံ-ချမ်းသာကို၊ အာဝဟာတိ-ဆောင်ပေတတ်၏။ အဲဒီ ကိုယ်ကျင့်

တရားဟာ ကောင်းကောင်းကျင့်လို့ရှိယင် အဲဒီကောင်းကောင်း ကျင့်တဲ့ပုဂ္ဂိုလ်အား ချမ်းသာကို ဆောင်ပေးတတ်တယ်။

ဓမ္မာစရိယ-တရားကို ကျင့်သုံးသော ပုဂ္ဂိုလ်သည်၊ ဒုဂ္ဂတိ-မကောင်းသော၊ ဂတိ-ဆင်းရဲသော ဂတိသို့၊ န ဂစ္ဆတိ-မရောက်ရ၊ တရားကျင့်တဲ့ ပုဂ္ဂိုလ်ဟာ၊ ဒုဂ္ဂတိ-မကောင်းသော ဂတိ၊ မကောင်းသောဘဝများ မရောက်ရဘူးတဲ့။ သေ- ဤ အမျိုးသည်၊ ဓမ္မေသုစိဏ္ဏေ-ကောင်းစွာ ကျင့်အပ်သော ကိုယ် ကျင့်တရား၌၊ ဝါ-ကိုယ်ကျင့်တရား၏ အာနိသံသော-အကျိုး ပေတည်း။

ကိုယ်ကျင့်တရားဆိုတာ သီလ၊ သမာဓိ၊ ပညာ ဒါတွေ ပါဘဲ။ ကောင်းသောအမှုတွေ ပြုကျင့်တာဟာ ကိုယ်ကျင့်တရား တွေပါဘဲ၊ ကောင်းသောအမှုတွေ ပြုကျင့်နေလို့ရှိယင် အဲဒီ ကောင်းသောအမှု ကိုယ်ကျင့်တရားက ကျင့်တဲ့ ပုဂ္ဂိုလ်ကို စောင့်ရှောက်တယ်၊ ကျင့်တဲ့ပုဂ္ဂိုလ်အား အလိုရှိအပ်တဲ့ ချမ်း သာကို ရစေတယ်၊ ဒုဂ္ဂတိဘဝများသို့ မကျရောက်စေတတ်ဘူး၊ ဒုဂ္ဂတိ ဘဝများတွေမှာ မကျရောက်အောင်လဲ ကာကွယ်ပေး တယ်၊ အဲဒါဟာ ကောင်းစွာကျင့်အပ်တဲ့ ကိုယ်ကျင့်တရားရဲ့ အကျိုးဘဲ၊ အဲဒီ ကောင်းသော ကိုယ်ကျင့်တရားဟာ အရေး ကြီးပါတယ်၊ အခါတိုင်းမှာတော့ ဒီမှာ သီလယူတဲ့ ပရိသတ် နည်းနည်းပါဘဲ၊ ကနေ့တော့ ဒီမှာ အဖွဲ့ရဲ့ နှစ်ပတ်လည် အစည်းအဝေးလဲလုပ်တော့ ပရိသတ်က အခါတိုင်းထက်များ တယ်၊ နှစ်ပတ်လည် အစည်းအဝေးဖြစ်တဲ့အတွက် ဘုန်းကြီးက

အခါတိုင်း အခါတိုင်း ပြောနေကျစကားကို ပြောရလိမ့်မယ်။ အခါတိုင်းလဲ ပြောနေကျပါဘဲ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုတာ ဗုဒ္ဓသာသနာကို ချီးမြှောက်ဘို့ရာ ဖွဲ့စည်းထားတဲ့ အဖွဲ့ပါဘဲ၊ ပထမအစတုန်းကတော့ ဆာဦးသွင်ကစပြီးတော့ ဆောင်ရွက်ပါတယ်။

ဆာဦးသွင် မရှိတဲ့နောက်တော့ ဆိုင်ရာဆိုင်ရာ စပ်ရာစပ်ရာ ပုဂ္ဂိုလ်တွေ ဆောင်ရွက်ပြီးတော့ လာကြတယ်။ အရေးကြီးတာ ကတော့ အညီအညွတ် ဆောင်ရွက်ဘို့ရာ ကိုယ်ကျင့်တရား အရေးကြီးတယ်၊ အညီအညွတ်ဆောင်ရွက်ဘို့ သင်္ဂဟတရားရှိပါတယ်။ ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ ရယ်လို့ (၄)ပါးရှိပါတယ်။ ဒါန၊ ပေးကမ်းရမယ်တဲ့။ ဒါကတော့ ဒီအဖွဲ့အတွင်းမှာ မလိုပါဘူး၊ ဒိပြင်နေရာ အပြင်ပမှာဆိုယင်တော့ နီးစပ်ရာပုဂ္ဂိုလ်တွေ ပေးကမ်းလို့ရှိယင် ရင်းနှီးပြီးတော့ စည်းလုံးညီညွတ်ရေး ဖြစ်တာပေါ့၊ ဒီအဖွဲ့အတွင်းမှာတော့ ပေးကမ်းဘို့ရာ ဒါကတော့ မလိုလှပါဘူး။

ပိယဝါစာ-တဲ့ အဲဒါတော့လိုတယ်၊ ပိယဝါစာ- ချစ်ဖွယ်သာယာ နာပျော်ဖွယ်ဖြစ်တဲ့ စကား ပြောတတ်ရမယ်၊ အဲဒါက အရေးကြီးတယ်၊ ဒါကတော့ နေရာတိုင်း ဘယ်မှာမဆို အရေးကြီးတာဘဲ၊ သူများနားမခံသာတဲ့ စကားပြောလို့ရှိယင် မူလက ခင်မင်ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်တောင်မှ မေတ္တာတွေ ပျက်ကုန်တာဘဲ၊ ဒါက အင်မတန် အရေးကြီးပါတယ်၊ ငယ်တဲ့ပုဂ္ဂိုလ်ဖြစ်ဖြစ် ကြီးတဲ့ပုဂ္ဂိုလ်ဖြစ်ဖြစ် ကိုယ်ပြောတဲ့ စကားဟာ ပိယဝါစာ

ဖြစ်ရဲ့လား၊ မဖြစ်ဘူးလားဆိုတာ စဉ်းစားပြီးတော့ ပိယဝါစာ ဖြစ်အောင် ပြောဘို့ရာ အရေးကြီးပါတယ်။ ကိုယ်ပြောချင်တိုင်း ပြောနိုင်တာဘဲ၊ အရေးမကြီးဘူး ဆိုပြီးတော့ အဲဒီလိုပြောယင် စည်းရုံးရေးတွေ ပျက်တတ်တယ်၊ သင်္ဂဟတရားပျက်တယ်၊ အတ္တစရိယာ- အကျိုးစီးပွားကို ကျင့်ရမယ်၊ အခြားသော ပုဂ္ဂိုလ်တွေမှာ ဆောင်ရွက်စရာ ရှိတဲ့အခါ ကိုယ်က တတ်နိုင်လို့ရှိယင် ကိုယ်နှင့်ဖြစ်စေ၊ နှုတ်နှင့်ဖြစ်စေ ဆောင်ရွက်ရမယ်၊ ကူညီပေးရမယ်၊ အတ္တစရိယာ အကျိုးစီးပွား ဆောင်ပေးရတယ်၊ အခု ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ဆိုတာကတော့ သာသနာရေး ကိစ္စကြီးငယ်တွေ ဆောင်ရွက်ဘို့ရာ အရေးကြီးတာဘဲ၊ အဖွဲ့ထဲမှာ အမည်စာရင်း လောက်ပါပြီး အလုပ်မလုပ်ဘဲ ဒီအတိုင်း နေယင်လဲ ဒါက ဟန်မကျသေးဘူး၊ ကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီး ဆောင်ရွက်အုံးမှ ဆောင်ရွက်မှဘဲ ကောင်းတယ်၊ မဆောင်ရွက်နိုင်ယင် နေရာမကျဘူး၊ သူက အရေးကြီးပါတယ်၊ 'အဲဒါ အခါတိုင်းလည်း ဘုန်းကြီးက ပြောနေကြပါဘဲ၊ အတ္တစရိယ အကျိုးစီးပွားဖြစ်တဲ့ကိစ္စ ဆောင်ရွက်ရမယ်၊ ဥပမာပြပြီး ပြောလို့ရှိယင် ဒီရိပ်သာထဲမှာ ဟိတေသီဆိုတာ ရှိတယ်၊ အများလည်း သိစေကြတာဘဲ၊ အဲဒီ အဖွဲ့ခေါင်းဆောင်တွေဖြစ်တဲ့ ပုဂ္ဂိုလ်တွေက ညီညီညွတ်ညွတ်နှင့် သူတို့ဆောင်ရွက်ကြတယ်၊ လူတိုင်း လူစေ့တက်စေ့ ဆိုသလိုဘဲ ဆောင်ရွက်ကြတယ်၊ ဆောင်ရွက်တာတော့ ကောင်းပါတယ်၊ သူတို့အဖွဲ့မှာ တိုးတက်ကြီးပွားမှု ရှိပါတယ်၊ အဲဒီလို အဖွဲ့ဝင် အသင်းဝင်တွေဟာ လူတိုင်းလူတိုင်း ကိုယ့်ဆိုင်ရာ ဆိုင်ရာ တာဝန်တွေကို ဆောင်ရွက်ပြီးသွားလို့ရှိယင်

ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ရဲ့ သာသနာ ချီးမြှောက်မှု ကိစ္စဟာ တိုးတက်ကြီးပွားဘို့ ရှိပါတယ်၊ ဒီအဖွဲ့ထဲမှာ အဖွဲ့ဝင်အဖြစ်နှင့် ဝင်ရမယ် ဆိုရင်လည်း ဆောင်ရွက်နိုင်သလား၊ မဆောင်ရွက်နိုင်ဘူးလား ဆိုတာ စဉ်းစားပြီး ဆောင်ရွက်နိုင်မှကောင်းတယ်၊ ဝင်ပြီး မိမိအဖွဲ့ဝင် ဖြစ်သွားလို့ရှိယင်လဲ တာဝန် ဝတ္တရား ကျေပြွန်အောင် ဆောင်ရွက်သွားဘို့ရာ အရေးကြီးပါတယ်။

သမာနတ္တတာ-တဲ့၊ သမာနတ္တတာဆိုတာ မိမိနဲ့ တန်းတူထားပြီး ဆက်ဆံရမယ်၊ ဒီပုဂ္ဂိုလ်တွေကတော့ ဘာမှ အရာရောက်တဲ့ပုဂ္ဂိုလ်တွေ မဟုတ်ဘူးဆိုပြီး ကိုယ် အထက်တန်းကနေ ဆောင်ရွက်လို့ရှိယင် ဒါကလည်း သင်္ဂဟတရားတွေ ပျက်ပါတယ်၊ ကိုယ်က ဘယ်လိုဘဲမြင့်နေနေ အခြား ပုဂ္ဂိုလ်တွေနှင့် တန်းတူထားပြီး ဆောင်ရွက်ရမယ်၊ အဲဒါကလည်း အရေးကြီးပါတယ်၊ ဘုန်းကြီးတို့ သာသနာတော်မှာလဲဘဲ မထေရ်ကြီးတွေက မထေရ်ကြီးတွေဆိုပြီး အခြားသောရဟန်းတွေကို မရိုမသေ ပြောလို့ရှိယင် အဲဒါ မရိုမသေအပြောခံရတဲ့ ပုဂ္ဂိုလ်တွေနှင့် စည်းလုံးမှုပျက်ပါတယ်၊ အဲဒီဥစ္စာက အရေးကြီးပါတယ်၊ ဒါကြောင့် အခြားပုဂ္ဂိုလ်တွေပြောတဲ့အခါ ရိုရိုသေသေ ကောင်းကောင်းမွန်မွန် ပြောရမယ်၊ ဘာမှ အရာမရောက်သေးတဲ့ ဦးပဉ္ဇင်းကလေး တွေကိုလဲ ကောင်းကောင်းမွန်မွန်ဘဲ အရှင်ဘုရား ဘယ်ကကြွလာပါသလဲ စသည်ဖြင့်ပေါ့လေ၊ အဲဒီလို ကောင်းကောင်းမွန်မွန်ဘဲ ပြောရတယ်၊ ဟေ့ - ဦးပဉ္ဇင်းကလေး မင်းဘယ်ကလာသတုန်း စသည်ဖြင့် ဒီလိုမလုပ်ရဘူး၊

ဒီလို မလုပ်ကောင်းဘူး၊ မင်းတို့-ငါတို့-မသုံးဘဲနှင့် ငိုရှိုသေသေ ပြောရ ဆိုရတယ်၊ အဲဒါ သမာနတ္တတာဆိုတဲ့ သင်္ဂဟတရား (၄) ပါးဘဲ၊ အဲဒီသင်္ဂဟတရား (၄) ပါးနှင့် ပြည့်စုံပြီးတော့ ဆောင်ရွက်သွားဘို့ အရေးကြီးပါတယ်။

ပြီးတော့ သာသနာရေး ဆောင်ရွက်တဲ့ အဖွဲ့အသင်းဆိုတာ နိုင်ငံရေးသဘော မသက်ရောက်စေရဘူး၊ မသက်ရောက်ဘို့ရာလဲ အရေးကြီးပါတယ်၊ သာသနာရေးဆိုတာ သူက စီးပွားရေးလဲ မဟုတ်တော့ သာသနာရေးကို တကယ် ဆောင်ရွက် လိုတဲ့ ပုဂ္ဂိုလ်တွေ ဆောင်ရွက်နိုင်တဲ့ ပုဂ္ဂိုလ်တွေ အချင်းချင်း အညီ အညွတ်ပြောဆိုပြီး ဆောင်ရွက်ဘို့ရာ လိုပါတယ်၊ နိုင်ငံရေး ဆိုတာကတော့ စီးပွားရေးတွေလဲပါတယ်၊ နိုင်ငံရေး ဆိုတာ သူ့ဆိုင်ရာဆိုင်ရာ ရာထူးတွေ အခွင့်အရေးတွေ ရသွားလို့ရှိယင် မိမိစီးပွားရေးတွေမှာလဲ လုပ်ဘို့ရာအဆင်သင့်ပါဘဲ၊အဲဒီမှာတော့ လောက အစဉ်အလာအတိုင်း အခွင့်အရေးတွေ မရရအောင် အကြိတ်အနယ်ယူရတယ်၊ မိမိအား အားပေးတဲ့ပုဂ္ဂိုလ်တွေ အင် အားတွေ စုဆောင်းရတယ်၊ အဲဒီလိုလုပ်ရတယ်၊ သာသနာရေး ဘက်မှာတော့ ဒီလိုဟာတွေ လုပ်တာကတော့ မတော်ဘူး၊ ဒါတွေဟာ တော်ကြာယင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ကိုယ့် လူစုနှင့်ကိုယ်စုပြီး အဲဒီလိုအကြိတ်အနယ် အနိုင်ယူတဲ့စခန်းတွေ ရောက်သွားယင်တော့ မကောင်းတော့ဘူး၊ ပြီးတော့ သာသနာ အမြင်နဲ့လဲ မကောင်းဘူး၊ လောကဘက်ကတော့ ကိုယ့်အင်အား ရှိယင် ရှိသလောက် သူကတော့ လုပ်နိုင်ပါတယ်၊ သာသနာ

ဘက်က အမြင်နဲ့ဆိုတော့ လူစုစည်းရုံးပြီးတော့ အနိုင်ရအောင် လုပ်တယ်ဆိုတဲ့ သဘောမျိုးဟာ မကောင်းပါဘူး၊ ကောင်း တယ်လို့ မဆိုလိုနိုင်ပါဘူး၊ အဲဒီသဘောမျိုးတွေ မသက်ဝင်ဘို့ရာ ဘုန်းကြီးက သတိပေးစကား ပြောကြားပါတယ်။

ဒါကြောင့် အရင်ကပြောဘူးတဲ့ နာယကဂုဏ် (၆) ပါးထဲက ခမာ သည်းခံနိုင်ရမယ်တဲ့၊ သည်းခံရေးရှိရတယ်၊ အရေးအကြီး ဆုံးဘဲ၊ သည်းမခံနိုင်လို့ရှိယင် နေရာမကျဘူး၊ သည်းခံရမယ်၊ သည်းခံနိုင်မှ နေရာကျတယ်၊ ဇာဂရိယ-နိုးကြားမှုရှိရမယ်၊ သံဝိဘာဂ-ဝေဖန်ပေးကမ်းမှု ရှိရမယ်၊ ခုတင်ကလိုဘဲ အဖွဲ့အတွင်း မှာတော့ ဒီလောက်မလိုပါဘူး၊ ဒယာ-မေတ္တာကရုဏာ သက် ဝင်ရမယ်၊ ငယ်တဲ့ပုဂ္ဂိုလ်တွေ အောက်တန်းပုဂ္ဂိုလ်တွေကို ကရု ဏာနှင့် သနားပြီးတော့ စောင့်ရှောက်ဆောင်ရွက်ရမယ်၊ တန်း တူ ပုဂ္ဂိုလ်တွေ အထက်တန်း ပုဂ္ဂိုလ်တွေ အထက်ဘန်းကျတဲ့ ပုဂ္ဂိုလ် မေတ္တာနဲ့ ချမ်းသာပါစေ ဆိုတဲ့ သဘောထားပြီး သကာလ ဆောင်ရွက်ရမယ်၊ ဣက္ခဏာ-အမြော်အမြင်ရှိရမယ်၊ ဘာလုပ်လို့ရှိယင် ဘာဖြစ်နိုင်တယ်၊ ဘယ်လိုဆောင်ရွက်လို့ရှိယင် အကျိုးရှိနိုင်တယ်ဆိုတာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်က အမြော်အမြင် နိုင်ရမယ်၊ တာဝန်မရှိတဲ့ ပုဂ္ဂိုလ်ကတော့ အကြံဉာဏ်လောက် ပေးရုံပါဘဲ၊ အဲဒီ အကြံဉာဏ်ပေးတဲ့ဥစ္စာလဲ ဆိုင်ရာမှုပုဂ္ဂိုလ် တွေက စဉ်းစားပြီးတော့ လက်ခံရတယ်၊ သူများ အကြံဉာဏ် ပေးတာတွေကို လုံးလုံးလက်မခံဘဲနှင့် ပယ်ပယ်ပြီးပစ်နေယင်လဲ အဲဒါက နေရာမကျဘူး။

အဲဒါ-နာယကဂုဏ်(၆)ပါး၊သင်္ဂဟတရား လေးပါးနှင့်အညီ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှာ အဖွဲ့ဝင်အဖြစ်နဲ့ ဝင်ရောက်ဆောင်ရွက်မဲ့ ပုဂ္ဂိုလ်တွေ လေးလေးနက်နက် သဘောထားပြီး ဆောင်ရွက်သွားဘို့ရာ ဘုန်းကြီးက သတိပေးပါတယ်၊ သာသနာတော်ကြီး၏အကျိုး တကယ်ဖြစ်ထွန်းအောင် ဆောင်ရွက်ရခယ်ဆိုတဲ့အနေနဲ့ ဆောင်ရွက်သွားဘို့ရာ အရေးကြီးပါတယ်။ အဖွဲ့ဝင်အမည်ခံရုံမျှသာ ဖြစ်ပြီးတော့ ဘာမျှ ဆောင်ရွက်မှုထင်ရှားအောင် ပြစရာမရှိပဲနဲ့ဆိုယင် ဒါကတော့နေရာမကျဘူး။ ပြစရာရှိမှဘဲ နေရာကျတယ်။ ဒါကြောင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်အဟောင်း ပုဂ္ဂိုလ်တွေရော နောက်ထပ် အသစ်ဝင်မဲ့ ပုဂ္ဂိုလ်တွေရော သာသနာရေး သာသနာဘက်ကအမြင်နဲ့ နိုင်ငံရေး သဘောတရားလို မသက်ရောက်စေဘဲနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်သွားခြင်းအားဖြင့် ဗုဒ္ဓသာသနာတော်ကြီး တိုးတက်ကြီးပွားသွားပါစေလို့ ဆုတောင်းပါတယ်၊ ဆုတောင်းသည့်အတိုင်းလဲ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်ကြပါစေ။

အဘိဓဇမဟာရဋ္ဌဂုရု

# စံကင်းဆရာတော်

## နွား သနားပါ

၁။ ဤနွားခမျာ၊ ဝဋ်ကြွေးပါ၊ ကျင်နာဆင်းရဲပြင်း။

၂။ မြေပြင်အလုံး၊ ထွန်လှည်းရုန်း၊ မဆုံး လယ်ယာခင်း။

၃။ လူတို့အကြိုက်၊ လိုတိုင်းလိုက်၊ မောဟိုက်လွန်အမင်း။

၄။ ခိုင်းရာစေရာ၊ လုပ်ရရှာ၊ ခါခါရိုက်နှက်ညှဉ်း။

၅။ အိုမင်းယိမ်းယိုင်၊ မလုပ်နိုင်၊ စက်ဆိုင်ချိုလူသွင်း။

၆။ သူလုပ်စပါး၊ သူ့အသား၊ ပေါင်းစားလူခပင်း။

၇။ သနားညှာတာ၊ လွတ်ကင်းကွာ၊ မိစ္ဆာပုံမယွင်း။

၈။ ကရုဏာသော၊ မေတ္တာသော၊ ဆိုပြောလူချင်းချင်း။

၉။ အပြောတမျိုး၊ လုပ်တမျိုး၊ ကျင့်ဆိုးထင်အလင်း။

၁၀။ မှီရာကျွဲနွား၊ မွေးမြူထား၊ သနားစိတ်ဖြောင့်စင်း။

## ဗြဟ္မဝိဟာရတရား

၁။ မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား။

၂။ ဗြဟ္မစိုရ်မည်၊ ကိုယ်၌တည်၊ ပွားစည်အချိုးသား။

၃။ များသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကြစေသား။

၄။ ကိုယ်တူပမာ၊ ထားပြီးခါ၊ မေတ္တာအစဉ်ပွား။

၅။ ဘေးရန်မကင်း၊ ဆင်းရဲခြင်း၊ အပြင်းခံစိစား။

၆။ ထိုသတ္တဝါ၊ တွေ့ကြုံပါ၊ ကရုဏာဖြင့်သနား။

၇။ ရှေးကံအဟုန်၊ လွန်ပြည့်စုံ၊ ဖုံဖုံသုခများ။

၈။ ချမ်းသာမြဲရှိ၊ တည်စေဘိ၊ မုဒိတာတရား။

၉။ မြတ်ယုတ်မကွာ၊ သတ္တဝါ၊ ညီညာအမျှထား။

၁၀။ မမုန်းမချစ်၊ လစ်လျူဖြစ်၊ ဥပေက္ခာတရား။

၁၁။ တမိသားချင်း၊ စိတ်မှာသွင်း၊ ရွာတွင်းလူအများ။

၁၂။ ဗြဟ္မစိုရ်မိုး၊ ထစ်ချုန်းကြိုး၊ သွန်းဖြိုးလပ်မအား။

၁၃။ ကမ္ဘာပြုခါ၊ မိုးသို့ရွာ၊ ချမ်းသာကြစေသား။

၁၄။ ဗြဟ္မစိုရ်ခေါ်၊ မိန့်ခွန်းနော်၊ ကပ်ကျော်ဤတရား။

၁၅။ သတ္တရောဂ၊ ဒုဗ္ဘိက္ခ၊ လွတ်ရမှန်မမှား။

၁၆။ လက်နက်အနာ၊ မွတ်သိတ်ဆာ၊ မှတ်ပါ ဓိပ္ပါယ်ပွား။

၁၇။ ကပ်ကြီးသုံးသွယ်၊ အန္တရာယ်၊ ကြောက်ဖွယ်အလွန်များ။
၁၈။ ထိတ်လန့်ဘွယ်ဆို၊ ဘေးထိုထို၊ ပြဟ္မစိုရ်နှင့်တား။
၁၉။ ဒွေးနှော ဒွိဇေက်၊ သက္ကရာဇ်၊ အဖြစ် လွန်ထူးခြား။
(၁၂၉၂)

၂၀။ တိတ်နိမိတ်ကြီး၊ အသီးသီး၊ ဝေးနိုးရပ်ဘပါး။
၂၁။ ကြိမ်ပေါင်းများစွာ၊ ဖြစ်ပေါ်လာ၊ ကမ္ဘာထင်အရှား။
၂၂။ ပညာရှိသူ၊ ကြောင့်ကြမှု၊ စဉ်ဖြူနှလုံးသား။
၂၃။ သတိရစေ၊ တိုက်တွန်းပေ၊ ထွေထွေမိန့်မှာကြား။
၂၄။ ဆင်းရဲကင်းကွာ၊ များသူငါ၊ ချမ်းသာရစေခြား။
၂၅။ မေ့မလက်ဆောင်၊ နေလရောင်၊ ပြောင်ပြောင် တက်စေသား။

ငြိမ်း၊ စိန်၊ ကြည်၊ စော၊ ပေါ ပေါ ဆယ် တင်၊
ကျော့ အေး တင့် သန်း၊ လှ ဂျမ်း ညွန့် ခင်၊
ရွှေယဉ်သူများ၊ လျှာပါးနှုတ်ရှင်၊
ဤစာကား ဥာဏ်ဒါးမှုမထင်။

ရှစ်လုံးဖွဲ့ ကဗျာကို အမျိုးသမီး ကျောင်းသူကလေးများ၏ အမည် အတိုကောက်ကို နိဂုံးအနေဖြင့် ရေးစပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

(၁၂၉၂-ခု၊ ဝါခေါင်လ ရေးပေးတော်မူသည်။)

## စာပြန်ပွဲ ရည်ရွယ်ချက်

၁။ ကုသိုလ်ဥစ္စာ၊ ဉာဏ်ပညာ၊ တဖြာများသုတ။

၂။ လေးမျိုးရတနာ၊ ရှိနေရာ၊ လိမ္မာကြံတွေးဆ။

၃။ ဒါနသီလာ၊ ဘာဝနာ၊ လေ့လာကုသိုလ်ရ။

၄။ လုံ့လကံဉာဏ်၊ ပြည့်စုံပြန်၊ အမှန်ဥစ္စာရ။

၅။ တိတ် ပစ္စုပ္ပန်၊ ကြောင်းနှစ်တန်၊ လျော်ကန်ပညာရ။

၆။ ပညာရှိအား၊ ဆည်းကပ်ငြား၊ မမှားများသုတ။

၇။ ကုသိုလ်မပါ၊ အရာရာ၊ ယုတ်မာအောက်တန်းကျ။

၈။ စီးပွားဥစ္စာ၊ မရှိပါ၊ မျက်နှာပုံမလှ။

၉။ ပညာမဲ့ငြား၊ လူ့ငနွား၊ မိုက်မှားအပြစ်ရ။

၁၀။ သုတမကြွယ်၊ သူများလယ်၊ မဖွယ်နှုတ်လျှာအား။

၁၁။ ကုသိုလ်ဥစ္စာ၊ ပညာသုတ၊ ပြည့်ဝစေချင်၊ စာသဘင်၊ ဆင်ယင်ကျင်းပပြု။

## စဉ်းစားစရာ

၁။ ပထမလျှင်၊ အရွယ်တွင်၊ ပညာရအောင်ရှာ။

၂။ ဒုတိယကား၊ မြတ်စီးပွား၊ ကြိုးစားရှာကုန်ပါ။

၃။ တတိယမူ၊ တရားယူ၊ စင်ဖြူစေကြောင်းသာ။

၄။ အရွယ်သုံးပါး၊ ကိစ္စများ၊ ပိုင်းခြားသိအပ်စွာ။

၅။ ထိုသို့သိရှောင်း၊ ဘဝပေါင်း၊ ကောင်းလိမ့်မဆုံးသာ။

၆။ ပညာစီးပွား၊ မြတ်တရား၊ ပါးရှားအချို့မှာ။

၇။ ယခုမကောင်း၊ နောင်မကောင်း၊ နှစ်ကြောင်းပါယ်
လေးရွာ။

၈။ သံသရာကြော၊ နှစ်မြုပ်မျော၊ အမောမဆုံးသာ။

၉။ မိဘတို့မှား၊ သမီးသား၊ အများဖြစ်ချက်နာ။

၁၀။ တိုက်ရိုက်မရိုး၊ သိလိမ့်နိုး၊ လက်ညှိုးညွှန်သည့်စာ။

အဘိဓဇ မဟာရဋ္ဌဂုရု စံကင်းဆရာတော်၏

# ဩဝါဒကထာ

---

## သက်ရှယ်ကြီးသူ သတိမူ

၁။ သားမြေးရှိလျက်၊ စာသင်ဖျက်၊ သက်ကြီးရှက်စရာ။

၂။ သူငယ်ကလက်၊ မပြောရက်၊ သက်ကြီးရှက်စရာ။

၃။ ရပ်ရွာဆူပွက်၊ လေ့အကျက်၊ သက်ကြီးရှက်စရာ။

၄။ ဆံပင်ဖြူလျက်၊ ပွဲစုံမက်၊ သက်ကြီးရှက်စရာ။

၅။ သွားကျိုးပါးခွက်၊ အစားမက်၊ သက်ကြီးရှက်စရာ။

၆။ ဝံသာနုဖျက်၊ ထည်ကောင်းမက်၊ သက်ကြီးရှက်စရာ။

၇။ ပြုဘွယ်ရှိလျက်၊ ခိုကပ်တွက်၊ သက်ကြီးရှက်စရာ။

၈။ ရောင်ရမ်းနှုတ်ထွက်၊ အကြမ်းဖက်၊ သက်ကြီးရှက်စရာ။

၉။ နေဝင်နေထွက်၊ ပျော်အိပ်စက်၊ သက်ကြီးရှက်စရာ။

၁၀။ ဝတ်ရုံရှိလျက်၊ ဝတ်မှတက်၊ သက်ကြီးရှက်စရာ။

၁၁။ မှန်အောင်မကျက်၊ စာကိုဖျက်၊ သက်ကြီးရှက်စရာ။

၁၂။ ဘုရားနီးလျက်၊ စားသောက်ဖက်၊ သက်ကြီးရှက်စရာ။

၁၃။ သံဃာနီးလျက်၊ စားသောက်ဖက်၊ သက်ကြီးရှက်စရာ။

၁၄။ ကျွမ်းဝင်ရောယှက်၊ နှုတ်ပေါ့ပျက်၊ သက်ကြီးရှက်စရာ။

၁၅။ ဒူးပေါင်ခြေလက်၊ နေဟန်ပျက်၊ သက်ကြီးရှက်စရာ။

၁၆။ ဂါဝရဖျက်၊ ခြံတဘက်၊ သက်ကြီးရှက်စရာ။
၁၇။ ဒါသီကိုဖျက်၊ ဘာ-ရောင်စွက်၊ သက်ကြီးရှက်စရာ။
၁၈။ စကားဆုတ်တက်၊ စည်းကမ်းပျက်၊ သက်ကြီးရှက်စရာ။
၁၉။ ဥပုသ်နေ့ရက်၊ ညစာချက်၊ သက်ကြီးရှက်စရာ။
၂၀။ ဆင်ခြေဆင်လက်၊ ထင်ရာမြွက်၊ သက်ကြီးရှက်စရာ။

(သင်ပုန်းကြီးမကုန်မီ သူငယ်တန်းဘတ်စာအနေဖြင့် ဆိုကြရ၏။)

(၁၂၇၅-ခု)

## သတိပြုစရာ

၁။ မန္ဒဒသာ၊ ဆယ်နှစ်မှာ၊ လိမ္မာအသိရှား။
၂။ သက် နှစ်ဆယ်သော်၊ ခိဍ္ဍာခေါ်၊ အပျော်အရွှင်များ။
၃။ အဆင်းလှကြွယ်၊ နှစ် သုံးဆယ်၊ အရွယ်ဝဏ္ဏထား။
၄။ ဗလဒသ၊ လေးဆယ်ကျ၊ ကောင်းလှ ကြီးခွန်အား။
၅။ အသက် ငါးဆယ်၊ ပညာရွယ်၊ ဉာဏ်စွယ်ထက်သန်ပွား။
၆။ လုံးစုံယုတ်ဘိ၊ ခြောက်ဆယ်ရှိ၊ ဟာနိရွယ်သမား။
၇။ ပဗ္ဘာရဝယ်၊ ခုနစ်ဆယ်၊ မဘွယ်ကိုင်းရှိုင်းစား။
၈။ ရှစ်ဆယ် အသက်၊ ဝင်္ကဖက်၊ ကုန်းချက်သာ၍များ။
၉။ တွေဝေမှိုင်းထူ၊ ကိုးဆယ်ဟူ၊ မောမူဟာတရား။
၁၀။ သယနဝယ်၊ကျော်ကိုးဆယ်၊အိပ်ရွယ်လျောင်းစက်များ။
၁၁။ အရွယ်ဒသ၊ ဝေဘန်ပြ၊ ကြံဆမှတ်မမှား။

# ကိုယ့်အဆိုးသာ

တညနေ မန္တလေးဒေါင်းရိုးရပ်မှ ဒကာမတယောက် ဆရာတော်ထံရောက်လာသည်၊ 'တခေါက်မှမရောက်ဖူးကြောင်း၊ညီမများနှင့်အမွေကိစ္စ အဆင်မပြေ၍စိန်ပန်းရပ်သာသို့သွားပြီးတရားနာကြောင်း၊ အပြန်တွင် ဆရာတော်ထံ ဝင်ရောက်ဖူးမျှော်ခြင်းဖြစ်ကြောင်း' လျှောက်ထား၏၊ ထိုအခါ ဆရာတော်က—

"ဥုးလှ ထောင်ကထွက်လာတော့ ပြောရတယ်၊ ထောင်ချတာဟာ ဘယ်သူကမှချတာမဟုတ်ဘူး၊ ကိုယ့်ကံကချတာလို့၊ ဒီအတိုင်းဘဲ ကိုယ့်အပေါ် ညီမကဆိုးတယ် ဘယ်သူကဆိုးတယ်လို့ ပြောနေရတာဟာ ကိုယ့်အဆိုးကို ကိုယ်ကိုယ်တိုင်ဖော်ပြနေတာနဲ့ အတူတူဘဲ၊ ကိုယ်လုပ်ခဲ့တဲ့ကံကြောင့် ဖြစ်ရတော့ သူများဆိုးတာမဟုတ်ဘူး၊ ကိုယ်ဆိုးခဲ့တာဘဲ၊ ဒီအကြောင်းကို အမှန်မသိဘဲ ဘယ်သူက-စတယ် ဘယ်သူကဆိုးတယ်လို့ စွဲလမ်းမှတ်ထင်နေယင် ကိုယ့်မှာ အကုသိုလ်ဖြစ်ပြန်တာဘဲ၊ အဲဒီတော့ ကိုယ့်ကိုယ်ကို အပြစ်မဖြစ်အောင် သတိတရားနဲ့ စောင့်ရှောက်ထိန်းသိမ်းရတယ်" ဟု မိန့်တော်မူရာ ထို ဒကာမမှာ ကျေနပ်ဝမ်းသာသွား၏။

ဩဝါဒ—၁၈

## တရားက နောက်ကျတတ်တယ်

၁၃၃၁-ခု၊ ကဆုန်လဆုတ် ၁၀-ရက်နေ့ နေ့လယ်တွင် ရှမ်း ဦးစီးအဖွဲ့ဥက္ကဋ္ဌကြီး ဦးထွန်းအေးနှင့်ဇနီးတို့ ဆရာတော်ထံ ရောက်လာကြ၏၊ အကြောင်းမှာ နှမရင်းဖြစ်သူ သီလရှင်မဉာဏ ကားမှောက်ပြီးအနိစ္စရောက်သောကြောင့် ဆရာတော်ထံသင်္ကန်း စသော လှူဖွယ်ဝတ္ထုတို့ကိုလှူ၍ တရားနာရန်ဖြစ်သည်။

ထိုသို့ သီလရှင်မဉာဏ အနိစ္စရောက်ကြောင်း ဆရာတော်သိရ သောအခါ အောက်ပါအတိုင်း အမိန့်ရှိတော်မူသည်။

"ဒီလိုအခါမျိုးမှာ တယောက်ထဲမကြည့်နဲ့၊ ဒီလိုဖြစ် တတ်ကြတာ အများဘဲလို့နှလုံးသွင်း၊ တယောက်ထဲပေ မယ့် တဘဝထဲလဲမကြည့်နဲ့၊ တသံသရာလုံးမြော်ကြည့်၊ ဒီလိုဖြစ်ခဲ့တဲ့ဘဝတွေ တွေ့ခဲ့ရတဲ့ဘဝတွေ အများကြီး၊ ချမ်းချမ်းသာသာ အသက်ရှေရှေ နေခဲ့ရတဲ့ဘဝတွေ ကိုလဲ တွေ့ကြုံခဲ့ကြလှပြီလို့ တရားနဲ့ဖြေရတယ်၊ သို့သော် သောကမီးကဉ္စုံးပြီး တရားက နောက်ကျကျ နေတတ် တယ်၊ ဒါပေမယ့် နောက်ဖြေနိုင်ယင် တော်သေးတာဘဲ ပေါ့"

## ဗေဒင်ဆိုတာ ခုအလုပ်ကိုကြည့်ဟောမှ

"လူမတန်ကံချဆိုပေမယ့် ကံဟာလိုရင်းဘဲ၊ ဝီရိယတို့၊ ဉာဏ်တို့လဲပါပါရဲ့၊ ဒါပေမယ့် ကံမကောင်းဘူးဆိုယင်

ဉာဏ်ဝီရိယဟာ လွှတ်တတ်တယ်၊ အဲဒီ ကံဆိုတာဟာလဲ အလိုလိုရလာတာ ရောက်လာတာ မဟုတ်ဘူး၊ ဉာဏ် ဝီရိယတို့နဲ့လုပ်ယူမှ ရတယ်၊ ဒါကိုသိဖို့လိုတယ်”

ဤသို့သောစကားကို ဆရာတော်မကြာမကြာ မိန့်တော်မူသည်၊ ယခုဘဝ၌ အသက်ရှည်မှု၊ အသက်တိုမှု၊ ဆင်းရဲမှု၊ ချမ်းသာမှုတို့သည် အတိတ်ကံလိုရင်းဖြစ်၏။ အတိတ်ကံ ကောင်းခဲ့လျှင် ဉာဏ်ကောင်းပြီး၊ ဉာဏ်ကောင်းလျှင် အားထုတ်သမျှမှန်ကန်၍ အကျိုးဖြစ်ထွန်းနိုင်သည်၊ ထို့အတူ ယခုဘဝ ကံသစ်ထူထောင်ရာ၌ ဉာဏ်နှင့်ဝီရိယတို့မပါလျှင် ယခုဘဝအတွက်ရင်း အနာဂတ်ဘဝအတွက်ရင်း ကံမကောင်းနိုင်ပေ၊ ဤသဘောကို နားလည်ရန်လိုပေသည်။

ဆရာတော်သည် အတိတ်ကံကောင်းခဲ့၏၊ ထို့ကြောင့် ဉာဏ်ဝီရိယတို့ကောင်း၏၊ ထိုဉာဏ်ဝီရိယတို့ဖြင့် အတိတ်ကံကိုပိုပြင် မွမ်းမံထားနိုင်၏၊ အနာဂတ်အတွက် ပါရမီကုသိုလ်ကံတို့ကို ဆည်းပူး စုဆောင်းနိုင်၏။

ဗေဒင်ပညာကျော်တို့က ဆရာတော်၏ ဇာတာကို ကြည့်၍ အာယုဒသာဖြစ်ကြသည်၊ အမျိုးမျိုးတွက်ချက် ကြည့်ကြသည်၊ ထိုအထဲတွင် အရှေ့ပြင်မှ တိုက်အုပ်ဆရာတော်ကြီးတပါး အပါ အဝင်ဖြစ်၏။

ညောင်ကန်နည်းအရ ၉၇-နှစ် ၅-လ ၂၅-ရက် ၉-နာရီ။

ဌေးချိနည်းအရ ၉၇-နှစ် ၇-လ ၁၃-ရက် ဂ-နာရီ။

အပရေဝါဒအရ ၁၁၅-နှစ် ၅-လ ၂၅-ရက် ၉-နာရီဟု တွက်နည်း သုံးနည်းဖြင့် အာယုဖြတ်ထား၏၊ ထိုသုံးနည်းတို့တွင် အထက်နှစ်နည်းလွဲပြီး အပရေဝါဒအရသာ မှန်မမှန်စောင့်ကြည့်ရတော့မည်ဖြစ်၏၊ နှစ်နည်းမှားနေပြီဖြစ်၍ ဆရာတော်ကြီးကို အယုဒသာဖြတ်ဖို့မလွယ်ဟု ထိုဆရာတော်က ပြောပြနေကြောင်း ဆရာတော်ကြားသောအခါ....

"သူတို့က ငယ်ငယ်တုန်းက ဇာတာကိုကြည့်ပီးဟောကြတာကိုး၊ ဒို့က ငယ်ငယ်တုန်းကလိုမှမဟုတ်ဘဲနဲ့၊ အခုလုပ်နေတဲ့အလုပ် ကြည့်ပီးဟောမှ မှန်တော့မပေါ့" ဟု အမိန့်ရှိတော်မူသည်။

# အမျှဝေလင်္ကာ

---

## “သိဇ္ဈန္တု သမ္မာသင်္ကပ္ပါ”

ကမ္ဘာ့တန်းဆာ၊ ရှေးစဉ်လာက၊ ပညာပဏ္ဍိတ်၊ ဇာနည်ဝိဇ်တို့၊
ဖိုလ်ဟိတ်နှိုင်းဆ၊ သင်္ကေတဖြင့်၊ ညွှန်ပြကောဇာ၊ ဒွိနဝါနှင့်၊ ဒွေး
ကာတွက်ရေ၊ လှည့်ရောက်လေ၍၊ နှစ်ထွေရတု၊ ပြိုင်ဆိုင်လုသည့်၊
ဥတုခါကောင်း၊ လတပေါင်း၌၊ ဖြစ်ဟောင်းနှင့်ကွာ၊ ရွှေယဉ်ရွာ
၏၊ သာယာဘိတောင်း၊ ရွာဦးကျောင်းဝယ်၊ ပျော်ကြောင်းနွဲ
ယဉ်၊ စာပွဲဆင်၍၊ သဘင်ဓမ္မ၊ ကျင်းပကြ၏၊ ရှင်ပြုပုံးရယ်၊ စာပြန်
မယ်တို့၊ အရွယ်ညီနု၊ ကူယှဉ်စု၍၊ ဆိုမှုကိုယ်ရေး၊ နှုတ်မလေးဘဲ၊
ချိုအေးသံငြိမ့်၊ ဘဝင်စိမ့်အောင်၊ နှစ်သိမ့်ကြစေ၊ ပြန်ဆိုပေ၏၊
မျိုးဆွေတသင်း၊ မိဘရင်းနှင့်၊ ချစ်ခြင်းပွားတိုး၊ ဖွားအဘိုးတို့၊
လက်ညှိုးညွှန်ပြီး၊ ဒို့သမီးဟု၊ အံ့ချီးခါခါ၊ ဝမ်းမြောက်ပါလိမ့်၊
သဒ္ဓါအစွမ်း၊ ကိုယ်လုံးလွှမ်းလျက်၊ ဆွမ်းကွမ်းစားဘွယ်၊ အမယ်
မယ်ကို၊ ယူသယ်ကြကာ၊ ပဒေသာမှ၊ ဘာသာဘာဝ၊ လိုတိုင်း
ရသို့၊ ဆန္ဒလွန်ကဲ၊ ပညာပွဲမှာ၊ ရဲရဲရင့်ရင့်၊ ချီးမြှောက်ပင့်သည့်၊
ခေတ်နှင့်မတန်၊ စိတ်ဇောသန်ခဲ့၊ စာပြန်ကုသိုလ်၊ လှူကုသိုလ်နှင့်၊
ကြည်ညိုအားရ၊ သောမနလျှင်၊ ဉာနတိဟိတ်၊ ဥက္ကဋ္ဌစိတ်ဟု၊
ယိုဖိတ်ဒီးဒီး၊ ရေလျှင်စီးသို့၊ ဖြစ်ပြီးထပ်ပွား၊ ရပ်မနားဘဲ၊ အမျှား

ဆည်းစု၊ ဤကောင်းမှုကို၊ မေရှုဗဟို၊ တောင်မြင့်မိုရ်ထက်၊ ဂုဏ်ပိုကြီးမား၊ မိဘများကို၊ စ-ထားပြီးခါ၊ ဝေနေယျာအား၊လူပါနတ်စုံ၊ပြဟ္မာ့ဘုံကို၊ အုပ်ခြုံထွင်းဖေါက်၊အနှံ့ရောက်အောင်၊ညွန်းထောက်မတ္တန်၊(သိန်းအညွန့်)က၊ အဒ္ဓန့်ရှည်ကြာ၊ ကောင်းကြီးဖြာဘို့၊ မေတ္တာပြန့်စေ၊အမျှဝေသည်....မိုး မြေတုန်ဟီး ပွဲ့ချစေသောဝ်။

(မိုးသောက်ရွာ ကျောင်းသူမသိန်းညွန့်က စာပြန်ပွဲအပြီး သတ်၌ ဤလင်္ကာဖြင့် အမျှဝေရ၏။ (၁၂၉၂-ခု ရေး၏။)

နာမ်နှင့် ဥာဏ်

(သို့မဟုတ်) နာမ်မှ ဥာဏ်သို့

(က) ရုပ်ကိုသာပြင်၊ နာမ်မပြင်၊
ရုပ်သွင်မလှ နာမ်မလှ။

(ခ) နာမ်ကိုသာပြင်၊ ရုပ်မပြင်၊
နာမ်စဥ်လဲလှ ရုပ်လဲလှ။

(ဂ) နာမ်ဓာတ်ပေါ်တွင်၊ ဥာဏ်ဓာတ်ရှင်၊
လိုလျှင်ခဏ မဂ်-ဖိုလ်ရ။

(ဆရာတော်ကြီး အာဘော်ကျ တပည့်များ ရေးဆက်ကြရ၏။)

(၁၃၂၉-ခု၊ စာစုအဖွဲ့)

## မှတ်သားနာယူ ပူဇော်ထားကြရန်
## စာအုပ်ထူး

---

ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိ
သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
**ရွှေကျင်ဆရာတော်ဘုရားကြီး**

အဘိဓဇမဟာရဋ္ဌဂုရု **စံကင်းဆရာတော်ဘုရားကြီး**

အဂ္ဂမဟာပဏ္ဍိတအဘိဓဇမဟာရဋ္ဌဂုရု
ဆဋ္ဌသင်္ဂီတိသံဃမဟာနာယက
**မစိုးရိမ်ဆရာတော်ဘုရားကြီး**

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ:
**မဟာစည်ဆရာတော်ဘုရားကြီး**
တို့၏

# ဩဝါဒကထာ
## ပေါင်းချုပ်

သာသနဓဇသိရီပဝရဓမ္မာစရိယ
ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ
**“အရှင်ကေလာသ—စီစဉ်သည်”**

သင့်စာအုပ်စင်တွင် မြတ်မြတ်နိုးနိုးထားပါ။